www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# လုံမ

ရွှေနားတော်သွင်းမည့်ချစ်ခြင်းဋီကာ



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ် နိုဝင်ဘာလ၊ ၂၀၁၃ ခုနှစ်။

ထုတ်ဝေသူ
ဦးမျိုးကျော်သူ (ယာယီ-၂၀၄၉) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၉၉၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈ ၀၃
လုံမ
ရွှေနားတော်သွင်းမည့် ချစ်ခြင်းဦကာ/လုံမ။ -ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၃
၂၄၀ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) ရွှေနားတော်သွင်းမည့် ချစ်ခြင်းဦကာ

# လုံမ

## ရွှေနားတော်သွင်းမည့် ချစ်ခြင်းဦကာ

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း (၁)

''သမီးလေးမွေးတယ်ဟေ့ ... သမီးလေး ''

''ဗျာ...သမီးလေး၊ ဟား ... ကလေးအဖေဖြစ်ပြီကွ''

ဂနာမငြိမ်စွာထိုင်နေမိသော အိမ်ရှေ့ကွပ်ပျစ်ပေါ်ကနေ လက်သီး ာ်မောင်းတန်း၍ ခုန်ထလိုက်သည်။ အိမ်ခေါင်မိုးနှင့် ခေါင်းနှင့်ဆောင့် ာ နာရမှန်းမသိဘဲ နှစ်ပတ်လောက်ကျွမ်းထိုးပြီးမှ ကလေးငိုသံကို ွင့်ပြီး အိမ်ပေါ်ကို လှမ်းငုံ့ကြည့်လိုက်သည်။

''အူဝဲ...အူဝဲ''

''အား...ကျွတ်ကျွတ်...အံမယ်လေး''

ကလေးငိုသံရော ပေဖူးလွှာရဲ့ ညည်းညူသံရော လုံးထွေးထွက်လာ ည်။ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား။

ဇနီးမယားတစ်ယောက်ရဲ့ သေမင်းနှင့်ရင်ဆိုင်အံတုနေရသည့် ကျင်မှုဝေဒနာကို ဆေးရုံဆေးခန်းသွားပြီး သက်သာအောင်လုပ် ိုင်တာမို့ သတိုးမော်ရင်ထဲမှာလည်း အဆမတန်နာကျင် နေရပါသည်။ ယ်ဘဝက ဒီအချိန်မှာ သေမင်းကို အံမတုနိုင်လို့ ပေဖူးလွှာသေဆုံးခဲ့ ည်ဆိုလျှင်တောင် ဒီအတိုင်းလှစ်လျူရှု ကြည့်နေရမည့် အနေအထားမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



''ကိုကို''

''ဟင်. . .ညီမလေး''

''ကိုကိုပျော်နေလားဟင်''

''အင်း . . .ဒါပေမဲ့ ပေဖူးလွှာကို သနားတယ်၊ သူသေပစ်ချင်လောက်အောင် ဝေဒနာတွေခံစားနေရမှာနော်၊ ကိုကို ဘာမှလုပ်မပေးနိုင်ဘူးကွာ''

''ကိုကိုရယ်. .အခု မမပေဖူးနေကောင်းပါတယ်၊ လက်သည်ဒေါ်အေးက လူကြီးရောကလေးရော စိတ်ချရပြီလို့ပြောတာပဲ၊ မမပေဖူးက သူကိုယ်တိုင် ဆရာဝန်တစ်ယောက်ဆိုတော့ ကလေးကို ဘယ်လိုမွေးရမယ်ဆိုတာ သိနေတော့ သက်တောင့်သက်သာ ရှိပါတယ်။ သမီးလေးငိုသံကြားလိုက်တာနဲ့ သူ့မျက်နှာက ချက်ချင်းကို ပြုံးသွားတာပဲကိုကို၊ မိခင်မေတ္တာပေါ့''

''ဟုတ်လား''

ညီမလေးစကားတွေက သူ့ကိုဖြေသိမ့်နေမှန်းသိပေမယ့် သူ မဖြေနိုင်ပါ။ တကယ်ဆို ပေဖူးလွှာက လူကုံထံအသိုင်းအဝိုင်းက ပညာတတ်ဆရာဝန်တစ်ယောက်ပါ။

သူ့ကိုချစ်လို့ နီးရာလိုက်ခဲ့ပြီးမှ မိဘတွေက အမွေဖြတ်လို့ ဒီလိုဆင်းရဲဒုက္ခတွေခံပြီး ချို့တဲ့ခဲ့ရတာ။

''ညီမလေး . . .အသံတွေတိတ်သွားပြီ၊ သွားကြည့်စမ်းပါဦး သက်သာရဲ့လားလို့''

''သက်သာလို့ တိတ်သွားတာပေါ့ကိုကိုရဲ့ အမေနဲ့ လက်သည်ဒေါ်အေး သေချာဂရုစိုက်နေကြပါတယ်''

''ဟုတ်ရော ဟုတ်ရဲ့လားဟာ၊ ငါသာ တက်ကြည့်လိုက်ချင်





တာတယ်''

''သြော်. . .မီးနေခန်းထဲ ဘယ်လိုလုပ်ဝင်လို့ရဦးမှာလဲ၊ မမပေဖူးကိုင်းခါးကျို့တိုက်ဖို့ ငွေပန်းဥတွေရှာခဲ့ပြီလားကိုကို''

''အင်း . . .ကိုကို အများကြီးကိုရှာလာခဲ့တယ်၊ သေချာလည်းဆေးပြီးပြီ၊ မြန်မြန်လုပ်လိုက်နော် ညီမလေး၊ အဲဒါမှ သမီးလေးနို့ပေါပေါစို့ရမှာ''

''အံမယ်လေး အမေပြောထားလို့ သေချာလုပ်ပေးပါ့မယ်၊ ကိုကို မီးမွှိုးပေးရင် ပိုမြန်တာပေါ့''

''သြော်. . .အေး အဲဒါဆိုလုပ်ပေးမယ်''

သူခပ်မြန်မြန်ပင် မီးဖိုချောင်ထဲဝင်ပြီး မီးမွှိုးလိုက်သည်။ ကိုယ်တတ်နိုင်သမျှကိုတော့ မြန်မြန်ဆန်ဆန်စေတနာပါပါလေး လုပ်ပေးချင်လှ၏။

ပေဖူးလွှာကို သနားလွန်းလို့ပါ။ သူမ ခမျာ ကိုယ့်ကိုချစ်လွန်းလို့ ဒီလိုဆင်းရဲချို့တဲ့နေရရှာတာ။ ဂုဏ်ဒြပ်တူ အဆင့်အတန်းတူသူနဲ့သာ လက်ထပ်ခဲ့မည်ဆိုလျှင် ဒီလိုအချိန်မျိုးမှာ အကောင်းဆုံးဆေးရုံဆေးခန်းကြီးတွင် သိန်းပေါင်းမြောက်မြားစွာ အကုန်အကျခံ၍ ဝေဒနာကို ဘာမှန်းမသိလိုက်ရဘဲ ကျော်ဖြတ်နိုင်ပေလိမ့်မည်။

ခုတော့ . . .

''ကိုကို . . .မီးမွှေးလို့ မပြီးသေးဘူးလား''

''အေး . . .ပြီး . . .ပြီးပါပြီ ညီမလေးရဲ့''

''ပြီးပြီဆိုလည်း ဖယ်လေ၊ ဟင်းအိုးတည်ရအောင်၊ မမပေဖူးက ကလေးမွေးလိုက်ရလို့ အားတွေကုန်သွားတာ၊ ဒါလေးသောက်ပြီးမှ အားမွေးမှာကိုကိုရဲ့''

''အေးပါဟာ၊ ငါလည်း ကတုန်ကယင်နဲ့ဘာလုပ်ရမှန်းမသိဖြစ်နေလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုလေ. . .ပေဖူးလွှာကို ငါအားသွားပေးချင်တယ်၊ လက်သည်ပြန်မှ အဲဒီထဲဝင်ရမှာလားဟင်"

"ဟုတ်တယ်၊ လက်သည်က အခုသန့်ရှင်းရေးလုပ်နေတယ်၊ ခဏအောင့်ထားဦး၊ အဲ. . .ယောကျ်ားလေးတွေ မီးနေခန်းထဲဝင်ရင် ဘုန်းနိမ့်တယ်လို့ပြောတယ်၊ ကလေးကို အပြင်ကနေ ကြည့်ရင်ကြည့်ပေါ့"

"နိမ့်ရင်လည်း နိမ့်ပစေဟာ၊ ကလေးကို မွေးပေးတဲ့အမေကို အရင်ဆုံးအားပေးရမှာပေါ့၊ သူ့ခမျာ အသက်နဲ့ရင်းပြီးမွေးထားရတာ"

"မမပေဖူးအဖော်ကို အကြောင်းကြားဦးမှာလားဟင်၊ မွေးရပြီဆိုတော့ စိတ်ပြောင်းချင်လည်း ပြောင်းနိုင်တာပေါ့"

"အဲလောက် လွယ်လွယ်စိတ်ဆိုးပြေမယ်ဆိုရင် ကိုယ်ဝန်ကြီးနဲ့ တစ်ခေါက်သွားတွေ့တည်းက လက်ခံမှာပေါ့ဟာ၊ အဲဒီအချိန်က ငါရော ပေဖူးရော ဒူးထောက်တောင်းပန်ခဲ့ဟာပဲ၊ ဒီလိုအချိန်မှာ ဒီလိုမျိုး ပေဖူးဒုက္ခတွေခံစားရမှာစိုးလို့ ယောကျ်ားမာနကို ခဝါချပြီး အောက်ကျို့ ခံခဲ့တာ၊ ဒါပေမဲ့ သူလက်မခံခဲ့ဘူး"

"ယောကျ်ားပိုင်းလုံး၊ ဆင်းရဲလို့ သူ့ဌေးသမီးကို ကြံတာလို့ ပြောဆိုလွှတ်လိုက်တာကို ကိုကိုစိတ်နာနေတာလား"

"ပေဖူးနဲ့ပတ်သက်ရင် ငါ့မှာနာကျင်တတ်တာမျိုးမရှိပါဘူး။ ပေဖူးအဖေအနေနဲ့ ငါ့လိုဆင်းရဲချို့တဲ့တဲ့ကောင်ကို ဒီထက်မက ဝေဖန် နှိမ့်ချသင့်ပါတယ်"

"မမပေဖူးက ကိုကို့ကို အရမ်းချစ်တာပဲနော်၊ အမြင့်ဆုံးကနေ အနိမ့်ဆုံးကိုဆင်းလာဖို့ဆိုတာ တော်ရုံစွန့်စားမှုမှမဟုတ်တာ၊ ဆေးခန်းဖွင့်ဖို့ အရင်းအနှီးလည်းမရှိ၊ သူ့အဖေက လုပ်ခွင့်မပေးနဲ့၊ သူဖြစ်ချင်တဲ့ ခွဲစိတ် အထူးကုပါမောက္ခကြီးလည်း မဖြစ်ရဘူး။ ဆေးခန်းကြီးတစ်ခု တည်ထောင်





ပြီး ဆေးရုံအုပ်ကြီးလည်း မလုပ်ရဘူး"

ညီမလေးဝတ်မှုန်ချိုရဲ့အပြောကို သူခေါင်းညိတ်ထောက်ခံမိကာ

"ဟုတ်တယ်၊ အဲဒါတွေကြောင့် ကိုယ့်မှာအပြစ်ရှိသလို ခံစားရပြီး ပေဖူးကိုအရမ်းသနားမိတယ်။ သူဖြစ်ချင်တာတွေကို ဘယ်လို လုပ်ပေးရပါ့ မလဲလို့လည်း အမြဲတွေးတယ်"

"မဖြစ်နိုင်တာကိုတွေးနေတော့ ပင်ပန်းတာပေါ့ ကိုကိုရယ်၊ ကိုယ့် အခြေအနေလည်း ကိုယ်သိနေတာပဲ၊ လက်လှုပ်မှ ပါးစပ်လှုပ်ရတာ"

"အဲဒါ ငါတို့ပညာနည်းခဲ့လို့ပဲ"

ထိုစကားက ပထမဦးဆုံးအကြိမ် အံကြိတ်ညည်းညူမိခြင်းပင်။ ဘယ်တုန်းကမှ ကိုယ့်ဘဝကိုယ် မကျေမနပ်မဖြစ်ခဲ့ဖူးပေ။ ရင်သွေးလေး ရလာမှ ပေဖူးလွှာနာကျင်မှုတွေခံစားရမှ ထိုအသိတရားက ဝုန်းခနဲရင်ထဲ ရောက်လာခဲ့ခြင်းဖြစ်၏။

ဒီအချိန်မှာ တန်ခိုးရှင်တစ်ယောက်ဖြစ်လိုက်ပါတော့လား။ ပေဖူးလွှာ လိုချင်တောင့်တသမျှတွေ၊ ရင်သွေးလေးရဲ့ လိုအပ်သမျှအရာတွေ အားလုံး ပြည့်ဆည်းပေးဆပ်နိုင်အောင် ဖန်ဆင်းပစ်လိုက်ချင်သည်။

ဖနီးနဲ့သမီးအတွက်နဲ့မှ ငါဟာ ဖန်ဆင်းရှင်တစ်ယောက် ဖြစ်ချင်လာ တာပါ ကံကြမ္မာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

''ပေဖူး နေကောင်းရဲ့လားဟင်၊ သက်သာရဲ့လား''

''သက်သာပါတယ်မောင်ရယ်၊ ဘာလို့အခန်းထဲဝင်လာတာလဲ၊ အနံ့အသက်တွေလည်းမကောင်း။ ပြီးတော့ဘုန်းနိမ့်...''

''ပေဖူး''

*ပေဖူးလွှာ နှုတ်ခမ်းလေးကို လက်ညှိုးလေးနှင့် ညင်ညင်သာသာ ပိတ်လိုက်ကာ*

''ဒီထက်နိမ့်ပါးစရာ ဘုန်းကံရှိသေးလို့လား လွှာရယ်၊ လွှာကို မနာကျင်အောင် လုပ်ပေးနိုင်တဲ့အစွမ်းအစမရှိတဲ့ကောင်က ပေဖူး အနားမှာ ဒီလိုလေးတောင် အားမပေးရရင် ကိုယ်ရင်နာရပါလိမ့်မယ်၊ ပေဖူးအရမ်း ပင်ပန်းသွားပြီနော်''

''သမီးလေးကို အင်္ဂါစုံစုံကျန်းကျန်းမာမာ မွေးထုတ်နိုင်လို့ လွှာနာကျင်မှုတွေပျောက်သွားပါပြီမောင်၊ သမီးလေးကို ကြည့်ပါဦး၊ မောင်နဲ့ တူရဲ့လားလို့''

ပေဖူးပြောမှ အနီးဖြင့်ထုတ်ထားသော သမီးလေးကို ကြည့်လိုက်သည်။ နီတာရဲ သမီးလေးက ပါးစုန့်လေးတွေဖောင်းနေ၏။





''သမီးလေးက အမေတူသမီးလေးကွ၊ မွေးခါစတောင် မျက်ခုံးလေးကတန်းနေတာပဲ၊ နှုတ်ခမ်းလေးကလည်း ပိစိသေးသေးလေးနဲ့ လှလိုက်တာ၊ မောင်တို့သမီးလေးကို ဘယ်လိုနာမည်ပေးကြမလဲဟင်''

''မောင်စဉ်းစားထားတာ ရှိလား''

''အင်း...သမီးလေးက သောကြာသမီး၊ ပေဖူးလွှာဆိုတဲ့ အမေနာမည်လည်းပါအောင် ဖူးသစ္စာလို့ပေးရကောင်းမလား''

''အင်း...ကောင်းတယ် မောင်၊ ဒါပေမဲ့ မောင့်နာမည်ကျတော့ မပါဘူး''

''သစ္စာဆိုတာ မောင့်အချစ်တွေရဲ့သက်သေတစ်ခုပေါ့လွှာရယ်၊ မောင်နဲ့လွှာရဲ့ဘဝနှစ်ခုကို သမီးလေးက ခိုင်မာအောင် ချည်နှောင်မယ့်ကြိုးတစ်ချောင်းပဲ၊ ဒါပေမဲ့ ပေဖူးတို့သားအမိကို ဒီဘဝထဲမှာ ထားရတာတော့ စိတ်မကောင်းဘူး''

''အဲလိုစကားတွေ ဘာလို့ပြောတာလဲမောင်၊ မောင့်ကိုချစ်လို့ ပေဖူးအရာအားလုံးကို စွန့်လာခဲ့တာ၊ မောင် ပေဖူးကိုချစ်နေသရွေ့ ပေဖူးဘဝမှာ ဘာမှမလိုဘူး၊ အခု သမီးလေးလည်းရှိလာပြီ၊ ပေဖူးအတွက် ပြည့်စုံနေပြီလေမောင်ရယ်၊ တစ်နှစ်ကျော်တောင် ရှိနေပြီ၊ ဒီမိသားစုထဲမှာ နေသားကျပြီး ပျော်နေပါပြီ''

''ပေဖူးရယ်''

ပေဖူးလွှာလက်ကလေးကို ချစ်မြတ်နိုးစွာ ဆုပ်ကိုင်နမ်းမွှေး လိုက်မိ၏။ သမီးလေးရဲ့တအဲအဲအသံကြားရတော့ ရင်မှာကြည်နူးရင်း လှိုက်ဖိုလာခဲ့သည်။

''ပေဖူး''

''ဟင်...မောင်''

''သမီးလေးက မောင့်အတွက် အားဆေးတစ်ခွက်ပဲသိလား၊ ပေဖူးတို့



www.burmeseclassic.com

www.burmeseclassic.com



သားအမိကို မောင်ဒီအတိုင်းမထားဘူး''

''ဟင်...မောင်က ဘယ်ကိုပို့မလို့လဲ''

'' မောင် အလုပ်တွေအများကြီးလုပ်ပြီး ချမ်းချမ်းသာသာ ထားနိုင်အောင် ကြိုးစားမှာပေါ့ပေဖူးရယ်''

''ဟင့်အင်း...ဆိုက်ကားနင်းလိုက်၊ ကုန်ထမ်းလိုက်၊ လက်သမားအလုပ်တွေ လိုက်လုပ်လိုက်နဲ့ ဒီလောက်ပင်ပန်းနေတာတောင် မောင်က ဘာတွေထပ်လုပ်ဦးမလို့လဲ''

''ပါးစပ်တစ်ပေါက်တိုးလာပြီလေ ပေဖူးရယ်၊ ညီမလေးကလည်း တက္ကသိုလ်တက်ရတော့မယ်၊ ဒီထက်မက ပင်ပန်းလည်း မောင်လုပ်ရမှာပဲ၊ ဒီလိုပင်ပန်းဆင်းရဲတာဟာ မောင်တို့ ပညာကောင်းကောင်းမသင်ခဲ့ရလို့ပေါ့၊ သမီးလေးဘ၀အထိတော့ ဒီဆင်းရဲခြင်းဒုက္ခတွေကို မကူးစက်စေချင်ဘူး၊ သမီးလေး ပညာတတ်ကြီးဖြစ်အောင်တော့ မောင်အပင်ပန်းခံ ကြိုးစားမယ်''

''ဖေဖေလည်း ပေဖူးငယ်ငယ်တုန်းက အဲလိုမျှော်လင့်ချက်တွေနဲ့ ကြိုးစားခဲ့တာဖြစ်မယ်''

''ပေဖူး''

ပေဖူးလှာ အသံလေးတုန်သွားတာမို့ ဒီလိုအချိန်မှာ ဖခင်ကို သတိရမှာပဲဆိုပြီး စိတ်ထိနိုက်သွားရသည်။ သွန်ကျလာသော မျက်ရည်တွေကို လက်ဖမိုးလေးနှင့်သုတ်ပေးတော့ လှာကတစ်ဖက်ကိုလှည့်ကာ မျက်နှာလေးစောင်းကျသွား၏။

''ဒီအချိန်မှာ မငိုရဘူးလေ ပေဖူးရယ်၊ ပေဖူးအဖေကို သတိရလို့လားဟင်''

''လှာ မညာချင်ပါဘူး၊ ရင်သွေးလေး လွယ်ပိုးရတဲ့အချိန်ကတည်းက





မိဘမေတ္တာကို ပေဖူးနားလည်ပါတယ်။ မွေးဖွားပြီးတော့ ပိုလို့တောင် သတိရမိသေးတယ်မောင်၊ သူတို့လည်း ပေဖူးကို အသက်နဲ့ရင်းပြီး မွေးခဲ့ရတာနေမှာ''

''ဒါကတော့ မိဘတိုင်းပေါ့ပေဖူးရယ်၊ ကိုးလလွယ် ဆယ်လဖွားဆိုပေမယ့် ကိုယ်ဝန်ဆောင်ကတည်းက အာဝေဏိကဒုက္ခတွေနဲ့ သချိုင်းကို တစ်နေ့မျက်စောင်းသုံးခါထိုးပြီး မေတ္တာတွေနဲ့ အားတင်းခဲ့ရတာပဲပေါ့''

''ဒါ...ဒါကြောင့် ပေဖူးကိုမွေးပြီးပြီးချင်း မေမေဆုံးတာ၊ ပေဖူးကို မေမေ့အသက်နဲ့ရင်းပြီး မွေးခဲ့ရတာ''

''ပေဖူးရယ်''

ပေဖူးလက်ကလေးကို စိတ်မကောင်းစွာ ဖျစ်ညှစ်အားပေးပေမယ့် ပေဖူးကဝမ်းနည်းဆို့နင့်စွာ မျက်ရည်တွေ တလိမ့်လိမ့်ကျဆင်းလာသည်။ ဒီမျက်ရည်တွေကို ခမ်းခြောက်ပျောက်ပြယ်အောင် သူ ဘာလုပ်ပေးရပါ့မလဲ။

''ပေဖူးအဖေကို တွေ့ချင်လားဟင်၊ မောင် မရမက အောက်ကျို့ခံပြီးခေါ်ပေးပါ့မယ်''

''ဟင့်အင်း...ဒီလိုပုံစံမျိုး ဖေဖေ့ကို မမြင်စေချင်ပါဘူး၊ ဖေဖေဖြစ်စေချင်တာ ဒီလိုပုံစံမျိုးမဟုတ်ခဲ့ဘူးလေ၊ ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးထွက်ပြီး ဆရာဝန်လိုင်းရအောင် ငွေကုန်ကြေးကျအများကြီးခံခဲ့တာ၊ တကယ်အောင်လာခဲ့တော့ ပါတနာတွေဖိတ်ပြီး ဂုဏ်ပြုပွဲအကြီးအကျယ်လုပ်ပေးခဲ့တယ်၊ နောက် ဖေဖေမျှော်လင့်တာက ခွဲစိတ်အထူးကုပါမောက္ခကြီးဖြစ်ပြီး ကိုယ်ပိုင်ဆေးရုံကြီးနဲ့ ဆေးရုံ အုပ်ကြီးဖြစ်စေချင်တာ၊ တကယ့်ကို ရည်မှန်းချက်ကြီးကြီးနဲ့ ပေဖူးကို အရမ်းယုံကြည်နေခဲ့တာမောင်''

''ပေဖူးရယ် မောင်နဲ့ချစ်ခဲ့လို့သာ''

''ဟုတ်တယ် အချစ်နဲ့တွေ့ပြီး လှာမိုက်တွင်းနက်ခဲ့တာ၊ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



စုံလုံးကန်းခဲ့တာမောင်၊ ဒါပေမဲ့ ပေဖူးနောင်တမရပါဘူး၊ လွှာချစ်တဲ့မောင်နဲ့ သမီးလေးအနားမှာ နေရတယ်၊ မောင့်အမေနဲ့ ညီမလေးကလည်း ပေဖူးကို တကယ်မိသားစုဝင်လိုသဘောထားပြီး ချစ်ကြတယ်၊ လွှာ ဒီထက်ပိုပြီး မတောင့်တပါဘူး''

ရင်မှာကြည်နူးသလိုဖြစ်သွားပေမယ့် မချမ်းမြေ့နိုင်တာကတော့ အမှန်ပင်။ ရင်ထဲမှာတင်းကျပ်ဆို့နင့်လျက် လွှာအတွက် တစ်ခုခုလုပ်ပေးချင်သည့်ဆန္ဒတွေဖြင့် ရူးမတတ်ဖြစ်နေခဲ့သည်။ ဒီနွံထဲကို အချစ်တွေနှင့် ဆွဲနှစ်ခဲ့တာ မတရားခဲ့ဘူးမဟုတ်လား၊ အချစ်က နစ်မွန်းတတ်သည့် အရာပါလား။

❀ ❀ ❀



## အခန်း (၃)

''မမပေဖူး . . . ဒီမှာ ဟင်းခါးလေးရပြီ၊ သောက်လိုက်ဦးနော်၊ ညက တူမလေးက အရမ်းငိုတာပဲ၊ နို့မဝလို့ထင်တယ်''

''ဟုတ်မှာပေါ့ကွယ်၊ လက်သည်ဒေါ်အေးက အားနည်းတယ်လို့ပြောတာပဲ၊ နို့ကသိပ်မထွက်ဘူး၊ အဲဒါ နို့စို့ရတာအားမရလို့ ငိုတာ၊ သူ့အဖေ လက်ပေါ်မှာ ချော့သိပ်မှ အိပ်တော့တယ်''

''ကိုကိုလုပ်တာနဲ့ ကလေးက လက်ကြိုက်တော့မှာ၊ အလုပ်ကပြန်လာတာနဲ့ သည်းသည်းလှုပ်ပြီး လက်ပေါ်ကမချတော့ဘူး''

''အခုရော မောင် ထမင်းစားပြန်မလာသေးဘူးလား''

''ဆိုက်ကားနင်းနေရင်းနဲ့ ဦးလူဝက သူ့လိုက်ထရပ်ကား အော်ခိုင်းလို့ဆိုပြီး ခေါ်သွားတယ်၊ ပဲခူးတင်ဆိုတော့ သုံးနာရီလောက်ဆိုပြန်ရောက်မှာပါ''

'' မောင် ဗိုက်ဆာနေတော့မှာပဲ''

''အံမယ်လေး မမပေဖူးရယ် စိတ်ပူမနေပါနဲ့၊ ဦးလူဝက ထမင်းကျွေးမှာပါ၊ အခု ကိုယ့်ကျန်းမာရေးသာ ဂရုစိုက်၊ ထမင်းများများစား၊ ဟင်းခါးလည်းသောက် ''



www.burmeseclassic.com

www.burmeseclassic.com



မပြည့်စုံပေမယ့် သေသပ်စွာလုပ်ပေးထားသော ထမင်းနှင့် ဟင်းခါး ဘစ်နှက်ကို ရောမွှေ၍ကြိတ်မှိတ်မျိုချလိုက်ရသည်။

သမီးလေး နှိုကောင်းကောင်းစိုလို့ရမှ မောင် ညဆိုအိပ်ရေး မပျက်မှာ

``မမပေဖူး စားလို့ကောင်းလားဟင်''

``အင်း ကောင်းတယ်၊ ဒါအမေတင် လက်ရာလားဟင်''

``ဟင်း ဟင်။ မမပေဖူးက အမေ့လက်ရာနဲ့ ညီမလေးလက်ရာကို ခွဲတတ်သားပဲ၊ ဟုတ်တယ်၊ အမေဈေးမသွားခင် ချက်ပေးသွား တာ၊ ညီမလေးလုပ်တာက တစ်ခုခုလိုနေသလိုဖြစ်တတ်ရဲ့၊ မမပေဖူးခံတွင်း မတွေ့မှာစိုးလို့တဲ့''

``ဩော်...ဈေးရောင်းသွားမယ့်သူက ဒုက္ခရှာလို့၊ ဒါနဲ့ ညီမလေး ရော တက္ကသိုလ်တက်ဖို့ ဖောင်တင်ပြီးပြီမဟုတ်လား၊ ဘယ်လထဲလောက် တက်ရမှာလဲ''

``အဲဒါ ကိုကိုနဲ့ တိုင်ပင်ဦးမှာပါ၊ ဒေးတက်ရင် ပိုက်ဆံပိုကုန်တယ် အချိန်ကုန်တယ်၊ မမပေဖူးတစ်ယောက်တည်း တူမလေးနဲ့ မနိုင် မနင်းဖြစ်မှာစိုးလို့''

``ရပါတယ်၊ ဖြစ်ပါတယ်ကွယ်၊ လူငယ်တိုင်းက တက္ကသိုလ်ဆိုရင် ဒေးပဲ တက်ချင်ကြတာ၊ ပျော်စရာကောင်းတယ်၊ လွတ်လပ်တယ် အတွေ့အကြုံလည်းရတယ်၊ ပညာဆိုလည်း အခြေခံပါတယ်လေ''

``ဝတ်မှုန်တို့ဘဝက အဲလိုလုပ်ဖို့မှ အခြေအနေမပေးဘဲ မမရယ် ပညာမဲ့လို့ ဆင်းရဲတယ်ဆိုပြီး ဘွဲ့တစ်ခုတော့ရအောင်ယူပါလို့ ဖေဖေ မှာခဲ့လို့ပါ၊ ဖေဖေက ကိုကို့ကိုရော ဝတ်မှုန်ကိုရော သူ့လို ဆင်းရဲပင်ပန်း မှာစိုးလို့ ပညာတတ်ကြီးတွေဖြစ်စေချင်တာ၊ ဒါပေမဲ့ ဖေဖေက အချိန်မတန်ခင် ဆုံးသွားတော့''





``ဝတ်မှုန်''

ပြောရင်းနှင့်စကားမဆုံးခင် ဝတ်မှုန်ချီအသံလေး တုန်ယင်လာတော့ ...ကောင်းစွာ ဟန့်တားလိုက်ရသည်။

``ဘဝဆိုတာ ဒီလိုပါပဲ ညီမလေးရယ်၊ မမလည်း ညီမလေးတို့နဲ့နေမှ ...ဘဝရဲ့ ရုန်းကန်မှုတွေကို သိလာတာ၊ အရင်က ဆင်းရဲတယ်၊ ပင်ပန်း ...ယ်ဆိုတာ ဘာမှမသိခဲ့ရဘူးလေ၊ ဖေဖေက လိုတရဖြည့်ဆည်းပေးခဲ့ ...ယ်၊ ဖေဖေလည်း အဲလိုပဲ အောက်ခြေလူတန်းစားဘဝကနေ ဒီလိုအမြင့် ...ကို ရောက်လာတာပါ၊ ဖေဖေငယ်ငယ်ကလည်း အရမ်းဆင်းရဲခဲ့တာတဲ့''

``ဟင်...မမဖေဖေက''

``ဟုတ်တယ်၊ မိဘမဲ့မို့ ဘုန်းကြီးကျောင်းမှာ ခိုကိုးရတဲ့သဘော ...ပဲ၊ အဲဒီကျောင်းက စားစရာကျွေးတယ်၊ ပညာသင်ပေးတယ်၊ သူများ ...တွေရဲ့ အနိမ့်ခံဘဝနဲ့ ဘဝကိုတော်တော်လေးရုန်းကန်ခဲ့ရတာ၊ ဒီလိုနေရာ ...ရောက်ဖို့ အချိန်တွေအများကြီး အသုံးချခဲ့ရတယ်၊ နောက်တော့ ပညာစုံ ...တဲ့အချိန်မှာ အဲဒီပညာသင်ပေးတဲ့ ဘုန်းကြီးရဲ့အဆက်အသွယ်နဲ့ပဲ ...များရေးလောကထဲရောက်လာတာယ်။ မခံချင်စိတ်တွေနဲ့ မဆုတ်မနစ် ...ကြိုးစားခဲ့လို့ ဒီလိုဂုဏ်ဒြပ်တွေနဲ့ ချမ်းသာမှုတွေကို ပိုင်ဆိုင်ခဲ့တာ၊ အဲဒါ ...ကြောင့် ဖေဖေ့မှာ ရည်ရွယ်ချက်တွေများတယ်၊ မမအပေါ်လည်း အရမ်းကို ...မျှော်လင့်ထားတယ်၊ ဒါပေမဲ့...''

ပေဖူးလွှာ စကားပြောရင်း ပင့်သက်ရှိုက်သံတိုးတိုးထွက်လာတာ ...ကြောင့် စကားဆက်မရဘဲ လည်ချောင်းထဲမှာ တစ်ခုခုကျပ်ဆို့သွားသလို ...ဖြစ်နေ၏။ ဖေဖေ့ရဲ့ ပင်ပန်းခဲ့မှုတွေကို အခုမှစာနာမိတာရယ်ကြောင့်ပါ။

ဝတ်မှုန်ချီကလည်း သဘောပေါက်ဟန်ဖြင့် စကားချက်ချင်းလွှဲကာ

``ဟိုလေ...မမ တူမလေးမနိုးခင် မြန်မြန်စားထားမှဖြစ်မယ်နော်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နိုးလာရင် ဗိုက်ဆာတာနဲ့ အာပြဲကြီးနဲ့အော်ငိုလိမ့်မယ်''

''ဟင်း ဟင်း အဲဒါတော့ဟုတ်တယ်၊ သမီးလေးက ကြီးလာရင် အဆိုတော်များဖြစ်မလားမသိဘူး၊ ငိုရင်တော်တော်အသံကျယ်တာ၊ နို့စို့ရင်လည်း သန်လိုက်တာ မပြောနဲ့တော့၊ လူကို ဟိုက်ကျသွားတော့တာပဲ''

''အဲဒါကြောင့်ပြောတာပေါ့ မမရဲ့၊ ဘာမှမတွေးဘဲ များများစား၊ ငွေပန်းဥဟင်းခါးကလည်း အရမ်းနို့ပေါတာတဲ့ နယ်မှာဆိုရင်တော့ ဝါရွက်ကို ကျိုသောက်လို့ကောင်းတာပေါ့''

''မမတော့ အဲဒါတွေတစ်ခါမှ မကြားဖူးဘူး၊ သောက်လည်း မသောက်ဖူးဘူး၊ ဒါပေမဲ့ ငွေကြေးမတတ်နိုင်တဲ့သူတွေအတွက် ဒါလည်း ဆေးဝါးဖြစ်တာပဲနော်''

''အင်း…အမေကတော့ ပြောဖူးတယ်၊ အခုမှ ဆေးတွေပေါ်လို့ ရောဂါအမည်အမျိုးမျိုးတပ် ရောဂါဖြစ်နေကြတာတဲ့၊ အမေတို့ငယ်ငယ်ကတော့ တောထဲကသစ်ဥသစ်ဖုအရွက်တွေနဲ့ ကုသပြီးကျန်းမာနေကြတာတဲ့လေ''

''အမေလည်း တော်တော်ဗဟုသုတများတာပဲနော်၊ ဟုတ်လည်းဟုတ်တာပဲ ညီမလေးရဲ့၊ အညစ်အကြေးနဲ့ လေထဲကလွင့်လာတဲ့ ဗိုင်းရပ်စ်တွေကြောင့် လူတွေရောဂါအမျိုးမျိုးဖြစ်နေကြတယ်၊ ရောဂါတစ်မျိုးကို ကုသဖို့စမ်းသပ်လို့တောင်မပြီးသေးဘူး၊ နောက်ရောဂါတစ်မျိုးက ထပ်ပေါ်လာပြန်ပြီ၊ ငွေကြေးမတတ်နိုင်တဲ့သူက အသက်ရှည်ဖို့ လမ်းသိပ်မမြင်တော့ဘူး''

''တော်ပါသေးရဲ့နော် တူမလေး ကျန်းကျန်းမာမာလေး မွေးလာလို့ ခက်ခဲရင် ဆေးရုံတင်စရိတ်မရှိတာနဲ့ တွေးတောင်မတွေးရဲဘူး၊ မမလည်း တခြားလူနာတွေကို မွေးပေးတာ အတွေ့အကြုံလေး ရှိခဲ့လို့သာပေါ့''





ဝတ်မှုန်ပြောမှ အသက်ထွက်မတတ် ခံစားခဲ့ရတာကို သတိရသည်။ …တစ်ယောက်ရဲ့ မေတ္တာ ဘယ်လောက်ကြီးမားမှန်း အခုမှ သေသေ…သိရတာပါ။

ကိုယ်တိုင်ခံစားရမှ သူများရဲ့နာကျင်မှုကို ကိုယ်ချင်းစာတတ်သည်…ာ အမှန်ပဲဖြစ်လိမ့်မည်။ မေမေဆိုရင် သူမကို အသက်နဲ့ရင်းပြီး…င်မွေးခဲ့တာ။ ဖေဖေရော အဲဒီအချိန်က ဘယ်လောက်တောင်…ာင်နေခဲ့ရှာမလဲ။

သမီးမိုက်ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့ ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

''ဖအေဖြစ်သူက သူ့သားကို အရမ်းကို အ...သားခဲ့တာ... လယ်ထဲကိုင်းထဲအလုပ်မခိုင်းဘဲ ပညာကိုပဲ တစိုက်မတ်မတ်ကြိုး... ခိုင်းတာ၊ ငါ့သားက လူချော၊ လူချမ်းသာကြီး၊ ပညာတတ်ကြီး၊ ဂုဏ်... ကြီးကြီးနဲ့ အရာရှိအရာခံဖြစ်ရမယ်၊ အဖေလိုပညာမဲ့တောင်သူလုပ်... တောသားမဖြစ်ရဘူးတဲ့လေ။ အလယ်တန်းအောင်နဲ့ ရန်ကုန်ပြောင်း... ပြီး ရရာအလုပ် ပင်ပင်ပန်းပန်းလုပ်တယ်''

''မောင် ဆယ်တန်းအောင်ပြီးဆုံးတာဆိုတော့ မြို့တက်လာပြီး သိ... မကြာခင်ဆုံးတာပေါ့''

''ဒါကြောင့် သက်တမ်းတိုတယ် ပြောတာပေါ့ကွယ်၊ တောမှာနေ... တောင် သေမယ်မထင်သေးဘူး။ ယာတွေကိုင်းတွေရောင်းပြီး ဒီဆယ်... အိမ်လေးကိုဝယ်တယ်၊ ဆိုက်ကားသုံးစီးလောက်ထောင်တယ်၊ ကျန်... ကို အရောင်းအဝယ်လုပ်တယ်၊ သူဟာနဲ့သူအဆင်ပြေနေတာပဲ၊ သူ... သလို သားနဲ့သမီးပညာရေးအတွက် ဘာမှမပူရဘူးပေါ့၊ အခုတော့ကြ... ပါဦး၊ ညဘက်ဆိုက်ကားထွက်နင်းရင်း ကားတစ်စင်းကတိုက်ပြီး ထွ... ပြေးလို့သေရတယ်။ လျော်ကြေးမရဘာမရနဲ့ ဘယ်သူမှဖေးမကူညီမယ်...





...ရှိသေရတယ်၊ ပိုတဲ့ဆိုက်ကားလည်း ကုန်၊ ရှိတဲ့ပစ္စည်းလည်း ကုန်၊ ...သေဘဲ ဒုက္ခိတဖြစ်ဦးမယ်ဆိုရင်တောင် ဒီအိမ်လည်းကုန်မှာပဲ၊ အဲဒါကြောင့် မြို့ကိုမပြောင်းပါနဲ့ဆိုတာကို''

''အမေရယ် အဖေ့ကိုအပြစ်တင်သလိုကြီး မပြောပါနဲ့''

သတိုးမော် စိတ်မကောင်းစွာ ဟန့်တားလိုက်မိသည်။ အဖေက ဒီလိုဖြစ်မယ်မှန်းသိရင် သူသံယောဇဉ်ရှိသော ချက်မြှုပ်ရာရွာလေးကိုစွန့်၍ မြို့ကြီးပြကြီးကို ထွက်လာပါ့မလား။ မွေးထုတ်ထားသော သားသမီးလေးတွေရဲ့ ရှေ့ရေးကြောင့်ဆိုတာ။

''အမေလည်း သိပါတယ်သားရယ်၊ သားတို့အဖေက သားတို့မောင်နှမရှေ့ရေးကြောင့်ဆိုတာ၊ သားတို့ကိုတောမှာ တောလုပ်တောကိုင်တွေနဲ့ သူ့ဘဝနစ်မွန်းသလို နစ်မွန်းမှာ စိုးရိမ်ပြီး မြို့ကိုစွန့်စွန့်စားစားထွက်လာခဲ့ရှာတာ။ အမေဘယ်လိုမှ တားလို့မရခဲ့ဘူး''

''ဒီလိုကိစ္စမျိုးဖြစ်မယ်လို့ ဘယ်ထင်မှာလဲ''

''ဒါပေါ့ ကံကြမ္မာဆိုတာ ကြိုမြင်ရတဲ့အရာမှမဟုတ်တာ၊ တစ်ရွာပြောင်း သူကောင်းမဖြစ်တဲ့၊ သေချင်တဲ့ကျား တောပြောင်းတဲ့၊ စကား...ကိုကနှစ်ခွ၊ အဲဒီထဲမှာကံဆိုးချင်တော့၊ အင်း...အတိတ်က ကုသိုလ်...ကံအကြောင်းတွေပေါ့ကွယ်၊ အမေက သားတို့အဖေကို အပြစ်ပြောချင်တာမဟုတ်ပါဘူး။ သားသမီးတွေအပေါ်ထားတဲ့ သူ့ရဲ့မေတ္တာကို အမေလေးစားပါတယ်''

''အမေ့ရဲ့ ဖြည့်ဆည်းနိုင်မှုကိုလည်း ကျွန်တော်တို့ လေးစားပါတယ်အမေ၊ အဖေသေပြီး ကျွန်တော်တို့မောင်နှမ ပညာဆက်သင်လို့ရအောင်ကြိုးစားခဲ့သေးတာပဲ၊ အသက်အရွယ်ကြောင့် သွေးဆုံးမီးယပ်ကိုင်သလို ...ချာနေခဲ့လို့သာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဒါဆိုအမေတင်က အခုကုန်စိမ်းထရောင်းတာ ကျန်း
ကိုယ်ဝန်ရှိလို့ပေါ့နော်"

ပေဖူးလွှာအမေးကို ဒေါ်မေတင်ခေါင်းညိတ်ရင်း

"အရင်က ကျန်းမာရေးသိပ်မကောင်းလို့ သားက ဘာမှမလုပ်ပါနဲ့
ကျွန်တော်ကျောင်းထွက်ပြီး ညီမလေးပညာရေးအတွက် တာဝန်ယူပါ့မယ်
လို့ပြောခဲ့တယ်၊ အဖေမရှိတော့ဘူးဆိုပြီး သားကြီးတစ်ယောက် တာဝန်
ယူလို့ အမေသက်တောင့်သက်သာနေခဲ့ရတာ"

"အော်"

မိမိနှင့်လက်ထပ်မှ ဒီလိုပင်ပန်းသွားရသည့်အတွက် ပေဖူးလွှာ စိတ်
မကောင်းဖြစ်သွားကာ ဒေါ်မေတင့်လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး

"ပေဖူးကြောင့် ဒီလိုဈေးရောင်းရတာ စိတ်မကောင်းပါဘူး အမေ
တင်ရယ်၊ ပေဖူးတို့အိမ်ထောင်ကျတာ အရမ်းစောသွားတယ်နော်၊ နှစ်ဘက်
လုံး ဘာမှပြင်ဆင်မှုမရှိသေးဘဲ"

"ဖူးစာကံက ဒီလို ဒီအချိန်ဆုံဖို့ကံပါရင် ဘယ်သူမှရှောင်လွှဲလို့
မရ ဘူးသမီး၊ အမေတင်က အခုအချိန်မှာ သားတွေသမီးတွေ မြေးတွေ
နဲ့ ပြည့်စုံပြီး ပျော်လွန်းလို့ ဘာရောဂါမှတောင်မရှိတော့ပါဘူး၊ ဒေါင်ဒေါင်
ကိုမြည်လို့၊ တစ်ခု စိတ်မကောင်းတာက အမေတင်တို့ဘဝထဲကို ရောက်
လာလို့ သမီးလေးပေဖူး ဆင်းရဲချို့တဲ့တာကိုပါ"

"အဲဒါ ကျွန်တော့်အပြစ်ပါအမေ၊ အခြေအနေအဆင့်အတန်းမတူ
ဘဲ ကိုယ့်ဘဝကိုယ်နားမလည်ဘဲ ပေဖူးကိုသွားချစ်မိတာကြောင့်ပါ"

"အို...ဘာလို့မောင့်အပြစ်ကြီးပဲဖြစ်ရမှာလဲ၊ ပေဖူးကလည်း
မောင့်ကိုသနားပြီး မောင့်အချစ်ကိုလက်ခံမိတယ်။ ဖေဖေမသိသေးလို့





ပေဖူးတို့ကို ဖွတ်မခွဲခဲ့ဘူးဆိုရင် ပေဖူးတို့ရည်ရွယ်ချက်၊ ရည်မှန်းချက်
တွေပြည့်မှ လက်ထပ်ဖြစ်ကြမှာ။ အခုက မခွဲနိုင်မခွာရက် ရူးရူးမိုက်မိုက်
ဆုံးဖြတ်ဖြစ်ကြလို့ ဒုက္ခနွံထဲ ရောက်သွားသလိုဖြစ်ကြရတာပါ။ မောင့်ကို
လက်ထပ်ရတာ အမေတင်ပြောသလို ဖူးစာကံဆုံလို့ပဲ၊ ပေဖူးနောင်တ
မရပါဘူးမောင်"

ပေဖူးလွှာစကားကြောင့် သတိုးမော်မျက်နှာပြုံးသွားသော်လည်း ရင်
ထဲမှာ မကောင်းပေ။ ညီမလေးနှင့်မေမေ့ကို တိုင်ပင်ထားသည့်ကိစ္စကို
သာ ပေဖူးသိအောင် ပြောပြရပေတော့မည်။

"သမီးလေး အိပ်နေတုန်းလား ညီမလေး"

"မအေနှိုဝသွားတော့ ကောင်းကောင်းအိပ်နေတယ်လေ၊ ကိုကို့သမီး
က စားလုံးကြီး အီးလုံးကြီး၊ နေ့လယ်က သူ့အီအီးဝတ်တွေ လျှော်
လိုက်ရတာမှ မနည်းဘူး"

"ညီမလေးက ပေဖူးလျှော်ပါ့မယ်ဆိုတာ မရဘူးလေ၊ သူယောက်ျား
ယူတဲ့အခါ အလေ့အကျင့်ရအောင်လို့ပါတဲ့၊ မမပေဖူး ဘာမှမလုပ်နဲ့တဲ့
လေ"

"ဟုတ်လား ညီမလေး၊ ငါတို့ ဒီလောက်ဒုက္ခတွေရောက်နေတာ
တောင် အိမ်ထောင်ပြုဖို့ အားကျနေသေးတယ်ပေါ့"

"ဒုက္ခဆင်းရဲရောက်မှာကြောက်ပြီး အိမ်ထောင်မပြုတဲ့သူ ဘယ်သူ
ရှိသို့လဲ၊ ကိုကို့လို မိန်းမကိုချစ်တတ်၊ သားသမီးကိုကြင်နာတတ်တဲ့
ယောက်ျားမျိုးကိုရမယ်ဆိုရင် ကံကောင်းနေပြီပဲကိုကို့ရဲ့၊ ဝတ်မှုန်က ကိုကို့
လိုယောက်ျားမျိုးရမယ်ဆိုရင် မမပေဖူးလိုပဲ ဘယ်တော့မှနောင်တမရဘူး၊
မပြည့်စုံပေမယ့် စိတ်ချမ်းသာပြီး ပျော်ရွှင်မယ်ထင်တယ်"

"အောင်မာ ကောင်မလေး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မဟုတ်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်နေတယ်၊ ညည်းနာမယ်နော်ဝတ်မှုန်''

သတိုးမှော် ခပ်တည်တည် ဝေါက်ငမ်းလိုက်တော့ ဝတ်မှုန်ချို့ ပန်းတွန့်ကာ ဖက်ကလေးပုဝင်သွားသည်။ ပေဖူးလွှာ ပြုံးလိုက်မိ၏။ ဒီမိသားစုလေးက မပြည့်စုံပေမယ့် မိသားစုနွေးထွေးမှုတွေဖြင့် အရမ်းကိုစိတ်ချမ်းသာစရာကောင်းပါသည်။

''ကဲ...မောင်နှမတွေ စနောက်မနေနဲ့၊ သမီးလေး ပေဖူးကို ပြောသင့်တာလေးပြောရအောင်''

''ဟင်...အမေတင်တို့ ကျွန်မကိုပြောစရာရှိလို့ ဒီနေ့လူစုံစုဝေးနေကြတာလား၊ ဒါကြောင့် ထမင်းစားပြီး တခြားအလုပ်တွေမလုပ်ကြဘဲ ဒီနားလာထိုင်နေကြတာပေါ့လေ''

''အင်း...ဒီလိုပေဖူးရဲ့၊ ပေဖူးကို ပေဖူးမျှော်လင့်ထားတဲ့အတိုင်း ပညာတွေဆက်သင်စေချင်တယ်''

''ငွေမရှိရင် စိတ်ကူးယဉ်သက်သက်ပဲဖြစ်နေမှာပေါ့ မောင်ရယ် ဒီပညာက ငွေနဲ့လမ်းခင်းနိုင်မှဖြစ်တာမောင်၊ အထူးကုပါမောက္ခဖြစ်ဖို့ ဝင်ခွင့်စာမေးပွဲဖြေရမှာကိုက ဆယ်သိန်းလောက်ပေးရတာ၊ မအောင်ရင် ဒီငွေပြန်ရမယ်ဆိုပေမယ့် တခြားကုန်ကျစရိတ်တွေရှိသေးတယ်''

''ကြိုးစားကြည့်ရမှာပေါ့ ပေဖူးရယ်၊ ဒီအတိုင်းကြီးနေလိုက်ရင် သင်ခဲ့တဲ့ပညာတွေ အရမ်းကြီးနှမြောဖို့ကောင်းပါတယ်''

''ဒါဆို ဘယ်လိုလုပ်မှာလဲ၊ ဖေဖေ့ဆီ နောက်တစ်ကြိမ်ဒူးထောက်တောင်းပန်မလို့လား၊ ဖေဖေ့ရဲ့စိတ်ကို ပေဖူးသိတယ်။ စိတ်ဆိုးရင် တောင်းပန်လို့ရဦးမှာမောင်၊ အခုက သူ့မျှော်လင့်ချက်တွေ ပျက်စီးအောင်လုပ်သွားလို့ စိတ်နာနေတာ၊ အဲလိုစိတ်နာတာကြောင့် သမီးအချစ် မြေးအနှစ်ဆိုတာမျိုးလည်း ခံစားမှုတွေ မေတ္တာတွေရှိနေမှာမဟုတ်ဘူး''





ပေဖူးလွှာပြောတာ ဟုတ်နေတာမို့ သတိုးမှော် ခေါင်းညိတ်ထောက်ခံလိုက်သည်။ ဒါပေမဲ့ မေမေနှင့်ညီမလေးဘက်ကို မျက်လုံးတစ်ချက်ကြည့်ပြီး ပေဖူးလက်ကလေးကို ဆုပ်ညှစ်လိုက်ကာ

''ပေဖူးဖေဖေရဲ့စိတ်ကို နားလည်ပါတယ်၊ ဒီလိုဖြစ်သင့်လို့ ဖြစ်နေတာကိုလည်း စိတ်မဆိုးပါဘူး။ မောင်ပြောချင်တာက မောင်တို့သားအမိသုံးယောက် အလုပ်တွေကြိုးစားပြီး ပေဖူးဖြစ်ချင်တာကို ဖြစ်အောင်လုပ်ပေးချင်တာ''

''ဩော်...မောင်ရယ်၊ ဒီမိသားစုအခြေအနေနဲ့ ခုနပြောသလိုပဲ၊ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ တစ်နေ့လုပ်မှ တစ်နေ့စား လက်လုပ်လက်စားသတွေ''

''ဟုတ်ပါတယ် သမီး။ အဲဒါကြောင့် အမေတင်တို့ ဒီဆယ်ပေအိမ်လေးကို ရောင်းဖို့စဉ်းစားလိုက်တယ်''

''ရှင်...အမေတင် ဘာပြောလိုက်တယ်၊ အို ဘယ်ဖြစ်မှာလဲ၊ အမေတင်တို့မှာ ဒီအိမ်လေးတစ်လုံးပဲပိုင်ဆိုင်မှုရှိတော့တာ''

''ပိုက်ဆံပေးပြီး အိမ်ငှားနေလို့ရတာပဲကွယ်''

''ဟုတ်တယ် ပေဖူး၊ မောင်တို့ ဈေးသက်သာတဲ့နေရာမှာ အိမ်ငှားနေပြီး အလုပ်လုပ်လို့ရတာမှန်သမျှလည်း ခြိုးခြံချွေတာစားပြီး ပေဖူးဆီကိုငွေလွှဲမယ်''

အမေတင်နှင့် သတိုးမှော်တို့ အားတက်သရောပြောနေသော်လည်း သက်မခံနိုင်သလို ပေဖူးလွှာ ခေါင်းတွင်တွင်ယမ်းမိသည်။

''အဲလိုမလုပ်ပါနဲ့၊ ဒီအိမ်ရောင်းတာက ဘယ်လောက်ရမှာလဲ၊ ပြီးတော့ သားအမိသုံးယောက်လုံး ပင်ပင်ပန်းပန်းလုပ်ရမှာက ခရေတာလေးမဟုတ်ဘူး။ အနည်းအကျဉ်း ကုန်ကျနိုင်တဲ့ငွေအမောင့်လောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ လမ်းခုလတ်မှာ ပြိုလဲသွားရင် ကြိုးစားခဲ့သမျှ အလဟဿ ဖြစ်သွားပါလိမ့်မယ်''

''အဲလိုမဖြစ်အောင် ကြိုးစားရမှာပေါ့ပေဖူးရယ်၊ မောင်တို့မိသားစုက ပညာနည်းလို့ ဆင်းရဲကြတယ်၊ အမေဖြစ်စေချင်တဲ့ ပညာတတ်တစ်ယောက် ရာထူးဂုဏ်ဒြပ်ရှိတဲ့သူလည်း မဖြစ်နိုင်တော့ဘူး၊ အဲဒါကြောင့် ပေဖူးကို အောင်မြင်နိုင်တဲ့လမ်းဆုံးကိုရောက်အောင် ပခုံးနဲ့ထမ်းပြီး တွန်းတင်ပေးချင်တယ်''

''မောင်ရယ် မောင်တို့စေတနာကို နားမလည်လို့မဟုတ်ပါဘူး။ အတူတူနေထိုင်လာရင်းနဲ့ မောင်တို့မိသားစုရဲ့ နွေးထွေးတဲ့မေတ္တာတွေ ပေဖူး လေးစားမိပါတယ်။ အဲဒါကြောင့် ဒီဘဝလေးမှာပဲ ဒိုးတူပေါင်ဖက် အတူနေရင်း လောကဓံရဲ့ ဆင်းရဲဒုက္ခတွေကို မျှဝေခံစားချင်ပါတယ် ပေဖူးလေ...''

''ပေဖူး''

ပေဖူးလှစကားတွေကို နားထောင်ရင်းဖြင့် ရင်ထဲမှာ နင့်နေအောင် ခံစားရသည်။ ကိုယ့်ကိုချစ်လို့ ဒီဘဝထဲမှာ အနစ်မွန်းခံမည်ဆိုသော စိတ်လေးက တန်ဖိုးကြီးလေးနက်လွန်းသည်ဟုလည်း ထင်မိသည်။

ဒါကြောင့် ကိုယ့်ဘက်ကလည်း ပေးဆပ်ဖို့တွေ ဆုံးဖြတ်ဖြစ်ကာ ပေဖူးလှရဲ့ ပခုံးလေးကို အမေတို့ရှေ့မှာပင် ထွေးဖက်လိုက်ပြီး

''ပေဖူးရဲ့ အဲဒီစိတ်လေးကို မောင်လေးစားတန်ဖိုးထားပါတယ် ပေဖူး တစ်သက်တာအတွက် ယုံလည်းယုံကြည်မိတယ်၊ ဒါပေမဲ့ မောင်တို့ဘက်က မေတ္တာစေတနာတွေကိုလည်း အသိအမှတ်ပြုစေချင်တယ်။ ဒါကလည်း ပေဖူးတစ်ယောက်တည်းအကျိုးသက်ရောက်ဖို့မှ မဟုတ်တာ''

''ဟင်''





''ပေဖူး အထူးကုခွဲစိတ်ပါမောက္ခကြီးဖြစ်လာတဲ့အခါ မောင်တို့မိသားစုလည်း ဂုဏ်သိက္ခာတွေမြင့်မားလာမယ်၊ နေမှုထိုင်မှုလည်း အဆင့်အတန်းရှိလာမယ်။ သမီးလေးလည်း သမီးလေးရဲ့ အမေက ဒီလိုဂုဏ်ဒြပ်မျိုးရှိတဲ့သူပါလို့ ဘယ်လောက်များ မော်ကြွားနိုင်လိုက်မလဲ။ အချိန်တစ်ခုကို ပင်ပန်းမှုတွေနဲ့ရင်းနှီးမြှုပ်နှံတယ်လို့ သဘောထားလိုက်ရင် နောင်တစ်ချိန် အကျိုးအမြတ်ရလာတဲ့အခါ အားလုံးအဆင်ပြေသွားနိုင်တာပဲ ပေဖူးရယ် မဟုတ်ဘူးလား''

''ဒါပေမဲ့ ညီမလေးက တက္ကသိုလ်တက်နေရမယ့်အချိန်မှာ အလုပ်လုပ်ရမယ်ဆိုတာကြီးက အရမ်းငယ်ပါသေးတယ်။ အမေတင်ကျတော့လည်း အသက်ကြီးလို့ ပင်ပန်းမှာပဲမောင်၊ ပြီးတော့ သမီးလူမမယ်လေးကို ထားခဲ့ပြီး ပေဖူးက ပညာသင်ဖို့တစ်ခုနဲ့အဝေးကို ထွက်သွားရမှာလား''

ပေဖူးကို မသွားချင်လို့ အကြောက်အကန် ဆင်ခြေတွေပေးလွန်းနေသည်ဟု အပြစ်မမြင်ရက်ပေ။ ရက်သားလသားအရွယ်သမီးလေးကို ပေဖူးဘယ်လိုလုပ် ခွဲထားရက်မှာလဲ။

ကိုယ်ချင်းစာကာ သက်ပြင်းတွေ လေးပင်စွာ မှုတ်ထုတ်မိရင်းက

''အချိန်တွေ နောက်ဆုတ်နေရင် အောင်မြင်မှုတွေနဲ့ ပိုဝေးသွားလိမ့်မယ်ပေဖူး၊ ပေဖူးအဖေအထင်မကြီးနိုင်တဲ့ မောင်တို့မိသားစုကို ပေဖူးပဲကယ်တင်နိုင်ပါလိမ့်မယ်''

''ဟင်...ပေဖူးကို အဲဒါကြောင့် ဖွတ်လွှတ်ဖို့ ကြိုးစားနေတာလား''

ပေဖူးလှ သက်မကင်းစွာအမေးမှာ အမေရောသူရော စိတ်ထိနိုက်သွားကြရသည်။

''မောင်ဆိုလိုတာက အဓိပ္ပာယ်ကောက်မလွဲပါနဲ့ပေဖူး၊ ပေဖူးကို ဒီလို ဖြစ်သွားအောင်ကြိုးစားမှုတွေနဲ့ ဒုက္ခခံရုန်းကန်အားပေးလိုက်တယ်လို့ သိရင်

www.burmeseclassic.com



ပေဖူးအဖေ အမြင်ပြောင်းသွားနိုင်မလားလို့ ပြောတာပါ၊ ပြီးတော့ ပေဖူးလို အခြေအနေအဆင့်အတန်းမြင့်တဲ့ မိန်းကလေးကို မောင်တို့ဘဝထဲမှာ နှစ်မျောနှိမ့်ချထားရတာမျိုး မဖြစ်စေချင်ဘူး၊ အချစ်ကြောင့် မောင်တို့ ဒူးညွှတ်ခဲ့ကြပြီးပြီပဲ ပေဖူးရယ်၊ သမီးလေးရလာတဲ့အချိန်မှာတော့ မဖိုက်မဲ သင့်တော့ဘူးထင်တာပဲ၊ မောင်တို့မိဘပီသကြရတော့မယ်လေ''

''ဟုတ်တယ်…သမီး သားသမီးတွေဘဝ ကောင်းစားမြင့်မားစေချင်တာ မိဘမေတ္တာပါ၊ သမီးအဖေနဲ့သားအဖေရဲ့ မျှော်လင့်ချက်တွေက ဆန္ဒတွေတူညီကြပါတယ်။ ကိုယ့်အလှည့်ရောက်တော့လည်း မြေးလေး အတွက် သားရောသမီးရော ဆန္ဒတူညီကြမယ်လို့ အမေတင်ထင်တယ်။ ကိုယ်ရေးကိုယ်တာစိတ်ခံစားမှုတွေကိုဖယ်ပြီး နောင်ရေးအတွက်ပဲ တွေး ကြပါ။ မိဘကတွေးခေါ်ဆင်ခြင်တတ်မှ သားသမီးတွေဘဝ ကောင်းစား ရတာမျိုးပါ။ ဘဝရဲ့အတိမ်အနက်ကို တွေးဆမျှော်မြင်မှုနဲ့ပဲ ခန့်မှန်းလို့ ရနိုင်မယ်သမီး''

ဖျောင်းဖျနားချမှုတွေကို နားလည်ပေမယ့် သမီးလေးနှင့်မောင့်ကို ခွဲထားခဲ့ရမှာတော့ သူမအတွေးနှင့်တောင် မခံစားနိုင်ပေ၊ ခုချိန်မှာတော့ ဟန်ဆောင်ထိန်းသိမ်းဖို့ပင် သတိမရပါ။ အခန်းထဲက သမီးလေးရဲ့ တအဲ့အဲ့ အသံကြားတော့ နေရာကနေ သုတ်ခနဲ ထထွက်လာခဲ့သည်။ နှလုံးသားဆန္ဒကို ဦးနှောက်နဲ့ထိန်းချုပ်ဖို့ အချိန်ပေးရဦးမယ်ထင်တယ် မောင်ရေ…။

❀ ❀ ❀



## အခန်း(၅)

''မောင်''

''ဟင်''

အိပ်မပျော်သောညက ညတာရှည်လွန်းလှစွာဘယ်လူးညာလှိမ့်ဖြင့် မျက်လုံးတို့က လုံးဝကို မှေးမှိတ်လို့မရ။ တရှူးရှူးအိပ်မောကျနေပြီဖြစ်သော မောင့်ကို လှုပ်နှိုးလိုက်ရတာတော့ စိတ်မကောင်းပါ။

မောင့်ခမျာ တစ်နေကုန် စိတ်ရောလူရော ပင်ပန်းနေရရှာတာ။ ညနည်းတော့ အထမ်းအပိုး၊ ဆိုက်ကားနင်းတာကအစ ခန္ဓာနှင့်ရင်း၍ ငွေရအောင်ရှာရသည်။ အခုဆို သမီးလေးမွေးလာတော့ ကုန်ကျစရိတ် တိုးကာ ပိုပင်ပန်းရတာပေါ့။ ဒါတွေကြောင့် ကြင်နာသနားပိုရင်း သူမ လည်း ရင်နှင့်နာကျင်နေရတာပါပဲ။

''ပေဖူး…မောင့်ကိုနှိုးပြီးဘာမှလည်းမပြောဘူး၊ ဘာဖြစ်လို့လဲ ပေဖူး၊ နေမကောင်းလို့လားဟင်၊ ဘယ်နေရာကနာလို့လဲ ဘာဖြစ်လို့လဲ ပြောပါဦး''

''မောင်ရယ်…ပေဖူးဘာမှမဖြစ်ပါဘူး၊ ပေဖူးနေကောင်းပါတယ်''

''ဒါဆို ဘာလို့မောင့်ကိုနှိုးတာလဲ၊ အကြောင်းရှိတယ်မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ပေဖူး''

''အင်း…ပေဖူးကို နိုင်ငံခြားပညာတော်သင် တကယ်လွှတ်ချင်တာလားဟင်''

''ဒီမှာလည်း သင်လို့ရတယ်ဆိုပေမယ့် ဒီကပင်ပန်းဆင်းရဲမှုတွေကို မြင်တွေ့နေရရင် ပေဖူးပညာကောင်းကောင်းမသင်ယူနိုင်မှာစိုးလို့ပါ။ ပြီးတော့ နိုင်ငံခြားပြန်အထူးကုဆရာဝန်မကြီးဆိုရင် ပိုပြီးဂုဏ်ရှိတယ် မဟုတ်လား။ အနည်းဆုံးတော့ ပေဖူးအဖေအထင်ကြီးနိုင်တာပေါ့ကွာ''

''မျက်ကွယ်ရာမှာဆိုရင်ရော ဒီဒုက္ခကို ပေဖူးမမြင်နိုင်ဘူးထင်နေသလား''

''စိတ်တော့ သက်သာနိုင်သေးတာပေါ့ပေဖူးရယ်၊ မောင်ကလေ ပေဖူးကို ဒီလိုဒုက္ခတွေမမြင်တွေ့စေချင်ဘူး။ မောင်တို့အတွက်မဟုတ်တောင် သမီးလေးအတွက် ပေဖူးကြိုးစားသင့်တယ်လို့ မောင်ထင်တာပဲ''

''ပေဖူးလည်းဖြစ်ချင်ပါတယ်၊ ဒါပေမဲ့ မောင်တို့သားအမိတွေ အရမ်းပင်ပန်းကြမှာ''

''ပေဖူးသာ စိတ်ပါလက်ပါခေါင်းညိတ်လိုက်ပါ။ မောင်တို့ ဒီထက်မက အပင်ပန်းခံနိုင်ပါတယ်။ နောင်ရေးအတွက်ပဲကွာ၊ မောင်တို့ဒီလောက်တော့ပေးဆပ်နိုင်ရမှာပေါ့''

ပေဖူးလွှာဆီမှ လေးပင်သော သက်ပြင်းရှိုက်သံတွေ တိုးထွက်လာခဲ့ပြီး လက်ဖဝါးနုနုလေးများဖြင့် သူ့ပါးပြင်ကို ပွတ်သပ်ကိုင်တွယ်ကာ

''မောင်''

''ဒီလို ပင်ပန်းမှုတွေသာ မလုပ်ရရင် မောင် ဒီထက်ချောမှာနော်''

''ဟောဗျာ၊ မောင့်မိန်းမက မောင့်ကိုမြှောက်နေတာပဲ။ ဒီအချိန်ကတော့ မွေးမွေးပေးတာကလွဲရင် ဘာမှ ဆုချစရာမရှိဘူးနော်''





''မောင်နော်…မနောက်နဲ့၊ ပေဖူးက အကောင်းပြောတာ၊ ဟိုးလေ မောင့်ရဲ့ယောကျ်ားပီသပြီး တည်ကြည်ခံ့ညားတဲ့ပုံစံကို ကြိုက်ခဲ့တာ။ ပြီးတော့ မောင့်ရဲ့ မျက်ဝန်းညိုညိုတွေက ကြင်နာတတ်မဲ့ပုံလို့ အစကတည်းက ယုံကြည်ခဲ့တယ်''

''မောင်လည်း ပေဖူးနောက်က ဂုဏ်ပကာသနတွေကို မက်မောခဲ့တာမျိုးမဟုတ်ပါဘူး။ ပေဖူးကို မြင်မြင်ချင်း ချစ်လို့ချစ်ခဲ့တာပါ။ အစကတော့ အချိန်အဝါတွေကို ကြောက်လန့်ခဲ့တယ်''

'' ပေဖူးလိုက်လျောမှုတွေကြောင့် မောင်ရောင့်တက်ရဲတာပေါ့လေ''

''မဟုတ်ပါဘူး ပေဖူးရယ်၊ သိမ်ငယ်စိတ်နဲ့ရှောင်ဖို့တော့ ကြိုးစားသေးတယ်။ ဒါပေမယ့် နှလုံးသားက အချစ်ကိုဆာလောင်နေတယ်လေ။ နောက်က အသိတရားတွေကို အမှောင်ချထားခဲ့တယ်။ တကယ်တော့ ရောက်လို့ဆုံရတာ။ အခုအချိန်အထိ အိပ်မက်လားလို့ ထင်မိပါသေးတယ်''

''ကလေးတစ်ယောက်တောင် ထွက်လာပြီး အိပ်မက်လို့ ထင်နေတုန်းဆိုရင်တော့ မောင်လွန်တာပေါ့၊ နောက်ထပ်တစ်ယောက်မွေးမှ မောင်သေချာသိတော့မယ်ထင်တယ်''

ပေဖူးစကားကြောင့် သူမပါးလေးကို ဖျစ်ညှစ်ကာ သူပြုံးမိပြီး

''နောက်ထပ်သမီးလေးတစ်ယောက် သားလေးတစ်ယောက်မွေးပေးနော်ပေဖူး၊ ဒါပေမဲ့ မောင်တို့ညှိုးငယ်ချက်တွေ မျှော်လင့်ချက်တွေပြည့်မှပါ။ သားသမီးတွေကို မောင့်လိုပညာနည်းပြီး ချို့တဲ့တဲ့လူမျိုးမဖြစ်စေချင်ဘူး၊ အောက်လွှာလူတန်းစားဘဝထဲမှာလည်း မကြီးပြင်းစေချင်ဘူး။ ချမ်းသာမှုတွေကို မက်မောပေမယ့် ပြည့်စုံတဲ့ဘဝမှာ အဆင့်အတန်းရှိရှိတော့ဖြစ်စေချင်တယ်ပေဖူးရယ်''



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ရဲ့ရည်မှန်းချက် မျှော်လင့်ချက်တွေကိုတော့ သိပါတယ် မောင်ရယ်၊ ဒါပေမဲ့ မောင်နဲ့သမီးလေးကို ပေဖူးမခွဲချင်ဘူး၊ မခွဲနိုင်ဘူး ထင်တယ်"

"ပေဖူးရယ် မောင်လည်းဘယ်ခွဲချင်ပါ့မလဲ၊ မောင့်မိန်းမကို မျက်စိအောက်မှာထားရတာတောင် ကြည့်လို့မဝတဲ့ဟာ၊ ငုံထားလို့ရရင် ငုံထားလိုက်ချင်တယ်၊ ဒါပေမဲ့ နောင်ရေးဆိုတာက ရှိသေးတယ်လေ၊ ပေဖူးရဲ့အနာဂတ်ကိုလှစေချင်တယ်၊ မောင့်ဘဝထဲကို တစ်သက်လုံးဆွဲနှစ်မထားရက်ဘူး၊ ပေဖူးလွှာဆိုတာ အမြင့်မှာတက်ဝင်သင့်တဲ့ပန်းပါ"

"မောင်ရယ်"

ရင်ခွင်ကျယ်မှာ တိုးဝင်ရင်း မောင့်ကိုလွတ်ထွက်မသွားအောင် ဖက်တွယ်ထားမိသည်။ မောင်က ခပ်တင်းတင်းပြန်ဖက်ထားပြီး နဖူးပြင်လေးကို နမ်းရှိုက်မွှေးကြူတော့ သူမရင်မှာသိမ့်သိမ့်နွေးသွားကာ

"ဒီရင်ခွင်က ဒီလောက်လုံခြုံတာ ပေဖူးဘယ်လိုလုပ်ခွဲချင်မှာလဲ မောင်ရယ်၊ သမီးလေးမျက်နှာကိုလည်း ပေဖူးကြည့်လို့မဝဘူး၊ ပြီးတော့ အမေတင်နဲ့ ညီမလေးကိုလည်း သံယောဇဉ်ရှိတယ်၊ ဒီလူတွေနဲ့ လတွေအကြာကြီးခွဲရမှာ မောင်ရယ်"

"ပေဖူးလေးရယ် မောင့်အချစ်ရယ်"

သူမလည်တိုင်ကျော့ကျော့ကို သူနှုတ်ခမ်းနွေးနွေးဖြင့် ရှည်ကြာစွာနမ်းမွှေးငုံခဲထားလိုက်သည်။ ရင်ခုန်သံတဒိတ်ဒိတ်ဖြင့် သူမကိုချစ်မြတ်နိုး မဝပါ။ ဒါပေမဲ့ ခဏတာ အနိုက်အတန့်တော့ ဘဝပေးအခြေအနေအ ခွဲရမှာပါပဲ။

"မောင်"

"ဟင်...ပေဖူး"





"ပေဖူး အဲလိုသွားနေရင် မောင်ဘယ်မိန်းကလေးကိုမှ မချစ်ပါဘူး၊ ရှာမဖောက်ပါဘူးလို့ ကတိပေးနိုင်လားဟင်"

"ပေဖူးရယ် ဘယ်လိုတွေမေးနေတာလဲ၊ မောင်က ပေဖူးအတွက် ယ်တွေလုပ်နေမှာ၊ တခြားမိန်းကလေးတွေနဲ့ ရှုပ်နေဖို့အချိန်ရပါ့မလား"

"ပေဖူး မေးတာကိုပဲဖြေပါမောင်၊ ပေဖူးကို အဲဒီကတိပေးနိုင်လား ဘာ မပေးဘူးဆိုရင်တော့ ပေဖူးလုံးဝမသွားဘူး"

"ဟား...ဟား မောင့်မိန်းမကလည်း"

သဝန်တိုတတ်ပုံလေးကို သဘောကျစွာရယ်တော့ ပေဖူးရင်ခွင်မှခွာ နှုတ်ခမ်းစူသည်။ သူက သူ့ဘက်ကိုပြန်ဆွဲလှည့်ကာ မေးဖျားလေး ဉ်မော့ပြီး

"ဘာဖြစ်တာလဲ"

"မောင်က ပေဖူးသဝန်တိုတာကို လှောင်သလိုရယ်နေတာကိုး"

"မဟုတ်ပါဘူးကွာ၊ မောင်က သဘောကျလို့ပါ၊ မောင့်လိုလူကိုများ တိုရတယ်လို့၊ ဘာတွေများ မက်မောစရာရှိလို့လဲ"

"ပေဖူးလို မိန်းကလေးတောင် ဘာမှမက်မောစရာမရှိဘဲနဲ့ အရူး မိုက်မိုက်ကန်းကန်းချစ်ခဲ့မိသေးတာပဲ၊ ပေဖူးကို ရုပ်ရည်အဆင့် ဂုဏ်ဒြပ်အရာအားလုံး ပြည့်စုံတဲ့ယောကျ်ားလေးတွေ တော်တော် ပရိုပိုစ်လုပ်ဖူးကြပါတယ်။ ဒါပေမဲ့ ယောကျ်ားတိုင်းက ဆွဲဆောင် တာမဟုတ်ဘူးမောင်၊ ယောကျ်ားတစ်ယောက်မှာ လုပ်ယူဖန်တီး ရှိတဲ့ ဆွဲဆောင်မှုမျိုးရှိတဲ့သူက ရှားတယ်။ အဲဒီယောကျ်ား ကြေးချမ်းသာတာ၊ ပညာတွေတော်တာ၊ တတ်တာ၊ ဂုဏ်ဒြပ် မားမားပိုင်ဆိုင်တာ အဲဒါမျိုးတွေနဲ့မဆိုင်ဘူး၊ မောင့်လိုကြင်နာ ဘ စာနာတတ်တာ၊ ပြီးတော့ တန်ဖိုးထားတတ်တာမျိုးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



''မောင်က အဲဒါတွေနဲ့ပြည့်စုံလား''

''အင်း''

ဖြေပုံလေးက မော့မော့လေးနှင့် ကလေးဆန်ကာချစ်စရာကောင်းလှသည်။ သူကရင်ခွင်ထဲဆွဲပွေ့ထားလိုက်ရင်းဖြင့်

''မောင်တော့ ကိုယ့်ကိုယ်ကို အဲလိုမထင်မိပါဘူး''

''မောင့်ကိုယ်မောင်တော့ သတိထားမိမလား၊ အဲဒါကြောင့် လုပ်ယူဖန်တီးမထားတဲ့ ပင်ကိုယ်ဆွဲဆောင်မှုလို့ပြောတာပေါ့၊ မောင်က ရိုးသားတယ်လေ၊ တချို့ကျတော့ မိန်းကလေးတစ်ယောက်ရှေ့ကျမှ တော်ပြတတ်ပြဟန်ဆောင်ပြ၊ ရိုးသားတည်ငြိမ်ချင်ဟန်ဆောင်ပြကြတာ အိမ်မှာစည်းကမ်းမရှိ ဖြုလရမ်းနေပြီး အပြင်မှာကျော့ကျော့မော့မော့နေတတ်တာမျိုးပေါ့''

''ဪ. . . အသေးစိတ်ကိုဝေဖန်တတ်တာပဲ''

''အဲဒါ မိန်းကလေးတွေရဲ့ မွေးရာပါအကဲခတ်တတ်တဲ့ ပညာပဲ၊ အဲဒါကြောင့် မောင့်ကို မောင်ကစိတ်မဝင်စားတောင် တခြားမိန်းကလေးတွေက စိတ်ဝင်စားခဲ့ရင် မောင်သစ္စာပျက်မှာကြောက်တယ်''

''မောင့်မိန်းမလေးရယ်၊ မင်းယောကျ်ားကို အဲလောက်တောင်မယုံကြည်ဘူးလား၊ မောင့်ဘဝမှာလေ ဒီပေဖူးလွှာဆိုတဲ့ မိန်းမတစ်ယောက်ကိုပဲချစ်ခဲ့ဖူးတာပါ၊ အခုဆို သမီးလေးလည်းရပြီ၊ ဒီသမီး ဒီဇနီးအပေါ် မောင်တစ်သက်လုံးသစ္စာရှိရှိချစ်မှာပါခင်ဗျာ၊ ယုံကြည်ပါနော်၊ မောင်ကတိပေးပါတယ်။ တစ်သက်စာမဟုတ်ဘူး နောင်ဘဝထိ''

''မောင်ရယ်. . . ချစ်လိုက်တာ''

နှလုံးသားတစ်စုံလုံး သိမ့်သိမ့်လှုပ်ခတ်အောင် ကြည်နူးမိသည်။ ဆုံးဖြတ်ချက်ချရတော့မည့် ဒီအချိန်မျိုးမှာ ဒီကတိစကား တစ်ခွန်းက





သူမအတွက် အရမ်းကိုအဖိုးတန်ပါသည်။

တွေးတွေးပြီး လွမ်းရမည်ဆိုလျှင်တောင် ဖြေသာနိုင်လိမ့်မည်ထင်၏။ အချစ်တွေကြောင့်. . . အချစ်တွေကြောင့်ပါ မောင်။

မောင့်ကို သိပ်ချစ်လို့ပါ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

''ဒါဆို သမီးစာများများဖတ်ရတော့မှာ၊ အိမ်အလုပ်တွေ ဘာ မလုပ်နဲ့၊ အမေနဲ့ဝတ်မှုန်ပဲလုပ်မယ်၊ မြေးလေးကိုတော့ မသွားခင်နို့ များတိုက်ပါကွယ်၊ ပတ်(စ်)ပို့ကိစ္စ၊ ဟိုမှာနေဖို့စားဖို့ကိစ္စအားလုံး မရောက်အောင် ဒီမှာကတည်းက သေချာစုံစမ်းထားနော်''

''အမေ့အိမ်က ဝယ်လက်ရှိတယ်၊ အမြန်ရောင်းချင်တာဆို ဈေးတော့နှိမ်တယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ အခုနေ ငွေသွင်းထား စာမေးပွဲဖြေဖို့က အဆင်ပြေမှာ၊ ဝတ်မှုန်ရော အလုပ်ကိစ္စစုံစမ်းထား အဆင်ပြေပြီလား''

''ပြေပါတယ် ကိုကို၊ ဝင်ဝင်ချင်း လစာနည်းပေမယ့် နောက် တိုးပေးဦးမှာပါ၊ စာမေးပွဲအချိန်ကျတော့လည်း ခွင့်ပေးမယ်တဲ့''

''အဲဒါကောင်းတာပေါ့၊ ဒီကြားထဲ သွားလာစရာရှိလည်း ပေ ကူညီလို့ရမှာဖြစ်မှာ၊ ကိုကိုက ဒီအိမ်ရောင်းပြီးရင် ပြောင်းနေဖို့ လိုက်ငှားရဦးမယ်''

''ကလေးနို့ပြီထင်တယ်၊ ဝတ်မှုန်သွားချီလိုက်မယ်နော် မမ''

သူမသွားပါမည်ဟု ပြောလိုက်သည်နှင့် အားလုံးဝမ်းသာအ

ရွှေပြည်သိမ်းစာပေ



အစဉ်ခွဲတမ်းတွေ ချနေကြသည်။ ပင်ပန်းဆင်းရဲဒုက္ခခံရမည့်သူများက ာက်တက်ကြွနေတော့ သူမရင်ထဲမကောင်းပေ။

''အိမ်က ဈေးအရမ်းနှိမ်လွန်းရင်တော့ မရောင်းပါနဲ့ဦး မောင်ရယ်၊ က်နှစ်မှ ဖြေလည်းရပါတယ်''

''ဘယ်ဖြစ်မလဲ၊ ငွေကိုစောင့်နေရင် အချိန်တွေလည်းနောက်ကျလိမ့် ၊ မောင်တို့ဖို့ ရင်းနှီးဖို့မကျန်လည်းကိစ္စမရှိဘူး၊ ပေဖူးအတွက် ဖြေ ငွေသွင်းဖို့ အဆင်ပြေရုံလောက်ရမယ်ဆိုတာပဲ တော်သေးတယ်၊ က်ကြောင်းကို ဘာမှမပူနဲ့ပေဖူး၊ လတိုင်းလည်း လွှဲမယ်၊ ပေဖူး တကောင်းကောင်းသင်ပြီး အထူးကုဆရာဝန်ကြီးအဖြစ်နဲ့ ပြန်ရောက် ဖို့ပဲအရေးကြီးတယ်၊ နေဦး ပေဖူးအရမ်းပင်ပန်းမယ်ဆိုရင် သမီးလေး နို့ဘူးတိုက်မလားဟင် ပေဖူး''

''ဟင့်အင်း...ပေဖူးမသွားခင် မိခင်ဝတ္တရားလေးကျေသွားပါရစေ င်၊ စွန့်ပစ်ခဲ့တာမဟုတ်ပေမယ့် ထားပစ်ခဲ့ရတာလည်း တာဝန်မဲ့တာ ဘူတူပါပဲ''

''အဲလိုမပြောပါနဲ့ပေဖူးရယ်၊ နောင်ရေးအတွက်ဆိုပေမယ့် ဆန္ဒတွေ ပြနေတဲ့မောင်တို့လည်း အပြစ်မကင်းသလိုဖြစ်နေပြီ၊ တကယ်တော့ သထဲမှာ ပေဖူးကိုမထားချင်တော့လို့ပါ၊ ဂုဏ်ဒြပ်ရာထူးတွေမြန်မြန် င် ပေဖူးမြန်မြန်ချမ်းချမ်းသာသာနေရတာပေါ့ကွာ''

အားတတ်သရောဖြစ်နေတာ မောင်တို့အတွက်လည်းပါတယ်မဟုတ် လို့ ခန့်ချင်သည့်စကားတွေ ဘာကြောင့်ပါးစပ်ဖျားကထွက်ချင်လာ မသိပေ။ ဒါပေမဲ့ မောင်တို့စေတနာကို လျစ်လျူရှုဖို့ မဖြစ်ဘူးဆိုသည့် သိတရားတို့လည်းဖြစ်ပေါ်နေသည်။

''အမေတော်''

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...သမီးလေး ပြောလေ"

"ပေဖူးကြောင့် အရမ်းပင်ပန်းရတော့မယ်နော်၊ ပေဖူးသွားတဲ့အချိန် ဆို သမီးလေးက မှောက်လျှားထိုး၊ ငုတ်တုတ်ထိုင်ဖို့ ပြင်နေတဲ့အရွယ် ဆိုတော့ အမေတင် ထိန်းရကျောင်းရအဆင်ပြေပါ့မလား"

"အမေတင်က သားသမီးနှစ်ယောက်မွေးထားတာပါ၊ ဖြစ်ပါတယ် ကွယ်၊ ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်နေတာတောင် အမေတင်အိမ်မှာနားတဲ့ နေ့ တစ်နေ့မှမရှိဘူး၊ သားကို သတိုးမှော်လို့ ဘာလို့နာမည်ပေးခဲ့တယ် သိလား၊ ရွာမှာသားတို့အဖေ ငါးရှာဖားရှာချောင်းထဲမြောင်းထဲဆင်းရင်း အမေတင်လိုက်သွားတယ်၊ အဲဒီမှာ ဆရာဝန်ဆရာမ၊ ဆေးရုံဆေးခန်း မရှိတဲ့နေရာဆိုတော့ မွေးရက်ဖွားရက်ဆိုတာ မသိဘဲ ဗိုက်နာလာတာ နဲ့ မှော်တွေဒိုက်တွေရှိတဲ့နေရာမှာ သားကိုမွေးချလိုက်ရတာ၊ အဲဒါကြောင့် နေ့နံအသင့်လည်းပါရအောင် သတိုးမှော်လို့ကင်ပွန်းတပ်လိုက်တာပေါ့"

"ဪ"

အခုမှ သဘောပေါက်ပြီး မောင့်နာမည်ကို ရယ်လည်းရယ်ချင်သွား ခဲ့သည်။ ဒါပေမဲ့ မလှောင်ရက်ပါ။

မပြည့်စုံခြင်းဟာ သရော်စရာတစ်ခုမှမဟုတ်ဘဲ။

"မမပေဖူးရေ၊ တူမလေးက ရှူးရှူးတွေပေါက်ချလို့ ချီချီဆာ နေတယ်ထင်တယ်၊ ချိုချိုတိုက်လိုက်ပါဦး"

"အေးအေး သမီးလေး...မေ့သမီးလေး လာလာ၊ မေ့သမီးလေး ချိုချိုဆာနေတာကိုး၊ မေမေက မသိလို့ပါသမီးလေးရယ်နော်၊ အေး အေး အို...သမီးလေးရယ်...လိမ္မာတယ် လိမ္မာတယ် မေ့သမီးလေးက"

ဝတ်မှုန်ချိုလက်ထဲက သမီးလေးကို ကြင်နာစွာပွေ့ယူပြီး ချော့ နေပုံက သမီးလေးကို ဘယ်လိုမှခွဲနိုင်မည့်ပုံမပေါ်ပေ။





ဒါပေမဲ့ ခွဲခွာရမည့်ကံကြမ္မာကြောင့်၊ ဒီထက်သံယောဇဉ်ကြီးလို့ဖြစ်ပါ့ မလား။

"ပေဖူး မောင့်ကိုသမီးလေးပေးလေ၊ ပေဖူးလုပ်စရာရှိတာသွား သုပ်ချည်"

"ဘာမှလုပ်စရာမရှိပါဘူး မောင်ရဲ့၊ သမီးလေး နို့လာတုန်း ချိုချို အောင် တိုက်လိုက်ဦးမယ်"

"ခုနက အဝတ်လျှော်စရာရှိတယ်ဆို၊ ဝင်ခွင့်ဖြေဖို့စာတွေလည်း အများကြီးပြန်ကြည့်ရဦးမယ်မဟုတ်လား။ နောက်ဆိုအားတာနဲ့ မောင်တို့ သားအမိတွေ ကလေးကိုတစ်လှည့်စီထိန်းပေးမယ်သိလား ပေဖူး"

"အဲလိုတော့ မလုပ်ပါနဲ့မောင်ရယ်၊ ပေဖူးက ဒီအချိန်လေးပဲ သမီး လေးကို..."

"ပေဖူးရယ် ဆင်ခြေတွေအများကြီးမပေးပါနဲ့၊ ပေဖူး စာတွေမလိုက် နိုင်လို့ ဝင်ခွင့်မအောင်ရင် မောင်တို့ဒီအိမ်လေးကို ရောင်းပစ်လိုက်ရ တာရော၊ ပင်ပန်းခံသမျှတွေရော အလဟဿအလကားဖြစ်ကုန်ပါလိမ့် မယ်၊ မောင်ပြောတာ နားလည်လားဟင်ပေဖူး"

နားမလည်ဘူးဟု သူမအော်ပစ်လိုက်ချင်သည်။ နို့မဝတဝဖြင့် မောင့် လက်ထဲရောက်သွားသောသမီးလေးကိုကြည့်၍ ရင်မှာတဆစ်ဆစ်နာကျင် ကျိုက်ခဲ့သွား၏။ အစိမ်းလိုက်ရင်ကိုခွဲသလို ခံစားလိုက်ရသည်။ အနေမဝေး ခင်က ဘာကြောင့်ခွဲခွာဖို့ ကြိုးစားချင်ရတာလဲ။ ပေဖူးနားမလည်တော့ ဘူးမောင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဘယ်လိုမှ နားမလည်နိုင်အောင် ခံရခက်နေသည်။ အိမ်ရောင်းလို့ ရသည့်ငွေထဲက သူမကိစ္စအဝဝသုံးစွဲပြီးချိန်မှာ ပိုသောငွေလေးဖြင့် မောင် က စပေါ်တင်ပြီး အငှားကားမောင်း၏။ ပြန်လာတော့ အိမ်မှာရှိသော ဆိုက်ကားလေးကို ညဘက်ထွက်နင်းသေးသည်။ ညဥ့်နက်သန်းခေါင် ပြန်လာတော့ မိမိရင်ခွင်ထဲက သမီးလေးကို သူ့ဘက်မှာပွေ့ချီချော့မြူ ၍သိပ်၏။ နေ့ဘက်ကျတော့လည်း အမေတင်နှင့်ဝတ်မှုန်ကအားရင်အား သလို သမီးလေးကို ထိန်းကျောင်းကြ၍ သမီးလေးနှင့်အတူနေရသည့် အချိန်ဆိုတာ သိပ်မရှိပေ။

"သမီးလေးပေဖူး...စာကျက်ရ၊ ကလေးထိန်းရနဲ့ ပင်ပန်းနေမယ်၊ စာကိုသာဂရုစိုက်၊ အနှီးတွေလည်း ဝတ်မှုန်လာမှလျှော်လိမ့်မယ်၊ ဒီအတိုင်း ထားလိုက်နော်၊ စာကြည့်စားပွဲမှာ အမေတင် ကော်ဖီဖျော်ပေးထားတယ်၊ အိပ်ချင်ပြေအောင် သောက်လိုက်ဦး"

စာအုပ်နှင့်မျက်နှာ မခွာစေချင်တာကြောင့် ဒီလိုစေတနာတွေ ကောင်းနေတာလားဟု သူမအမြင်စောင်းသင့်ရဲ့လား။ စေတနာမှန်းသိပေ မယ့် သမီးလေးကို ရင်ခွင်က ခွာထုတ်နေတာတော့ မကျေနပ်လှပေ။





ဝတ်မှုန် အိမ်ပြန်ရောက်လာပြီဆိုလည်း

"မမပေဖူးဖို့ ဝတ်မှုန်လက်ဖက်သုပ်ဝယ်လာတယ်၊ လက်ဖက်သုပ် စားပြီးရင် တူမလေးကို နို့မတိုက်နဲ့နော်၊ တော်ကြာ ရင်ပြည့်ရင်ကယ် လေထိုးလေအောင့်တွေဖြစ်နေလိမ့်မယ်၊ လူကြီးစားသမျှက နို့ရည်ထဲမှာ ပါသွားတာ။ ကိုကိုဝယ်ပေးထားတဲ့ နို့မှုန့်ကိုပဲတိုက်လိုက်တော့မယ်၊ ဒြော် မမပေဖူး ညစာဘာဟင်းနဲ့စားချင်လဲဟင်၊ ကိုကိုကပြောတယ် မမပေဖူး အားရှိဖို့လိုတယ်၊ စားချင်တာကိုချက်ကျွေး မတည့်တဲ့အစားအသောက်တွေ တော့ မပါစေနဲ့တဲ့"

ဒီလောက် အသေးစိတ် ဂရုစိုက်လွန်းတာကို ကြည်နူးရမှာလား။ ကြည်နူးပျော်ရွှင်သင့်မှန်း သိပါလျက်နဲ့ အဝေးကို ပို့ခံရမည့် အတွေး ဝင်၊ ရင်ထဲ ကသိကအောက်ဖြစ်ခံရတာဟာ သမီးလေးကို မခွဲချင်တာ ကြောင့်များလား။

ဘာပဲဖြစ်ဖြစ် တစ်မိသားစုလုံးရဲ့ နွေးထွေးကြင်နာမှုတွေဖြင့် ဂရု စိုက်ခံနေရတာတော့ အမှန်ပင်။

"ပေဖူးရေ...ပေဖူး"

"ဟင်...မောင်ပြန်လာပြီ"

စာကျက်နေရာမှ အိမ်ရှေ့သို့ ကသုတ်ကရက် ထထွက်လာခဲ့သည်။ ကလေးချော့သိပ်နေသော ဝတ်မှုန်က နှုတ်ခမ်းလေးပေါ် လက်ညှိုး တစ်ချောင်း ဖြတ်တင်လျက်၊ တိုးတိုးတိတ်တိတ်နေကြရန် သတိပေး၏။ မောင်က ခြေသံဖွဖွဖြင့် အိမ်ပေါ်တက်လာပြီး

"ပေဖူးအတွက် အဝတ်အစားဝယ်လာတယ်။ အနွေးအကျီလည်း ပါတယ် ပေဖူးရဲ့။ သူများနိုင်ငံက မောင်တို့ဆီနဲ့ တူတာမဟုတ်ဘူး။ ရာသီဥတုဆိုးဝါးလို့ ပေဖူးကျန်းမာရေး ထိခိုက်မှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



''ပေဖူးက . . . ဆရာဝန်ပါ မောင်ရယ်။ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်တတ်ပါတယ်။ ပင်ပင်ပန်းပန်း ရှာနေရတာကို ဘာလို့ အပိုတွေ ဝယ်လာရတာလည်း''

''အပိုတွေ . . . ဟုတ်မလား ပေဖူးရယ်၊ ပေဖူးကို သူများနိုင်ငံမှာ အောက်မကျစေချင်လို့ပေါ့။ ကဲပါ ဝတ်ကြည့်၊ မောင်အရောင်ရွေးတာ တော်လား၊ မတော်လားသိရအောင်''

''ဝတ်ကြည့်လိုက်ပါ . . . သမီးရယ်၊ သူညီမကိုတောင် ဝယ်လာတာ မဟုတ်ဘူး။ ဒီရောက်ကတည်းကလည်း သမီးဖို့ တစ်ခါမှ မဝယ်ပေးနိုင်ခဲ့ဘူး မဟုတ်လား၊ အခုအိမ်ရောင်းလို့ ပိုတာလေးကို စပေါ်တင်ပြီး တက္ကစီလေးမောင်းမှ ငွေပိုငွေလျှံလေး ရှိလာလို့ ဝယ်ပေးရတာ၊ မှန်းစမ်း သားက သမီးနဲ့ လိုက်ဖက်အောင် ဝယ်တတ်သားပဲ''

အမေတင်က အကျီကိုဖြန့်၍ သူမကိုယ်မှာလာကပ်ကာ ကြည့်နူးပီတိ ဖြစ်နေသလို၊ ဝတ်မှုန်ချို့ မျက်နှာမှာလည်း မနာလိုသည့်အရိပ်အရောင်မျိုး မရှိပါ။ တကယ်ပင် ဖြူစင်ကြသည့်မိသားစုပါပဲ။

''မောင်က တော်သားပဲ''

''မောင့်မိန်းမရဲ့အလှကို မောင်က မြင်တာကိုးကွ၊ ကဲ မောင်ဗိုက်ဆာပြီ ထမင်းစားမယ်''

''ပေဖူးလည်း . . . စားမယ်''

''ဟင် . . . ပေဖူး မစားရသေးဘူးလား''

''အင်း . . . မောင်နဲ့အတူတူ မစားရတာကြာလို့ စောင့်နေတာ''

''ပေဖူးရယ် အစာခံရင် ဗိုက်တွေဘာတွေအောင့်ပြီး အစာအိမ်ရောဂါ ဖြစ်မှာပေါ့။ ဒီအချိန်မှာ ကျန်းမာရေး ဂရုစိုက်ရမယ်လေ ပေဖူးရဲ့ ဝင်ခွင့်အောင်ပြီး၊ ဆေးစစ်တာ မအောင်ရင်ရော၊ ပေဖူးနိုင်ငံခြားသွား





ချင်မှာလား။ ခက်တာပဲ ပေဖူးရယ်''

စိုးရိမ်စိတ်များနှင့် ဆူပူနေသလား မသိပေမယ့် ပေဖူးဝမ်းနည်းတာ ချက်ရည်တွေလည်လာသည်။ သူမကို အရိပ်တကြည့်ကြည့်ရှိသော မောင်က သတိထားမိသွားပြီး

''ဟင် . . . ပေဖူးဝမ်းနည်းသွားတာလား၊ မောင်က စိုးရိမ်လို့ပါကွာ။ လာ လာ ထမင်းတူတူသွားစားမယ်နော်၊ နောက်ဆိုရင်တော့ ဗိုက်အဆာခံပြီး မစောင့်နဲ့၊ မောင်လာမှ ထပ်စားချင်စားသိလား၊ ဒါတောင် စာကြည့်ပျက်မယ်ဆိုရင် မောင့်ကို ဂရုမစိုက်နဲ့ သိလား''

''မေမေ ထမင်းခူးပေးရမလား သား''

''ညီမလေးလုပ်ပေးပါလိမ့်မယ် သမီးလေး ဖေဖေ့ဆီလာနော်၊ တီတီက ထမင်းခူးရမယ်''

''မောင်ကလည်း . . . အရင်လည်းမောင့်အတွက် ပေဖူးက ထမင်းပွဲ ပြင်ပေးနေကျကို''

''မောင့်မိန်းမလေးက သက်တောင့်သက်သာနေပါကွာ၊ စာကြည့် ရလို့ ဂုတ်ကြောတွေတက်ပင်ပန်းနေမှာပေါ့၊ အိပ်ရာဝင်မှပေဖူးကို နှိပ်ပေးရဦးမယ်''

ဒီလောက် ဂရုစိုက်ခံနေရတာကို သူမကြည်နူးဖို့ မေ့နေသည်။ တကယ်ကို မောင်တို့တွေရဲ့ ဆန္ဒကဘာလဲ။

သမီးလေးကို နမ်းမွှေးချော့မြူနေသည့် မောင့်မျက်နှာကတော့ ပကတိရိုးသားဖြူစင်နေတာပါပဲ။

''ကဲ . . . ကလေးပေး၊ ထမင်းပြင်ပြီးပြီ၊ သွားစားတော့၊ ကိုကိုလုပ် တာနဲ့ တူမလေးက နိုးတော့မှာပဲ''

''သမီးအထာကို သိပါတယ်ဟာ မနိုးပါဘူး၊ လာပေဖူး ထမင်း



www.burmeseclassic.com

www.burmeseclassic.com



သွားစားရအောင်''

မောင်က သူမပန်းလေးကို ဖက်တွယ်၍ မီးဖိုခန်းဘက်ခေါ်လာသည်။ ဘာကြောင့်ပင်ပန်းနေမှန်းမသိသောစိတ်ကြောင့် မောင့်ပခုံးကို အားရပါးရမှီနွဲ့ပစ်လိုက်ချင်ပါသည်။

''မောင်''

''ဟင် . . . ပေဖူး''

''မောင်တို့နဲ့ ဝေးနေရသလိုပဲ''

''ဟင် . . . ဘာပြောတာလဲပေဖူး''

ထမင်းစားဖို့ လက်ဆေးနေသော မောင်က သူမဘာပြောလိုက်မှန်း သေချာနားလည်ဟန်မတူ။ ကိုယ်တိုင်လည်း ဘာခံစားရပြီး ဘာပြောရမှန်းမသိ၍ မောင့်မေးခွန်းကို မဖြေတော့ဘဲ မောင့်ပခုံးကို တစ်ချက်မှီလိုက်သည်။

''ဘာမှ မဟုတ်ပါဘူး၊ မောင်ဗိုက်ဆာနေမှာ၊ စားတော့မောင်''

''အင်း . . . ပေဖူးလည်းစားလေ၊ ဒီနေ့ ငါးချက်တာဆိုတော့ ပေဖူးကို မောင်က ငါးအရိုးနွှင်ကျွေးရမှာပေါ့၊ စား ပေဖူးလေး စား''

ငါးဟင်းချက်တိုင်း အရိုးထွင်ပေးနေကျမောင်က ဝတ္တရားမပျက်ပေ။ သူမကတော့ မောင့်ကိုဘာမှသိပ်လုပ်ပေးရသည်ဆိုတာမျိုးမရှိပါ။ ဒါဟာ သူမယောက်ျားရ ကံကောင်းခြင်းလား။

တစ်သက်လုံး ဒီအတိုင်း နေသွားရလျှင်တော့ ကောင်းပါလိမ့်မည်။ အခုတော့ သူမကအဝေးကြီးကို သွားရတော့မှာပါလား။

မောင့်အကြင်နာတွေနှင့်ဝေးသောနေရာမှာ သူမ ကြာကြာနေနိုင်ပါ့မလားမသိပေ။

❀ ❀ ❀



## အခန်း (၈)

''အမေ ဟိုဘက်အိမ်မှာ ရွာကဖုန်းလာတယ်ဆိုတာ ဘာတဲ့လဲ အမေ''

''သောင်းတင်သမီး အေးမိုးလေ၊ အဲဒါ ရန်ကုန်ကိုအလုပ်လာလုပ်ချင်လို့တဲ့၊ ဆယ်တန်းလည်း အောင်တာမဟုတ်ဘဲနဲ့၊ ဘာအလုပ်များလုပ်မလို့လဲမသိပါဘူး၊ သူ့အဖေလည်း ချောင်ချောင်လည်လည်ပဲဟာကို၊ ရွာပဲမှာနေတာမဟုတ်ဘူး''

''ကျွန်တော်တို့ မြို့ကိုပြောင်းလာတာကြာတော့ သူလည်းလိုက်လာချင်လို့နေမှာပေါ့။ တောမှာက ချောင်လည်တယ်ဆိုပေမယ့် မျက်စိပွင့်နားပွင့် ဖွံ့ဖြိုးမှုမှမရှိတာ။ ဒီမှာက ဆယ်တန်းမအောင်လည်း စက်ရုံတွေမှာ ဝင်လုပ်လို့ရပါတယ်။ ကုမ္ပဏီတွေဈေးဆိုင်တွေမှာလည်း အရောင်းဝန်ထမ်းလုပ်လို့ရတာပဲ၊ အေးမိုးက သွက်သွက်လက်လက်ဆိုတော့ အဆင်ပြေမှာပါ''

''အေးမိုးဆိုတာ ဘယ်သူလဲမောင်''

ပေဖူးလှော အခန်းထဲကထွက်လာပြီးမေးတော့ သတိုးမော်က ပေဖူးလှော လက်ကလေးကိုဆွဲကာ ထိုင်ခိုင်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



''မောင်တို့နဲ့ အမျိုးမကင်းဘူးပေါ့၊ အဖေ့ညီနှစ်ဝမ်းကွဲလောက်က မွေးတာ၊ ငယ်ငယ်က မောင်တို့မောင်နှမနှစ်ယောက်နဲ့ ကစားဖော်ကစားဖက်၊ အတူကြီးပြင်းခဲ့ကြတာပေါ့၊ မောင်နဲ့အတန်းတူဆိုပေမယ့် သူက လပိုင်းလောက်ငယ်တယ်၊ အခြားဆွေမျိုးသားချင်းများများမရှိတော့ မောင်နဲ့ ဝတ်မှုန်ကို အရမ်းချစ်တာပေဖူးရဲ့ စိတ်ရင်းကောင်းတယ်၊ သွက်လက်တယ်၊ ပေဖူးမြင်ရင်လည်း ခင်သွားမှာပါ''

''ဪ''

''ညီမလေးလုပ်တဲ့ ဟမ်းဆက်အရောင်းဆိုင်မှာ ပြောပေးလိုက်ရမလားဟင်၊ လစာနည်းပေမယ့် အတွေ့အကြုံရအောင် အရင်လုပ်ကြည့်နိုင်းတာ ကောင်းမယ်ထင်တယ်''

''သူရောက်လာမှ လုပ်ချင်တာလုပ်ပါစေ၊ ဒါနဲ့ ညီမလေးက တခြားအလုပ်တစ်ခုပြောထားသေးတယ်ဆို၊ ဘာလုပ်မလို့လဲ''

''ဟမ်းဆက်ဆိုင်ကအပြန် အချိန်ပိုင်းပေါ့၊ မမပေဖူးသွားခါနီးရင် ငွေကထပ်လိုဦးမှာလို့ ကိုကိုပဲပြောထားပြီးတော့၊ မလောက်ရင် ဝတ်မှုန်တို့မှာ ဘာမှလည်းထပ်ရောင်းစရာမရှိတော့ဘူး။ အဲဒါကြောင့် အလုပ်လုပ်ပြီးတော့ပဲ ငွေရှာရတော့မှာပေါ့''

ငယ်ရွယ်သေးပေမယ့် တွေးခေါ်မြော်မြင်မှုများနှင့် ပြောနေသော ဝတ်မှုန်ကြောင့် အားနာသလိုလိုမျက်နှာပူလာမိသည်။

''ဝတ်မှုန်တို့ မမကြောင့် စိတ်ရောလူရော ပင်ပန်းနေရပြီ၊ အားနာပါတယ်ကွယ်''

''မိသားစုတွေပဲကို၊ ဘာလို့အားနာစကားပြောတာလဲမမရယ်၊ မေ အထူးကုခွဲစိတ်ဆရာဝန်မကြီးဖြစ်လာရင် ဝတ်မှုန်တို့ကို ဒီလိုဘဝထဲမှာ ထားမှာမှမဟုတ်တာ၊ ဟုတ်တယ်မဟုတ်လားဟင် မမ၊ ဝတ်မှုန်တို့အခြေ





အနေအဆင့်အတန်းမြင့်တဲ့နေရာမှာနေရမှာပါနော်''

''ဒါပေါ့ကွယ်၊ မမလည်း ဒါကြောင့်မို့ ဝတ်မှုန်တို့မိသားစုသုံးယောက် ပင်ပန်းတကြီး ရှာဖွေရှန်းကန်ရမယ့်ငွေတွေကို မသုံးစွဲရက်ပေမယ့် ဘဝတွေ ပြောင်းလဲအောင် သွားဖို့ဆုံးဖြတ်လိုက်တာပါ။ သမီးလေးရဲ့ နောင်အနာဂတ်အတွက်လည်း တွေးလို့ပေါ့လေ၊ မောင်ပြောသလို ဒီဘဝထဲမှာ ဒီလိုမျိုး နေသွားရမှာတော့ မဖြစ်စေချင်ဘူး''

''ပေဖူး မင်းဆီက အဲဒီလိုစကားလေးကြားရတာနဲ့ မောင်တို့ပင်ပန်းရမယ်ဆိုလည်း ပင်ပန်းရကျိုးနပ်ပါပြီ၊ ပညာတွေကောင်းကောင်းသင်ပြီး မြန်မြန်သာပြန်လာခဲ့ပါကွာ''

''ဟုတ်ကဲ့ပါမောင်''

ဘာတွေအလိုမကျဖြစ်နေမှန်းမသိသော ဆန္ဒတွေကို မျိုချလျက် အလိုက်သင့်လေး ခေါင်းညိတ်လိုက်တော့ မောင့်မျက်နှာပြုံးပျော်သွားသည်၊ အမေတင်နှင့် ဝတ်မှုန်မျက်နှာကလည်း ထိုနည်းတူစွာပင်။

''မောင်တို့မှာ တစ်ခုလိုအပ်နေတာရှိသေးတယ်''

''ဘာလဲဟင်''

''ဖုန်းလေ၊ ပေဖူးသွားရင် အဆက်အသွယ်လွယ်ကူအောင် ဖုန်းတစ်လုံးတော့ရှိထားမှဖြစ်မှာ၊ ဟိုဘက်အိမ်မှာ သွားပြောနေရမှာအဆင်မပြေဘူး။ ပေဖူးလည်း ဟိုရောက်ရင် ဖုန်းအရင်ဝယ်နော်''

''ပါသွားမယ့်ငွေနဲ့ လောက်ငမှပေါ့မောင်ရယ်၊ ရှိစုမဲ့စု စုဆောင်းပြီး သွားမယ့်ဟာကို၊ မောင်တို့ကို အရမ်းကြီးအပူမကပ်ချင်ပါဘူး''

''အဲလိုမဟုတ်ဘူးလေ၊ မောင်တို့အဆင်ပြေအောင် လုပ်ပေးလိုက်မှာ

''ဟုတ်ပါတယ်မမရဲ့၊ ဝတ်မှုန်အချိန်ပိုင်းလုပ်မယ့်အလုပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ငွေကောင်းပါတယ်၊ အမေကလည်း ဈေးထဲက ငွေစုငွေချေးထုတ်ပြီးပေးလိုက်မှာ၊ ကိုကိုလည်းတက္ကစီဆွဲတာရော ဆိုက်ကာနင်းတာရော စုဆောင်းပေးလိုက်မှာပဲ၊ မမပေဖူးအရမ်းချို့တဲ့စရာမလိုပါဘူး''

ရေအိုင်လေးကိုသာမြင်ဖူးသောလူတွေအတွက် မြစ်ချောင်းအင်းအိုင်ကိုတွေ့ရသည့်အခါမှာ ကြီးကျယ်ခမ်းနားလှပြီဟု ထင်နေသလားမသိသေမယ့် ကုန်ကျမည့်ငွေက ပင်လယ်သမုဒ္ဒရာလောက်မကဘူးဆိုတာ သူမသာ ခန့်မှန်းမိပေသည်။

သူတို့စေတနာ မေတ္တာကျဉ်းမြောင်းသည်ဟု မပြောရက်တာကြောင့် ဟိုမှာကျောင်းတစ်ဖက်နှင့် အလုပ်ရှာလုပ်ရမည်ဆိုတာ ဆုံးဖြတ်ထားလိုက်ရသည်။ ဒီမှာ ပင်ပန်းတကြီးရှာပို့သည့်ငွေက ဟိုမှာတစ်ပတ်ဆယ်ရက်တောင်အသုံးခံမှာမဟုတ်ပေ။

ဒါပေမဲ့ ဒီလိုတွေပြောနေလျှင် မောင်က မသွားချင်လို့ ဆင်ခြေပေးနေသည်ဟု ထင်ဦးမည်။

ဟူး···တကယ်ကိုမလွယ်ပါလား၊ မခွဲချင်ဘဲခွဲရမည်။

မသွားချင်ဘဲ သွားရမည်။ မလွမ်းချင်ဘဲလည်း လွမ်းရဦးမည်။

ဆန္ဒနှင့်မျှော်လင့်ချက် ဘယ်ဟာကအရေးကြီးလဲ သူမ မသိတော့



## အခန်း (၉)

''ဟယ် အေးမိုးရယ် ထွားလာလိုက်တာ၊ ငယ်ရုပ်ပျောက်ပြီး ချောလှ...လားဟဲ့''

''အဒေါ်တင်လည်း အသက်သာကြီးသွားတယ်၊ ရွာမှာထက်...တင်ပါတယ်နော်၊ ကိုမှော်ဆို မင်းသားကျနေတာပဲ၊ အရမ်းစမတ်...ပါလား၊ မိန်းမက ပြုံပြင်ထိန်းသိမ်းကောင်းတယ်ထင်တယ်၊ ဟဲ့...နဲ့ မိတ်ဆက်ပေးလေ''

''အေးပါဟ၊ ပေဖူးရေ···ခဏလောက်ထွက်ခဲ့ပါဦး''

...ောက်ကတည်းက ဆူညံနေသောအသံတွေ ကြားပေမယ့် မောင်...ဲ အခန်းထဲကထွက်လာခဲ့သည်။ မောင်က အေးမိုးဆိုသော...လေးကို ကားဂိတ်သွားကြိုပြီးမှ အိမ်ကိုပြန်လာပို့ခြင်းဖြစ်၏။

''...ရော···လာ၊ ဒါ အေးမိုးလေ၊ အေးမိုး ငါ့မိန်းမ မချောဘူးလား၊ ...က ပေဖူးလွှာတဲ့၊ နင့်လိုတောသူမနာမည်မဟုတ်ဘူး အပျံစား''

''...ဟုတ်ပါ့တော်၊ ရုပ်လည်းချော နာမည်လည်းလှပါတယ်၊ ဒါနဲ့...ကို မမြင်ပါလား''

''...တ်မှန်က အလုပ်သွားတယ်၊ ဟမ်းဆက်အရောင်းဆိုင်က ညနေ



www.burmeseclassic.com

www.burmeseclassic.com



ငါးနာရီလောက်ပြန်ရပေမယ့် အချိန်ပိုင်းအလုပ်ထပ်လုပ်တော့ ညဘ
ဆယ့်နှစ်နာရီ၊ တစ်နာရီမှ ပြန်ရောက်တာဟ၊ တစ်ခါတလေလ
မိုးလင်းပေါက်ပဲ၊ သူ့ယောက်မနိုင်ငံခြားပညာသင်သွားဖို့အတွက် အလု
ကြိုးစားပြီးငွေရှာပေးနေတာလေ၊ အမေလည်း နင်လာမယ်ဆိုလို့ ရေ
တင်ရက်နားလိုက်တာ''

''ဩော် . . . နင့်မိန်းမအတွက် ငွေတွေကြိုးစားပမ်းစားရှာနေ
တာပေါ့၊ တော်ကြာဟိုကပြန်မလာဘဲ နောက်ယောက်ျားယူသွားရင်တော
နင်တို့မောပြီ''

''အို . . . ဘယ်လိုပြောလိုက်တာလဲ မအေးမိုးစကားကြီးက''

''ဟုတ်သားပဲအေးမိုးရဲ၊ ငါ့မိန်းမက အဲလိုမိန်းကလေးမျိုးမဟု
ဘူး။ ခွဲစိတ်အထူးကုဆရာဝန်ကြီးဖြစ်လာရင် ဒီကပုဂ္ဂလိကဆေးရုံ
တွေက လစာကောင်းကောင်းပေးပြီး ခေါ်ကြမှာ၊ သူကဝါသနာလည်
တော့ မြန်မြန်အောင်မြင်မှာဟ၊ အဲဒီအခါကျရင် ငါတို့လည်းချမ်းသာ
ပေါ့၊ ငါ့မိန်းမက ငါတို့အတွက် ရွှေတုံးရွှေခဲလေးပါ၊ သားရွှေအိုးထမ်း
ပြန်လာမှာ''

မောင့်အဖြေစကားက သူမကိုကသိကအောက်ဖြစ်စေသည်။

မောင်တို့ဘဝအခြေအနေပြောင်းအောင် သူမကိုအသုံးချဖို့ ရင်
မြှုပ်နှံမှုလုပ်လိုက်သလိုဖြစ်မနေဘူးလား၊ ဒါပေမဲ့ သူမဘာမှမပြော
လိုက်တော့ပါ။

တောသူဆိုပေမယ့် သွက်လက်ချက်ချာရဲတင်းလွန်းသော အေး
ဆိုသည့်မိန်းကလေးကိုသာ မျက်စောင်းဝေ့ဝေ့ထိုးမိသည်။ မောင့်ကို
လက်မောင်းတစ်ဖက်ကို ဖက်တွယ်ထားလိုက်တာ ပိုင်စိုးပိုင်နင်း။

''မောင် သမီးလေးနိုးနေပြီထင်တယ်၊ တစ်ချက်သွားကြည့်





ပေဖူးအနီးဝတ်လေးတွေ လှမ်းချင်လို့''

''ဟဲ့ ကိုမှော် နင့်သမီးကိုလည်း ငါကြည့်ဦးမယ်၊ နင့်ကိုတူရင်တော့
နင့်သမီးကချောမှာပဲ''

''လာ မြှောက်မနေနဲ့၊ အိမ်မှာရှိတဲ့ထမင်းဟင်းပဲ ကျွေးမှာ''

''အံမယ်လေး နင်တို့နဲ့တွေ့ရတာကို ငါ့ဗိုက်ကပြည့်နေပါပြီ၊ မစား
ည်း ဘာမှမဖြစ်ဘူးဟေ့၊ ရွာကနေ နင်တို့ကြိုက်တတ်တာတွေ
ယ်လာတာတစ်ပုံကြီး၊ ဝတ်မှုန်ပြန်လာရင် တစ်ညလုံးထိုင်စကားပြော
ယ်''

''အိပ်ရေးပျက်ခံနိုင်ရင် ပြောစမ်းပါ၊ ဝတ်မှုန်ကလည်း နင့်ကိုတွေ့
နေတာပါ၊ နင့်အတွက်အလုပ်တောင်စုံစမ်းထားသေးတယ်''

''ဟေ့ . . . ငါကအလုပ်တန်းမလုပ်သေးဘူးနော်၊ နင်တို့လုပ်စာထိုင်
ပြီး အနားယူဦးမှာ၊ အဲ . . . လေ့လာဦးမယ်ပြောတာ၊ ငါနဲ့အံဝင်ခွင်ကျ
မှပဲ''

''ဒါဆိုရင်တော့ ကလေးကူထိန်းပြီး အိမ်အလုပ်တွေဝိုင်းကူလုပ်မှ
င်းကျွေးနိုင်မယ်''

''ဟွန်း . . . သေနာလေး၊ မိန်းမရသွားတော့ ငါ့အပေါ်အရင်လို
တ်တော့ဘူး၊ မဘက်လိုက်ပြီး မိုက်ဘက်ပါတာပေါ့လေ၊ အေးပါ
မယ် တွေ့မယ်''

စကားအပြောအဆိုရင်းနှီးမှုတွေက သာမန်ထက်ပိုလွန်းနေသည်ဟု
မိသည်။ နားကြားပြင်းကတ်လာကာ သမီးလေးရဲ့အနီးတွေယူကာ
ာက်သွားလှမ်းနေလိုက်သည်။ သမီးလေးကို မောင့်လက်ထဲက
ပြီး ကလူကျီဆယ်နေတာလည်း မကြည့်ချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီရက်ပိုင်းမှ စိတ်အနှောင့်အယှက်တွေ များလွန်းနေရတာ လဲ။ အရင်လို မပျော်ရွှင်မိတော့တာဟာ…။

✿ ✿ ✿

ရွှေပြည်သိမ်းစာပေ

## အခန်း (၁၀)

"ပေဖူး ဘာဖြစ်နေတာလဲဟင်၊ မျက်နှာလည်းမကောင်းဘူး"

ထမင်းဝိုင်းမှာကတည်းက စကားပြောချင်စိတ်မရှိတာမို့ ငြိမ်သက်နေ …သော သူမကို မောင်အကဲခတ်နေခဲ့သည်ဆိုတာ သိနေသည်။ ရှေး …ဘာင်းနှောင်းဖြစ်ရှာအကြောင်းတွေ ရေပက်မဝင်ရွှန်းရွှန်းဝေအောင် …ားဖောင်ဖွဲ့နေသည့် အေးမိုးအသံကို နားကြားပြင်းကတ်လို့ပါ။

အရင်က သူတစ်ပါးအပေါ် ဒီလိုမစ္ဆရိယစိတ်မျိုးမရှိခဲ့ဖူးပေ။ အခု …ဘာ့ မောင့်ကိုပုတ်လိုက်ခတ်လိုက် တရင်းတစ်နှီးနေတတ်တာကို မကြိုက် … မောင့်ပန်းကန်ထဲကဟင်းတွေကို မရွံမရှာယူစားတာလည်း မနှစ်မြို့။

မောင့်ရင်ခွင်ထဲက သမီးလေးကိုချော့မြှူရင်းဖြင့် မောင့်မျက်နှာနှင့် …နီးပါး ငုံ့နမ်းတာကိုလည်း သူမမကြိုက်။ တကယ်ဆို မောင်လည်း …င်ဖို့တိမ်းဖို့ကောင်းသည်။

အခုတော့လိုက်လျောနေတာက တစ်ဖက်လူရောင့်တက်အောင် …ွင့်အရေးပေးသလိုဖြစ်နေပြီမဟုတ်လား။

"ပေဖူးလေးဘာဖြစ်နေတာလဲကွာ၊ မောင့်ကိုပြောပါ၊ ဒီနေ့ စာလည်း …ာင်းကောင်းမကျက်ဘူးနော်၊ အစောကြီးအိပ်ရာဝင်ပြီး အိပ်…လည်း

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ သမီးလေးပြန်နိုးလာရင် ပေဖူးလုံးဝမအိပ်ရဘဲဖြစ်သွားပေါ့မယ်''

''မအိပ်ရတော့ ကောင်းတာပေါ့၊ မျက်လုံးမှိတ်လိုက်ရင် မမြင်ချင်တာကို မျက်လုံးထဲပေါ်ပေါ်လာတယ်''

''ဘာကိုပြောတာလဲ ပေဖူး''

''အေးမိုးလေ မောင့်ကိုပွတ်သီးပွတ်သပ်နေတာ ပေဖူး မကြိုက်ပါဘူး။ တအားရင်းနှီးချင်ယောင်ဆောင်တာက ပိုင်စိုးပိုင်နင်းနဲ့''

''ဪ...ပေဖူးရယ်၊ ဘယ်လိုကြီးပြောတာလဲကွာ၊ ကိုယ့်မိန်းမ သဝန်တိုတတ်ရင်လည်း သတိတော့ထားဦးမှပေါ့၊ အေးမိုးက မောင်တို့ ဆွေမျိုးလေ''

''အတင်းဖျစ်ညှစ်စပ်မှ ဆွေရိပ်မျိုးရိပ်မကင်းတာပါမောင်ရယ်၊ သုံးဝမ်းကွဲဆိုတာအဝေးကြီးပါ၊ ရပ်ဆွေရပ်မျိုးအဆင့်ပါပဲ''

''ဟော...မောင့်မိန်းမကတော့လေ ရန်လည်းထောင်တတ်လာပြီကိုး ဘယ်လိုဖြစ်လို့ အခုတလောသဝန်တိုတတ်လာတာလဲ၊ မောင့်ကိုအရမ်း ချစ်လာလို့လားပေဖူး၊ ဟုတ်လားဟင်''

''အချိန်တွေအကြာကြီးခွဲနေရတော့မှာမို့ စိတ်မချဖြစ်လာတာဖြစ်မှာပေါ့မောင်၊ ပေဖူးမျက်ကွယ်ရာမှာ မောင်ဘယ်လိုမိန်းကလေးတွေနဲ့ ဘယ်လိုနေနေမလဲလို့တွေးတွေးပြီး အိပ်လို့မပျော်ဘူး၊ ပေဖူးပြန်လာတဲ့ အခါ မောင် ဒီဘက်မှာတစ်ခုခုပြောင်းလဲမှာကို စိုးရိမ်နေတယ်''

ပေဖူးစကားက သူ့အတွက်ငိုရအခက်၊ ရယ်ရအခက်ပါ၊ တကယ် ဆို သူကပဲ ပေဖူးကိုစိတ်မချဖြစ်ရမှာမဟုတ်လား။

ကိုယ့်မှာ တခြားမိန်းကလေးမက်မောစရာ ဘာဂုဏ်ဒြပ်မှလည်း မက်မောစရာရှိတာမဟုတ်ဘဲနှင့်။ မချင့်မရဲဖြင့် သူ ပေဖူးကိုယ်လေးကို





...ဘက်ဆွဲလှည့်ပစ်လိုက်သည်။

''မောင့်ကို စိတ်မချရအောင် မောင်ကအညာလွယ်ပြီး အကျင့်ပျက် ...တားမျိုးလား၊ မယုံမကြည်ဖြစ်တာ မောင့်ကိုအထင်သေးတာနဲ့ ...တူပဲ''

''ပေဖူးကို အပြစ်တင်နေတာလား၊ မောင့်ကိုစိုးရိမ်ရင် စိတ်မချရင် ...ပါနဲ့လို့ ဘာလို့မတားတာလဲမောင်''

''ပေဖူးရယ် ပေဖူးကို မောင်ခွဲချင်လို့မဟုတ်ပါဘူး၊ ရှေ့ရေးအတွက်ဆို ...စကားတွေလည်း ထပ်နေပါပြီ။ အခုမှဘာလို့ ကလေးဆန်နေရတာ ...ကွာ၊ ပေဖူးကို မောင်အရမ်းချစ်တယ်၊ တစ်စက္ကန့်လေးတောင် မောင် ...င်ဘူး၊ ဒါပေမဲ့ နှလုံးသားဆန္ဒတွေကို မချိုးနှိမ်ရင် မောင်တို့ဘဝဘာ ...ာမှာလဲ''

''ဒါဆို အေးမိုးကို ဒီအိမ်မှာမထားနဲ့''

''ဟင် ဘာဖြစ်လို့လဲ''

''သူ ရဲတင်းလွန်းတယ်မောင်၊ မိန်းကလေးတစ်ယောက် အဲလောက် ...င်းလာရင် ယောကျ်ားတွေအတွက် အန္တရာယ်ရှိတယ်''

''လျှောက်ပြောနေတော့တာပဲ ပေဖူးရယ်၊ အေးမိုးက အဲလိုမိန်း ...လေးမျိုးမဟုတ်ပါဘူး၊ ပွင့်လင်းတာပါ၊ ငယ်ငယ်ကတည်းက ဆွေမျိုး ...တွေလို ပေါင်းသင်းလာလို့ ရင်းနှီးတာပါ''

''ဟင့်အင်း ဟင့်အင်း၊ သူ့ပုံစံကို ပေဖူးမကြိုက်ဘူး၊ မိန်းကလေး ...ယောက်မှာ ရှိသင့်တဲ့အိန္ဒြေသိက္ခာမျိုးသူ့မှာမရှိဘူး။ ပွင့်လင်းလွန်း ...က မရိုးသားဖို့ချိန်ဆနေတတ်တဲ့သူမျိုး မဟုတ်ဘူးမောင်''

ကျွတ်ခနဲ စိတ်ညစ်ညူးသလို စုတ်မသတ်မိအောင် မနည်းထိန်း ...ရသည်။ ပေဖူး ဘာအတွက် အစွန်းရောက်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေကို စိတ်တိုင်းမကျလို့ အပြစ်ရှာနေတာလဲ။ လည်ချော ဝရောက်လာတော့မည့် မေးခွန်းတွေသက်ပြင်းချ၍ ဖယ်ရှားလိုက်ရ

"ပေဖူးအကြိုက်ရင် နောက်တော့မေမေတို့နဲ့တိုင်ပြီး တခြားမှာသွ နေခိုင်းလိုက်ပါ့မယ်၊ အခုလောလောဆယ်တော့ သူလည်းအလုပ်လု သေးဘာမဟုတ်တဲ့အတွက် နေဖို့စားဖို့ခက်ခဲမှာပဲ၊ အိမ်အတွက်လည် အကူအညီရနေတာဆိုတော့ ခဏလောက်နေခွင့်ပြုလိုက်ပါနော် ပေဖူ

"အင်း...ဒါဆိုပေဖူးသွားရင် သူ့ကိုလုံးဝအိမ်မှာမထားရဘူးနေ မောင့်ကိုချစ်လို့ သဝန်တိုတယ်ပြောပြော၊ မစ္ဆရိယစိတ်များလိုက်တာလို့ပြ ပြော၊ ပေဖူးအဝေးကိုသွားနေတဲ့အချိန်မှာ မောင့်ကိုတခြားမိန်းကလေ နဲ့ လက်ပွန်းတတီး တရင်းတနှီးနေနေမှာမျိုး ပေဖူးလုံးဝခွင့်မလွှတ်နိ ဘူး၊ ပေဖူးက မောင့်ကိုလွမ်းနေတဲ့အချိန်မျိုးမှာ မောင်တခြားမိန်းမ ပျော်ရွှင်နေရင် ပေဖူးကြေကွဲနာကြည်းမိလိမ့်မယ်မောင်"

"ပေဖူးရယ်"

သွားခါနီးလေ ပေဖူးမှာဒီလိုစိတ်တွေဖြစ်လာလေမို့ ဘာတွေနော ဆံတင်းပြီး မကျေမနပ်ဖြစ်နေမှန်းမသိတော့ပေ။ သူမဆန္ဒမပြင်းပြ သူတို့မိသားစုက အောင်မြင်စေချင်သည့်စိတ်နှင့် ဖွတ်သွားခိုင်းခဲ့တ ကြောင့်လား။

ဝင်းဝါနုဖတ်သန့်စင်နေသော သူမနဖူးလေးကို နှုတ်ခမ်းအစုံ ခပ်ဖိဖိနမ်းရှုံ့လိုက်၏။ ထိုမှတဆင့် လည်တိုင်ကျော့ကျော့မှာ အကြ ကြိုးဖိကပ်ထားလိုက်သည်။

သူမဆီမှ အသက်ရှူသံပြင်းပြင်းကို ကြားလိုက်ရပြီး သူ့အကျီ





ဆုပ်ဆွဲထားသော သူမရဲ့ကလေးတင်းရင်းလာသည်။ သူ့ရင်ခုန်သံတွေက ဒုန်းဒုန်းဆောင့်ခုန်လာ၏။ ဒီလိုအတူရှိနေခွင့်ရဖို့ အချိန်တွေဘယ် လောက်ကြာမှ ပြန်ဆုံရမှာလဲ။

မောင်လည်း မင်းကိုလွမ်းတမ်းတနေမှာပါပေဖူးလွှာ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

''ဟဲ့…ကိုမှော် ဒီမှာ ထမင်းနဲ့ပဲပြုတ်ကြော်ထားတယ်၊ အဒေါ်တင်က ဈေးကနေလှူကြဲ့နဲ့ ငါးခြောက်ထည့်ပေးလိုက်လို့၊ ဖုတ်ပြီးဆီဆမ်းထားတာလေး ရောစားလိုက်လေ၊ ဝတ်မှုန်ထမင်းချိုင့်တော့ ကြက်ဥပဲကြော်ပေးလိုက်တယ် ဟယ်၊ ညက ချဉ်ပေါင်ကြော်အကျန်ပါထည့်ပေးလိုက်တော့ သူ့အတွက်က အဆင်ပြေသွားပြီ၊ နင်က နေ့လည်ထမင်းပြန်စားမှာမဟုတ်လား။ ဘာဟင်းနဲ့စားချင်လဲပြော၊ ငါ အဒေါ်တင်ဈေးကိုလိုက်သွားဦးမှာ''

စကားပြောလျှင် မရပ်မနားတရစပ်ပြောတတ်သောအေးမိုးက အခန်းဝကနေ ပေဖူးလွှာမျက်စောင်းထိုးကြည့်နေတာကို မသိပေ။ အိမ်ရှင်မတစ်ယောက်လို စီမံခန့်ခွဲမှုတွေဖြင့် ဒီအိမ်မှာနေရာယူ လူတွင်ကျယ်လုပ်လာသည်ဟုသာမြင်မိသည်။

မောင်က သူ့မပြောထားသည့်စကားတွေကြောင့် အေးမိုးအပေါ်အရင်လိုဟက်ဟက်ပက်ပက် တရင်းတနှီးမနေတော့ပါ။ ဒါပေမဲ့ အေးမိုးကတော့ မျက်နှာရိပ်မျက်နှာကဲလည်းမသိ၊ အလိုက်လည်းမသိပေ။

''မောင်…မုန့်ဟင်းခါးစားချင်တယ်ဆို၊ လမ်းထိပ်ကျမှဝယ်စားပြီး





သွားလိုက်ပါလား၊ ထမင်းကြော်က ရင်ပြည့်နေဦးမယ်''

''ဪ အင်း အဲလိုလုပ်လိုက်မယ်လေ၊ အေးမိုး ထမင်းကြော်တွေပဲစားလိုက်တော့''

အေးမိုးလုပ်ပေးတာကိုစားမှာစိုး၍ ပေဖူးလွှာ တမင်ပြောလိုက်မုန့်သတိုးမှော်သဘောပေါက်ကာ အလိုက်သင့်ဖောရှောလုပ်လိုက်ပေမယ့် အေးမိုးက အလိုက်ကန်းဆိုးမသိ ပြုံးလိုက်ပြီး

''အံ့မယ်လေးဟယ် ငါမစားရမှာတွေးပူနေသလား၊ ငါက ဘာနဲ့ဖြစ်ဖြစ်စားတတ်တယ်၊ ငါ့အတွက် ထမင်းကြမ်းခ်ကျန်ပါသေးတယ်၊ ငါးပိရည်နဲ့စားလိုက်ရင်ပြီးတာပဲ၊ နင်တို့အလုပ်ထွက်လုပ်ရမယ့်သူတွေအတွက်သာ အရေးကြီးတာ''

''ရတယ် နင်ပဲစားလိုက်တော့၊ ငါကမုန့်ဟင်းခါးစားချင်လို့၊ ဪ သေား ဘာစားချင်လဲဟင်၊ လမ်းထိပ်က နံပြားတို့၊ ပလာတာတို့ မောင်ဝယ်ပေးခဲ့ရမလား''

''ဟင့်အင်း မောင်တစ်ခေါက်ပြန်လာမနေနဲ့တော့၊ ထမင်းပူကျက်မှငါးခြောက်ဖုတ်လေးနဲ့ စားလိုက်တော့မယ်''

''ဒါဆို သမီးလေးကိုနမ်းပြီးရင် မောင်သွားလိုက်တော့မယ်''

''ကဲပါ အပြန်မှပဲ တစ်ဝကြီးနမ်း၊ အခုမောင့်သမီးက နိုးသွားဦး[illegible] နိုးရင် အနှီးဝတ်တွေလျှော်ဖို့အချိန်ရမှာမဟုတ်တော့ဘူး''

''ဟုတ်ပါပြီဗျာ၊ မောင်သွားပြီနော်၊ အေးမိုးကို ကလေးထိန်းခိုင်းပြီးကောင်းကောင်းကျက်၊ မောင့်မိန်းမလေး တာ့တာ''

ပေဖူးကျေနပ်အောင် အေးမိုးရှေ့မှာပင် နဖူးလေးကိုနမ်းသွားတော့အေးမိုးနှုတ်ခမ်းမဲ့ရွဲ့သွားသည်။

''သတိုးမှော်တို့များနော်၊ မိန်းမကို ချစ်တတ်တာများ သည်းသည်း



www.burmeseclassic.com

www.burmeseclassic.com



ကို လှုပ်နေတာပဲ၊ အဲလိုယောကျ်ားမျိုးရရင် သေပျော်ပါပြီ''

''မအေးမိုးစကားကြီးက ဘယ်လိုကြီးလဲ မောင့်ကိုများ''

''အော်...ညည်းယောကျ်ားကိုတော့ စိတ်ကူးယဉ်မလားအေ၊ ရွာမှာဆို ငါ့ကိုကြိုက်တဲ့ကောင်တွေအကုန်လုံး ငမူးငရူးတွေချည်းပဲ၊ ရည်းစားစကားသာပြောပြီး မိန်းကလေးစိတ်ကြိုက်နေတတ်ကြတာမဟုတ်ဘူး ကြင်နာတတ်ဖို့တော့ဝေးရော၊ ညည်း သတိုးမော်လိုယောကျ်ားကိုရတာ တကယ်ကံကောင်းပါတယ်ပေဖူးလွှာ၊ သတိုးမော်က ငယ်ငယ်တည်းက စိတ်ရင်းစေတနာကောင်းတယ်၊ သူတစ်ပါးအပေါ်ညှာတာစာနာတတ်တယ်၊ ခုခေတ်တော့ ဒီလိုလူမျိုးရှားသွားပြီပေါ့''

''မအေးမိုးက မောင့်လိုမျိုးရရင် ကလေးအဖေဖြစ်ဖြစ် မုဆိုးဖို တစ်ခုလပ်ဖြစ်ဖြစ် ကြိုက်မှာပဲလား''

''အေး...ညည်းမေးလို့ ကျုပ်ဖြေတာနော်၊ မိန်းမတွေအတွက် ဘာကအရေးကြီးဆုံးလဲသိလား၊ ကိုယ့်အပေါ်တစ်သက်လုံး စိတ်ချမ်းသာအောင်ထားပြီး ကြင်နာမယ့်ယောကျ်ားမျိုးပေါ့၊ မရှိတာက ဒိုးတူပေါင်ဖက် မောင်တစ်ထမ်းမယ်တစ်ရွက်ရှာစားလို့ရတယ်။ မူးရူးသောက်စားရိုက်နှက်နှိပ်စက်မယ့်ယောကျ်ားမျိုးဆို ကိုယ့်ဘဝတစ်သက်တာသွားပြီ၊ မပေါင်းချင်လည်းမရ၊ အမ်းထုတ်လို့လည်းမဖြစ်၊ သားသမီးတွေပါရရင် နွံနစ်ပြီလို့သာအောက်မေ့ပေတော့၊ ဒါကြောင့် သတိုးမော်လိုယောကျ်ားမျိုးက ရှားပါပြီဆို''

အေးမိုးစကားတွေက မောင့်အတွက်ပိုပြီးစိုးရိမ်စရာတွေဖြစ်လာခဲ့သည်။ မောင့်ကို ဒီထက်ကင်းကင်းရှင်းရှင်းနေဖို့ သတိပေးမှုဖြစ်မည်။

''မအေးမိုး ဘယ်အချိန်အလုပ်လုပ်မှာလဲဟင်၊ အဆောင်တွေဘာတွေပြောင်းနေမှာလား''





''အဲဒါစဉ်းစားနေတာ၊ တချို့အလုပ်က အဆောင်ပေးတယ်ဆိုတော့လေ၊ အဆောင်မပေးတဲ့အလုပ်ဆိုရင်တော့ ဒီအိမ်ကနေပဲ အလုပ်သွားရမှာပေါ့၊ ဒါပေမဲ့ပေဖူးလွှာက ဒီရက်ထဲပဲသွားရတော့မှာဆိုတော့ အဒေါ်တင်က အိမ်အလုပ်တွေကူလုပ်ရင်းနဲ့ ကလေးထိန်းပေးပါလားတဲ့၊ အားလုံးက ငွေရှာဖို့အတွက် တာဝန်ကိုယ်စီနဲ့ဆိုတော့ ကလေးအတွက် ထိန်းကျောင်းစောင့်ရှောက်ဖို့က လူတစ်ယောက်လိုနေတယ်တဲ့''

''အို...အမေတင်က သမီးလေးကို ဈေးရောင်းတဲ့နေရာခေါ်သွားမယ်လို့ပြောပါတယ်၊ နောက်အရွယ်လေးရလာရင် ကလေးထိန်းကျောင်းပို့လို့ဖြစ်တာပဲ၊ ဒါမှမဟုတ် အဒေါ်တင်ဈေးမရောင်းဘဲ တာဝန်ယူလို့လည်းရတာပဲ''

ပေဖူးလွှာ ပျာပျာသလဲ ပြောလိုက်သော်လည်း ကိုယ့်ကိုမလိုလားမှန်း အေးမိုးသိပုံမပေါ်ပေ။ သူမအနားကိုပင် လာရောက်ဝင်ထိုင်လိုက်သေးကာ

''အေးလေ...ဘယ်လိုပဲစီမံစီမံ မအေးမိုးကတော့ အဒေါ်တင်နိုင်သလိုလုပ်ပေးမှာပါ။ ရွာမှာပဲ ငမူးငရူးတွေလိုက်ကြိုက်လွန်းလို့ မနေချင်တာ၊ ရွာမှာဆိုရင် အဲလိုလူမျိုးတွေနဲ့ပဲ ရမှာလေ၊ ကိုယ်ကဘယ်လိုထိန်းသိမ်းနေပါစေ၊ ဒီထက်မြင့်မားတဲ့ယောကျ်ားမျိုးတော့ ရမှာမဟုတ်ဘူး''

''မအေးမိုးက ကောင်းတဲ့ယောကျ်ားမျိုးရချင်လို့ ရန်ကုန်ရောက်လာတာလား''

''အဲဒီရည်ရွယ်ချက်တစ်ခုတည်းတော့ ဟုတ်မလားအေ၊ မျက်စိပွင့်နားပွင့်လေးလည်း ရှိချင်တာပေါ့။ သတိုးမော်တို့ဆိုတာ ကိုယ့်မွေးချင်းကင်းတာမဟုတ်ဘူး၊ ရွာကထွက်လာပြီး တစ်ခေါက်မှ ပြန်မလာကြတော့ တွေ့လည်းတွေ့ချင်တာပေါ့၊ ပြီးတော့ ကိုယ့်ဘဝကိုတော့ ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ နှစ်မြှုပ်မထားချင်ဘူး။ တောကလူတွေ မြို့တက်လာပြီး အဆင်ပြေအောင်မြင်သွားကြတာကို အားကျတယ်။ အခု သတိုးမော်တို့မိသားစု ပဲကြည့်ပါလား''

''ဟင်''

ဘာကိုကြည့်နိုင်းမှန်းမသိဘဲ စိတ်ဝင်တစားမျက်လုံးလေးပြူးကျယ်သွား၏။ မအေးမိုးက သူမမျက်နှာကို ပြုံးကြည့်နေပြီး

''သတိုးမော် မယားရွေးတော်လို့ သိပ်မကြာခင် ဒေါ်ကြီးတင်တို့ အထူးကုဆရာဝန်ချွေးမရဲ့အောင်မြင်မှုတွေကို ခံစားရတော့မယ်လေ တိုက်နဲ့ကားနဲ့စည်းစိမ်ဥစ္စာအပြည့်နဲ့ နေရတော့မှာမဟုတ်လား။ ဒီကြားထဲ ပင်ပန်းတာကအရေးလား၊ ငါသာဆိုလည်း ထောင်မြင့်ရင် ရာစွန့်သလို၊ ဒီထက်ပိုပြီးတောင် အပင်ပန်းခံပေးလိုက်ချင်ပါသေးတယ်၊ ငွေကြေးနဲ့ရင်းနှီးမြှုပ်နှံမှုမလုပ်နိုင်ရင် အကျိုးမြတ်ခံစားရပ်မလား၊ ကိုယ်က မပြည့်စုံတဲ့အတွက် ဒီလောက်တော့ အပင်ပန်းခံသင့်ပါတယ်''

''အမေတင်တို့ကို အဲဒီမျှော်လင့်ချက်ကြောင့် အပင်ပန်းခံနေတယ်လို့ ပြောတာလား''

''ဟဲ့ . . . မျှော်လင့်ချက်မရှိဘဲ ဘယ်သူက အပင်ပန်းခံနေမှာလဲ၊ သတိုးမော်ရော၊ ဝတ်မှုန်ရော၊ အဒေါ်တင်ရော၊ ညည်းပညာသင်နိုင်ဖို့ အတွက် အခုအပင်ပန်းခံနေတာက နောင်တစ်ချိန်ချမ်းချမ်းသာသာ နေနိုင်ဖို့ပေါ့ဟဲ့၊ တကယ်ပါ အဒေါ်တင်တို့ သတိုးမော်တို့ ကံကောင်းပုံများ တော့ ရွာကလူတွေကိုတောင် အားကျအောင်ပြေးပြောလိုက်ချင်တယ်''

မအေးမိုးက ရိုးသားစွာ ပွင့်ပွင့်လင်းလင်းပြောနေသလား မသိပေမယ့် သူမရင်ထဲမှာတော့ ခံရခက်သောဝေဒနာတို့ နိုးလိုးခုလုဆွဲကပ်သွားသည်။ ဘာကြောင့်များ သူမက ရင်းနှီးမြှုပ်နှံမှုအသုံးချခံဖြစ်သွားရတာလဲ။ မောင်တို့အမြင့်ကိုတက်ဖို့အတွက် လှေကားတစ်ခုဖြစ်သွားရတာလဲ။ မွန်းကျပ်မှုတွေကြောင့် အသက်ရှူလို့မဝချင်။





အချိန်နာရီဆိုတာလည်း ဒီအတိုင်းရပ်တန့်မနေတာမို့ . . .။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ပေဖူးလွှာကို လိုက်ပွဲဖို့အတွက် လေယာဉ်ကွင်းမှာ အားလုံးစုပြ ရောက်ရှိနေကြသည်။ ပေဖူးလွှာက သမီးလေး ဖူးသစ္စာကို ပွေ့ဖက်နမ်း ရှုပ်လို့မဆုံးနိုင်ပါ။ မျက်ရည်ဝဲဝဲဖြင့် မခွဲနိုင်မခွာရက်ဖြစ်နေတာကို အားလုံး စိတ်မကောင်းနိုင်ကြ။

''မောင်''

''ဟင်...ပေဖူး''

''သမီးလေးကို ဂရုစိုက်ပါနော်၊ နေမကောင်းကောင်း၊ ဘာဖြစ်ဖြစ် ပေဖူးဆီကို ဖုန်းဆက်ပါ။ ပေဖူးလည်း ဟိုရောက်တာနဲ့ ဖုန်းတန်းဆက် လိုက်မယ်၊ မောင်လည်း ကျန်းမာရေးဂရုစိုက်သိလား''

''မောင်တို့အတွက် မပူနဲ့၊ ပေဖူးသာကိုယ့်ဘာသာဂရုစိုက်ရမှာ မိဝေးဖဝေးဆွေမျိုးမိတ်ဆွေဝေးတဲ့ တစ်နယ်တစ်ကျေးမှာပေဖူးက တစ်ယောက်တည်းရယ်၊ ပေဖူးတစ်ခုခုဖြစ်လည်း မောင်တို့လာလို့ရတာ မဟုတ်ဘူး၊ ကျန်းမာအောင်နေပြီးကြိုးစားပါ၊ အောင်မြင်မှုတွေနဲ့လက်စ ထောင်ပြီးပြန်လာခဲ့ပါပေဖူး''

''စိတ်ချပါမောင်၊ ပေဖူးအဲဒီပုံစံနဲ့ ပြန်လာမှာပါ၊ မောင် ပေဖူးကို





ရနေနော်''

''အင်းပါ ပေဖူးရယ်၊ မောင်အမြဲတမ်းသတိရနေမှာပါ၊ အမေ့ကို တော့ဦးလေ၊ ဘေးကင်းပါစေ၊ အောင်မြင်ပါစေလို့ မေမေဆုတောင်း သိမ့်မယ်''

''ဟုတ်ကဲ့...အမေတင် ပေဖူးကန်တော့မယ်နော်''

''အေး အေး...သမီးလေး၊ အန္တရာယ်ကင်းဘေးရှင်းပြီး လိုရာ ိုင်အမြန်ဆုံးရောက်ပါစေကွယ်၊ အောင်မြင်မှုတွေနဲ့ အဆင့်အတန်း ြန်လာနိုင်ပါစေ''

အမေတင်ကို ကန်တော့နေချိန်မှာ သူမပိုလို့ဝမ်းနည်းလာသည်။ ေသာဆိုလည်း ဒီလိုဆုမျိုးပေးလိမ့်မည်ထင်၏။ အမေတင်လို မျက်ရည် ောင် သူမပခုံးလေးကို ဆုပ်ညှစ်၍အားပေးပေလိမ့်မည်။

''မမပေဖူး''

''ညီမလေးဝတ်မှုန်''

''ငွေလိုတဲ့အခါတိုင်း အားမနာပါနဲ့နော်၊ ဝတ်မှုန်တို့အဆင်မပြေလည်း ရအောင် ရှာပေးပါ့မယ်။ ဒီလိုချို့ချို့တဲ့တဲ့နဲ့ လွှတ်လိုက်ရတာ စိတ် ောင်းဘူး''

''အဆင်ပြေမှာပါ ညီမလေးရယ်၊ စိတ်မပူပါနဲ့၊ သမီးလေးကိုသာ ုစိုက်ပေးပါနော်''

''စိတ်ချပါမမ၊ သမီးလေးအတွက်စိတ်ချပါနော်၊ ပညာကိုသာ နောက် ောင်းဘဲ ကောင်းကောင်းသင်ခဲ့ပါ၊ အနာဂတ်လှဖို့ အားတင်းထားပါ ရယ်''

နှစ်သိမ့်နေတာလား မသိနိုင်ပေမယ့် အောင်မြင်မှုတွေနှင့်ပြန်ရောက် ာဖို့ပဲ အားလုံးတွန်းအားပေးနေသည်ဟု အောက်မေ့မိသည်။ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ရင်း ရင်ထဲမှာနင့်နေအောင်ခံစားရ၏။

လယ်သားအရွယ် ဒီသမီးလေးနှင့်ခွဲခွာရခြင်းက ဒဏ်ရာတစ်ခုဖြစ်ခဲ့တာ၊ မောင်တို့သိမှသိပါလေစ။ ဒါပေမဲ့ချစ်သောမောင့်ကို အပြစ်တင် မနေချင်တော့ပါ။

မောင့်လက်ထဲကို သမီးလေးကိုထည့်လိုက်ပြီး

"ပေဖူးသွားတော့မယ်မောင်"

"ပေဖူး ခဏလေး"

မျက်ရည်ဝဲစွာလှည့်အထွက်မှာ မောင်ကဝတ်မှုန်လက်ထဲ သမီးလေး ကို ပေးလိုက်ပြီး သူမကိုယ်လေးကို တင်းကျပ်စွာပွေ့ဖက်၏။ ပြီးတော့ နဖူးပြင်လေးမှာ အနမ်းနွေးနွေးဖြင့် အကြာကြီးနစ်သိမ့်၏။

ဘာအတွက်・・・ဘာအတွက်လဲမောင်၊ ဂုဏ်ဒြပ်တွေသယ်ပိုး သစွာရှိရှိပြန်လာစေချင်လို့လား။

အို・・・မောင်လည်း မျက်ရည်ဝဲနေပါလား။ ဝမ်းနည်းလို့လား နာကျင်လို့လား၊ မခွဲနိုင်လို့လားမောင်။ အခုနေမှာ မသွားပါနဲ့တော့ တားရင်လည်း နောက်မကျသေးပါဘူး။ လေယာဉ်ကြီးက မထွက်သေး ဘူးလေ။ သမီးလေးနဲ့ မောင့်ကိုမခွဲချင်ဘူး။ မခွဲနိုင်ဘူးမောင်ရယ်။ မော မသွားပါနဲ့၊ ချမ်းသာပြည့်စုံခြင်းတွေက အချစ်တွေလောက်အရေးမကြီး ဘူးလို့ပြောပြီးတားပါလားမောင်ရယ်၊ ဆင်းရဲချို့တဲ့မယ်ဆိုတာသိသိကြီး နဲ့ ဂုဏ်ဒြပ်ပကာသနတွေကိုစွန့်လွှတ်ပြီး မောင့်နောက်ကိုလိုက်ခဲ့တာ ကျေးဇူးရှင်ဖေဖေကို မျက်နှာလွှဲခဲပစ်ဥပေက္ခာပြုထားရက်ခဲ့လောက်အောင် မောင့်ကို မိုက်မိုက်မဲမဲချစ်ခဲ့တဲ့သူပါ။

တစ်ခဏလေးတောင် မခွဲနိုင်လို့ ချို့တဲ့တဲ့ဘဝမှာ မောင့်မျက်နှာ ကြည့်ပြီး ပျော်မွေ့အောင်နေခဲ့တဲ့သူပါ။





"သွားတော့ပေဖူး၊ လေယာဉ်ထွက်တော့မယ်လို့အော်နေပြီ"

"ဟင်"

ကိုယ်ချင်းခွာကာပြောလိုက်သောမောင့်အသံက ခပ်ဝေးဝေးရောက်အောင် ကန်ထုတ်လိုက်သလို ခံစားလိုက်ရသည်၊ သမီးလေးကို မျက်ရည်ဆွတ်ကြောင့် ဝိုးတဝါးဖြစ်နေသည့်မျက်ဝန်းတွေနှင့်နင့်သီးစွာ တစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့၏။

"ပေ・・・ပေဖူး"

မခေါ်ပါနဲ့တော့။ မကြားချင်တော့ပါဘူး။

မောင့်မျက်ရည်တွေကိုလည်း မမြင်ချင်တော့ဘူးမောင်ရယ်။ ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်တော့လို့ပါ။ ဝေးကွာစေတဲ့ခြေလှမ်းတွေက တဆစ်ဆစ်တဖျစ်ဖျစ်မြည်နေတယ်။

နှလုံးသားကို ကျိုးနစ်တိုက်ခံရတဲ့အသံမျိုးပေါ့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

အသံတွေကို မကြားချင်ပါ။ နားထဲမှာ ပေဖူးခေါ်သောအ
ဆိုသည့်အသံတွေသာ ပဲ့တင်ထပ်နေသည်မို့ တခြားအသံတွေကို လုံး
မကြားချင်ပေ။

''ပေဖူးရယ် လွမ်းလိုက်တာ''

ထိုစကားတွေကိုပဲ ရေရွတ်နေမိတာ အကြိမ်ကြိမ်အထပ်ထပ်။

'ပြန်လာခဲ့ပါတော့'လို့ ရင်ထဲက အော်နေမိတာလည်း ကိုယ့်နားထဲ
တောင် ပြန်ကြားနေရသည်။ လွှတ်လိုက်မိတာ နောင်တရပြီလား
ကိုယ့်ကိုယ်ကိုလည်း မေးခွန်းထုတ်မိ၏။

ဒါပေမဲ့ အရှုံးလိုပင် ချက်ချင်းခေါင်းခါမိမြဲပင်။

မင်းဘဝလေး မလှပမှာစိုးလို့၊ ချို့တဲ့မှာစိုးလို့၊ ဆင်းရဲတွင်းထဲ
တစ်သက်လုံး နစ်မွန်းရမှာစိုးလို့ပါပေဖူးရယ်။

''သား…သားကြီး မြေးလေးငိုနေတာမကြားဘူးလားကွယ်''

''ဟင်''

သမီးငိုတာကို ဆူညံနေသည့်အသံတွေအောက်မေ့၍ လက်မခံ
ဖြစ်နေမိခြင်းပါလား။ ပေဖူးသွားကတည်းက အအိပ်ပျက်အစားပျက်





နှင့်ကိုယ်မကပ်နိုင်တာမို့ အာရုံတွေက လွင့်ချင်ရာလွင့်နေခဲ့သည်။

''သမီးလေး ဖေဖေ့သမီးလေး၊ ရှူးရှူးတွေ ပေါက်ချလို့နိုးလာတာ
အင်း…ဖေ့သမီးလေးကို ဘောင်းဘောင်းလဲပေးရမှာပေါ့''

သမီးလေးကို ချော့မြူရင်းဖြင့် ဘောင်းဘီလဲပေးနေချိန်မှာ မေမေက
ထဲဝင်လာပြီး သူနှင့်သမီးလေးအနားဝင်ထိုင်သည်။

''သား''

''ဗျာ အမေ''

''အလုပ်လုပ်ရ၊ ကလေးထိန်းရနဲ့ မြေးလေးကို မေမေတို့နဲ့ပဲ သိပ်ပါ
ကွယ်''

''ရပါတယ်မေမေ၊ သမီးလေးနဲ့က ညဘက်ပဲတွေ့ရတာ၊ သမီးလေး
အတူရှိနေတော့ ပေဖူးကိုလည်း အလွမ်းပြေတာပေါ့''

''အင်းလေ၊ သားကမှ အလွမ်းဖြေစရာသမီးလေးက အနားမှာရှိ
သေးတယ်။ ပေဖူးလေးကတော့ အနားမှာဘယ်သူမှမရှိနဲ့ တော်တော်
နေရရှာမှာပဲ။ စာတောင် ကောင်းကောင်းလုပ်နိုင်ပါ့မလား မသိဘူး
ကွယ်''

''သူဖုန်းဆက်တုန်းကတော့ ကြိုးစားနေတယ်လို့ ပြောပါတယ်၊ ဒါပေမဲ့
လည်းကျွန်တော်တို့ကို လွမ်းတယ်တဲ့''

ပြောရင်း အသံတိမ်ဝင်သွားတော့ သူ့ကျောပြင်ကိုပုတ်ကာ အမေ
က်ပြင်းချသည်။

''အင်းလေ ဟုတ်ရှာမှာပါ၊ အမေတို့တောင် သူ့ကိုသတိရနေတာ၊
သားအရွယ်သမီးလေးနဲ့ သက်တမ်းရင့်ရင့် မပေါင်းသင်းရသေးတဲ့
င်ယောကျ်ားကို သူဘယ်လိုလုပ်မေ့နိုင်ပါ့မလဲ၊ ကြာလာရင်တော့
သားကျသွားမှာပါသားရယ်၊ အဲဒါနဲ့ ငွေရောလုံလောက်ရဲ့လား၊ ငွေမို့



www.burmeseclassic.com

www.burmeseclassic.com



မယ့်ရက် ပြောလိုက်သေးလားသား''

''ဟိုရောက်တာနဲ့ ပါသွားတဲ့ငွေက ကုန်တာပေါ့အမေရယ်၊ ငွေက များများလိုနေတယ်လို့ ညီမလေးကိုတောင် ပြောမိသေးတယ်...၊ကျွန်တော်လည်း ကားအုံနာဆီက စပေါ်ပြန်ထုတ်ပေးပါလို့တောင်းပန်ထားတယ်''

''အေး...အမေဒီတစ်ခါ သမကြေးကျေရင် ထပ်ထုတ်ပေးမယ်သား။ အတိုးနည်းတော့ နေ့စဉ်ရောင်းပြီးပြန်ဆပ်ရတာလည်း တန်ပါတယ်။ ရောင်းမကောင်းတဲ့နေ့ဆိုရင်တော့ အခက်အခဲဖြစ်တာပေါ့ကွယ်''

''ကျွန်တော် အိမ်ထောင်ပြုလိုက်တာ၊ အမေတို့ကိုပါ ပင်ပန်းစေခဲ့ပြီနော်၊ ညီမလေးလည်း သနားပါတယ်။ နေ့ရောညရော မနားရရှာဘူး။ အခု ညီမလေးပြန်လာပြီလားအမေ''

''ဒီည ပြန်မလာဖြစ်လောက်ဘူးလို့ အေးမိုးကိုပြောသွားတယ်တဲ့သား''

''အေးမိုး အိပ်ပြီလား''

''အင်း...သူလည်း အမေတို့ရဲ့အိမ်ဖော်ဖြစ်မှန်းမသိ ဖြစ်နေရှာပါပြီ၊ နေ့ဘက်ကလေးထိန်းရ၊ အိမ်အလုပ်တွေလုပ်ရ၊ ကလေးဝေယျာဝစ္စကလည်း နားရတယ်ရှိတာမဟုတ်ဘူး။ မြေးလေးကို ကလေးထိန်းကျောင်းပို့လို့ရတဲ့အရွယ်မှ သူ့အလုပ်သူလုပ်ပြီး ငွေရှာနိုင်းရတော့မယ်ထင်တယ်''

အေးမိုးအတွက် စိတ်မကောင်းစွာ သက်ပြင်းချလိုက်မိသော်လည်း ဘာမှမတတ်နိုင်။ အိမ်ရှိလူကုန် ငွေရှာထွက်နေရမှတော့ ဒီလိုလူမျိုးက အိမ်မှာရှိနေမှဖြစ်မည်။ အေးမိုးက ချက်ပြုတ်ဖွပ်လျှော် အိမ်အလုပ်နှင့် သမီးလေးရဲ့ ဝေယျာဝစ္စမှန်သမျှ နောက်လှည့်ကြည့်စရာမလိုအောင် စိတ်ချရသည်။ အကျိုးအမြတ်လည်း ဘာမှမကြည့်သူမို့ ကျေးဇူးတင်





က်သည်ဟု ပြောလို့ရပါသည်။ ငြိုငြင်မှုမရှိသူမို့ အောက်ခြေသိမ်းက
လုပ်ကိုင်ပေးနေတာ။

''ဟော...ဖုန်းလာနေတယ်သား။ ပေဖူးဖုန်းဖြစ်နေမလား မသိဘူး
လိုက်ပါဦး၊ မြေးလေးနိုးမှာစိုးလို့ သားအိမ်ရှေ့ထွက်ပြောလိုက်၊ အမေ
လေးနားမှာနေပေးမယ်''

အမေက အလိုက်သိစွာပြောတော့ ဖုန်းကိုကပျာကယာ ကောက်ယူ
သူ့အိမ်အောက်ဆင်းပြေးခဲ့သည်။ နိုင်ငံခြားဖုန်းအဝင်က ပေဖူး
စ်ယောက်ပဲရှိတာ။ ဒီကခေါ်ဖို့ဆိုတာတော့ ဖုန်းဘေလ်များများမထည့်
ဍ် မလွယ်လှပေ။

အရေးအကြောင်းကိစ္စရှိလျှင် အင်တာနက်ဆိုင်က သွားပြောမှ
င်ပြေလေ၏။

''ဟယ်လို...ပေ...ပေဖူး''

''မောင်''

နှစ်ယောက်လုံးလွမ်းတမ်းတနေသည့်စိတ်များကြောင့် စကားပြော
တော်တော်လေးအားယူနေရသည်။

''သတိရတယ်မောင်''

''မောင်လည်း လွမ်းနေတာ''

''သမီးလေး နေကောင်းလားဟင်''

''ကောင်းပါတယ် အခုအိပ်နေတယ်၊ ပေဖူးအဆင်ရောပြေရဲ့လား
ကျန်းမာရေးရောကောင်းတယ်မဟုတ်လား၊ စာတွေရော လိုက်နိုင်
''

အရင်အခါက မေးခွန်းမျိုးပဲထပ်နေပါလားလို့ ပေဖူးငေါ့ပစ်လိုက်
ည်။ တကယ်ဆို ပေဖူးရေ မောင်တော့လွမ်းလို့ မနေနိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညည ပေဖူးမရှိလို့ အိပ်လို့မရ နေလို့မရဘူးလို့ တမ်းတလိုက်မောင်
ပြောပါတော့လား။

''မောင်''

''ဟင်...ပေဖူး''

''မောင့်မှာ အဲဒါပဲပြောစရာရှိလား၊ ပေဖူးကို ပြန်လာပါလို့ မခေ
ချင်ဘူးလားဟင်၊ ပေ...ပေဖူး အရမ်းလွမ်းနေတယ်မောင်''

''ပေဖူးရယ် မောင်လည်းလွမ်းတာပါပဲ၊ ဒါပေမဲ့ မောင်တို့ဘာအတွက်
ဝေးနေရတယ်ဆိုတာ ပေဖူးလည်း သိသားနဲ့၊ ခွဲချင်လို့ခွဲနေတာမဟုတ်
ဘူးလေ၊ ပေဖူးသဘောပေါက်တယ်မဟုတ်လား''

''ပေါက်တော့ပေါက်တယ်၊ ဒါပေမဲ့ လွမ်းနေတာပဲမောင်ရယ်၊ မောင်
နဲ့သမီးလေးဆီကို ပြေးပြေးပြီးတော့ ပြန်လာချင်တယ်''

''ပေဖူးရယ်''

''အခုလိုခွဲနေရတာ ဝဋ်ကြွေးတစ်ခုလိုခံစားနေရတာ မောင်နားလည်
မှာ မဟုတ်ဘူး''

''မောင်နားလည်ပါတယ် မောင်လည်းအဲလိုခံစားနေရတာပါပဲ၊ ဒါပေမဲ့
မောင်တို့ကြိုးစားနေတာ အနာဂတ်အတွက်ပဲလေ၊ သမီးလေးအတွက်ပဲ
ကိုယ်တို့လိုမဆင်းရဲအောင်''

''အဲဒီတစ်ခုတည်းပဲလား မောင်''

''ဟင်...အဲဒီတစ်ခုတည်းမဟုတ်လို့ ဘာဖြစ်ရဦးမှာလဲ''

မောင်ပျာပျာသလဲ ပြန်မေးလိုက်ခြင်းအတွက် မောင်မမြင်နိုင်သော
နေရာကနေ နှုတ်ခမ်းအစုံမဲ့ပစ်လိုက်မိသည်။ ဒါပေမဲ့ လွမ်းသည့် စိတ်တွေ
ကြောင့် လေသံတောင်မမာရက်ပေ။

''ဘာမှ မဟုတ်ပါဘူး၊ သမီးလေးနေကောင်းတယ်ဆိုရင် ပြီးတာ





ပဲ၊ ဒါနဲ့ မအေးမိုးရော အိမ်ကနေပြောင်းသွားပြီလားဟင်''

''မပြောင်းရသေးဘူးလေ၊ အိမ်အလုပ်၊ သမီးလေးအလုပ်နဲ့ မနိုင်
နင်းဖြစ်နေလို့ သူ့အတွက် သူတောင်အလုပ်မရှာရသေးဘူး၊ မောင်ရော
အမေရော ညီမလေးဝတ်မှုန်ရော ပေဖူးအတွက် ငွေရှာနေကြတော့
အိမ်မှာ အဲလိုတွေလုပ်ပေးနေသေးလို့တော်သေးတာ''

''အဲဒါဆို ပေဖူးအတွက်ငွေရှာပြီး မပို့နဲ့၊ သူ့ကိုသာအိမ်က ထွက်
သွားခိုင်းလိုက်ပါမောင်''

''ဟင်...ပေဖူး ဘယ်လိုပြောလိုက်တာလဲ''

''ပေဖူးက အဝေးကြီးမှာနေရပြီး မောင်နဲ့သမီးလေးအနားမှာ
အခြားမိန်းမက အနီးကပ်ရောက်နေတာ ပေဖူးမကြိုက်ဘူးမောင်၊ ဒီစကား
ကို မောင့်ကိုလည်း သေချာပြောခဲ့ပြီးသား၊ သူ့ရဲ့ ရဲတင်းမှုတွေသိနေလို့
မောင့်ရဲ့သစ္စာတရားကို ယုံကြည်ရမယ်ဆိုရင်တောင် ပေဖူးစိတ်မချနိုင်
ဘူးမောင်''

ကလေးဆန်လိုက်တာလို့ မည်ည်းညူမိအောင် မနည်းထိန်းလိုက်
ရသည်။ ဒီကိစ္စ အမေနှင့်မတိုင်ပင်လို့မဖြစ်တော့ဘူးထင်သည်။ ပေဖူးက
ဒီကိစ္စကြောင့် စိတ်ကသိကအောက်ဖြစ်နေလျှင် အနာဂတ်တစ်ခုလုံး
ပျောက်သွားနိုင်သည်။ ဒါကြောင့်မို့

''ကဲပါ...ပေဖူးရယ်၊ အေးမိုးက အရေးပါတဲ့သူ မဟုတ်ပါဘူး။
ဒါကို စိတ်ထဲမှာ ထည့်မနေနဲ့၊ သူရှိနေတာ အခိုက်အတန့်လေးပါပဲ။
ဒါလည်း မောင်တို့အတွက် အရမ်းလိုအပ်နေလို့ပါ။ပေဖူးစိုးရိမ်ရမယ့် ကိစ္စမျိုး
မဖြစ်ဘူးဆိုတာလည်း မောင် အာမခံပါတယ်''

''ကံကြမ္မာဆိုတာ ကြိုမြင်ရတဲ့အရာမဟုတ်ဘူး မောင်၊ ယောကျ်ားနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရဲ့နီးစပ်မှုက ကိုယ်ကျင့်သိက္ခာကို ဖျက်ပြားစေတော မောင်လည်းအသိပဲ ပေဖူးတစ်ဖက်သတ် စိုးရိမ်နေမိသလား မသိပေမယ့် မျက်ကွယ်ရာမှာ တစ်ယောက်တည်းနေရတဲ့ ပေဖူးဘက်ကို ကိုယ်ချင်းစာကြည့်ပါ''

ပေဖူးပြောတာတွေ နားထောင်တော့လည်း ဟုတ်ရှာမှာပဲဟု စာနာသနားသွားမိ၏။ ဒါပေမဲ့ သက်ပြင်းတွေက လေးပင်ပြီး တနင့်တပိုးမသက်သာလှပေ။

''ပေဖူးရယ်...စိတ်မဆင်းရဲပါနဲ့နော်၊ ပေဖူး စိတ်ချမ်းသာသာနဲ့ ပညာသင်နိုင်အောင် မောင်လုပ်မှာပါ။ ဒီလကုန် မောင်ငွေပို့လိုက်မယ်နော်''

''အင်း...စာအုပ်စာတမ်းတွေဝယ်ရတာ ပရမ်တီကယ်အတွက် လိုအပ်တာတွေ ဝယ်ရမှာလည်း မနည်းဘူး။ စရိတ်စကလည်း အရမ်းကြီးတယ်။ ဒါတောင်သူများတွေကြားမှာ ပေဖူးမျက်နှာငယ်ငယ်နဲ့ ချွေတာပြီး သုံးတာပါ၊ ထမင်းတောင် တစ်နေကုန်မှ တစ်နပ်ပဲစားတာ''

''ပေဖူးရယ်...အဲလိုတော့ဒုက္ခမခံပါနဲ့၊ ကျန်းမာရေးထိခိုက်ရင် မောင်တို့ကြိုးစားသမျှ နာကျင်ခံပြီးခွဲနေရာတာတွေအားလုံး ရေစုန်မျှောသလို အလကားဖြစ်သွားလိမ့်မယ်၊ ဒီက ငွေများများပို့ နိုင်အောင် ကြိုးစားပါ့မယ်နော် ပေဖူး''

''မောင်တို့ကို အရမ်းအားနာတယ် မောင်ရယ်''

''မောင်နဲ့ပေဖူးကြားမှာ ဒီစကားတွေ ပြောစရာလား ပေဖူးရယ်၊ မောင်တို့က အရမ်းကိုချစ်ကြတဲ့လင်မယားတွေလေ။ ပေဖူးကို မောင် သိပ်ချစ်တယ်''

အချစ်ဆိုသောစကားကြောင့် သူမရင်တွေ တဒိတ်ဒိတ် လှုပ်ရှားတုန်ယင်သွားရသည်။ ဆာလောင်မှုတစ်ခုကြောင့် ရင်က ပရမ်းပတာ





နေ၏။ နင့်နင့်သီးသီး တောင့်တနေတာ မောင့်ကို သိပ်ချစ်လို့ ဖြစ်မှာပါ့မောင်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

''မမပေဖူး ညကဖုန်းဆက်တယ်ဆို ဘာတဲ့လဲကိုကို''

''လွမ်းတာရော သတိရတာရော ငွေအရမ်းလိုတာရောအစုံပဲပေါ့ ညီမလေးရယ်၊ ကိုကိုတို့ပေးလိုက်တဲ့ငွေက ဟိုကအတိုင်းအဆနဲ့ဆိုရင် ဆင်ပါးစပ်နှမ်းပက်သလို ဖြစ်နေတယ် ထင်ပါတယ်။ အရမ်းကြီး မညည်းညူပေမယ့် တစ်နေ့လုံးမှ ထမင်းတစ်နပ်ပဲစားပြီး ချွေတာနေတယ်လို့ ပြောတယ်''

''အံမယ်လေး''

''အို…ဒုက္ခပါပဲ''

အမေရော ဝတ်မှုန်ရော စိတ်မကောင်းဖြစ်သွားကြသည်။ အမေက ရင်ဘတ်ကလေးပင်ဖိနေကာ

''ပေဖူးလေးကို အမေတို့ ဒုက္ခခံနိုင်းလိုက်သလိုများ ဖြစ်နေပြီလား သားရယ်၊ ဒီလောက်ချို့တဲ့ခံပြီး ပညာသင်နေရရင်တော့ ကျန်းမာရေး ထိခိုက်တော့မှာပဲ''

''ဒီလိုလည်း ဖြစ်မယ်မထင်ပါဘူး အမေ၊ သူလည်း ဆရာဝန် တစ်ယောက်ပဲ၊ သူ့ကိုယ်သူတယ်လိုနေထိုင်ရမယ်ဆိုတာသိမှာပါ။ ကျွန်တော်





တို့ကပဲ ငွေလုံလုံလောက်လောက် ပို့နိုင်ဖို့ အရေးကြီးတာ''

''အင်း…အဲလိုတော့ လုပ်ရမှာပေါ့၊ အမေတို့ ဒီထက်ဘယ်လိုပိုရှာနိုင်မလဲသား''

''ကျွန်တော်လည်း အဲဒါကို စိတ်ညစ်နေတာအမေ၊ ကိုယ့်ခွန်အားတွေသုံးပြီး ဒီထက်ငွေရှာလို့ရရင် ရှာလိုက်ချင်ပါတယ်။ သမီးလေးရဲ့ နို့မှုန့်ဖိုး၊ အိမ်သုံးစရိတ်၊ အိမ်လခ၊ ပေဖူးဆီငွေလွှဲဖို့၊ ဘာတွေထပ်လုပ်ရမှန်းကို မသိတော့ဘူး''

''ဝတ်မှုန် ရှာပေးပါ့မယ်ကိုကို''

''ဟင်…ညီမလေး''

''ဟုတ်…သမီးကရော ဒီထက် ဘာထပ်ရှာနိုင်မှာတုန်း။ ဖုန်းဆိုင်က သွားခပြန်ခနုတ်ပြီး၊ ငါးသောင်းလောက်ကျန်တယ်၊ အချိန်ပိုင်းအလုပ်က တစ်သိန်းလောက်ရတာ၊ သမီးအကုန်ပေးနေတာပဲ''

''ဟုတ်ကဲ့ အလုပ်ကြိုးစားမှုဘောက်ဆူးကြေးတွေ ထပ်ရမှာပါအမေ၊ နေ့စဉ်လည်းပေးသွားမယ်။ တစ်လတစ်ခါ၊ နှစ်လတစ်ခါ အဲဒါမျိုးလည်း ရမယ်။ မမပေဖူးအတွက် ပြည့်စုံလောက်တဲ့အထိရသွားမယ်ထင်ပါတယ်''

ညီမလေးစကားကြောင့် သတိုးမော်တွေးရခက်ကာ မျက်မှောင်ကြုတ်သွားသည်။

''ဒီလောက်ငွေအများကြီး ရနိုင်အောင် ညီမလေးက ဘယ်လိုအလုပ်မှာ ဘာတွေ လုပ်ရတာလဲ၊ ဟန်းဆက်ဆိုင်က ရမှာလား အချိန်ပိုင်းအလုပ်က ရမှာလား။ ဟို…အချိန်ပိုင်းအလုပ်ကရော ဘာတွေလုပ်ရတာလဲ''

မေးခွန်းတွေ ထပ်သွားတာကြောင့်လား မသိ၊ ဝတ်မှုန်မျက်နှာမှာ ခဲ့မရဲ့အရိပ်အရောင်တို့ ဖြစ်ထွန်းသွားကာ

''ကုမ္ပဏီတစ်ခုမှာ စက္ကူထရိုပုံစံမျိုးပါကိုကို၊ နောက်လဆိုရင် ဖုန်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကနေတောင် ထွက်ရမှာ''

''နေပါဦး အဲဒီကုမ္ပဏီက ညဘက်မှ ဖွင့်တာလား ဘာလုပ်တဲ့ ကုမ္ပဏီမို့လဲ''

''ရှင်...ဟို အဲ အဲဒါ''

ပြောမိပြောရာ ပါးစပ်ထဲရှိရာ ပြောလိုက်ပြီးမှ ခပ်ဆတ်ဆတ် ကိုကို့ အမေးကို ဝတ်မှုန်ဘာထပ်ဖြေရမှန်းမသိတော့ပေ။ ကိုကိုက မျက်မှောင် ကြုတ်ဖြင့်

''ကွန်ပျူတာဆိုင်မှာလိုလို အချိန်ပိုင်းလုပ်နေတယ်ထင်တာ၊ ညဘက် ဖွင့်တဲ့ ကုမ္ပဏီဘယ်မှာရှိလို့လဲ''

''ဘယ်လို...ပြောရမလဲကိုကိုရယ်၊ စက်ရုံလည်ပတ်မှုကဒေးနဲ့နိုက် ရှိတယ်။ ကော်ဖီမစ်တွေဘာတွေ လုပ်တာပေါ့၊ နိုက်ဂျူတီကျတော့ ဝန်ထမ်းက မလုပ်ချင်ကြဘူးလေ၊ အဲဒါ ဝတ်မှုန်က အချိန်ပိုသဘော ဆင်းလို့ ပိုက်ဆံပိုရတာ''

''ကုမ္ပဏီနာမည်က ဘာလဲ၊ ကိုကို လေ့လာကြည့်လို့ရအောင် ညဘက်ကျတော့ မိန်းကလေးတစ်ယောက်အတွက် အန္တရာယ်များတယ်''

''ဟိုလေ...တခြားဝန်ထမ်းမိန်းကလေးတွေလည်း အများကြီး ကိုကိုရဲ့၊ အမြဲတမ်းနိုက်ဂျူတီချည်းကျမှာလည်း မဟုတ်ပါဘူး။ ဒေးဆင်း တဲ့နေ့လည်း ရှိမယ်။ ဒေးရောနိုက်ရော ဆင်းရတဲ့အခါလည်း ရှိချင်ရှိ ပဲ၊ ညီမလေးအတွက် စိတ်မပူပါနဲ့၊ မမပေဖူးအတွက်ပဲ အရေးကြီးတယ် မမပေဖူးအထူးကုဆရာဝန်မကြီးဖြစ်ပြီး အောင်မြင်မှုတွေနဲ့ ပြန်လာ ညီမလေးတို့ဘဝ ပြောင်းလဲသွားမှာ ကိုကို၊ ဆင်းရဲချို့တဲ့တဲ့ဒဏ်က မွေး တည်းက ရင်ဆိုင်နေရလို့ ညီမလေးအရမ်းကြောက်လန့်နေပြီကို မသေခင်တစ်ခါလောက် ပြည့်ပြည့်စုံစုံနဲ့ ချမ်းသာတဲ့ဘဝမှာ နေကြည့်





ချင်သေးတယ်''

''ညီမလေးရယ်''

စိတ်မကောင်းစွာ ညီမလေးပခုံးကို ဖက်တွယ်ထားလိုက်မိသည်။ အမေလည်း မျက်ရည်ဝဲနေကာ

''မိဘတွေ ကြိုးပမ်းမှု မရှိခဲ့လို့ သားနဲ့သမီး ဆင်းရဲခဲ့ရတာပါကွယ်။ အမေတို့က ပညာမတတ်ခဲ့လို့ ဘာအမြော်အမြင်မှ မရှိခဲ့ဘူး။ ကြီးပွားရာ ကြီးပွားကြောင်းဆိုတာလည်း မတွေးခဲ့၊ စိတ်ကူးမယဉ်ခဲ့ဖူးဘူး။ လုပ်မယ် ကိုင်မယ် စားမယ် သောက်မယ်။ အရွယ်ရောက်လို့ အိမ်ထောင်ကျရင် ကိုယ့်ဘဝကိုယ်ကျောင်းကြလိမ့်မယ်။ ဒီလိုပဲ အခြေအမြစ်မရှိ လွယ်လွယ် သွားခဲ့တာ''

''အမေရယ်...အဲဒါတွေ မပြောပါနဲ့တော့၊ အမေ့ကြောင့် ကျွန်တော်တို့ ဒီကို ပြောင်းလာခဲ့ကြတာလေ၊ ပညာမဲ့တယ်ဆိုပေမယ့် အသိဉာဏ် နောက်မကျလို့ အချိန်မီရောက်လာတာပဲလေ၊ ဒါပေမဲ့ ကံတရားက အခြေအနေ မပေးခဲ့ဘူး။ အဲဒါအမေနဲ့အဖေရဲ့ အပြစ်မှ မဟုတ်တာ၊ ဦးတော့''

''အခုလည်း အခွင့်အရေးရှိပါသေးတယ်လို့ ပြောမလို့လား၊ အဲဒီအခွင့် အရေးရဖို့က ပေးဆပ်ရမယ့်အရင်းအနှီးက များလွန်းတယ်သား၊ အမေတို့ သတ်နိုင်တဲ့အခါ လမ်းခုလတ်က ပြတ်ကျန်ပြီး ဒီဘဝ ထက်ပိုဆိုးတဲ့ အခြေအနေရောက်သွားနိုင်တယ်''

''အမေ''

ဝတ်မှုန်က အမေ့လက်ကလေးကို ဆုပ်ကိုင်လိုက်ကာ

''ဟင့်အင်း...အဲဒီလို အဖြစ်မခံနိုင်ဘူးအမေ၊ ချို့တဲ့တဲ့ဘဝကို မခံသွားဘူး။ မပြည့်စုံတဲ့ခါးသီးမှုတွေကို ထပ်မခံချင်တော့ဘူး၊ ဝတ်မှုန်တို့

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးသားကြွရာမယ့် ဝတ်မှုန် ကြိုးစားမှာပါအမေ''

"အေးပါ ညီမလေးရယ် အမေက သဘောပြောတာပါ၊ အခ ကိုကိုတို့က ပေဖူး ပညာကောင်းကောင်းသင်လို့ရအောင်၊ ပြည့်ပြည့်စုံ ပံ့ပိုးပေးနိုင်ရင် သိပ်မကြာခင် အထူးကုဆရာဝန်မကြီးရဲ့မိသားစု ဖြစ်သွာ မှာပဲ၊ အဲဒါဆိုရင် ပြီးပြည့်စုံပြီး အခြေအနေအဆင့်အတန်းမြင့်တဲ့သူတွေ ဖြစ်သွားပြီပေါ့ ညီမလေးရဲ့ မဟုတ်ဘူးလား''

''ဟုတ်တယ် အဲလိုဖြစ်ဖို့ ညီမလေးငွေရှာမယ်ကိုကို၊ ဒီအခြေအနေ က လွတ်မြောက်ဖို့အတွက် ရုန်းကန်သင့်တာပေါ့၊ မမပေဖူးအတွက် ပေးဆပ်သင့်တာပေါ့''

သတိုးမှော်တို့ စကားပြောနေစဉ်မှာ၊ အေးမိုးအိပ်ချင်မူးတူးပုံစံနှင့် အနားဝင်ထိုင်ပြီး

''ဟဲ့ ဒီသားအမိတွေ ဘာတွေ ဆွေးနွေးတိုင်ပင်နေကြတာလဲ ငါ့မှာ ကလေးသိပ်ရင်းနဲ့ အိပ်ချင်လိုက်တာ မပြောပါနဲ့တော့''

''သမီးလေးအိပ်သွားပြီလား''

''နင့်အခန်းထဲမှာ နို့ဘူးတပ်ပြီး သိပ်တော့သိပ်ထားခဲ့တာပဲ၊ ဒါပေ နင့်သမီးက နင့်ကိုယ်ငွေ့ကို သိတယ် ထင်တယ်။ ကဂျီကဂျောင်နဲ့ေ ဒါပေမဲ့ ငါသီချင်းပေါင်းစုံ ဆိုလိုက်ရင်တော့ သဘောတွေကျပြီး ရယ်တေ တာပဲ၊ အဲဒါကြောင့်တော်တော်နဲ့ မအိပ်နိုင်ဖြစ်နေတာပေါ့၊ လူလည် အရှုးနဲ့တူနေပြီ''

''ဟင်း ဟင်း . . . ကျေးဇူးတင်ပါတယ်ဟာ၊ နင့်ကြောင့် ငါ လည်းငွေရှာလို့ရတဲ့အလုပ်ကို လုပ်လို့ရတာ''

''နင်တို့ချမ်းသာတဲ့အချိန် ငါ့ကိုမမေ့မထားရင်တော်ပါပြီ၊ အိမ်ဖော်ပ ပဲ လုပ်ရလုပ်ရ''





''အို . . . အေးမိုးရယ်၊ အဒေါ်တင့်တို့က အေးမိုးကို အဲလိုနေရာမှာ ပါ့မလား၊ စာရေးမဖြစ်ဖြစ် မန်နေဂျာဖြစ်ဖြစ်၊ အိမ်တော်ထိန်းကြီး ဖြစ်''

''အမေ''

အခုမှ ပေဖူးလွှာပြောထားတာတွေ သတိရပြီး အမေ့ကို လက်ကုတ် ဟန့်တားလိုက်ရသည်၊ အမေက သဘောမပေါက်သလို မျက်ဝန်းလေး ကြည့်၏။

''ဟော . . . သမီးလေး ငိုတယ် ထင်တယ်၊ အေးမိုးတစ်ချက်လေး ကြည့်ပေးပါဦးဟာ၊ ခဏနေရင် ငါလာခဲ့ပါ့မယ်''

''အေး နင့်အခန်းထဲမှာ ငါ အိပ်ပျော်သွားရင်တော့ မတတ်နိုင် နော်၊ လာပြီးတော့ စောင်လုမခြုံနဲ့''

အေးမိုးပြောတာကို အမေနှင့်ညီမလေးက သဘောကျနေကြသည်။ တော့ သူ့အခန်းထဲ ဝင်သွားသော အေးမိုးကို ကြည့်၍ သက်ပြင်း ကာ

''အေးမိုးကို အိမ်မှာထားလို့ မဖြစ်တော့ဘူးထင်တယ် အမေ''

''ဟဲ့ ဘာဖြစ်လို့လဲသားရဲ့၊ သူရှိလို့ အမေတို့ ငွေထွက်ရှာရတာ င်ပြေတာလို့ ခုနကပဲ အေးမိုကို သားပြောလိုက်သေးတယ် မဟုတ် တကယ်လည်း သူကလေးထိန်းပေး ချက်ပြုတ်လျှော်ဖွပ်ပေး အလုပ်တွေလုပ်ပေးလို့ ပေဖူးအတွက် အမေတို့ အားသွန်ခွန်စိုက် နိုင်တာ မဟုတ်လား''

''ဟုတ်ပါတယ်၊ အမှန်ပါပဲ၊ တကယ်လည်း အေးမိုးကလိုအပ်ပါတယ်၊ လေးအတွက် စိတ်ချရတယ်၊ အိမ်အတွက်စိတ်ချရတယ်၊ အဲဒါကြောင့် တင်ဖို့လည်းကောင်းပါတယ် အမေ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို"

"ပေဖူးက မကြိုက်ဘူး"

"ဟင်"

"မမပေဖူးက ဘာလို့မကြိုက်တာလဲ၊ ဘာကိုမကြိုက်တာလဲ ကို

သူပြောရမှာ နှုတ်လေးဆွံ့အနေမိသည်။ အေးမိုးက သွက်လ ရဲတင်းပွင့်လင်းသည်ဆိုပေမယ့် သူ့အပေါ် ရိုးသ ..က သူသိပါသည် မိသားစုအပေါ်လည်း ဆွေမျိုးရင်းချာလို စေတနာမေတ္တာဖြ ..တာ သံသ ဖြစ်စရာမရှိ။

"သား...ပေဖူးက အေးမိုးနဲ့သားကို သဝန်တိုအမြင်စောင်း တာလား"

"အမြင်စောင်းနေတယ်ဆိုတာထက် စိတ်မချနိုင်ဖြစ်နေတာ၊ အ ဆွေမျိုးဆိုပေမယ့် ဖွတ်အတင်းစပ်ဟပ်မှ တော်တယ်ဆိုတာ သိနေတဲ့အတွ အေးမိုးကို သူစိမ်းလို့ပဲတွေးတာ၊ အဲဒီတော့ တစ်အိမ်တည်းအတူနေတာ သူစိတ်မချဘူး၊ သူက အဝေးမှာနေရပြီး သူစိမ်းမိန်းကလေးနဲ့ အိမ် အတူနေနေရတယ်ဆိုတဲ့ စိတ်ရှိုင်းဝင်နေသလားလို့ပဲ"

"အို...မဆိုင်တာသားရယ်၊ အမေတို့လည်း ရှိနေတာပဲ၊ မ တရော် ဖြစ်စရာလား၊ အေးမိုးလေးကလည်း ဘာစိတ်ညာစိတ် မ ပါဘူး"

"ကျွန်တော် သိတယ်၊ အေးမိုးကလည်း သူ့ကို အဲလို ထင်နေတယ် တွေးမိမှာတောင် မဟုတ်ဘူး၊ သူစေတနာသန့်သန့်နဲ့ ကူညီနေတာ ဒါပေမဲ့ ပေဖူးက ဒီအတွက် စိတ်မချပြီး စာမေးပွဲ ကောင်းကောင်းဖြေ မယ် မထင်ဘူး"

"ဟင်...ဟိုမှာ နှစ်တွေအကြာကြီးလည်း နေရမှာမဟုတ်





ဘယ်လောက်မှ မကြာဘဲနဲ့ ဒီအတောအတွင်းမှာ စိုးရိမ်စရာကိစ္စတွေက ဖြစ်လာမှာလား၊ ကိုကို့ ကိုယ်ကျင့်သိက္ခာကို မယုံကြည်သလိုကြီး ဖြစ် နေတယ်"

ညီမလေး ပြောသောစကားကြောင့်၊ ထိုအကြောင်းကို ကိုယ်လည်း တွေးဖြစ်သည်။ ဒါပေမဲ့ပေဖူးဘက်က ခံစားချက်တွေ ပြန်တွေးမိတော့ လည်း အားလုံးနှင့် ဝေးနေရတာကြောင့်၊ စိတ်တွေအစွန်းရောက်နေ တာပဲဟု ကိုယ်ချင်းစာပေးမိပြန်၏။

သက်ပြင်း‌တွေက လေးလံသွားကာ

"ဒါပေမဲ့ ညီမလေးရယ်၊ ပေဖူးလည်း ကိုကို့ကို ချစ်လို့နေမှာပါ၊ မိန်းကလေးဆိုတာက သဝန်တိုတတ် သဘောထားသေးတတ်ကြတာပဲလေ"

"ဒါပေမဲ့"

"အဲဒါတွေ မပြောပါနဲ့တော့၊ အေးမိုးကို ဘယ်လိုပြောပြီး ဒီ အိမ်ကသွားအောင် အလိမ္မာသုံးပြီး ပြောသင့်သလဲ စဉ်းစားပေးပါ၊ ဒီ အတိုင်းကြီး ပြောလိုက်ဖို့က ကျွန်တော်လည်း အေးမိုးကို အားနာမိ တယ်"

"အင်း...ခက်လိုက်တာ"

အမေ အသက်ရှူဖို့တောင် ခက်သွားဟန်တူသည်၊ ညီမလေးကလည်း မျက်နှာမကောင်းစွာနှင့်ခေတ္တအသံတိတ်သွား၏။ ပြီးမှ အမေ့ဆီက သက်ပြင်းချသံကြားလိုက်ရပြီး

"အမေတော့ အေးမိုးကို အဲလိုမလုပ်ရက်ဘူးကွယ်၊ သူ့ခမျာ အမေတို့ကို အားကိုးပြီး ရန်ကုန်ရောက်လာရှာတာ။ ဒါတောင် မျှော်လင့် မထားဘဲ အမေတို့ကို ကိုယ်ဖိရင်ဖိ ကူညီနေရှာတာပါ၊ အမေတို့ကတောင် သူ့ကိုအားကိုးနေရသလို ဖြစ်နေတယ်။ သား စဉ်းစားကြည့်၊ သူသာ



www.burmeseclassic.com

www.burmeseclassic.com



မရှိရင် အမေတို့ ပေဖူးအတွက် ဘယ်လိုလုပ် ငွေရှာနိုင်မလဲ၊ ရှာရ
ငွေက နည်းနည်းနောနော မဟုတ်ဘူး''

''ကျွန်တော် သဘောပေါက်ပါတယ်အမေ၊ ကျွန်တော့်ကြောင့် အမေ ပင်ပန်းနေတာ စိတ်မကောင်းပါဘူး။ အေးမိုးလည်း ကျေးဇူးရှိပါတယ် ဒါပေမဲ့ ကျွန်တော်တို့လေးယောက်လုံးရဲ့စေတနာမေတ္တာတွေကို ပေဖူး နားမလည်ဘူးအမေ၊ အဝေးကိုရောက်နေလို့ သူ့ရဲ့အချစ်တွေ အဝေး ရောက်သွားတာလား မသိဘူး၊ အေးမိုးရှိမှ ငွေပို့နိုင်မယ်ဆိုရင် သူ့ပညာဆက်မသင်တော့ဘူး။ ပြန်လာတော့မယ်တဲ့''

''ဟင်''

''ဘာ''

အမေရောညီမလေးရော မျက်လုံးမျက်ဆံပြူးသွားကြသည်။ ဒီလိုသာ လုပ်လိုက်လျှင် ရင်းနှီးပေးဆပ်ထားမှုတွေ အချည်းနှီးအလဟဿ နစ်နာ ရှုံးတော့မည်မဟုတ်လား။

အမေက လူကြီးပီပီ တွေးဆမိဟန်ဖြင့်

''ဒီလိုလုပ်လိုက်ရင် အမေတို့နေစရာအိမ်မရှိ၊ အကြွေးတွေလည်း တစ်သက်လုံး ဆပ်မကုန်နစ်မွန်းပြီပေါ့သားရယ်''

''ဟုတ်သားပဲကိုကို၊ မမပေဖူးက ညီမလေးတို့စေတနာကို စော်ကား တာပဲ၊ ငွေတွေက လွယ်လွယ်တွင်းထဲကနှိုက်ထုတ်ပေးလိုက်ရတာမဟုတ် ဘူး''

''ကိုကိုသိတယ်၊ ဒါပေမဲ့ သူက ကိုကိုနဲ့သမီးလေးကိုခွဲရတာကို''

''အချစ်က ဒီအချိန်မှာအရေးကြီးသလား၊ ဘွဲ့ရပြီးရင်တောင် အဲဒီ တစ်ခုထပ်စောင့်နိုင်မယ့် အဆင်ပြေမယ့် ပြည့်စုံမှုအတိုင်းအတာမှာ သူတ ကလည်း အလွမ်းဆိုတာလောက်တော့ ရင်းနှီးမြှုပ်နှံနိုင်ရမှာပေါ့''





အမေပြောတာဖြစ်နိုင်တာမို့ သူ့အလေးအနက်ထောက်ခံချင်သော် ည်း ရင်ထဲမွန်းကျပ်ကာ ခေါင်းတောင်မညိတ်နိုင်ပေ။ ညီမလေးက က်ရည်လည်ကာ ခေါင်းယမ်းပြီး

''ညီမလေးတို့ သူ့စိတ်ကဒီလိုဆိုတိုင်း မျှော်လင့်ချက်တွေ စွန့်ပစ် လိုက်လို့တော့မဖြစ်ဘူးကိုကို၊ မမပေဖူးလည်း အဝေးကနေ အေးမိုးဒီအိမ် နေတယ်ဆိုတာ မြင်နိုင်သိနိုင်တာမဟုတ်တော့ နှင်ထုတ်လိုက်ပြီဆိုပြီး ပြောလိုက်ပါလား''

''ဟင်...ညီမလေးပြောတာက ''

''ဪ...ကိုကိုက အတည်ပေါက်နဲ့ အေးမိုး ဒီအိမ်မှာမနေတော့ ဘူး အဆောင်ပါပေးတဲ့ အလုပ်တစ်ခုရသွားပြီပြောလိုက်ပေါ့၊ တူမလေး ကိုတော့ အမေဈေးခေါ်သွားတယ်၊ ဈေးထဲကလူတွေက ကလေးကိုဝိုင်း ထိန်းပေးတယ်၊ ဘာညာခပ်တည်တည်ပြောလိုက်ပေါ့ကိုကို''

''ဟုတ်တယ်သမီးလေး အကြံပေးသလို လုပ်ကြည့်တာကောင်းလိမ့် မယ် ပေဖူးမြင်နိုင်တွေ့နိုင်တာမှမဟုတ်ဘဲသားရယ်၊ သူ့သဘောက ဒီလို ယ်ဆိုပြီးအမေတို့အလွယ်လက်ခံလိုက်ရင် မိသားစုဘဝတစ်ခုလုံး ချောက်ထဲပြန်ရောက်သွားမှာ၊ မျှော်လင့်ချက်သေရင် ဘဝသေကာပဲ၊ တို့ရဲ့သမီးလေးအတွက် သားအဲလိုအဖြစ်ခံနိုင်သလား''

''ဟင့်အင်း''

သူထိတ်လန့်စွာပင် ခေါင်းယမ်းမိကာ

''သမီးလေးကို ကျွန်တော်တို့လို ပညာမဲ့လို့ဆင်းရဲတာမျိုးအမွေ ဆက်ဆင့်မကမ်းချင်ဘူးအမေ၊ ပြည့်စုံအောင်နေနိုင်ဖို့အခွင့်အရေးတွေရှိ က်နဲ့ ဒီအတိုင်းစိတ်ဆန္ဒကြောင့် စွန့်လွှတ်လိုက်ရတာမျိုးလည်း မဖြစ် ဘူး၊ အနာဂတ်ပျောက်ရင်အမေပြောသလို ဘဝပါပျောက်သွားလိမ့်မယ်''

www.burmeseclassic.com



"ဒါဆိုရင် သမီးဝတ်မှုန်အကြံပေးသလို အမေတို့မီးစင်ကြည့်ကရုံ
သား၊ ပေဖူးပြန်လာတဲ့အခါ အားလုံးကိုအဆင်ပြေပြေ အငြိအစွန်းမ
မြင်တွေ့ရတဲ့အခါ သူစိတ်ဆိုးမှာလည်းမဟုတ်ပါဘူး၊ လိမ်ညာတယ်ဆိုပေ
မယ့် ဒီလိုပြောလိုက်တာဟာ သူလည်းစိတ်သက်သာမှာပါသားရယ်"

သူလက်ခံလိုက်ရတော့မလား၊ လိမ်ညာရမှာ စိတ်ထဲကတော့မလုံလှ
ပေ။ သူ့တစ်သက်မှာ ဒီလိုလိမ်ညာလှည့်ပတ်မှုမျိုးတစ်ခါမှ မလုပ်ဖူးပါ

"ဖြစ်ပါ့မလားအမေ၊ ပေဖူးသိသွားရင်"

"နိုင်ငံခြားနဲ့မြန်မာပြည် လှမ်းမြင်နိုင်တဲ့နေရာမဟုတ်ပါဘူးသား၊ သူ့ကို
အမေတို့လိမ်တာ သူစိတ်သက်သာဖို့ပါ။ ဒါမှ ပညာကောင်းကောင်းသင်ပြီး
ပြန်လာနိုင်မယ်လေ၊ ရှေးက ဆရာတော်ကြီးတစ်ပါးပြောဖူးတယ်၊ လူက
ငွေရှိရင် ပညာပြည့်စုံရင် စိတ်ဓါတ်အလိုလိုမြင့်မားလာတယ်တဲ့၊ မပြည့်
စုံလေဆင်းရဲလေ၊ မစ္ဆရိယစိတ်များပြီး အကုသိုလ်ပွားလေပဲတဲ့၊ ပေဖူး
ပညာပြည့်စုံလာရင် အမေတို့စေတနာကို သူနားလည်လာမှာပါကွယ်
အချစ်စိတ်ရဲ့သဘောကို အမေလည်း ငယ်ရာက ကြီးလာတာမို့ သိပါတယ်
မြေးလေးရှိနေတဲ့အတွက် သားကိုပေဖူးအပြစ်ကြီးကြီးမြင်မှာ မဟုတ်ပါဘူး"

သူ မျက်လုံးကိုစုံမှိတ် အံကြိတ်လက်သီးဆုပ်ကာ ခေါင်းညိတ်လက်
လိုက်ရသည်။ နောင်တစ်ချိန်အတွက် ဒီတစ်ကြိမ်လိမ်ညာလိုက်တာကို
ပေဖူးနားလည်ပေးနိုင်ပါ့မလား။ အဆိုးဖြစ်ခဲ့မယ်ဆိုရင်တော့ အချစ်ရေး
အလွမ်းရင့်ပေတော့မည်။

❀ ❀ ❀



## အခန်း (၁၅)

"ဟယ်...ဟယ်လို ပေဖူး"

အသံကိုကြားနေပါလျက် အလွမ်းတွေဆင့်ကဲ ခံစားနေရမြဲပင်။
ဖူးလည်း မျက်နှာကိုမမြင်ရပေမယ့် သူနဲ့စကားပြောတိုင်း မျက်ရည်ဝဲနေ
မည်ဆိုတာသေချာ၏။ အချစ်သက်သက်နှင့် တည်ဆောက်ခဲ့သည့်
နှစ်ခုရဲ့ ပေါင်းစည်းမှုပဲမဟုတ်ပါလား။ သူ့မှာ ဘာမှမက်မောတွယ်တာ
မရှိဘဲ အချစ်ကြောင့် ပေဖူးစွန့်စားခဲ့တာ။

"မောင်"

"ဟင်...ဟင် ပေဖူး"

"ဘာမှလည်းမပြောဘူး၊ မောင်နေမကောင်းဘူးလားဟင်၊ ပေဖူး
တွက် ငွေတွေရှာနေရလို့မောင်အရမ်းပင်ပန်းနေပြီလား"

"လွမ်းရတဲ့ဝေဒနာလောက် မပင်ပန်းပါဘူးပေဖူးရယ်၊ သမီးလေးကို
ပြီး ပေဖူးမွေးထားတာပါလားလို့ တွေးမိရင် ပိုလွမ်းတယ်ပေဖူး၊ နာကြည်း
တွေကြောင့်ခွဲနေရတာမဟုတ်တော့ တမြေ့မြေ့နဲ့လောင်ကျွမ်းသလိုတောင်
ရတယ်"

"ဒါနဲ့များ ပေဖူးကို ဘာလို့ခွဲထုတ်လိုက်တာလဲ မောင်ရယ်၊ နေ့က



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေကြာမှ သမီးလေးကိုပြည့်ပြည့်ဝဝနှုတ်ဆက်ပြီးမှဆိုရင် တော်သေ
တယ်၊ အခုတော့ နို့ကြောတွေတင်းလာရင် မောင့်ကိုမုန်းမိမလိုတော
ဖြစ်မိတယ်''

''ပေဖူးရယ်''

စာနာစိတ်နှင့်မမုန်းလိုက်ပါနဲ့လို့တောင် ပြောမထွက်ပေ။ အောင့်မျ
လာသောရင်တခြမ်းကို လက်နှင့်အသာဖိရင်း တအဲ့အဲ့မြူနေသော သမ
လေးပါးစပ်နားကို ပေဖူးနားထောင်လို့ရအောင် ဖုန်းလေးတိုးကပ်ပေ
လိုက်သည်။

''ပေဖူး...သမီးလေးအော်နေတာကြားလားဟင်၊ အဲဒါမေမေ
ခေါ်နေတာဖြစ်မှာပေဖူးရဲ့၊ ပေဖူးထူးလိုက်လေ၊ သမီးလေးရေလို့လည်
ခေါ်ကြည့်''

''သ...သမီးလေးက နို့ဆာလို့ အော်နေတာ မဖြစ်နိုင်ဘူးလာ
မောင်၊ မေမေချိုချိုဆာတယ်လို့ပြောနေတာဖြစ်မယ်''

''ပေဖူးရယ်''

ငိုသံစွက်နေသော ပေဖူးအသံက လှိုက်ခါတုန်ခတ်လို့နေသည်။ ရင်
မချမ်းမြေ့စွာ ကိုယ်ပါမျက်ရည်ဝဲမိ၏။ သမီးလေးကို ရင်ခွင်မှာဖွေ့ပိုက်
လိုက်ကာ နမ်းရှုပ်မွှေးရင်း ဖုန်းကိုလည်း မပိတ်မိသေးပေ။ ပေဖူးလည်
ဖုန်းကဒ်ကုန်ဟန်မတူသေးဘဲ ရှိုက်သံလိုလိုအရင်ထွက်လာပြီး

''အေးမိုးရော အိမ်မှာရှိသေးလား မောင်၊ အိမ်မှာနေတုန်းပဲလား''

''ဟင်...မ...မရှိတော့ဘူး၊ သူအလုပ်ရသွားပြီး အဆောင်မှာနေ
တယ်''

''တကယ်လား၊ မောင် ဘယ်လိုပြောပြီး နှင်ထုတ်လိုက်တာလဲ''

''နှင်...နှင်ထုတ်တယ်ရယ်တော့မဟုတ်ဘူး၊ သူ ဖိနပ်စက်ရုံတ





မှာ အလုပ်ရတယ်၊ အဆောင်ပါနေခွင့်ရတော့ သူ့အတွက် အဆင်ပြေ
သွားတာပေါ့''

''သြော်...ဟုတ်သား''

အစပိုင်းမှာ မှာဘာဝါဒမကျူးလွန်ဖူးသူမို့ မလုံမလဲ ထစ်ငေါ့နေသော်
လည်း ပေဖူးစိတ်ချမ်းသာဖို့ လိမ်ညာရတာပဲဟုတွေး၍ တည်ငြိမ်စွာ
လေးအနက်ပြောလိုက်တော့ ပေဖူးယုံကြည်သွားဟန်တူသည်။ သက်ပြင်း
ရှည်သံသဲ့နှင့်

''အေးမိုးအတွက်တော့ စိတ်မကောင်းပါဘူးမောင်၊ ဒါပေမဲ့ တစ်
ယောက်တည်းနေရတဲ့ ပေဖူးဘက်ကလည်း စဉ်းစားကြည့်ပါ။ အလျင်လို
မောင်တို့ရဲ့ဆန္ဒတွေကြောင့် နို့မပြတ်ခင်မှာသမီးလေးနဲ့ခွဲနေရတယ်၊ မောင်
နဲ့လည်း သက်တမ်းရင့်ရင့်အတူမနေရသေးဘဲ အဆင်ပြေဖို့တစ်ခုကို
ကြောင်းပြပြီး ဝေးနေရတယ်၊ အဲလိုအချိန်မှာ မောင်တို့က သူစိမ်းတစ်
ယောက်နဲ့ပျော်နေကြမယ်ဆိုရင်''

''ပေဖူးရယ်...အဲဒါမတွေးပါနဲ့နော်၊ ပေဖူးပင်ပန်းနေမှာစိုးလို့ပါ၊
ခု အေးမိုးလည်းအိမ်မှာမရှိတော့ဘူး၊ ပေဖူးစိုးရိမ်ရမယ့်ကိစ္စမျိုးလည်း
ဘယ်တော့မှဖြစ်လာမှာမဟုတ်ပါဘူး၊ အဓိကက ပေဖူးပညာတွေကောင်း
ကောင်းသင်ပြီး ပြန်လာဖို့ပဲ၊ ဒီတစ်နှစ်စာမေးပွဲဖြေလို့မအောင်ခဲ့ရင် နောက်
တစ်နှစ်ထပ်ရှန်းကန်ဖို့က ဒီထက်ပိုပြီးပင်ပန်းမှာပဲ၊ မောင်တို့ထပ်မဝေး
အောင်''

''ပေဖူးနားလည်ပြီမောင်၊ ပေဖူးကြိုးစားပါ့မယ်၊ မောင်နဲ့သမီးလေး
ဆီ အမြန်ဆုံးပြန်လာနိုင်အောင် နောက်တစ်ကြိမ်မခွဲရအောင် ပေဖူးကြိုး
စားပါ့မယ်''

ပေဖူးဆီက လှိုက်လှဲသောကတိစကားကြောင့် သူသက်မသာကြီးချ



www.burmeseclassic.com

www.burmeseclassic.com



ကာ စိတ်ကျေနပ်သွားရသည်။ အေးမိုးကိုစွ စိတ်ချသွားတာလည်း စိတ်သက်သာရာရမိသေး၏။

ပေမှုးနှင့်စကားပြောပြီးသည့်အချိန်မှာ သမီးလေးကို ချော့သိပ်ဖို့ ကြိုးစနေသည်။ သမီးလေးနှင့် အခုချိန်ထိ တစ်ခါမှခွဲမအိပ်သေးပါ။ သူအလုပ်ကပြန်မလာသေးခင်တော့ အေးမိုးကထိန်းကျောင်းချော့မြူ၍ သိပ်ပေးထားတတ်သည်။

ညသန်းခေါင်ကျော် ကလေးငိုသံကြားလည်း အအိပ်ဆတ်ကာ ချက်ချင်းနိုးသလို ကလေးကိုခေါ်၍ ထိန်းပေးပြီး၊ ဆေးရုံဆေးခန်းပြေးစရာရှိလည်း မိခင်ရင်းတစ်ယောက်လို ပူပန်တတ်သူပင်။

"ဒေါက် ဒေါက်"

"ဘယ်သူလဲ၊ အမေလား"

"မဟုတ်ဘူး ငါပါ ဖူးဖူးလေးအိပ်သွားပြီလား"

"ကြော်…အေးမိုး၊ ငါသိပ်နေပါတယ်၊ နိုးဘူးလိုဦးမယ်ဟ"

"ငါ ဖျော်လိုက်မယ်လေ၊ ကလေးအိပ်မှ နင်ထွက်ယူမလား၊ ငါဝင်ပို့ရမလား"

"ငါ လာယူပါ့မယ်၊ အမေရော အိပ်သွားပြီလား၊ညီမလေးရော"

"အဒေါ်တင်ကတော့ သိပ်နေမကောင်းဘူးဆိုတာနဲ့ ဆေးတိုက်ပြီး အိပ်ခိုင်းလိုက်တယ်၊ ဝတ်မှုန်ကတော့ မလာသေးဘူး"

"ညီမလေးက နေ့တိုင်းမိုးလင်းပေါက်ပဲ ထင်တယ်၊ တစ်ခါတလေ တစ်ပတ်ဆယ်ရက် အိမ်ပြန်မလာရဘူး၊ အရမ်းပင်ပန်းရှာမှာ၊ ညီမလေး သနားပါတယ်ဟာ"

သမီးလေးလန့်နိုးမှာစိုး၍ အသံခပ်အုပ်အုပ်နှင့် ရင်ဖွင့်မိရင်း အခန်းပြင် ထွက်လာခဲ့သည်။ အေးမိုးက နို့ဘူးဖျော်နေရင်းနှင့်





"ဝတ်မှုန်က ဒီဆင်းရဲတဲ့ဘဝက အရမ်းလွတ်မြောက်ချင်နေတာ၊ ပေးလွှာသာ အထူးကုဆရာဝန်မကြီးဖြစ်ရင် လွတ်မြောက်မှာ အသေအချာပဲလို့ ထင်နေတာလေ၊ ဒါကြောင့်မို့ ဒီအချိန်မှာ သူ အရမ်းကြိုးစားပြီး ရှာနေတာပေါ့၊ ဒီက ဒီလောက်အပင်ပန်းခံငွေရှာပြီး ပို့နေတာရော ပေးလွှာ လုံလောက်ရဲ့လား"

"မသိဘူး အဆင်ပြေတယ်လို့တော့ ပြောတာပဲ၊ ဒါပေမဲ့ငါတို့ပို့နိုင်တဲ့ငွေက နိုင်ငံခြားကုန်ကျစရိတ်နဲ့ ဆင်ပါးစပ်ထဲနှမ်းပက်သလိုဖြစ်ပြီး ပေးဒုက္ခရောက်နေမှာပဲ စိုးရိမ်တာ"

"အေး…အဲဒါကို မလွှတ်ခင်တည်းက ကိုယ့်အိုးနဲ့ကိုယ့်ဆန်တန်ရဲ့ ကိုယ်တတ်နိုင်တဲ့ငွေနဲ့ ဖြစ်နိုင်ပါ့မလားဆိုတာ တွေးရမှာ၊ အခု ဘက်လည်း မပြည့်စုံ၊ ဒီဘက်လည်းချို့တဲ့နဲ့၊ လမ်းဆုံးရောက်တဲ့အထိ တို့နှစ်ဖက်စလုံးတောင့်ခံနိုင်ပါ့မလား"

အေးမိုးရဲ့အလေးအနက်မေးခွန်းမှာ သက်ပြင်းတွေနှင့်ဗလုံးဗထွေး သွားခဲ့ပြီး

"ပန်းတိုင် မပျောက်ဖို့တော့ တောင့်ခံရမှာပေါ့ဟာ၊ ညီမလေးက ကျိုးမာန်တက်ငွေရှာထောက်ပံ့နေတာ၊ အားပြတ်သွားမှာတော့ စိုးရိမ် ယ်၊ ပြီးတော့ မျှော်လင့်ချက်တွေပျောက်ရင် အမေလည်း ဗုန်းဗုန်းလဲမှာ"

"အဲဒါတော့ ဟုတ်တယ်၊ အဲဒါနဲ့ပတ်သက်ပြီးနင့်ကို တစ်ခုလောက် တော့ ပြောချင်တယ်"

"ဘာများလဲ"

"ဝတ်မှုန်က ကော်ဖီမစ်စက်ရုံမှာနေ့ဆိုင်းညဆိုင်းနဲ့ အလုပ်ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ဟုတ်ရောဟုတ်ရဲ့လား''

''ဟင်''

''အလုပ်ဆင်းသွားတာ တစ်ခါမှ ထမင်းချိုင့်မယူဘူး၊ ဟိုက ထမင်းကျွေးတယ်ဆိုလည်း အသွားအပြန်အလှမပျက်သလို၊ ဝတ်သမျှ အဝတ်အစားတွေက တန်ဖိုးကြီးတွေချည်းပဲ''

''အေးမိုး နင်ပြောတဲ့ စကားကြီးကလည်းဟာ လန့်စရာကြီး၊ ဘာလို့ နင်အဲလို တွေးမိတာလဲ''

ဇောခွေးတွေပြန်လျက် အထိတ်တလန့်ပင် မေးမိသည်။ အေးမိုးက နို့ဘူးကို အအေးခံထားရာမှ နွေးမနွေးလက်နှင့် စမ်းကြည့်ရင်းက

''မဟုတ်ပါဘူး ငါစိုးရိမ်မိတဲ့ကိစ္စမျိုး၊ ရပ်ကွက်ထဲက အတင်းအဖျင်းပြောနေသလိုမျိုး၊ ဝတ်မှုန်လုပ်မှာ မဟုတ်ပါဘူး''

''ဘာတွေ ဖြစ်နေလို့လဲဟာ၊ နင်သိချင်တာရှိရင် ဝတ်မှုန်ကို ပွင့်ပွင့်လင်းလင်း မေးကြည့်လည်း ရတာပဲဟာကို''

''ဟုတ်ပါတယ် ဝတ်မှုန်က ငါ့ညီမလေးပါ၊ သူဘာလုပ်မယ် ဘာလုပ်တယ်ဆိုတာ ငါ့ကိုတိုင်ပင်မှာပေါ့၊ ငါ မေးရင်လည်း အမှန်အတိုင်းပွင့်ပွင့်လင်းလင်း သူဖြေမှာပါ''

''ကျွတ် ပတ်ဝန်းကျင်ကရော ဘာတွေ အတင်းပြောနေကျလို့လဲ''

''နင် မသိချင်ပါနဲ့ နင် မသိသင့်သေးပါဘူး၊ နင် မသိတာကောင်းပါတယ်၊ကဲ...ကလေးအသံကြားတယ်၊ နို့ဘူးယူပြီးသွားလိုက်တော့ ကလေးက အရင်နေ့တွေထက် တအီအီဖြစ်နေတယ်၊ နေများမကောင်းဘူးလားမသိဘူး၊ တစ်ခုခုဆို ငါ့ကိုခေါ်လိုက်နော်''

''ဩော်...အေး အေးပါ''





စိုးရိမ်မှုများဖြင့် အေးမိုးက အရင်ဆုံး ထွက်သွား၏။ သူလည်း သမီးလေးအခန်းထဲ ကပျာကသီ ဝင်လာခဲ့သည်။

စိုးရိမ်ကြီးစွာ သမီးလေးနဖူးကို အနမ်းမှာ ကိုယ်ငွေ့နွေးနေတာ သတိထားမိ၏။

အမေဖြစ်သူကိုများ လွမ်းဖျားဖျားနေလေသလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

''သမီးကတော့ ဖျားပြီ၊ ဆေးခန်းပြမှပဲ ညက တစ်ညလုံးတော မအိပ်ဘူး''

''အမေ ဆေးခန်းလိုက်ခဲ့ရမလားသား''

''ဪ...အဒေါ်တင်ကဈေးထွက်ရမှာထွက်ပါ၊ ကျွန်မ လိုက်သွား ပါ့မယ်၊ ဟဲ့ သတိုးမော် မြို့ထဲကကောင်းတဲ့ကလေးဆေးခန်းကို သွားရအောင်၊ တက္ကဆီငှားလိုက်''

''အေး...အဲဒီလိုပဲလုပ်လိုက်မယ်။ သမီးလေးနေမကောင်း ငါလည်းအံ့နာဆီကကားသွားယူပြီး မောင်းရမှာစိတ်ဖြောင့်မှာမဟုတ် ကားယူပြီးမှ မမောင်းဖြစ်ရင်လည်း အံ့နာခက ပေးနေရဦးမှာ၊ ဆီဖိုးလည် ကုန်မယ်၊ အတူတူတက္ကစီငှားလိုက်တာ ကောင်းပါတယ်''

''ကဲ...ကောင်းကောင်းသွားကြ''

သူတို့ ဖွတ်လောနေကြသလို အမေကလည်း ပူပန်စွာတိုက်တွန်းသည် အေးမိုးက ကလေးကိုပွေ့ကာ ရှေ့ကထွက်တော့ သမီးရဲ့အဝတ်အစားအ အဆောင်ပစ္စည်းအိတ်လေးဆွဲကာ သူလည်းအပြေးလိုက်ခဲ့ရသည်။

လမ်းထိပ်ရောက်တော့မှ တက္ကစီငှားပြီး မြို့ထဲက ကလေးဆေး





တို့လာခဲ့ကြ၏။ အေးမိုးက မိခင်တစ်ယောက်လိုပင် သမီးလေးအတွက် စိုးရိမ်ပိုနေခဲ့သည်။

''ကလေးက ဘာမှသိပ်မဖြစ်ပါဘူး၊ နည်းနည်းအအေးပတ်သွားတဲ့ သဘောပါ၊ ရေချိုးတာကြာတာတို့၊ ရေချိုးပြီးစ နွေးနွေးထွေးထွေးမထား မိတာတို့ကြောင့် ဖြစ်နိုင်တယ်။ အဲဒါလေး ဂရုစိုက်ပေးပါ။ ဒီအရွယ်လေး တွေက အရမ်းနုနယ်တာ၊ အများမခံဘူးလေ ''

''ဟုတ်...ဟုတ်ကဲ့ဆရာ၊ ကျွန်မ ပေါ့လျော့လို့ပါ၊ နောက်မဖြစ်စေရပါ ဘူး ဂရုစိုက်ပါ့မယ်၊ သမီးလေးကို ဂရုစိုက်ပါ့မယ်ဆရာ၊ သမီးလေး ကျွန်မကြောင့်ဖြစ်ရတာ''

''အခုမစိုးရိမ်ပါနဲ့တော့၊ မိခင်တွေဆိုတာ တခြားဟာဟီရအလုပ် တွေကလည်းများတော့ ဒီလိုမျိုးဖြစ်တတ်ပါတယ်၊ အခုလည်း ဆရာဆေး ထိုးပေးလိုက်လို့ ချက်ချင်းကောင်းသွားမှာပါ၊ ဘာမှစိတ်ပူစရာမရှိတော့ ပါဘူး''

''သမီးလေးရယ် ဖူးဖူးလေးရယ်''

''အေးမိုး''

ဆရာဝန်က ဖျောင်းဖျနှစ်သိမ့်နေတာတောင် အေးမိုးကမျက်ရည် မိုးပေါက်ပေါက်ကျလျက် စိတ်မကောင်းဖြစ်နေရှာသည်။

ကလေးကို သူပွေ့ချီဖို့တောင်းတာလည်းမပေးဘဲ အရိပ်တကြည့် ကြည့်ပွေ့ဖက်နမ်းရှုပ်ထားလေ၏။ ကိုယ့်မှာတော့ ဆရာဝန်က အေးမိုးကို မိခင်တစ်ယောက်အဖြစ်မြင်နေတာကို အားနာနေတာပါ။

''ခွင့်ပြုပါဦးဆရာ''

''ကောင်းပါပြီ ကလေးကို ဂရုစိုက်ကြပါ၊ အခုကောင်းသွားပြီလို့ပေ မယ့် အအေးပတ်တော့မခံနဲ့''



www.burmeseclassic.com

''ဟုတ်…ဟုတ်ကဲ့၊ နောက်ဘယ်တော့မှ သမီးလေးနေမကောင်း မဖြစ်စေရပါဘူး''

ခေါင်းတညိတ်ညိတ် ကတိတွေပေး၍ စိတ်မကောင်းဖြစ်နေသော အေးမိုး ပခုံးကို နှစ်သိမ့်ပေးချင်စိတ်နှင့် တွဲဖက်ခေါ်လာခဲ့ရသည်။

''နင်ကလည်းဟာ ဘာလို့အဲလောက်စိတ်မကောင်းဖြစ်နေတာလဲ ကလေးဆိုတာ ဒီလိုမျိုးဖြစ်တတ်တာပဲ၊ နုနယ်လွန်းလို့ အမှားမခံတာပါ လို့ ဆရာဝန်ကပြောလိုက်တယ်လေ''

''မှားမိတာက ငါ့အပြစ်ပါဟာ၊ ရေချိုးသနပ်ခါးလိမ်းပေးနေတုန်း ထမင်း အိုးဆူတာနဲ့ ထင့်နေလိုက်တာ၊ ကလေးကို မွေးမွေးထွေးထွေး မထား မိလိုက်ဘူး''

''အေးပါ၊ နောက်တစ်ခါကျ အားလုံးချက်ပြုတ်ပြီးမှ ကလေးအတွက် လုပ်ပေးစရာရှိတာလုပ်ပေးလိုက်ပေါ့၊ နင်က ငါတို့ပြန်လာရင် ဗိုက်ဆာမှာ စိုးလို့ အချိန်မီကလည်း ချက်ချင်သေးတယ်၊ ကလေးဝတ္တရားလည်း ကျေပွန်အောင်လုပ်ချင်တယ်၊ နင့်ကိုအရမ်းအားနာပါတယ်အေးမိုးရယ်''

''အားနယ်တယ်ဆိုတဲ့စကား မပြောပါနဲ့ဟယ်၊ ငါ့ကိုနင်တို့မိသားစု ဝင်လို့သဘောထားရင် နင်ဒီလိုမပြောသင့်ပါဘူး''

''အေးပါဟာ၊ ငါတို့ဒုက္ခကိုမျှဝေခံစားနေတဲ့ နင်က ငါတို့မိသားစုဝင် ပါပဲ၊ နင်သာမရှိရင် ငါတို့ပေပူးအတွက် ဒီလိုငွေရှာပေးနိုင်မှာမဟုတ်ဘူး ကျေးဇူးတင်ပါတယ်ဟာ''

''လုပ်ပြန်ပြီ''

အေးမိုးမျက်စောင်းထိုးတော့ အေးမိုးဆံပင်တွေကို လက်နှင့်ဖွလျက် သူပြုံးမိသည်။ အေးမိုးရင်ခွင်ထဲက သမီးလေးကိုလည်း ခေါင်းကြီးငုံ့မိုးကာ နမ်းမွှေးလိုက်သည်။





…သွားလမ်းလာပတ်ဝန်းကျင်က လူတွေကတော့ သူတို့ကို အရမ်း …နွေးထွေးပြီး ကြည်နူးစရာကောင်းသည့် မိသားစုလေးလို့ ထင်သွား …သိပါ။

…တားတစ်စီးပေါ်က ရှုးရှုးရဲရဲမျက်လုံးတစ်စုံကိုလည်း သူတို့သတိမထား …ပါ။

ဒါဟာ ကြမ္မာဆိုးတစ်ခုဆိုတာလည်း…။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

''မအေးမိုး''

''ဟဲ့...ဝတ်မှုန်လေးလား။ ဒီမှာ ငါကလေးသိပ်နေလို့ ထွက်လာ
နော်''

အသံပေးလိုက်ရင်း သမီးလေးကို စောင်ခြုံပေးပြီးမှ အေးမိုးအ
ထဲကထွက်လာခဲ့သည်။ စားစရာ၊ အသုံးအဆောင်အထုပ်အပိုးတွေ
ဝင်လာသော ဝတ်မှုန်မျက်နှာလေး နွမ်းလျဖြူဖျော့နေ၏။

ကြမ်းခင်းမှာ ထိုင်ချလိုက်တာလည်း အားမရှိသလိုပင်။

''ဝတ်မှုန် နေမကောင်းဘူးလား၊ ဒီတစ်ခါ အိမ်ပြန်လာတာ ပိန်
သွားလိုက်တာကွယ်၊ ခရီးထွက်တာ တစ်ပတ်တောင်ကြာတယ်နေ
နယ်တွေဆင်းရတော့ အလုပ်တွေအရမ်းပင်ပန်းလာလို့များလား''

''အင်း...တန်ရာတန်ကြေးရဖို့အတွက် ဆတူပေးဆပ်ရတာ
မအေးမိုးရယ်၊ အမေရောနေကောင်းတယ်မဟုတ်လား၊ ကိုကိုရော''

''ညည်းအစ်ကိုက နေကောင်းပါတယ်၊ ပေဖူးဆီ ငွေပို့ရမှာဆို
မနက်အစောကြီးထဲက ကားထွက်သွားလေရဲ့၊ ညည်းအမေကတော့ အ
တလော ကျန်းမာရေးသိပ်မကောင်းဘူး၊ အသက်အရွယ်ရပေမယ့်





ရှောင် သွားသွားလာလာ ဈေးရောင်းနေရတော့ ရင်ကျပ်ချောင်းဆိုး
ပ်ရာထဲဗုန်းဗုန်းလဲမှာတောင် စိုးရတယ်''

''ဆေးခန်းလေး ဘာလေးမပြဘူးလား''

''ငါပြောပါတယ်၊ ဒါပေမဲ့ သူ့အတွက် ငွေအပိုကုန်ရင် ပေဖူးဆီ
မှာနည်းမှာစိုးလို့ဆိုပြီး ပေကပ်ကပ်လုပ်နေတယ်လေ၊ ချွေးမအပေါ်
တနာကောင်းတဲ့ ယောက္ခမမျိုးတော့ ရှားပါတယ်''

''မဖြစ်ပါဘူး၊ အမေ့ကို ဆေးလေးတော့ထိုးပေးဦးမှပါ''

ညည်းညူသလိုပြောရင်း ဆလင်းဘတ်ထဲက ပိုက်ဆံကိုထုတ်လိုက်
ငွေတွေအုပ်လိုက်ထွက်လာသည့်အတွက် အေးမိုးအံ့သြသွား သည်။

''ဟဲ့ ဝတ်မှုန် ငွေတွေက များလှချည်လား၊ အလုပ်လုပ်လို့ လစာရ
ဒီလောက်ငွေများများ ညည်းပါမလာနိုင်ဘူး၊ ဝတ်မှုန် ညီမလေး
ဘာတွေလုပ်နေလဲ၊ ဘာအလုပ်တွေလုပ်နေတာလဲဟင်''

''မအေးမိုး အရမ်းသိချင်လား''

''အေး သိချင်တယ်၊ ငါ့ကို ညီအစ်မတစ်ယောက်လို သဘောထား
ပွင့်လင်းလင်းပြောစမ်း ဝတ်မှုန်၊ ရပ်ကွက်ထဲကလူတွေ အတင်း
သလိုဖြစ်မှာစိုးရိမ်နေတာ''

''ဘာတွေပြောနေကြလို့လဲ''

''မြို့ထဲမှာ ကားအကောင်းစားကြီးစီးတဲ့ လူကြီးတစ်ယောက်နဲ့တွဲ
တွေ့တယ်တဲ့၊ စားသောက်ဆိုင်တွေ ဟိုတယ်တွေထဲဝင်ဝင်သွားတာ
တဲ့လူလည်းရှိကြတယ်၊ ညည်းအငယ်အနှောင်းလုပ်နေသလား၊ စပွန်
နေသလား၊ ဟိုဟာ ဒီဟာလုပ်နေသလား၊ အမျိုးမျိုးဝေဖန်နေကြ
ဒါမှာ သတိုးမော်မသိအောင် မကြားအောင်မနည်း ဖုံးဖိနေရတယ်''

''ကျေးဇူးတင်ပါတယ် မအေးမိုးရယ်''



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းငွေ့သံနှင့်ပြောလိုက်သော ဝတ်မှုန်စကားကြောင့် အေးမိုး မျက်စောင်းထိုးမိရပြန်သည်။

''ကျေးဇူးဆိုတဲ့စကားတော့ ညည်းတို့မောင်နှမတွေ အကြိုက်သုံး ကြတာပဲနော်၊ ငါကတော့ အဲဒီစကားကြားရင် ငါ့ကိုသူစိမ်းတစ်ယောက် လိုပဲတွေးတယ်လို့ပဲထင်တယ်၊ ငါကရွာမှာပေါ်ပြူလာဖြစ်အောင် နေချင်သ သာနေတာ၊ ညည်းတို့ကိုတော့ တကယ့်မိသားစုအရင်းတွေလို ခင်တွယ် တာပါ။ ငါ့မှာဆွေမျိုးမောင်နှမအရင်းအချာမှမရှိတာ''

''ဝတ်မှုန်တို့ကလည်း မအေးမိုးကို သံယောဇဉ်ရှိပါတယ်၊ အမေက စကားဆုံတိုင်း၊ အေးမိုးလေး အားကိုးစရာရှိလို့မှ အမေနောက်ဆုံးမတင် ငွေရှာနိုင်သေးတယ်၊ နို့မဟုတ်ရင် မြေးလေးနဲ့အိမ်မှုကိစ္စတွေနဲ့ အတော် ကသီလင်တနိုင်မှာတဲ့''

''ဒါပေါ့အေ၊ တစ်ယောက်နဲ့တစ်ယောက် ဖြည့်ဆည်းခွင့်ကြုံတယ် လို့ပဲ သဘောထားပါတယ်၊ ဒါနဲ့ ညည်းကိစ္စငါ့ကိုအမှန်အတိုင်းပြောဦး ဝတ်မှုန်''

''မအေးမိုး''

''အေး...ပြော''

''ဝတ်...ဝတ်မှုန်လေ''

ဝတ်မှုန်ပြောရမှာရှက်ရွံ့နေသလို သိမ်ငယ်နေသလိုနှင့် ပြောမထွက် နိုင်လောက်အောင် အသံတွေတုန်ခိုက်လို့နေသည်။ မျက်ဝန်းအိမ်မှာ မျက် ရည်တွေလည်း ဝေ့သီနေတာမို့ အေးမိုး သနားကရုဏာသက်စွာ ပန်းလေး ကို ဖက်ထားလိုက်မိသည်။ ဝတ်မှုန်က ရှိုက်သံတစ်ချက်ဖြင့် အေးမိုးပခုံး လေးပေါ် ခေါင်းလေးမှေးတင်ကာ

''ပတ်ဝန်းကျင်က ဝေဖန်သမုတ်နေကြတာတွေ မမှားပါဘူး မအေးမိုး ရယ်၊ ဝတ်...ဝတ်မှုန်လေ''

''ဝတ်မှုန်ရယ် ညည်းအေ ဘာလို့များ''

''ငွေလိုတယ်လေ၊ မမပေးဆုံးဆီ လုံလုံလောက်လောက် ပေးနိုင်ဖို့အတွက် ငွေတွေအများကြီးလိုတယ်၊ ဒီလောက်များတဲ့ငွေတွေကို အမေနဲ့ကိုကို ဘယ်လိုလုပ်ရှာနိုင်မှာလဲ၊ သူတို့လည်း ကြိုးစားနေကြတာဆိုပေမယ့် မဖြစ် တာ မအေးမိုးလည်းသိတာပဲ၊ ဝတ်မှုန်ရိုးရိုးသားသားအလုပ်လုပ်ရတဲ့ လခကရော၊ ပညာနည်းလို့ ဘယ်လောက်အထောက်အပံ့ပေးနိုင်မှာလဲ''

''ထားပါတော့ အခုက ဘယ်လိုအခြေအနေလဲ၊ ဘယ်လိုပေးဆပ် ခြင်းမျိုးမှုမျိုးလဲဝတ်မှုန်၊ ညည်းအတွက်ရော ဘယ်လိုအာမခံချက်ရှိလဲပြော ဦး''

အေးမိုးပခုံးပေါ်မှခွာကာ ဝတ်မှုန်တစ်ချက်ပင့်သက်ရှိုက်ပြီး

''ဒီလိုလုပ်တာ ကိုယ့်အတွက်ဘာအာမခံချက်ရှိမှာလဲ မအေးမိုးရယ်၊ ငွေအတွက်အလုပ်လုပ်တာ၊ ဘယ်သူက ကိုယ့်ဘဝကိုတာဝန်ယူမှာလဲ၊ ဘယ်အနှောင်းအမည်စာရင်းအသွင်းခံရလောက်အောင်ကို ဂုဏ်မရှိပါဘူး''

''ဝတ်မှုန်ရယ် နှင့်ရဲ့ဒီလိုမျိုးပေးဆပ်မှုကိုသာသိရင် သတိုးမော်ရင်ကျိုး သွားမှာပဲ''

''ကို...ကိုကို့ကိုတော့ ဘာမှမပြောလိုက်ပါနဲ့၊ အမေ့ကိုလည်း မပြောပါနဲ့နော်၊ ဝတ်မှုန်ကို စိုးရိမ်ပြီးဟန့်တားလိုက်ရင် အားလုံးပန်းတိုင် မရောက်ဘဲပျက်ရလိမ့်မယ်၊ အနာဂတ်တွေသေသွားမှာ''

''ဝတ်မှုန်ရယ်''

ရင်ထဲမချိစွာ ဝတ်မှုန်ကျောပြင်လေးကိုပုတ်၍ နှစ်သိမ့်မိသည်။ ကိုယ် တိုင်လည်းဘာမှမတတ်နိုင်သည့်ကိစ္စမို့ ဝတ်မှုန်ကို အပြစ်တင်နေလို့ ဖြစ်ပါ့ မလား။







www.burmeseclassic.com

www.burmeseclassic.com



"ဝတ်မှုန် ညည့်ဘာဆက်လုပ်မှာလဲ၊ ဒီကိစ္စက တစ်နေ့နေ့ သတို့
လည်းသိမှာ၊ ညည်းအမေလည်းဈေးထဲမှာ တစ်ယောက်စကားတစ်ယော
နားနဲ့ မသိဘူးလို့မပြောနိုင်ဘူး"

"အမေ့ကိုတော့ မအေးမိုးပဲ နားလည်အောင်ကြည့်ပြောထားလိုက်
သူများပြောမှဆိုရင် အမေပိုပြီးခံစားရလိမ့်မယ်"

"သတိုးမော်ရော"

ဝတ်မှုန်ချီခဏမျှ အသံတိတ်သွားပြီးမှ

"တစ်နေ့နေ့ သိသွားမှ ရင်ဆိုင်ရုံပဲရှိတော့တယ် မအေးမိုးရေ
အသိမပေးရက်ပေမယ့် သိချင်သိသွားနိုင်မယ့်နေ့ရှိမယ်၊ ဒါပေမဲ့ ဝတ်
ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး။ မိသားစုချမ်းသာဖို့ ဘယ်လိုနည်
နဲ့ဖြစ်ဖြစ် ပေးဆပ်ခွင့်ကြုံတယ်လို့ သဘောထားပါတယ်၊ မမပေဖူးပြန်
တာနဲ့ ဒီဘဝကပေဖူးရုန်းထွက်နိုင်မှာပဲလေ"

"ဒီစေတနာတွေ မေတ္တာတွေ ပေဖူးနားလည်ပါစေလို့ ဆုတောင်
တော့မှာပေါ့ဝတ်မှုန်ရယ်၊ ငါ့ညီမလေးကံကောင်းမှာပါ၊ ကဲ နားေ
ဝတ်မှုန်၊ မျက်နှာကချောင်ကျနေတယ်၊ အပြည့်အဝအနားယူပြီးအိပ်လိုက်

"ဟုတ်ကဲ့ မအေးမိုး၊ လက်ဆောင်ပစ္စည်းတွေပါလာတာ မအေ
သိမ်းထားလိုက်ပါ၊ မအေးမိုးအတွက် အဝတ်အစားတွေလည်း ပါတ
တူမလေးအတွက်ရောပဲ"

"အေးပါ၊ ဖူးဖူးလေးနိုးလာရင် အဝတ်အစားအသစ်လေး ဝတ်
လိုက်မယ်၊ အခုတော်တော်လေး နားလည်သိတတ်လာပြီ၊ ဖအေပြန်လာ
ချိန်ဆို အိပ်တောင်မအိပ်တော့ဘူး"

"မအေးမိုးကိုလည်း သူ့အမေမှတ်ပြီး တွယ်ကပ်နေတော့တာပဲ မဟု
လား"





"အဟင်း ဟင်း...ဟုတ်တယ်၊ အဲဒါကြောင့် ငါ့မှာလည်း မခွဲနိုင်
ရက်ချစ်နေရတာပေါ့၊ ငါ့ဝမ်းနဲ့လွယ်မမွေးရုံပဲမဟုတ်လား"

"ဟုတ်ပါတယ်၊ မအေးမိုးက ဖူးဖူးလေးရဲ့ ဒုတိယအမေပါပဲ"

မအေးမိုးသဘောတွေကျကာ ပြုံးပြုံးကြီးဖြစ်နေသည်၊ မိခင်တစ်ယောက်
ပီတိအပြုံးမျိုးပါ၊ ဒါပေမဲ့ မဟုတ်ဘူးဆိုတာလည်း သိနေကာ...။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟာ...ဘယ်လိုဖြစ်တာလဲ"

"ဟင်...ဘာဖြစ်တာလဲသား၊ ဘာဖြစ်လို့လဲ"

"ဟဲ့ သတိုးမော် ဘာလဲဟဲ့"

ဖုန်းနားထောင်ရင်းက မျက်စိပျက်မျက်နှာပျက် သတိုးမော်အ တကြားအော်လိုက်တာကြောင့် အမေနှင့်အေးမိုး မေးခွန်းကိုယ်စီ သူ့အနားရောက်လာကြသည်။ ဖုန်းပြောပြီးသည့်တိုင်အောင် သူ အံ့အားသင့်နေဆဲပင်။

"ဘာလဲသား ဘာလဲ၊ ပေဖူးဆီက ဖုန်းလား"

"မဟုတ်ဘူးအမေ"

"ဒါဆို"

"ပေဖူးဆီ ငွေလွှဲလိုက်တာ၊ ဟိုမှာအဆက်အသွယ်မရ၊ အိမ်လိ ပြောင်းသွားလို့ ဘဏ်ကငွေပြန်လာထုတ်ပါတဲ့၊ လက်ခံမယ့်သူမရှိတော့ တဲ့"

"ဟင်...အဲဒါက ဘယ်လို"

"ကျွန်တော်လည်း မပြောတတ်တော့ဘူးအမေ၊ အရင်ပို့နေကျလိ





ဖုန်းနံပါတ်ပေးလိုက်တာပဲ၊ အခုတစ်လောပေဖူးလည်း ဖုန်းနံပါတ်မပြောင်း သွားပဲထင်တာပေါ့"

"ပေဖူးဆီက ဖုန်းမလာလည်း၊ သားကဆက်ကြည့်ပါလား"

"ကျွန်တော့်ဖုန်းက နိုင်ငံခြားဖုန်းဆက်လို့ရအောင် ဘေလ်မှမထည့် ထားတာ၊ သူပဲဆက်နေကျဆိုတော့"

"ဟဲ့...အင်တာနက်ဆိုင်က သွားခေါ်လို့ရတယ်မဟုတ်လား။ ပေဖူး ဆောင်ပြောင်းသွားတာလား ဘာလားမေးကြည့်ပေါ့၊ ပေဖူးကလည်း ဖုန်းလေးဘာလေးဆက်ပြောတာမဟုတ်ဘူး။ သူ့အတွက် လွှဲတဲ့ငွေက လက်ခံမယ့်သူမရှိလို့ဆိုပြီး ပြန်ရောက်လာရတယ်လို့"

"အေး...အင်တာနက်ဆိုင်ပြေးလိုက်ဦးမယ်"

"မြန်မြန်ပြန်လာခဲ့နော်သား၊ အကျိုးအကြောင်းသိရအောင်"

အမေစိုးရိမ်တကြီးမှာလိုက်တာကို ပြန်မဖြေနိုင်၊ ပေဖူးဆီက ဖုန်း လာတာကြာလို့ ဖုန်းကတ်မဝယ်နိုင်လောက်အောင် ငွေပြတ်နေပြီထင်ပြီး၊ ဒီတစ်ခေါက် ညီမလေးကလည်း ငွေများများပေးတာနဲ့ ငွေအမြန်လွှဲလိုက် တာပါ။

"ညီလေး ဒီဖုန်းနံပါတ်နဲ့ပြောချင်လို့ မြန်မြန်လေး"

အင်တာနက်ဆိုင်ရောက်သည်နှင့် ဝန်ထမ်းကောင်လေးဆီ ခပ်သွက် သွက်ပင်အကူအညီတောင်းမိသည်။ ကောင်လေးက ခပ်မြန်မြန်ဆန်ဆန် င် လုပ်ပေး၏။

"မရဘူးအစ်ကို၊ ဒီဖုန်းနံပါတ်က ဆက်သွယ်လို့မရတော့ဘူး၊ ဖျက် လိုက်ပြီတဲ့"

"ဟာ...ဘယ်လိုဖြစ်တာလဲ၊ ငွေသွင်းကတ်မထည့်နိုင်လို့များလား"

"မသိဘူးအစ်ကို၊ တခြားဖုန်းနံပါတ်ရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



“မ…မရှိတော့ဘူး၊ ဟိုရောက်ကတည်းက ဒီဖုန်းနံပါတ်နဲ့ပဲ သူ ပြောတော၊ ကျေးဇူးပါပဲကွာ၊ နောက်ဖုန်းနံပါတ်နဲ့ သူ့ဘက်က လှမ်းဆက်မှာပါ”

ကိုယ့်ဘာသာ ဖြေသိမ့်၍ အိမ်ပြန်လာခဲ့ရသည်။ ပေဖူးဆီက ဖုန်းဆက်တော့ ရင်မှာအလွမ်းတွေနှင့်ပြည့်နေရသည့်အထဲ ဘာများဖြစ်နေလဲဆိုသည့် စိုးရိမ်ရသောဝေဒနာပိုတိုးလာပြန်သည်။

ဒီကပို့သောငွေက မလောက်လို့ ဖုန်းကတ်မဝယ်နိုင်၊ အဆောင်ပြောင်း အဲလိုတွေများဖြစ်နေလား။ အရေးတကြီးစာမေးပွဲဖြေနေရလို့များလား။ နေများမကောင်းလို့လား။

“ဟူး…ပေဖူးရာ၊ ရင်တွေပူလောင်လိုက်တာ”

အသံထွက်ညည်းညူမိရင်း အိမ်ထဲပြန်ဝင်လာသော သူ့ကို အမေနှင့် အေးမိုးက အခြေအနေအကဲခတ်နေကြသည်။

“ဘာတဲ့လဲသား၊ ပေဖူးဘာပြောလဲ”

“ဆက်သွယ်လို့မရဘူးအမေ၊ သူပေးထားတဲ့ဖုန်းနံပါတ်က အသုံးမပြုတော့တဲ့သဘောပဲ”

“အံမယ်လေး၊ ပေဖူးဘာများဖြစ်နေပါလိမ့်၊ ဒီငွေသာမရောက်ရင် သူဒုက္ခ များရှာတော့မှာ၊ နိုင်ငံခြားမှာနေဖို့၊ စားဖို့ခက်တော့မှာပဲ”

“ဒီမှာလို ငွေလိုလည်းချေးလို့ငှားလို့ရမှာမဟုတ်ဘူး၊ ဘာဖြစ်ဖြစ် တခြားဖုန်းနဲ့ အဆက်အသွယ်လေးလုပ်ထားတာမဟုတ်ဘူး၊ ပေဖူး ဒီလောက် တုံးအနေတာမဟုတ်တဲ့ နှင့်ဆီကိုတော့ အကျိုးအကြောင်းလေး လှမ်းပြောသင့်တယ်၊ ငွေလိုရင်လည်းလိုတယ်၊ ခက်ခဲရင်လည်း ခက်ခဲတယ်ပေါ့”

“မသိတော့ဘူးဟာ၊ ပေဖူးဘာဖြစ်နေလဲ”

ရွှေပြည်သိမ်းစာပေ



တကယ်ကိုမတွေးတတ်တော့တာမို့ ပူလောင်နေသောရင်နှင့် ကြမ်းပြင်မှာ ဖုန်းခနဲခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ အမေနှင့်မအေးမိုးလည်း စိတ်မချမ်းမြေ့သလို မျက်နှာမကောင်းကြပေ။

“သား ငွေပြန်ထုတ်ရမှာဆို ပြန်ထုတ်ချည်လေ၊ စိတ်ထဲမကောင်းဖြစ်မနေနဲ့သား၊ ပေဖူးဆက်သွယ်လာတော့ ပြန်လွှဲပေးလိုက်ပေါ့”

“သူ အရမ်းဒုက္ခရောက်နေမှာ အမေ”

“အေးလေ၊ အဲဒါတော့ အဲဒါပေါ့၊ ဒါပေမဲ့ အမေတို့လည်း ငွေမလွှဲတာမဟုတ်တာ၊ လွှဲတဲ့ငွေကို ထုတ်မယ့်သူမရှိဖြစ်နေတာ၊ အမေတော့စဉ်းစားရအောင်ဘဲ၊ ဒီရက်ငွေလွှဲမယ်ဆိုတာ ပေဖူးသိနေမှာပါ၊ သားလည်း ဘယ်အချိန်ငွေလွှဲလိုက်မယ်ဆိုတာ ကြိုပြောထားတယ်မဟုတ်လား”

“သူ့ဖုန်းမဆက်တာတော့ တစ်ပတ်ကျော်သွားပြီ၊ အဲဒီအရင် ဆက်တုန်းကတော့ လကုန်တာနဲ့ ငွေလွှဲလိုက်မယ်ဆိုတာပြောထားတာပဲ”

“အေး…အဲလိုပြောထားတယ်ဆို ဒီဘက်ကအပြစ်မရှိတော့ဘူးလေ၊ ဖုန်းနံပါတ်ပဲပြောင်းပြောင်း၊ အဆောင်ပဲပြောင်းပြောင်း၊ သူ့ဘက်က အကျိုးသင့်အကြောင်းသင့်ပြောထားရမှာပေါ့”

“ဟုတ်တယ် စိတ်မကောင်းဖြစ်မနေနဲ့သတိုး၊ နှင့်မိန်းမ နှင့်ဆီဖုန်းဆက်လာမှာပါ”

အမေနှင့်အေးမိုး ဖျောင်းဖျနှစ်သိမ့်နေပေမယ့် ရင်ထဲကအပူလုံးက ကျမသွားပေ။ ပေဖူး ဘာကြောင့်အဆက်အသွယ်ဖြတ်တောက်ထားတာလဲဆိုတာ နားမလည်နိုင်တာ။ တကယ်ဆို အခုချိန်ထိ ဖုန်းဆက်တိုင်း အလွမ်းတွေသီကုံးနေကျပါ။ မျက်ရည်တွေဖြင့် ဝေဒနာတွေကို ရင်ဖွင့်နေကျပါ။ အခု ဘာများဖြစ်လို့လဲပေဖူးရယ်။

❀ ❀ ❀

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

## အခန်း (၁၉)

''ဘာဖြစ်လို့လဲမသိဘူး၊ မနေ့ညပြန်လာကတည်းက အားပြတ်သ… ဗုန်းဗုန်းလဲနေတာ၊ ထမင်းလည်းမစားဘူး၊ ဆေးခန်းသွားအောင်ခေါ်… လည်းမရဘူး၊ အားပြတ်သလား၊ အဖျားတက်နေသလား အမေ… မေးကြည့်ပါဦး''

''အေးလေ ငါ့သမီးလေး ဘာများဖြစ်ပါလိမ့်''

ပြောရင်းနှင့် အိပ်ရာထဲခွေနေသော ဝတ်မှုန်နဖူးလေးကို စမ်း… အနားမှာဒေါ်မေတင် ဝင်ထိုင်လိုက်သည်။

''သမီး…သမီးလေးဝတ်မှုန်ရဲ့ ကိုယ်တွေလည်းပူလို့ ဆေးခန်းသွား… အောင်သမီး''

''သမီးမသွားချင်ဘူးအမေ၊ ဒီအတိုင်းလှဲနေလိုက်ရင် သက်သာမှာ…''

''ဘာကိုသက်သာမှာပြောနေတာလဲ၊ ခရီးသွားတာ တောက်လျှော… ဖျားနေတာဆို၊ ဆေးထိုးလည်းမသက်သာလို့ အလုပ်ရှင်က အိမ်ပြ… လွှတ်လိုက်တာမဟုတ်လား''

ဟုတ်တယ်ဟု ပါးစပ်ကမဖြေနိုင်ဘဲ ဝတ်မှုန်ခပ်သေးသေးခေါင်းညိတ်… ပြလိုက်ရသည်။ ရောဂါသည့်လို တရောင်ရောင်ဖြစ်လာသော သူမ…





…အောင်တို့လည်း စိတ်မရှည်တော့ပါ။

…တိုင်းမကျတော့လို့၊ နောက်တစ်ယောက်ပြောင်းဖို့ အစီအစဉ် …ဆိုတာတောင် သူမသိနေ၏။ ဒီလိုလူမျိုးတွေက ဒီလိုပါပဲ။ ငယ်ရွယ် …မှ၊ ကျန်းမာရေးကောင်းမှ၊ သူတို့ကို အမြဲတမ်း စိတ်ချမ်းသာ …လှုပ်ရှားမှုပေးနိုင်မှ သာယာတတ်ပြီး ငွေကိုမနှမြောကြတာ၊ စိတ် …ဘူးဆိုလျှင်တော့ လျစ်လျူရှု ဥပေက္ခာပြုရမှာ ဝန်မလေးတတ် …

''ညီမလေး ဘာဖြစ်တာလဲ အမေ''

…ားထွက်ဖို့ ပြင်နေရာမှ အနားမှာ ဝင်ထိုင်လာသော သတိုးမှော် …ကြောင့် ဒေါ်မေတင် ဘာပြောရမှန်း မသိပေ။

''နေမကောင်းလို့ ဆေးခန်းသွားရအောင်ခေါ်တာ မလိုက်ဘူးတဲ့ကွယ်''

''ဒါဆိုလမ်းထိပ်က ဆရာဝန် ကျွန်တော်သွားပင့်လိုက်မယ်အမေ''

''အိမ်ကို ပင့်ရင်ခြေကြွခနဲ့ မနည်းဘူးကွန်မှာ၊ မမပေဖူးကို ငွေလွှဲဖို့ …သွားလိမ့်မယ်၊ မခေါ်ပါနဲ့ကိုကို၊ ဝတ်မှုန်က နေမကောင်းနေရင် …ပေးနိုင်သေးမှာမဟုတ်ဘူး''

''အဲဒီ့အတွက် ပူမနေနဲ့ ညီမလေး၊ နေကောင်းအောင်သာ ကြိုးစား၊ …ရေးကောင်းရင် ငွေပြန်ရှာလို့ရတာပဲ ညီမလေးရဲ့ မဟုတ်ဘူးလား''

''ကဲပါ သားရယ်၊ သူ့ကို ပြောမနေနဲ့ ဆိုက်ကားခေါ်ပြီး ဆရာဝန်သာ …ခဲ့၊ ဟဲ့ကလေး ငိုသံကြားတယ်၊ အေးမိုးသွားကြည့်စမ်းပါဦး''

''ဟုတ်ကဲ့…ကလေးတောင် မေ့နေပြီ''

…တစ်နှစ်ဝန်းကျင်အရွယ်ရှိပြီဖြစ်သောသမီးလေးက သူ့အနားဘယ်သူမှ … စိတ်ကောက်ကာ ငိုနေတော့ အေးမိုးအပြေးအလွှားထွက်သွားသည်။ …တိုးမှော်ကာ ဆရာဝန်ပင့်ဖို့ အိမ်ပေါ်က အပြေးအလွှားဆင်းပြေးလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏနေတော့ ဆရာဝန်ကို ဆိုက်ကားနှင့်ပင့်၍ သတိုးမှော် ပြန်ရောက်လာ၏။

"ညီမလေးကို သေချာလေးကြည့်ပေးပါဆရာ၊ ခရီးထွက်က ပြန်လာပြီး တော်တော်လေး ပင်ပန်းလာတယ် ထင်တယ်"

ဆရာဝန်ကခေါင်းညိတ်ပြပြီး သေချာစမ်းသပ်စစ်ဆေးပေးသည်။ အဖျားတွေတိုင်း မျက်လုံးလှန်ကြည့်၊ လျှာထုတ်ခိုင်းကြည့်နှင့်၊ အချိန်တော်တော်ကြာအောင် စမ်းသပ်ပြီးချိန်မှာတော့ မျက်နှာမကောင်းသလို ဖြစ်နေ၏။

"သွေးတွေ ဆီးတွေ စစ်ဖို့လိုတယ်၊ အာဟာရရှိတဲ့ အစားအစာတွေ များများစားပေးပါ၊ ဆေးလည်း မှန်မှန်စစ်ရမယ်"

"ဘာရောဂါများလဲ ဆရာ၊ စိုးရိမ်ရလားဟင်"

"ခန့်မှန်းကြည့်ရုံနဲ့ ဆုံးဖြတ်ချက်ချဖို့တော့ ခက်ပါတယ်၊ ဆေးစစ်ပြီးမှဆက်ပြီးကုသတာပေါ့၊ အခုတော့ အားဆေးထိုးပေးခဲ့မယ်၊ ဪ...ဆေးသွားစစ်ရမယ့် ဆေးခန်းလိပ်စာရေးပေးမယ်နော်"

"ဟုတ်...ဟုတ်ကဲ့ဆရာ"

ဘာရယ်မှန်းမသိဘဲ၊ စိုးရိမ်စရာ အခြေအနေမှန်းတော့ နားလည်လိုက်သည်။ ညီမလေးမှာ ဘာရောဂါရှိနေတာလဲ။

အမေလည်း မျက်နှာမကောင်း၊ သူ့ရင်ထဲလည်း တော်တော်လေး မကောင်းပေ။ ပေဖူးအတွက် ငွေရှာဖို့ ညီမလေးအရမ်းကို အပင်ပန်းခံခဲ့တာနေမှာ။ တကယ်သာဆိုလျှင် ပေဖူးကို သူလက်ထပ်ခဲ့တာကြောင့် ဖြစ်၏။

အမေရော ညီမလေးရော၊ ဘယ်လောက်တောင် ရှုန်းကန်နေရှာလဲ၊ ပေဖူးရေ မင်းရော ဒါတွေသိရဲ့လား၊ အခု ဘယ်ရောက်နေလဲ





ဘာတွေ လုပ်နေလဲ၊ အချိန်တွေတောင် တဖြည်းဖြည်းရင့်ရော်လာပြီ ဆုံးရယ်၊ အလွမ်းတွေလည်း ရင်ထဲမှာ ထားစရာ နေရာမရှိတော့ဘူး။ နိုင်ရည်မရှိတော့လို့ မင်းထွက်ပြေးသွားတာ မဖြစ်နိုင်ပါဘူးနော်။

မောင်အရမ်းလွမ်းနေပါတယ် ပေဖူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"တစ်ကိုးနေလို့ရေး၊ ပေဖူးဖတ်လို့ရအောင်၊ နင်ဘယ်စာတိုက်ကနေ ဘယ်လိပ်စာနဲ့ ထည့်မှာလဲ၊ ပေဖူးခြေရာပျောက်နေတာ နင်ဘယ်လို ရှာမှာလဲ သတိုးမော်"

ကြေကွဲမှုဝန်တွေပိလျက်၊ ရင်မှာတနင့်တပိုး မချိမဆံ့ခံစားနေရသည်။ ဘယ်လိုမှကို ဆက်သွယ်လို့ မရအောင် ပေဖူးအဆက်အသွယ် ဖြတ်ထားတာ နားမလည်နိုင်တော့ပေ။ သူတို့ပို့တဲ့ငွေတွေမလောက်လို့ ပညာဆက်မသင်နိုင်တော့ဘဲ၊ သူတို့မိသားစုကို အားနာစွာ ရှောင်တိမ်းနေခြင်းများလား။

"သတိုးမော်"

"ဟင်"

"နင် ပေဖူးအကြောင်းတွေးပြီး စိတ်ဓာတ်ကျနေတာလား၊ အခုလက်ရှိ ဘယ်အရာက အရေးကြီးနေလဲဆိုတာ နင် စဉ်းစားသင့်တယ်"

"ဘယ်သူ ဘာဖြစ်လို့လဲ"

"ဝတ်မှုန်ရဲ့ ကျန်းမာရေးလေ"

"နင်ဆေးစစ်လိုက်သွားပြီး ပြန်လာတော့၊ ရောဂါဝေဒနာ ထွေထွေထူးထူးမရှိဘူး၊ ကောင်းပါတယ်ဆို၊ ညီမလေးလည်း အရင်အလုပ်က





မယ့် ပင်ပန်းလို့၊ နောက်အလုပ်ပြောင်းလုပ်မယ်ဆိုပြီး စိစဉ်ယ် မဟုတ်လား"

"နင် အဲလောက်ပဲ သိထားသေးတာ တော်သေးတာပဲ သတိုးရယ်"

"ဘာ…ငါက ဘာတွေထပ်သိဖို့ လိုသေးလို့လဲ"

"ထားပါတော့ဟယ်၊ ငါတို့ ဒီရပ်ကွက်က ပြောင်းရအောင်သတိုး"

"ဟင်…ဘာလို့လဲ၊ ဘာလို့ပြောင်းရမှာလဲ၊ အရင်အိမ်ကို ရှောင်းညီးက ဒီရပ်ကွက်ကိုပြောင်းလာတာ၊ ဘာပြဿနာမှလည်း မရှိခဲ့ဘဲနဲ့"

သတိုးမော် ခါးခါးသီးသီးပင် ထအော်သည်။ ပြောင်းဖို့ရွှေ့ဖို့တွေ စိစဉ်နေတာ မလွန်လွန်းဘူးလားဟု မေးလိုက်ချင်တာပါ။ ဒါပေမဲ့ ကို အားနာရမည့်အကြောင်းတွေက ရှိနေသည်။

"နင် ဘာပြောချင်တာလဲ ဘာမေးချင်နေတာလဲ ငါသိတယ်၊ အေးချိန်မှာ နင့်ကို ငါ ဘာမှ မပြောချင်သေးဘူး သတိုးမော်၊ အိမ်ပြောင်းဖို့ပဲစိစဉ်၊ အဲဒီကျမှ"

"ကျွတ်…မဟုတ်သေးပါဘူး၊ နင်က ဘာဖြစ်လို့ အိမ်ပြောင်းဖို့ငါ့ကို ပြောနေရတာလဲ၊ ငါတို့အိမ်လခ မှန်မှန်ပေးနေတယ်၊ အိမ်ရှင်ကလည်းတာ မဟုတ်ဘူး။ ငါတို့ဘာလို့ အိမ်ပြောင်းရမှာလဲ"

"သတိုးရယ်၊ နင့်ကို ငါ ဘယ်လိုပြောရမှာလဲ"

အေးမိုးက ငိုမလိုပင် ဖြစ်နေသည်။ တစ်ခုခုကို ကြိတ်မှိတ်မျိုသိပ်ပုံမျိုးပါ။ ထိုအချိန်မှာအမေက သူတို့အနားမှာ လာဝင်ထိုင်ပြီး ညည်ဝဲစွာနှင့်

"အမေတို့အိမ်အမြန်ဆုံး ပြောင်းရအောင်ပါသား၊ ညီမလေး သားလေးအရှက်ကွဲအကျိုးနည်းတာမျိုး မဖြစ်အောင် ဒီရပ်ကွက်ကနေ ခုအောင်ပါ သားရယ်"

"အ…အမေဘာပြောတာလဲ၊ ဘာကိုပြောတာလဲ၊ဘာလို့ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ကအရှက်ကွဲရမှာလဲ''

''သတိုး''

''မဟုတ်ဘူး၊ ငါ့ကို ဖုံးကွယ်မထားကြနဲ့၊ ဘာအကြောင်းလဲဆို
အမှန်အတိုင်းပြော၊ မပြောရင် ငါမပြောင်းဘူး၊ ပေဖူးပြန်လာရင်၊ ငါ
ဘယ်ပြောင်းသွားတယ်ဆိုတာ မသိတော့ ဘယ်လိုလုပ်မလဲ၊ ပေဖူး
ပြန်လာတော့မှာ''

''နင့်ကို ဘယ်သူပြောလဲ၊ ပေဖူးပြန်လာတော့မှာလို့ ဘယ်သူပြော
လဲသတိုး၊တကယ်ဆို စာမေးပွဲဖြေရုံလအနည်းငယ် သတ်မှတ်ချက်နဲ့ သွား
တာ၊ ပြန်လာသင့်တာကြာနေပြီ သတိုး၊ အခုဒီကပို့ငွေ တွေ လက်
ဘဲ ခြေရာဖျောက် အဆက်အသွယ် ဖြတ်တောက်ထားတာ ဘယ်လော
ကြာနေပြီလဲ၊ နင့်ကို ချစ်တယ် သမီးလေးကို ချစ်တယ်ဆိုရင်၊ အ
ကာလဒီလောက်ကြာအောင် သူ ဒီလို မလုပ်သင့်ဘူး''

''သူ့မှာ ခက်ခဲတဲ့အကြောင်းတွေရှိလို့ နေမှာပါ''

သတိုးမှော်ပြောတာကို အေးမိုး လက်မခံ၊ ခေါင်းခါလျက် မျက်
စက်လက်တွေ လိမ့်ကျလာပြီး

''နင် မျှော်နေတာ အပြစ်မပြောပါဘူး။ ဘာကြောင့်ဆိုတာ ငါလည်း
မသိလို့ ပေဖူးကို အပြစ်မြင်နိုင်းနေတာလည်း မဟုတ်ဘူး။ ဒါ
အခုချိန်မှာ အရေးကြီးနေတာ ဝတ်မှုန်ပဲ၊ ဝတ်မှုန်ဘာရောဂါ ခံစား
တယ်ဆိုတာ နင်သိလား''

''အေးမိုး သမီး''

''မပြောလို့ မဖြစ်တော့ဘူး အခေါ်တင်၊ သူက မိုးလင်းက မိုး
လက်ခံမယ့်သူ မရှိတာတောင် ပေဖူးအတွက် ငွေရှာဖို့တစ်ခုပဲ သူသိ
ရပ်ကွက်ထဲကအသံတွေ၊အိမ်မှာဖြစ်ပျက်နေတာတွေ သူ့မှာ စိတ်ဝင်
ချိန်မရှိဘူး၊ ညအိမ်ပြန်လာရင် သူ့သမီးနဲ့တူတူအိပ်ဖို့ သမီးကို ပြုစု





ဖို့ ဒါပဲအချိန်ပေးနေတာ''

''အေးမိုး ငါ့ကို ဘာသိစေချင်တာလဲ၊ ငါဘာသိသင့်တာလဲ၊ ပွင့်ပွင့်
လင်းလင်း ပြောဟာ၊ ငါ့ကိုလူဆိုးကြီးဖြစ်အောင် မလုပ်စမ်းပါနဲ့၊ ငါ့
အမေငါ့ညီမကိစ္စကို ငါ စိတ်မဝင်စားဘဲ မသိချင်ဘဲ နေမလား၊ ငါ့မှာ
ပေဖူးအတွက် ပူပန်ရ၊ လွမ်းဆွေးရ၊ ဘာဖြစ်နေလဲလို့ စိုးရိမ်နေရတဲ့
အခြေအနေကြောင့်ပါ''

''မသိဘဲ နေမလား။ သိလို့လည်း အခေါ်တင်ရော ငါရော မပြော
ရက်ဖြစ်နေတာ၊ ဝတ်မှုန်ကလည်း ကိုကိုစိတ်ဆင်းရဲနေမှာစိုးလို့ဆိုပြီး
တားထားလို့၊ ကျွတ်...သတိုးရယ်...ငါ''

ဒီလောက်ပြောဖို့ ခက်ခဲနေတာ ဘာကြောင့်လဲ။ အမေနဲ့အေးမိုး
မျက်ဝန်းအိမ်မှာ မျက်ရည်တွေနှင့်။

''အေးမိုး အမေ ကျ...ကျွန်တော့်ကို ပြောပါ၊ ညီမလေးကို
ကျွန်တော် ကိုယ်တိုင်မေးရမှာလား''

''သူ့ကို နင်တိုက်ရိုက်သွားမေးရင် သူရှက်လို့ သေသွားမှာပေါ့''

''ဘာတွေလဲဟာ''

''ဝတ် ဝတ်မှုန်မှာလေ HIV ပိုးဝင်နေပြီ၊ AIDS ရောဂါရနေပြီ''

''ဘာ ဘာပြောတယ်၊ ညီမလေးမှာ ဟား...ဘာဖြစ်လို့လဲ၊ ဘာလို့
အဲဒီရောဂါရတာလဲ၊ ဟင်...ဘာလို့အဲဒီရောဂါ''

''သတိုးရယ်၊ ဝတ်မှုန်ကလေ ပေဖူးအတွက် ငွေရှာဖို့ ငွေများများ
ထောက်ပံ့ပေးနိုင်ဖို့''

''အေးမိုး နင်...နင်ပြောတာ၊ ဟား ညီ...ညီမလေးက အဲလို
ဆွ လုပ်လို့ အဲဒီရောဂါရသွားတာလား၊ အ...အမေဘယ်လိုလုပ်ကြမလဲ
ဘယ်လိုလုပ်ကြမလဲဗျာ၊ အား...အီး ညီမလေး၊ ညီမလေး''

''သား''



www.burmeseclassic.com

www.burmeseclassic.com



"သတိုး"

သည်းထန်စွာ ငိုချလိုက်သော သတိုးမော်ကို ဘယ်လိုနှစ်သိမ့် မသိကြတော့ချေ။ ကိုယ့်ဆံပင်ကိုယ်ဆောင့်ဆွဲ ရင်ဘတ်တွေထု၊ အံကြိ ဖြင့် ယူကျုံးမရကို သတိုးမော်ငိုနေတာ။

"ငါ့ . . . ငါ့ညီမလေးဝတ်မှုန်၊ ဝတ်မှုန်မှာအဲဒီရောဂါကြီးရနေပြီ ဟာ ဟာကွာ၊ အဲဒါ ငါ့ကြောင့်၊ ငါ့ကြောင့် အေးမိုးရာ၊ ပေဖူး လက်ထပ်လိုက်လို့ ပေဖူးကို ပညာတတ်ကြီးဖြစ်စေချင်တယ် ငါပြော အ အမေနဲ့ညီမလေးက ဖြည့်ဆည်းပေးခဲ့တာ၊ ငါ့ကိုချစ်တဲ့ . . . တွေကြော ငါ့ဆန္ဒတွေကို မဖြစ်မနေ လုပ်ပေးကြတာ"

"သား သတိုးရယ်၊ နင့်အပြစ်ချည်းလည်း မဟုတ်ပါဘူး။ သူတို့ကို တိုင်လည်း ဒီဘဝက လွတ်မြောက်ချင်တဲ့ မျှော်လင့်ချက်တွေကြောင့် နင်အဲလောက်ကြီး မခံစားပါနဲ့၊ နင်အဲလိုကြီးငိုနေရင် ဝတ်မှုန်ရော အဒေါ်တင်ရော ဘယ်လိုလုပ် စိတ်ကောင်းနိုင်မှာလဲ"

"ဟုတ်ပါတယ် . . . သားရယ်၊ အမေတို့ ပေးဆပ်မှုတွေက ဖြူစင် တယ်၊ ဒီလိုမျိုးဖြစ်သွားတာ ဘာတတ်နိုင်မှာလဲ၊ သမီးလေးဝတ်မှု စိတ်သက်သာအောင်အမေတို့ ဖြေသိမ့်ကြအောင်၊ နှစ်သိမ့်အားပေးကြ အောင် နော်သား"

"အမေရာ၊ ညီမလေး ဒီအလုပ်လုပ်မှာဆို ကျွန်တော်ခွင့်ရှာမနိုင်းပါဘူ မနိုင်းပါဘူးဗျာ၊ ကျွန်တော်ညီမလေးကို၊ ဒီလို လူအသေခံရမယ့်အလုပ်မျိ ကျွန်တော်လုပ်နိုင်းရက်ပါ့မလား အမေရယ်၊ တောက် ဒီ . . . ဒီအလုပ်မျိ ညီမလေးဘာလို့လုပ်ရတာလဲကွာ၊ ဟာကွာ . . . တောက်"

ကြမ်းပြင်ကို လက်သီးနှင့်ထိုး၊ နဖူးဖြင့်တဒိုင်းဒိုင်းဆောင့်နေ၍ အေးမိ





. . . ဆွဲရုန်းထုနေရသည်။ သားခံစားနေရတာကိုကြည့်ပြီး ဒေါ်မေတင်လည်း . . . ဆည်နိုင်။ ပထမဆုံးဆေးစစ်ပြီးတဲ့နေ့တည်းက အေးမိုးက ဖွင့်ပြော . . . တာပါ။

သားကို အသိပေးသင့် မပေးသင့် တိုင်ပင်ချင်တာကြောင့်လည်းပါ . . . ည်၊ ဒီလိုများ သားနာကျင်ခံစားသွားမှာသိနေ၍ မပြောပြဖို့ တိုင်ပင် . . . ကြသော်လည်း၊ သားကပေဖူးအတွက် တွေးပြီး အိမ်မပြောင်းဘူး . . . ်နေတာမို့။

"သား . . . သားရယ် အမေလည်းသားထက်မက ရင်ထဲမှာ အပူလုံး . . . တောက်လောင်ပြီး နာကျင်နေပါတယ်။ ဒါပေမဲ့ ဒါက ပြင်မရတော့တဲ့ . . . ားလေ၊ ဘယ်သူမှကယ်တင်လို့ မရအောင် နစ်မွန်းသွားပြီ၊ သူများ . . . တွေးခွက်မှာ ပက်လက်မျောရပြီသား၊ အဲဒါကြောင့် အကြောင်းစုံသိနေ . . . အထင်သေးရှုံ့ချမေးငေါ့မယ့် ပတ်ဝန်းကျင်ကနေ အမေတို့ အိမ်ပြောင်း . . . ရအောင်လို့ ပြောနေတာပေါ့ကွယ်"

"ဟုတ်တယ် သတိုး၊ ပတ်ဝန်းကျင်က ဒီရောဂါမဝင်ခင်ကတောင် . . . ငေါ့အတင်းပြောနေကြတာ၊ ဘာလုပ်စားတယ် ညာလုပ်စားတယ် . . . ကွက်နာတယ်နဲ့ အခု ဝတ်မှုန်အပြင်သိပ်မထွက်တော့တာ အဲဒါကြောင့် . . . ်ပြီး အသားအရေခြောက်ခမ်းသွားတဲ့ဝတ်မှုန်၊ ဒီရောဂါဝင်နေပြီလို့ . . . ပြောခံရမှာစိုးလို့ပဲ"

"တောက် . . . ငါဘာလို့ မသိရတာလဲဟာ၊ ငါ့ညီမလေး ဒီလိုဖြစ်တာ . . . တန်းတန်း နေမကောင်းဘူးပဲထင်နေတာ၊ ငါ ပြန်လာတဲ့အချိန် . . . တော့ ညီမလေးက အိပ်နေတယ်၊ ငါအလုပ်သွားရင် အိပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မထသေးဘူး၊ ပြန်လာတော့လည်း ပေဖူးအကြောင်းတွေးပြီး သောက များနေတာ၊ သမီးလေးကို ပြုစုယုယနေတာနဲ့ နင်ပြောသလိုပဲ မိသားစုကို လျစ်လျူရှုမိသလို ဖြစ်နေတယ်။ ငါ···ငါမကောင်းဘူး၊ အသုံးမကျဘူး ကိုယ့်အတွက်ကိုယ်ပဲ အတွေးကြီးနေတဲ့ကောင်"

"သားလေး"

မျက်ရည်တွေနှင့် ငိုကြီးချက်မဖြစ်နေသော သတိုးမော်ကို ဒေါ်မေတင် ဖက်တွယ်၍ နှစ်သိမ့်ဖျောင်းဖျရသည်။ အေးမိုးကလည်း နောင်တတွေဖြင့် သိမ့်သိမ့်လှုပ်အောင် ခံစားနေသော သတိုးမော်အတွက်၊ မျက်ရည်ဝဲစွာ စိတ်ထိခိုက်မိပြီး

"နင်က အဲလောက်နာကျင်ပြနေရင် ဝတ်မှုန်အခုချက်ချင်းသေချင်စိတ် ပေါက်သွားလိမ့်မယ် သတိုး၊ ငါတို့ဒီရပ်ကွက်ကပြောင်းပြီး သေချာ ဆေးကု သပေးမယ်ဆိုရင်၊ ဝတ်မှုန်သတ်တမ်းစေ့နီးပါး နေနိုင်မှာပါ။ သူ့ဘဝလေး ပြန်ထူမတ်နိုင်အောင် ငါတို့အားလုံး အားပေးသင့်တယ်၊ မဟုတ်ရင် ပေဖူး ပြန်မလာလို့၊ သူပေးဆပ်ခဲ့တာ အလကားပဲလို့တွေးပြီး စိတ်ဓာတ် ကျသွားလိမ့်မယ်"

"အဲဒါ အမှန်ပဲသား၊ မမြင်ကွယ်ရာ တခြားနိုင်ငံမှာ ပေဖူး ဒုက္ခတွေ များ ရောက်နေလားလို့ စိတ်ပူမိတာကတစ်ဖက်၊ ဘာဖြစ်ဖြစ် ဒီမိသားစု ကို အဆက်အသွယ်ဖြတ်တောက်ထားလေခြင်းလို့ စိတ်မကောင်းဖြစ်မိ တာက တစ်ဖက်နဲ့ သမီးကလည်း ဒီလိုဖြစ်တော့ အမေတောင် အားကုန် ချင်နေပြီသား၊ ဒါပေမဲ့ အမေတို့မှာ မြေးမလေးရှိသေးတယ်။ သူ့အတွက် ရှင်သန်ရဦးမယ်လေ သားရယ်"





အမေပြောတာ အမှန်ပါပဲလို့ သတိုးမော်မျက်ရည်တွေနှင့် ခေါင်းညိတ် တ်ခံမိသည်။ ဟုတ်ပေသားပဲ။

သူတို့မှာ သမီးလေးဖူးသစ္စာရှိနေသေးသည်။ ညီမလေးကို ဆေးကု အချိန်တွေ ကျန်သေးသည်။

ဝတ်ဝန်းကျင်က လွတ်မြောက်လျှင် ညီမလေး အနည်းငယ်တော့ က်သာမှာပါ။ ဘာကြောင့်များ သူတို့မိသားစုတွေ ဒီလို ဖြစ်ရတာ ဘယ်သူ့အပေါ်မှမယုတ်မာဘဲ၊ ကံကြမ္မာက ဘယ်လိုအပြစ်ဒဏ် ချမှတ်နေတာလဲ။ ပေဖူးရေ မင်းဘယ်တွေရောက်နေလဲ၊ ဘာတွေ ဘာလဲ။ မင်းတစ်နေ့ကော့ မောင့်ဆီရောက်အောင် ပြန်လာမယ် လား ပေဖူးရယ်။

အချိန်ဆိုတဲ့ ယန္တရားကြီးကတော့ တရွေ့ရွေ့ကုန်ဆုံး လည်ပတ်နေ သမီးလေး ဖူးသစ္စာလည်း···



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

''သမီးလေးတောင် သုံးနှစ်ပြည့်သွားပြီ ဒီအချိန်ထိ ပေဖူး ပြန်ရော
မလာတာ ငါဘယ်လိုတွေးရမှန်းတောင် မသိတော့ဘူး အေးမိုးရေ
သူ ဟိုနိုင်ငံမှာ အက်ဆီးဒင့်တွေဘာတွေဖြစ်ပြီး သေသွားတာတော့ မဖြ
ပါဘူးနော်''

''ဖြေတွေးမနေနဲ့၊ နင်လည်း စုံစမ်းသင့်သလောက် စုံစမ်းနေတာ
ဘာသတင်းအစအနမှကို မရတာ၊ သေရင်သေ၊ ဒါမှမဟုတ် သေသွား
ကြောင့်ပဲ ဖြစ်မယ်''

''ဟား…ပေဖူးရာ၊ မောင့် မောင့်ကို ထားခဲ့ပြီလား၊ ပေဖူးသိပ်ချ
တယ်ဆိုတဲ့ သမီးလေးကိုရော ထားခဲ့ပြီလား ပေဖူးရယ်''

''ဟယ်…ဒုက္ခပဲ သေချာတာလည်း မဟုတ်ဘဲနဲ့ အဲလို ငိုစရာ
အိမ်ထဲက၀တ်မှုန်ကြားရင် ပိုစိတ်မကောင်းဖြစ်ပြီး စိတ်ဓာတ်ကျသွားဦးမယ်

အေးမိုး စိုးရိမ်တကြီးပြောမှ ၀တ်မှုန်ရှိနေမည့်ဘက်တစ်ချက်ကြည့်
သတိုးမော်မျက်ရည်တွေ သုတ်သည်။ ညီမလေးမှာ ရောဂါဝေဒနာ
စိတ်ဓာတ်ကျနေတာကြောင့်၊ ကျန်းမာရေးက သိပ်မကောင်းချင်။ တ
ရောင်ဖြင့် ဆေးရုံဆေးခန်းသွားနေရတာကိုလည်း သူ့ကိုအားနာသည်





တွတ်တွတ်ပြောဇာ၏။ အမေလည်းဒီလိုကိစ္စတွေကြောင့် မနည်းအားတင်း
သူမတ်နေရသည်ဆိုတာ သူသိပါသည်။

''အေးမိုး''

''ညီမလေး နေကောင်းတယ် မဟုတ်လားဟင်''

''နေကောင်းတယ်လို့တော့ ဘယ်ဟုတ်မလဲဟယ်၊ ရောဂါရှိနေတော့
ဆဒနာခံစားနေရတာပေါ့၊ ဒါပေမဲ့ ပေဖူးပြန်လာရင် ဒီရောဂါလည်းပျောက်
မယ်၊ ဒီဘ၀ကလည်း လွတ်မြောက်မယ်ဆိုပြီး သူအားတင်းနေရှာပါတယ်၊
နောက်ပြီး ဆေးရုံဆေးခန်းတွေ၊ လူမှုရေးပရဟိတအသင်းအဖွဲ့တွေက
ခွဲခြားဘဲ ဆေးလည်းကု၊ အားလည်းပေးနေတော့၊ စိတ်သက်သာနေ
သေးတာပေါ့၊ ကဲ့ရဲ့ရှုံ့ချမယ့်သူတွေရှိသလို အားပေးကူညီတဲ့သူတွေလည်း
ရှိနေတဲ့အတွက်၊ လူတောမတိုးသလိုတော့ နေစရာမလိုတော့ပါဘူး''

''ဒါပေမဲ့ ညီမလေးဒီရောဂါရသွားတာတော့ ငါ တကယ် စိတ်မကောင်း
ဘူးဟာ၊ တစ်သက်လုံးလည်း ဖြေလို့ရမှာ မဟုတ်ဘူး၊ အမေလည်း
စိတ်ထိခိုက်စရာတွေများပြီး ကျန်းမာရေး သိပ်မကောင်းချင်ဘူး၊ အားလုံးက
ငါ့အပြစ်တွေပါ''

''နင်လည်း အပူသောကတွေများလွန်းတယ်၊ မိန်းမအတွက်၊ သမီး
အတွက်၊ အမေအတွက်၊ ညီမအတွက်နဲ့၊ လူနဲ့မလိုက်အောင် ဒုက္ခ၀န်တွေ
ပိနေတယ်၊ ငါလည်း ဘယ်လိုကူညီရမှန်း မသိတော့ပါဘူးဟယ်''

''နင်က ငါ့ဒုက္ခတွေကို မျှဝေခံစားနေတာပဲ၊ ကျေးဇူးတင်တယ်ဆိုတဲ့
စကားက သူစိမ်းဆန်တယ်ဆိုပေမယ့် ကျေးဇူးတင်တယ်လို့ပဲ ပြောပါရစေ
တာ၊ နင်ဒီလောက်နှစ်တွေကြာတဲ့အထိ ငါတို့နဲ့အတူနေပြီး ဒုက္ခတွေ
ဆင်းရဲမှုတွေ မျှဝေခံစားနေတာ၊ အဲဒီကျေးဇူးတွေက တစ်သက်လုံး
ဆပ်လို့ မကုန်တာပါ၊ ပေဖူးပြန်မလာနိုင်တော့ရင် အဲဒီကျေးဇူးတွေကို
ဘယ်လို ပြန်ဆပ်ရမယ်ဆိုတာတောင် မသိတော့ဘူး''

တကယ်ကို လှိုက်လှဲစွာ ပြောလာတော့ အေးမိုးရင်မှာ ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သလို ဖြစ်သွားခဲ့သည်။ ကညီပေးမိတာ ဘာမျှော်လင့်ချက်ကြောင့်မှ မဟုတ်သော်လည်း၊ အတူနေတာကြာလာတော့၊ သံယောဇဉ်တွေနှင့် ပင်ပန်းတယ်လို့တောင် မထင်မိတော့ပေ။

ဒါကြောင့် ကြည်နူးစွာပင် ပြုံးပြလိုက်ပြီး

''ငါတို့က မိသားစုတွေပဲဟယ်၊ ဒုက္ခတွေဖြစ်ဖြစ်သုခတွေဖြစ်ဖြစ် မျှဝေခံစားရမှာပေါ့၊ နင်ပင်ပန်းနေရင်လည်း ငါ ပင်ပန်းသလိုပဲ၊ ဝတ်မှုန် ရောဂါဝေဒနာခံစားနေရတာလည်း ငါခံစားရသလိုပါပဲ၊ အဒေါ်တင်ကလည်း ငါ့အမေပဲလေ၊ သူ့ကိုလည်း ငါ့အမေလိုပဲ ပြုစုမှာပဲ''

''ရွှာမှာတုန်းက နင် ဒီလို မဟုတ်ဘူးနော်''

''ငါ့အပေါ်ဘယ်သူမှ မနွေးထွေးခဲ့ မဆုံးမခဲ့ကြလို့ပါ၊ တောသူမို့ ပွင့်လင်းတာကို ရဲတင်းလွန်းတယ်ထင်ပြီး အပြစ်မြင်ကြတာလည်းရှိတာပေါ့၊ ဒီရောက်တော့ အဒေါ်တင်ရဲ့ ဆုံးမသွန်သင်မှုတွေ နင်တို့ရဲ့ သံယောဇဉ်တွေကြောင့် တကယ့်မိသားစုလေး ရလိုက်သလို ခံစားရတယ်''

''အေးပါဟာ၊ နင့်ဘက်က ဒီလိုနားလည်မှုလေးတွေရှိလို့ ငါ စိတ်သက်သာရာ ရပါသေးတယ်၊ ဒါနဲ့သမီးလေးရော''

''နင့်အမေနဲ့ဈေးလိုက်ချင်တယ်ပူဆာနေလို့ ထည့်လိုက်ရတယ်လေ၊ နင့်သမီးက စကားကလည်းတတ်၊ လည်ကလည်းလည်နဲ့၊ ဈေးထဲက လူတွေက ဝိုင်းချစ်ပြီး ထိန်းပေးကြတယ်၊ တချို့ကျတော့လည်း ဒီရောဂါရှိတဲ့အိမ်ကလူတွေဆိုပြီး ခပ်ရှောင်ရှောင်ပေါ့၊ အဲဒါကြောင့် ကလေးက ဖွတ်လိုက်ချင်လို့သာ ထည့်ရတာ၊ ကလေးအနာဂတ်ထိ အစွန်းအထင်း ဖြစ်သွားမှာစိုးလို့ သိပ်ထည့်ချင်တာ မဟုတ်ဘူး''

''ဟုတ်တယ် အမေ့ကိုလည်း ဈေးရောင်းမခိုင်းချင်တော့ပါဘူး။ ဟိုရပ်ကွက်ပြောင်း၊ ဟိုဈေးရောင်း၊ ဒီရပ်ကွက်ပြောင်း၊ ဒီဈေးရောင်းနဲ့ အမေလည်း ပင်ပန်းရှာပါတယ်၊ ပေဖူးအတွက်မှ ငွေမပို့ရတော့တာ ငါ တာဝန်ယူနိုင်ပါတယ်''

ရွှေပြည်သိမ်းစာပေ



''ဖြစ်မှာလားဟယ်၊ ဝတ်မှုန်အတွက် ဆေးဖိုးဝါးခကလည်း ကုန်သေး ယ် ဒီလိုလုပ်ရင် မကောင်းဘူးလား၊ အိုးမကွာအိမ်မကွာဖြစ်အောင် မှာ မုန့်ဟင်းခါးလေး ရောင်းရောင်း၊ အိမ်ဆိုင်လေးပဲဖွင့်ဖွင့်''

အေးမိုးစကားက ဟာသမဟုတ်ဘဲ၊ သတိုးမျော် မချို့စွာရယ်မိ၏။

''ဒီရောဂါရှိတဲ့အိမ်က ရောင်းတာကို ဘယ်သူကဝယ်စားမှာလဲအေးမိုး ယ် ငါ့ညီမလေးကို ငါ အရမ်းသနားတယ်၊ ငါဘာလုပ်ပေးရ မလဲလို့ ားတာလည်း အဖြေမတွေ့ဘူး၊ ပေဖူးသာ အထူးကုဆရာဝန်ကြီးဖြစ် ပြန်ရောက်လာရင် သိပ်ကောင်းမှာပဲ၊ ညီမလေးလည်းအားတွေရှိပြီး ပြန်ကောင်းလာမယ်၊ သမီးလေးလည်း သူ့ဘဝ တစ်လျှောက်လုံး ယ်သိမ်ငယ်စရာမလိုတော့ဘူး၊ အမေလည်း အသက်ကြီးမှ တောင့်သက်သာ တရားဘာဝနာအားထုတ်နိုင်မယ်လေ''

''ဒါပေမဲ့ မျှော်လင့်ချက်တွေက ရေစုန်မျောနေပြီလေ၊ ပေဖူးက သလား၊ ရှင်သလားလည်းမသိ၊ ဘယ်လိုဒုက္ခတွေနဲ့ ရင်ဆိုင်နေရလို့ က်အသွယ်တွေ ဖြတ်ထားတာလည်းမသိ''

အေးမိုးပြောမှ သူ့ရင်တွေမောကျပ်လာပြန်သည်။ ရင်ဆိုင်ရသည့် ကမ်လှိုင်းတံပိုးက မချို့မဆံ့ပါ။

''ပေဖူးဘာဒုက္ခမှ မတွေ့ပါစေနဲ့လို့ ဆုတောင်းပါတယ်ဟာ၊ သူဒုက္ခ ရမယ်ဆိုလည်း ငါ့အပြစ်ကင်းမှာ မဟုတ်ဘူး၊ ငါ့လို ဆင်းရဲတဲ့ကောင် ကို့ချစ်မိလို့ ပေဖူးလည်း ဒုက္ခများရတာ''

''အားလုံးက နင့်အပြစ်တွေချည်းပဲ ပုံချမနေပါနဲ့ဟာ၊ နင်လည်း သူ့အတွက်မဆို အကောင်းဆုံးလုပ်ပေးသင့်တာ လုပ်ပေးနေတာပဲ တော့ နင့်ကို လေးစားတယ်၊ ဦးဆောင်တတ်တာ ယောက်ျားကောင်းပဲ''

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

ကျေးဇူးတင်ပါတယ်လို့ မပြောချင်တော့၊ ဒီထက်ပိုလာနိုင်သော ပြုစုမှုတွေကိုလက်မခံနိုင်။ ရိုးသားစွာကူညီမှုတွေကို အစွမ်းအထင်းမခံနိုင်လို့
ပေဖူးရယ် မင်းဘယ်ဆီမှာ ဘာတွေဖြစ်နေမှန်း မသိပေမယ့် မောင်သစ္စာရှိနေဆဲပါ။ လွမ်းနေဆဲပါ၊ တမ်းတနေဆဲပါ ပေဖူးရယ်။ ဒီသံသရာမှာပြန်ဆုံရဦးမယ်လို့ မောင်မျှော်လင့်နေမိဆဲပါ။

❀ ❀ ❀



## အခန်း (၂၂)

''ကား အားလား ကားဆရာ၊ သစ္စာရှင်အထူးကုဆေးခန်းကိုသွားချင်လို့''

''သစ္စာရှင်ဆေးခန်း၊ အဲဒါဘယ်နားမှာလဲအစ်ကို''

''ရွှေတိဂုံဘုရားလမ်းမှာ၊ နောက်အသစ်ဖွင့်တာလေ၊ မကြားဖူးဘူးလား''

''ဟုတ်ကဲ့ ကျွန်တော့်ကားက အဲဒီဘက်သိပ်မရောက်လို့ပါ၊ လမ်းတွေဆိုတော့ မြို့ထဲဆိုသိပ်မလိုက်ဖြစ်တာ''

''ကားခကျသင့်သလောက်တောင်းပါ၊ အမေကိုဆေးသွားစစ်ပေးချင်လို့ အဲဒီပုဂ္ဂလိကဆေးရုံကနောက်မှပေါ်လာပြီး နာမည်ကြီးနေလို့''

''ဟုတ်ကဲ့ပါအစ်ကို၊ လိုက်ပို့ပါ့မယ်၊ ကားခလည်းအရမ်းပိုမယူပါဘူး ဆီခနဲ့သင့်တင့်ရုံပါပဲ''

''အေး…အဲလိုကားသမားနဲ့တွေ့တော့ အဆင်ပြေတာပေါ့၊ အမေ ပေါ်တက်''

သားအမိနှစ်ယောက်ကားပေါ်ရောက်သည်နှင့် ကားလေးကိုညင်သာစွာမောင်းထွက်ခဲ့သည်။ ဒီနေ့ကားခွဲမကောင်းတာမို့ မြို့ထဲဆိုလည်းကားလမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပိတ်ပိတ် လိုက်ရတော့မှာပင်။ ပြီးတော့ အိမ်မှာကျန်
မကောင်းသည့်လူရှိတာကြောင့် စာနာစွာနှင့်ဆေးရုံဆေးခန်းဆိုလျှင်
ဘဲ လိုက်ပို့ဖို့ဆုံးဖြတ်ထားသည်။

အခု ဆေးသွားစစ်မည့်အမေဆိုသောသူက ကျန်းမာလတ်ဆတ်
ဖြိုးနေသလိုပင်။

"အစ်ကို ဒီဆေးခန်းက ပေါ်တာသိပ်မကြာသေးဘူးထင်တယ်"

"ဟုတ်တယ် ညီရ၊ တစ်နှစ်လောက်အတွင်းမှာ အရမ်းအောင်
လာတယ်၊ ဆေးရုံအုပ်က အရမ်းသဘောကောင်းတာတဲ့၊ ရုပ်က
ယဉ်ယဉ်ချောချော၊ စိတ်ပါ ်ငလေးကလည်း ပြည့်ဝတယ်လို့ပြောကြ
ဆေးရုံအုပ်က အုပ်ချုပ်မှုကောင်းတော့ အောက်လက်ငယ်သားအ
တွေ၊ ဆရာဝန်၊ ဆရာမတွေ နပ်စ်တွေအောက်ခြေဝန်ထမ်းတွေက
ဆက်ဆံရေးပြေပြစ်ကြတယ်တဲ့လေ"

"အဲလို ပုဂ္ဂလိကဆေးရုံဆေးခန်းတွေပဲ ကောင်းတော့မယ်
ပါတယ်အစ်ကိုရယ်၊ အပြိုင်အဆိုင်တွေပေါ်လာတော့ ဝန်ဆောင်မှု
ကောင်းလာတာပေါ့။ ငွေကုန်လည်းတန်တယ်လို့ပြောရမယ်၊ ပြည်သူ
ရုံတွေကတော့ ဝန်ထမ်းတွေဆက်ဆံရေးတော်တော်ဆိုးတာအစ်ကိုရ၊
တွေအပေါ်လည်း ငွေကြေးမပေးနိုင်ရင် ဂရုမစိုက်ကြဘူး၊ ပစ်စလက်
ပဲ၊ လူနာစောင့်ရော၊ လူနာလာမေးတဲ့သူရော အဝင်အထွက်ပိုက်ဆံ
ပိုက်ဆံမပေးရင် အဆဲအဆိုခံရ၊ အရေးကြီးလူနာဆိုလည်း အရေး
သလိုလုပ်တာမဟုတ်ဘူး၊ သူတို့ဘာသာဘောလုံးပွဲကြောင်းပြော၊ ဖုန်း
စရာရှိပြော၊ ဟိုလူဒီလူအကြောင်း အတင်းတုတ်"

"ဟုတ်တယ်၊ ဟိုတစ်လောက အစ်ကို့ရဲ့အစ်ကိုဝမ်းကွဲ ဦးနှော
သွေးကြောပြတ်လို့ဆေးရုံတင်တာ၊ ငွေကြေးလည်းအတတ်နိုင်ကြီးမဟု
တော့ သေသွားတာပဲ၊ ညဘက်ကြီးဆေးထိုးအပ်ကအစ အပြင်
ဝယ်ရတယ်၊ အဲဒါလူနာက သေလုမြောပါးဖြစ်နေတယ်။ သူတို့က





ဆေးဆေးပဲ၊ ဆေးပုလင်းချိတ်ဖို့ ဂျိတ်ကအစ လူနာရှင်ကဆေးရုံတစ်ရုံ
ပုံးပတ်ရှာရတာ၊ အောက်ခြေဝန်ထမ်းတွေရှိနေတာလည်း သူတို့ကဘာမှ
လုပ်တာမဟုတ်ဘူး။ သွေးလိုလည်းကိုယ့်ဘာသာရှာ၊ ဆေးလိုလည်းကိုယ့်
ဘာသာဝယ်၊ အဆင့်ဆင့်ရဲ့အအော်အငေါက်ခံရ ညစ်ပိတ်လိုက်တာလည်း
အံတောင်အံချင်တယ်၊ အဲဒါကြောင့်ပြောတာ၊ အထက်လူကြီးတွေဘယ်
လောက်ပဲပြောင်းလဲနေပါပြီအော်အော်၊ အောက်ခြေက မပြောင်းတော့
ခုရင်းကဒုံရင်းပဲညီလေးရေ"

"ဟဲ့. . .နင်တို့ဟာ နိုင်ငံရေးတွေပါလာပြီ"

အမေကြီးက ဝင်ဟန့်တားတော့ သတိုးမော်တို့ ရယ်လိုက်မိကြသည်။
သားဖြစ်သူက သူ့အမေပခုံးကိုဖက်လိုက်ပြီး

"နိုင်ငံရေးရယ်လို့မဟုတ်ပါဘူး အမေရယ်၊ ကားသမားလေးနဲ့စကား
ဆုံတုန်း အကျိုးအကြောင်းအမှန်တရားလေးပြောပြတာပါ၊ အဲဒါကြောင့်
အမေ့ကိုသားက ပုဂ္ဂလိကဆေးရုံကိုခေါ်လာတာပေါ့အမေရဲ့၊ အမေ့စိတ်နဲ့
ဆို အဲဒီဆေးရုံကဝန်ထမ်းတွေကို ဓါးနဲ့တောင်ခွဲခုတ်ဦးမယ်၊ လစာနည်း
လို့သားပေါက်ရှာတယ်ဆိုလည်း သထားအောင်မလုပ်ကြဘူး၊ ဓါးပြတိုက်သလို
ဆောင်းကြတာ၊ ဆေးရုံဝင်ပေါက်အဝင်အထွက်ဂိတ်ကြေးပေးရ၊ သန့်ရှင်း
ရေးသမားတွေက ဘာလုပ်လို့ညာလုပ်လို့ဆိုပြီး လာတောင်း။ စေတနာ
ဓမ္မနဲ့ဆက်ဆံတတ်ကြတဲ့သူကနည်းတယ်၊ ပြည်သူ့ဆေးရုံဆိုပြီး ငွေကြေး
မတတ်နိုင်ရင် သွားမတက်လေနဲ့ နှလုံးရောဂါတောင် ထပ်ရလာမယ်"

"သားတို့ကကွယ် လူတိုင်းတော့အဲလိုဟုတ်မယ်မထင်ပါဘူး"

"သားတို့ကလည်း လူတိုင်းကိုမပြောပါဘူး၊ ဘယ်နေရာဖြစ်ဖြစ်
ကောင်းတဲ့သူရှိသလို မကောင်းတဲ့သူရှိတာပဲ၊ ဒါပေမဲ့ တချို့မှာ အောက်
ခြေဝန်ထမ်းကအစ အထက်လူကြီးလာရင်တစ်မျိုး၊ အထက်ဖားအောက်ဖိ
ကိုယ်ကျိုးအတွက်လာဘ်လာဘယူ၊ ကိုယ်ကျင့်တရားတွေပျက်နေကြတာ၊



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတိုးတက်ဖို့အတော်အလုပ်ဝေးဦးမယ်အမေ၊ ခေါင်းဆောင်စိတ်ဓါတ် မရှိရင်ခေါင်းဆောင်မဖြစ်နိုင်ဘူး။ အောက်ခြေဝန်ထမ်းစိတ်တွေ မဖျောက် သရွေ့ အဲဒီလူဘယ်တော့မှအမြင့်ရောက်မှာမဟုတ်ဘူး၊ သူတို့တွေအတွက် ရင်လေးလို့သနားလို့ပါ''

''သူများအကြောင်းမပြောနဲ့၊ ကိုယ့်ကိုယ်ကိုသာ အဲလိုလူတွေလိုစိတ် မျိုးမဝင်အောင်ကြိုးစားကြ၊ လောကမှာ သူများမကောင်းကြောင်းပြောပြီး ကိုယ်တိုင်မကောင်းတာလုပ်နေတဲ့လူတွေလည်း တစ်ပုံကြီး၊ အပြောနဲ့အလုပ် မညီလို့ ဝေဖန်ခံရလည်း ဆင်ခြေတွေပြန်ပေးပြီး ရှက်တတ်ကြတာမဟုတ် ဘူး၊ သူတို့ကိုသွားမေးပါလား၊ ကိုယ့်အိမ်မိသားစုအတွက် မလုပ်မဖြစ် လို့လုပ်နေရတာပါ၊ အဲလိုမလုပ်ရင်ဘယ်သူက ထမင်းလာကျွေးမှာလဲ လို့ အမေးခံရလိမ့်မယ်၊ သူတို့စားဝတ်နေရေးကိုတာဝန်မယူနိုင်ဘဲနဲ့ ဘယ်ရ မှ အပြစ်ပြောမနေကြနဲ့''

''ဟုတ်ကဲ့ပါအမေ မပြောတော့ပါဘူး''

အဘွားကြီးပြောတာဟုတ်နေတာမို့ သားတော်မောင်လည်း ပါးစပ်ပိတ် သွားလေသည်။ သစ္စာရှင်ဆေးရုံရှေ့လည်းရောက်လာပြီမို့ ဂိတ်ဝင်ပေါက် ကနေကွေ့ဝင်လိုက်၏။ ဆင်ဝင်အောက်ကိုရောက်တော့ ထိုသားအမိသုံး ကားနောက်ရှင်းဖို့ပိုက်ဆံထုတ်နေကြ၏။ စကားကောင်းလာတာမို့ ပိုက်ဆံ ကြိုထုတ်ထားဖို့ မေ့နေကြဟန်တူသည်။ ထိုအချိန်မှာ လုံခြုံရေးဝန်ထမ်း တွေရောက်လာပြီး

''ဆေးရုံအုပ်ကားဝင်လာလို့ ကားအမြန်ရွှေ့ပါခင်ဗျာ၊ ဟိုဘက်ခြမ်း မှာ ခဏရပ်လိုက်ပါ။ ဆရာဝန်တွေအတွက် ကားပါကင်ထိုးမှာမို့ပါ''

''ညီလေး သူတို့ပြောသလိုဘေးကပ်လိုက်ကွာ၊ ဒီမှာ ပိုက်ဆံထုတ် လို့မပြီးသေးဘူး''

''ဟုတ်ကဲ့''





ကားကိုရှေ့နားတိုး၍ ဘေးကပ်ရပ်လိုက်ပြီး ထိုသားအမိရဲ့ ကားတံခါး ဖွင့်ပေးဖို့အတွက် သူကားစက်မရပ်ဘဲ ကားပေါ်ကဆင်းလိုက်သည်။

''ဟင်''

ဆေးရုံအုပ်ကားပေါ်က ဖိုးရောင်နေကာမျက်မှန်လေးနှင့်ဆင်းလာသော သမီးကို အမှတ်တမဲ့မြင်လိုက်ချိန်မှာ ဘွဲ့ရင်တွေပရမ်းပတာယမ်းခါ သွားသည်။

''ပေ...ပေဖူးလား''

အသားအရေတွေဝင်းဝါစိုပြေပြီး ထည်ဝါစမတ်ကျစွာဆေးရုံခန်းထဲ သွားသော...မိန်းမျိုးသမီးကို မျက်စိတစ်ဆုံးလိုက်ကြည့်မိရင်း မှင်တက် နေမိသည်။

''မဖြစ်နိုင်ပါဘူး၊ ပေဖူးမဟုတ်လောက်ဘူး''

ခေါင်းကိုယမ်းရင်း စိတ်တွေကယောင်ချောက်ချားတောင်ဖြစ်လာသည်။

ဘယ်တုန်းက မြန်မာပြည်ပြန်ရောက်လာတာလား။ ဟုတ်ရဲ့လား။ ဟုတ်ပါ့မလား။ မဟုတ်နိုင်ပါဘူး။ မဖြစ်နိုင်ပါဘူး။

''ညီလေး''

''ညီလေး''

''ဟင်...ဗျာ''

''ဒီမှာ ပိုက်ဆံလေ ညီ၊ ဘာဖြစ်နေတာလဲ၊ နောက်ကားတွေဝင်လာ ရင် လုံခြုံရေးတွေလာပြောနေဦးမယ်''

''ဟုတ်ကဲ့...ဟုတ်ကဲ့အစ်ကို''

သူကားပေါ်တက်ကာ မောင်းထွက်လာရပေမယ့် စိတ်ထဲမတင်မကျ ဖြစ်ဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေမိသည်။ ပေဖူးဆိုလျှင်တော့ သူတို့ အဖေဆီကို ပြန်မလာဘဲနေမှာမဟုတ်ပါဘူး။

အမိန်းလေးနှင့်သူ့ကို ပေဖူးဘယ်လောက်ချစ်ထားလိုက်လဲ၊ ခွဲရမှာစိုးလို့ ကျောင်းသင်တောင် သွားချင်ခဲ့တာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



လွမ်းသည့်စိတ်တွေကြောင့် အိပ်မက်ထဲမှာလို ထင်ယောင်ထင်... လည်းမဟုတ်ပါ။ အခုလက်တွေ့မြင်လိုက်ရတာ ပေဖူးဟုတ်ချင်... ဟုတ်မည်။ မဟုတ်ချင်လည်းမဟုတ်နိုင်။

ဟား...ဒီနေ့တော့ ကားမောင်း၍တောင်ရတော့မည်မထင်။

✿ ✿ ✿



## အခန်း (၂၃)

"ဟယ် သတိုး နင်အစောကြီးပြန်လာတယ်၊ ဘာဖြစ်လို့လဲ၊ လူရော ...ကောင်းရဲ့လား၊ နင့်မျက်နှာက ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ငါ့ကိုရေတစ်ခွက်လောက်တိုက်စမ်းပါဟာ"

...အိမ်ရှေ့ကွပ်ပျစ်မှာပင် ဝင်ထိုင်ရင်း စိတ်မောလူမောအသက်ရှူလို့ ...နေမိသည်။ သမီးလေးက သူ့ကိုမြင်တော့ အပြေးလေးရင်ခွင်ထဲ ...လာ၏။

"ဖေကြီး...ဖူးဖူးဖို့ မုန့်ပါလား"

"အခုမပါဘူးသမီး၊ ဖေဖေနောက်တစ်ခေါက်ထွက်ပြီး ပြန်ဝယ်ပေး ...နော်၊ သမီးမံမံစားပြီးပြီလား"

"ပြီးပြီ၊ မေမေမိုးကျွေးတာ အရမ်းစားလို့ကောင်းတယ်"

"ဟုတ်လား သမီးလေးက လိမ္မာလိုက်တာ၊ အန်တီဝတ်မှုန်ရော ...ကောင်းလားသမီး"

"အင်း...ဖူးဖူးနဲ့ဆော့နေတာ"

"ဟုတ်လား အခုသွားဆော့ချေလေသမီး၊ အန်တီဝတ်မှုန်ပျင်းနေလိမ့်မယ် ...သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့...ဖေဖေမုန့်ဝယ်ပေးဦးနော်''

''အေးပါသမီးရယ်၊ ဖေဖေခဏနေဝယ်ပေးမယ်နော်''

သမီးလေးက သူ့ပါးကိုအာဝါးပေးပြီးမှ အိမ်ထဲပြန်ဝင်သွားသည် အေးမိုးက ရေဖန်ခွက်လေးကိုင်ကာရောက်လာပြီး

''ရော့ သောက်၊ နှင်ဘာဖြစ်နေတာလဲ သတိုး၊ ကလေးကိုတော ချော့ချော့မော့မော့နဲ့စိတ်မရှည်သလိုပဲ၊ ဝယ်လာနေကျမုန့်လ ဝယ်မလာဘူး''

''မဟုတ်ပါဘူးဟာ၊ ငါဒီနေ့ ပေဖူးကိုတွေ့လာသလိုပဲ''

''ဘာ...ပေဖူးကိုတွေ့တယ်၊ ဘယ်မှာတွေ့တာလဲ၊ ဘယ်လိုပုံစံ

''မဟုတ်လောက်ဘူးထင်ပါတယ်''

''နှင်ကလည်း ဘာမှန်းလည်းမသိဘူး၊ ခုတွေ့တယ်၊ ခုမဟုတ်လော ဘူးနဲ့၊ ဘယ်မိန်းကလေးကိုများ ထင်ယောင်ထင်မှားဖြစ်လာတာလဲ''

''ဟုတ်တယ်၊ ထင်ယောင်ထင်မှားဖြစ်တာပဲနေမှာ၊ ပေဖူးဆိုရင် ငါ သားအဖဆီကို ဒီမိသားစုဆီကို မလာဘဲနေပါ့မလား''

''နေပါဦး ဘယ်နေရာမှာ ဘယ်လိုပုံစံမျိုးနဲ့ အထင်မှားအမြင်မှား လာတာလဲ''

''သစ္စာရှင် ပုဂ္ဂလိကဆေးရုံမှာ၊ ဆေးရုံအုပ်ကားဝင်လာတယ် အဲဒီကားပေါ်ကဆင်းလာတာ၊ အမှတ်တမဲ့ဘေးစောင်းမြင်လိုက်ရတယ် ပေမယ့် တကယ်ကို ပေဖူးနဲ့တူတယ်လို့ထင်မိတယ်''

''နှင်ကလည်း ဆေးရုံဝန်ထမ်းတစ်ယောက်ယောက်ကို စုံစမ်းမေး ခဲ့တာမဟုတ်ဘူး''

''အေး...ဟုတ်သားနော်''

အေးမိုးပြောမှ ဒါကိုသဘောပေါက်သွားသည်။ မေးလိုက်မိလျှင် ခေါ် ခုခုတော့သေချာသိရမည်ပင်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပင် ခေါင်း မိကာ





''စုံစမ်းတော့ကြည့်ချင်တယ်၊ ဒါပေမဲ့ မဟုတ်ပါစေနဲ့လို့ ဆုတောင်းရ ထင်တယ်''

''ဟဲ့...ဘာဖြစ်လို့လဲ၊ နှင်ပဲ ပေဖူးကိုလွမ်းနေတာ တွေ့ချင်နေတာ တ်ဘူးလား''

''ဟင့်အင်း...ငါတွေ့ချင်တာဒီလိုပုံစံမျိုးမဟုတ်ဘူး၊ ငါတို့မိသားစု လွမ်းဆွတ်တမ်းတခြင်းတွေနဲ့ မျှော်လင့်ချက်တွေပြည့်စုံခြင်းတွေ သယ် င်လာတာမျိုး၊ သူ့အတွက် ငါတို့တစ်မိသားစုလုံး ဘယ်လောက်တောင် န်းခဲ့လဲ နှင်အသိဆုံးပါ၊ ညီမလေးဆို လူတောမတိုးမျက်နှာမဖေါ်ရတဲ့ မျိုးနဲ့ ဘယ်လောက်သနားစရာကောင်းသလဲ၊ အမေလည်း ကျန်းမာ သိပ်ကောင်းတော့တာမဟုတ်ဘူး။ သမီးလေးလည်း ချို့ချို့တဲ့တဲ့ကြီး လာတာ၊ ဒုက္ခတွေနဲ့ရင်းခဲ့တာကို သူဘယ်လိုလုပ် သက်တောင့် သာနဲ့''

မသေချာတာ သေချာတာထက်၊ လက်မခံနိုင်ခြင်းက ရင်မှာ အဆ န် နာကျင်လာသကဲ့သို့ ရှိသည်။ သူ့မျက်ဝန်းအိမ်က မျက်ရည် ကိုတွေ့တော့၊ အေးမိုးအထိတ်တလန့်ဖြင့် သူ့အနားဝင်ထိုင်၏။

''သတိုး သေချာတာလည်း မဟုတ်ဘဲ၊ မျက်ရည်ကဘာလို့ကျမ ပေဖူးသာဆို နှင်ပြောသလို နှင်တို့မိသားစုကို လာရှာမှာပေ့ါ၊ ပြီးတော့ သူဒုက္ခရောက်နေမယ်ထင်တာ၊ မရောက်ဘူးဆိုရင် ဝမ်းသာရမယ့် လေ''

''ဘာ...ဝမ်းသာရမယ် ဟုတ်လား၊ ခြေရာဖျောက်သွားတဲ့အကြောင်း က ဘာကြောင့်ဆိုတာသိရင်၊ ဝမ်းသာစရာဖြစ်ချင်မှ ဖြစ်လိမ့်မယ်၊ ဒီဆေးရုံကို တစ်ခေါက်သွားစုံစမ်းလိုက်ဦးမယ်၊ အမေတို့ကို ဘာမှ ထားနဲ့ဦး''

''ဟဲ့...နှင် အဲလိုသွားလို့ရော ဖြစ်မှာလား၊ ဟုတ်တယ်ဆိုရင် နှင်ဘာလုပ်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူး၊ မေးခွန်းတွေများမှာတော့ သေချာတယ်၊ ကြာပါတယ်ဟာ၊ ငါ အခုပဲ သွားလိုက်မယ်"

"ဟဲ့...သတိုး သတိုးမော်"

အေးမိုးဟန့်တားသံကို ဂရုမစိုက်နိုင်။ စိတ်ထဲမှာ မတင်မကျ ဖြစ်နေခြင်းကို အရင်ဖြေရှင်းမှ ဖြစ်ပေလိမ့်မည်။ ပေဖူးလွှာ မင်းမဟုတ်ပါစေနဲ့၊ မဟုတ်ပါစေနဲ့ ပေဖူးလွှာ။

❀ ❀ ❀



## အခန်း (၂၄)

"ဟုတ်ပါတယ် ဒီဆေးရုံအုပ်ကြီးက အထူးကုပါမောက္ခကြီး ဒေါက်တာပေဖူးလွှာပါ"

"ဟင်"

အာမေဋ္ဌိတ်သံတောင် သက်တောင့်သက်သာ မထွက်နိုင်။ ဝန်ထမ်းဆောင်လေးက သူ ဘာဖြစ်သွားတာလဲဟူသည့် သဘောဖြင့် ပြူးကြောင်ကြောင် မျက်လုံးလှန်ကြည့်ကာ

"ဘာဖြစ်တာလဲဗျ၊ ခင်ဗျားက ဘယ်အခန်းက လူနာရှင်လဲ၊ အရေးကြီးလား။ ကျွန်တော်တို့ဆေးရုံအုပ်ကြီးက လူတန်းစားမရွေး ဂရုစိုက်တတ်ပါတယ်"

"ဟို...သူ ဒီမှာ တာဝန်ထမ်းဆောင်တာကြာပြီလား"

"ဆေးရုံဖွင့်တာ တစ်နှစ်ဆိုတော့ တစ်နှစ်ရှိပြီပေါ့၊ ဒါ ဒေါက်တာပေဖူးလွှာရဲ့ကိုယ်ပိုင်ဆေးရုံလေ၊ သူ့အဖေက တခြားဆေးရုံ ဆေးခန်းတွေ သက်သာအောင်၊ စနစ်တကျ ကြီးကြီးကျယ်ကျယ်ကို လုပ်ပေးထားတာဗျ၊ နိုင်ငံခြားမှာ ပညာစုံအောင်သင်လာပြီးမှ ဆေးရုံအုပ်တာဝန်ကို ယူလိုက်တာ၊ ငယ်ပေမယ့် တကယ်ကို စေတနာက ကြီးမားပါတယ်၊ ဒါကြောင့်လည်း တစ်နှစ်ကျော်အတွင်းမှာ နာမည်ဒီလောက်ကြီးလာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီးရဲ့ခမ်းနားထည်ဝါမှုကို သူ အားမကျနိုင်။ အသားတွေ တဆတ်ဆတ်တုန်လာခြင်းက၊ ရင်မှာ မခံမရပ်နိုင် ဖြစ်ရလွန်းလို့ သူတို့ မိသားစုရဲ့ထောက်ပံ့မှုတွေနှင့် ပညာသွားသင်သည့်သူက ဘယ် လုပ် ဖအေနှင့်တွေ့ပြီး သူတို့ကိုတောင် အဆက်ဖြတ်နိုင်ရတာလဲ တကာ ဆိုလင်နှင့်သမီးရဲ့သံယောဇဉ်က လွယ်လွယ်ဖြတ်တောက်သင့်လို့လား။

''ဟော ဆေးရုံအုပ်ကြီး အိမ်ပြန်နားမလို့ ထင်တယ်၊ အပြင်ထွ လာပြီ၊ ဟိတ်လူ…ဖယ်လေ၊ ဆေးရုံအုပ်က သူ့ကားကို ကိုယ်တိုင်မော တာဗျ။ ခင်ဗျား သူ့ကားနားက ဖယ်လိုက်''

ဖယ်လိုက်လို့ အပြောခံရသော်လည်း သူပေကပ်ရပ်နေမိပြ ဆေးရုံအုပ်ကြီးဒေါက်တာပေဖူးလွှာကို သူ စူးစိမ်းစွာပင် ကြည့်နေမိသည် သဘောကောင်းပါသည်၊ လူတန်းစား မခွဲခြားဘဲ စေတနာကောင်းလှ သည်ဟုနာမည်ကြီးလှပါသော ဒေါက်တာပေဖူးလွှာ၊ သူ့ကိုမြင် ဘယ်လိုများဆက်ဆံမှာပါလဲ။ အိမ်ပြောင်း သွားသော သူတို့ရဲ့လိပ်စာ မသိလို့သာ၊ ပေဖူးဒီလိုနေတာဖြစ်မှာပါ။

''ဟင်''

သူ့ကိုတည့်တည့် မျက်နှာချင်းဆိုင်မိချိန်မှာ၊ ပေဖူးလွှာခြေလှမ်း တုံ့ခနဲဖြစ်သွား၏။ ဒါပေမဲ့မျက်နှာအမူအယာ ပျက်မသွား။ အေးစဲသော ခြေလှမ်း များက သူ့ကိုရှောင်ကွင်းလျက်၊ သူမကားပေါ်တက်ဖို့ ပြင်သည်

''ပေဖူးလွှာ''

မနေနိုင်စွာ နာမည်ခေါ်လိုက်တော့၊ ကားတံခါးဖွင့်နေသည့် သူ လက်ကလေး တွန့်ခနဲဖြစ်သွား၏။ သူမအနား သူအရဲကိုးလျက် တိုးကပ် သွားကာ

''ပေ…ပေဖူး၊ မောင်လေ မောင်ပါ၊ မင်း မှတ်မိတယ် မဟုတ်လား မင်း မြန်မာပြည်ကို ဘယ်အချိန်တည်းက ရောက်နေတာလဲ၊ မောင်တို့





မောင်တို့ပို့တဲ့ငွေတွေ လက်ခံမယ့်သူမရှိဘူးဆိုပြီး၊ လိပ်စာနဲ့ ပြန် ကာလာကတည်းက မင်းဘာတွေ ဖြစ်နေလဲလို့ စိုးရိမ်နေကြတာ''

သူပြောတာကို မကြားသလို ပုံစံနှင့် ဂရုမစိုက်ဘဲ၊ ပေဖူးလွှာ ပေါ်တက်ဖို့ ပြင်သည်။ သူကားတံခါးကို ဆတ်ခနဲ ဆွဲ [illegible] ၏။

''ပေဖူးမင်းဘာကြောင့် ဒီပုံစံ ဖြစ်သွားကာလဲ၊ ဘာလို့လဲ၊ မောပ်တို့ မိသားစုလုံး မင်းကို မျှော်နေကြတာ၊ မင်းမသိဘူးလား''

''သိတယ်''

''ဟင်…သိရင် ဘာလို့''

''မောင်အုန်း သူ့ကို ကားရှေ့က ဖယ်လိုက်၊ တခြားလူတွေ စိတ် လာရင် မကောင်းဘူး''

''ဟိတ်လူ ဖယ်လေ၊ ဒီလူတော်တော်ရှုပ်တာပဲ၊ ဆေးရုံအုပ်ကို အယှက်ပေးနေတယ်၊ ရဲခေါ်ရမလား''

''ပေဖူး…ပေဖူး''

မောင်အုန်းဆိုသည့်လူက သူ့ကိုဆွဲရုန်းတွန်းဖယ်လိုက်ချိန်မှာ၊ ပေဖူး ကားကို ဝူးခနဲမောင်းထွက်သွားသည်။ ဘာကြောင့် ပေဖူးလွှာ သူ့စိမ်း ပြင် ဥပေက္ခာပြုသွားရက်တာလဲ။

ချစ်လှပါချည်ရဲ့ဆိုသည့်သူ့ကို ဘာကြောင့် စိမ်းသက်စွာ အမုန်း မျက်ဝန်းများဖြင့် ကြည့်သွားရတာပါလဲ။ သူတို့မိသားစုရဲ့ပေးဆပ် ဆည်းမှုတွေကို ဘာကြောင့် အသိအမှတ် မပြုရတာပါလဲ။

မင်းက ငါ့ရဲ့ဇနီးမယား၊ သမီးလေးဖူးသစ္စာရဲ့အမေ။

ဟိုအရင်က ပေဖူးလွှာမှ ဟုတ်ပါရဲ့လား ပေဖူးလွှာ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

“ဟုတ်ပါတယ် ပေဖူးလွှာမှ ပေဖူးလွှာ အစစ်ပါ၊ ဒါပေမဲ့ သူဘယ်လို ဖြစ်သွားတာလဲ မသိဘူးအမေ၊ ကျွန်တော်တို့မိသားစု မျှော်နေတာ မသိဘူးလားလို့ မေးတော့ သိတယ်လို့ တိုတိုကျဉ်းကျဉ်း ဖြေသွားသေးတယ်”

“အမေတော့ သားပြောတာကိုသာ နားထောင်နေရတာ၊ မယုံနိုင်ဘူးကွယ်၊ သူဘာလို့ ဒီလောက်သွေးအေးအေးနဲ့ ပြောင်းလဲသွားတာလဲ၊ သူ မြန်မာပြည်ကို ပြန်ရောက်တဲ့အချိန်မှာ၊အမေတို့ အိမ်ပြောင်းသွားလို့ လိပ်စာမသိဘူးဆိုလည်း၊ အခုအမှတ်မထင်တွေ့တဲ့အချိန်မှာ ဝမ်းသာအားရဖြစ်နေမှာပေါ့၊ ပျော်ရွှင်ကြည်နူးသွားရမှာပေါ့ အခုတော့”

“အဲဒါကို ကျွန်တော် ဘယ်လိုမှ မခံစားနိုင်ဘူးအမေ၊ သူ ဘာကြောင့် ဒီလို ဖြစ်သွားတာလဲဆိုတာလည်း နားမလည်နိုင်ဘူး၊ ကျွန်တော်တို့ ဘာတွေ ဝတ္တရားပျက်ကွက်ခဲ့လို့လဲ၊ ပင်ပင်ပန်းပန်း ရုန်းကန်ရှာဖွေပြီး လစဉ်ထောက်ပံ့ပေးခဲ့တာပဲ၊ ဒုက္ခဆိုတာကို မညည်းညူဘဲ မျှော်လင့်ချက်တွေနဲ့ သူပြန်လာမယ့်အချိန်ကိုစောင့်နေခဲ့ကြတယ်၊ ညီမလေးရဲ့ ပေးဆပ်မှုဆိုရင် ဘဝနဲ့တောင် ရင်းလိုက်ရတယ်၊ ဘာလဲ..တောက် ဘာလဲကွာ၊ ပေဖူးလွှာ...ပေဖူးလွှာ...မင်း”





ကြိတ်မနိုင်ခဲမရ ဒေါသများဖြင့်၊ လက်သီးချက်များက ကြမ်းပြင်မှာ ဒုန်းဒုန်း။ ညီမလေးသိမှာစိုး၍ စိတ်ကိုထိန်းသော်လည်း ထိန်းလို့မရ၊ ဘာမှ မသိနားမလည်သေးသော သမီးလေးကြောက်လန့်သွားမှာစိုး၍ ချုပ်ထိန်းထားသင့်မှန်း သိသော်လည်း၊ မခံမရပ်နိုင်ဒေါသများက ပေါက်ကွဲမှုအရှိန်၊ အမြင့်ဆုံး ဖြစ်နေခဲ့သည်။

ညီမလေးလည်း အခန်းထဲက နားစွင့်နေမှာ ဖြစ်သလို၊ သမီးလေးက အေးမိုးရင်ခွင်ထဲကနေ မခွာဘဲ ပြူးကြောင်ကြောင်လေး ဖြစ်နေရှာသည်။

အမေက သူ့ကို ဖြေသိမ့်သလို ကျောလေးကိုပုတ်ကာ

“စိတ်လျှော့ပါသား၊ မြေးလေးကြောက်လန့်နေပါဦးမယ် သား ညီမလေးလည်း စိတ်မကောင်းဖြစ်နေလိမ့်မယ်၊ ပေဖူးသူ့ဘက်မှာလည်း အကြောင်းရှိလို့ နေမှာပေါ့သားရယ်”

“အဲဒီအကြောင်းကိစ္စရှိတယ်ဆိုလည်း သူ ပြောရမှာပေါ့ အမေ၊ ကျွန်တော်တို့ဘက်က ပေးဆပ်မှုတွေ အသိမပြုရင်လည်းထားပါဦး၊ သမီးလေး သူမွေးထုတ်ထားခဲ့တဲ့ သမီးလေး ရှိသေးတယ်၊ ပြီးတော့ ကျွန်တော်ကရော၊ သူနဲ့ကျွန်တော် ရန်သူတွေ မဟုတ်ဘူး၊ စိတ်ဆိုးစိတ်နာပြီး ကွဲကွာနေကြတဲ့ လင်မယားတွေ မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်မခွာရက် ချစ်နေကြလျက်နဲ့၊ အနာဂတ်အတွက် ကြိုးစားကြဖို့ ခဏတာ ခွဲခွာနေကြတာ၊ ဘာတွေအပြစ် ဖြစ်နေလဲ၊ ဘာတွေ အပြစ်ရှိနေလဲ”

“သူ့အဖေက ဆေးရုံကြီးထောင်ပြီး၊ ဆေးရုံအုပ်တာဝန်တွေ ပေးလိုက်တော့၊ သူ့အဖေက မပတ်သက်နိုင်းလို့လားမှ မသိတာ၊ နင်တို့ကို ဟိုကတည်းက သဘောမတူခဲ့တာ မဟုတ်လားသတိုး”

“ဟုတ်တယ် သဘောမတူဘူး၊ အဲဒါကြောင့် သူ ငါ့နောက်ကို ပါလိုက်ခဲ့တာ၊ သူ့အဖေကလည်း မိုက်လုံးကြီးရမလားလို့ အမွေဖြတ်တယ် သူလည်းပြန်တောင်းပန်ပြီး ခေါင်းတိုးဝင်ဖို့စိတ်မကူးမရှိဘဲ တို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပျော်နေခဲ့တာပဲ''

''လူ့စိတ်ဆိုတာ အချိန်နဲ့အမျှပြောင်းလဲနိုင်တာပဲဟာယ်၊ ဆင်းရဲတဲ့ဘဝမှာ နေချင်တော့လို့ဖြစ်မှာပေါ့''

''ဟုတ်သားပဲသား၊ အမေတို့နဲ့နေခဲ့တဲ့အချိန်လေးမှာ သူအရမ်း ပျော်တာမြားတာကအစ ချို့တဲ့ရှာတာ၊ သူနောက်တစ်ခါ အဲလိုဖြစ်မှာစိုးလို့ သူ့အဖေဆန္ဒအတိုင်း နေလိုက်တာဖြစ်ပါလိမ့်မယ်၊ ကံတရားပေါ့သားရယ် ဘာတတ်နိုင်မှာလဲ''

''အ…အမေ…ကိုကို''

''ညီမလေး''

''သမီး''

အသံတွေတုန်ခတ်ချိုနွဲ့စွာနှင့် အခန်းထဲကနေ ဝတ်မှုန်ထွက်လာတာမို့ သတိုးကပြေးတဲ့ခင်း ထိုင်နိုင်းလိုက်ရသည်။ ဝတ်မှုန်မျက်ဝန်းအိမ်မှာက မျက်ရည်တွေအပြည့်။

''ညီမလေး…ဘာလို့ထွက်လာတာလဲ ညီမလေးရယ်၊ ဒီအတိုင်းလေး အိပ်ရာထဲလှဲနေတာမဟုတ်ဘူး၊ ညီမလေး ဒီနေ့သိပ်နေမကောင်းဘူးဆို''

''ဒီထက်ပိုပြီးဘယ်အချိန်မှာ နေကောင်းမှာမို့လဲ ကိုကိုရယ်၊ အခုဆို ကိုကိုတို့ပြောတာတွေနားထောင်ပြီး မျှော်လင့်ချက်တွေတောင် မှဲ့သွားပြီဆိုတော့''

''ညီမလေး''

''ကိုကို…မမပေဖူးက တ…တကယ်ဆို အဲလိုဖြစ်သွားတာလား ဟင် ကိုကိုကိုတောင် အသိအမှတ်မပြုတော့ဘူးပေါ့၊ ညီမလေးတို့ဆီ ပြန်မလာတော့ဘူးပေါ့နော်''

''ညီမလေးရယ် အဲဒါကြောင့်ဆိုပြီး ညီမလေးလုံးဝအားငယ်စရာမလို ဘူးနော်၊ ကိုကိုတစ်ယောက်လုံးရှိတယ်၊ ညီမလေးသက်တမ်းစေ့နေနိုင် အောင် ကိုကိုဆေးကုပေးမှာပါ သိလားညီမလေး''

''ကိုကိုရယ်၊ ဒီလိုတွေဖြစ်မယ်မှန်းသိရင် ညီမလေးဒီအလုပ်ကို မလုပ်





ခဲ့ပါဘူး၊ ဒီမိသားစုလေးဆင်းရဲတွင်းက လွတ်မယ်ထင်လို့ ကပ်ဆိုးကြီး က ကျော်လွှားနိုင်မယ်ထင်လို့၊ လူမသတီတဲ့ဒီအလုပ်ကို လုပ်ခဲ့တာ၊ အခုတော့ မိသားစုသိက္ခာကျရုံပဲ''

''ညီမလေး…ညီမလေးမမှားပါဘူး၊ ညီမလေးမှာအပြစ်မရှိပါဘူး ညီမလေးရယ်၊ ကိုကိုကသာ ဒီလိုမိန်းမမျိုးကို လက်ထပ်မိလို့ဒီလိုတွေ ထုပ်ပြီး ရောဂါရသွားတာပါ၊ ကိုကို့အပြစ်ပါ၊ ညီမလေးလူတောမတိုးဝံ့ အောင်ဖြစ်တာ ကိုကို့ကြောင့်ပါ ညီမလေးရယ်''

''သတိုး ဝတ်မှုန်''

မောင်နှမနှစ်ယောက် ဖက်ငိုနေတာမို့ အေးမိုးလည်း စိတ်မကောင်း စွာ မျက်ရည်ကျမိသည်။ ဒေါ်မေတင်က မြေးမလေးစိတ်ဒဏ်ရာရသွား ညည်းစိုး၍ မျက်ရည်တွေ သုတ်ကာ၊ ကလေးကိုပွေ့ချီပြီး နေရာက ထ ထွက်သွားသည်။

သတိုးမှော်က တောက်တစ်ချက်ခတ်ကာ အံတင်းတင်းကြိတ်လိုက် ပြီ။

''အချစ်တွေနဲ့ ထွက်သွားပြီး အမုန်းတွေနဲ့ ပြန်ရောက်လာတယ်၊ အံ့ညြဖို့ကောင်းလိုက်တာ၊ ငါ့ညီမလေးဘဝနဲ့ ပေးဆပ်ထားရတာကို ငါ ကျေနပ်လိမ့်မယ် မထင်နဲ့၊ ဒုက္ခတွေနဲ့ရင်းခဲ့တာကို အသိအမှတ် မပြုတာ ခင်နာလို့မဆုံးဘူး''

''သတိုး နင် စိတ်လိုက်မာန်ပါ ဘာမှ သွားမလုပ်နဲ့နော်၊ နင့်ကို အချုပ်ခန်းထဲထည့်ဖို့တောင် ဝန်လေးမယ့်ပုံမပေါ်ဘူး၊ သူ့အဖေစကား ကို မလွန်ဆန်နိုင်ဘူးဆိုရင်၊ သူနင့်ကိုလည်း ငဲ့ကွက်တော့မှာ မဟုတ်ဘူး သူ့မှာ ဂုဏ်သိက္ခာတွေ အဆင့်အတန်းတွေနဲ့''

''ဂုဏ်သိက္ခာအဆင့်အတန်း ဟုတ်လား၊ အဲဒါတွေက ငါတို့ဘဝတွေ ထက် အရေးကြီးသလား၊ အေး သူ့အဖေကြောင့်လား၊ သူကိုယ်တိုင်ရဲ့ ပြောင်းလဲမှုလားဆိုတာ ကွဲကွဲပြားပြား သိရမှတော့ ဖြစ်မယ်''

''ကိုကိုရယ် ဘာမှ သွားမမေးပါနဲ့၊ ဘာမှ သွားလုပ်မနေပါနဲ့တော့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပြုံသနာတစ်ခုခု တက်ရင် ညီမလေးတို့ ဘယ်သူကို အားကိုး မှာလဲ''

''ဟုတ်သားပဲသတိုး၊ ဒီအတိုင်းပဲ နေလိုက်ပါတော့ဟာ၊ ဒီဘဝ မလွတ်မြောက်လည်း ဒီဘဝမှာ နေသားကျနေကျပြီပဲ၊ မျှော်လင့်တယ် ဆိုတာလည်း မျှော်လင့်တဲ့အတိုင်း ဖြစ်ချင်မှ ဖြစ်တတ်ကြတာ လက်တွေ့ကိုပဲ နင် ရင်ဆိုင်နိုင်အောင် ရင်ဆိုင်စမ်းပါဟာ''

သတိုးမှော် လက်မခံနိုင်စွာ ခေါင်းတွင်တွင်ယမ်း၍

''မျှော်လင့်သလို မဖြစ်တာ ကျန်တဲ့အရာတွေဆို ငါ လက်ခံနိုင်ပါတယ် အခုက သူနဲ့ငါ ဒီလောကဂျစ်ကြတာ၊ သူဘာလို့ လွယ်လွယ် ပြောင်းလဲ သွားတာလဲ၊ သူ့စိတ်အရင်းခလား၊ သူ့အဖေတိုက်တွန်းမှုလား၊ ငါ သိချင် တယ်၊ သမီးလေးအပေါ်မှာရော သူ့မိခင်စိတ်မရှိဘူးလား၊ သမီးလေး လူမမယ်လေးပါ၊ သူမထားချင်ဘဲ ထားခဲ့တာ၊ မျက်ရည်တွေနဲ့ ထွက်သွား ခဲ့တာ၊ ဘာလို့ အခု စိမ်းပြတ်နိုင်တာလဲ၊ သူစိမ်းဆန်နိုင်ရက်တာလဲ သူ့ဆီက ဆင်ခြေတစ်ခုခုတော့ နားထောင်ချင်တယ်ဟာ''

''သတိုးရယ် နင် သူ့ကိုသွားမတွေ့ပါနဲ့တော့၊ နင့်ကိုတွေ့တာ အံ့သြတဲ့ အရိပ်အရောင်တောင် မပြဘူးဆိုတာက သူ့ရဲ့ပြတ်သားမှုတွေကို ခန့်မှန်း လို့ ရနေပြီပဲ''

အေးမိုး ဖျောင်းဖျနေပေမယ့်၊ ဟင့်အင်းလို့ ရင်ထဲက ငြင်းဆန် နေမိ၏။ ဘာအကြောင်းကြောင့်ဆိုတာ မသိရဘဲ သူဒီအတိုင်း မနေနိုင် ပါ။ ရင်ထဲမှာ တဆစ်ဆစ်နာကျင် ကိုက်ခဲနေသည်။ အချစ်အမုန်း နာကြည်းမှုတွေ ရောပြွမ်းနေသော ရင်ဘတ်တစ်ခုလုံးမှာ ညီမလေးရဲ့ ဝေဒနာတွေကပါ ထပ်ဆောင်း၍ ဒဏ်ရာ ဖြစ်စေ၏။

ပေဖူးလွှာ…အမုန်းတွေနဲ့ အဆုံးမသတ်ချင်ဘူး။

❀ ❀ ❀



## အခန်း (၂၆)

ဆေးရုံအုပ်ကြီးရုံးခန်း။

ဆိုင်းဘုတ်ချိတ်ထားတာကိုက ခံ့ညားထည်ဝါသိက္ခာတွေ ရှိလွန်းလှ ပါသည်၊ ဝန်ထမ်းတွေက သူ့အလုပ်နှင့်သူ ရှုပ်နေကြချိန်မှာ မရောင်မလည် နှင့် ရုံးခန်းပေါက်ဝအနား ရောက်လာခဲ့သည်။ စောစောက ထိုအခန်းထဲ ပေဖူးလွှာ ဝင်သွားတာ မြင်လိုက်၍ အခြေအနေ စောင့်ကြည့်နေမိခြင်း ပါ။

လုံခြုံရေးတွေ တစ်ခြားဝန်ထမ်းတွေ လစ်သည့်အချိန်မှာတော့ ဆေးရုံ အုပ်ကြီးဒေါ်ပေဖူးလွှာရဲ့ရုံးခန်းထဲ၊ သူဖျတ်ခနဲ တံခါးဖွင့်၍ ဝင်လာခဲ့ သည်။

''ဟင်…ရှင်''

''အဲလို အံ့သြသွားတာ မှတ်မိသေးတယ်ဆိုတဲ့ သဘောလား၊ ပေဖူးလွှာ၊ အတိတ်မေ့သွားတာ ဘဝပြောင်းသွားတာလည်း မဟုတ်ဘဲ၊ ဥပေက္ခာပြု မေ့ထားနိုင်တာ အံ့သြစရာကောင်းလိုက်တာ၊ အရင်က အဆောင်အယောင်၊ ပကာသနတွေထက် ငါ့ကို မင်း ပိုချစ်ခဲ့လို့ ငါ့ နောက်ကို မင်း လိုက်လာခဲ့တာ မဟုတ်လား၊ ဟင် ပေဖူးလွှာ…မင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါ၊ မင်း ဘာလို့ ငါတို့အားလုံးကို အဲလိုလုပ်ရက်တာလဲ''

သူ့ရဲ့မေးခွန်း အထပ်ထပ်မှာ ပေဖူးလွှာ နှုတ်ခမ်းလေးတစ်ဆ
ချင်း မဲ့ကျသွားသည်။ သူလည်း အရင်ကထက် ကျက်သရေရှိ လ
နေသော ပေဖူးလွှာရဲ့ ဆွဲဆောင်မှုတွေကို ရန်စွန်စိတ်လှုပ်ရှားဖို့ မေ့လျော့
စွာ သွေးတွေဆူဝေနေသည်။

ပေဖူးလွှာက စားပွဲကို လက်ထောက်ကာ ထရပ်လိုက်ပြီး အခ
တံခါးပေါက်ကို လက်ညှိုးထိုး၍

''ရှင်နဲ့ဘာမှ ပြောစရာမရှိဘူး သတိုးမော်၊ ဒါ ကျွန်မလုပ်င
တာဝန်ချိန်ပါ၊ တခြားသူ ... သိရင် ကျွန်မသိက္ခာကို ထိခိုက်နိုင်ပါတယ်
အဲဒါကြောင့် ရှင် ခုထွက်သွားပါ''

''ငါ့ကို မနှင်ထုတ်နဲ့၊ ဒီအချိန်မှာ ငါ လူသတ်ရမှာလည်း ဝန်မလေး
ဘူးနော်''

''ရှင်တို့ မျှော်လင့်သလိုတွေ ဖြစ်မလာလို့ သွေးရူးသွေးတန်း လ
ခြောက်နေတာလား''

''ဘာ''

''အခု ကျွန်မ ခုလုတ်တစ်ခုကို နှိပ်လိုက်တာနဲ့ ရှင် ဘယ်အ
ရောက်သွားမယ်ဆိုတာ သဘောပေါက်ပါ သတိုးမော်''

''ဟား...ပေဖူးလွှာ မင်းက ငါ့ကို ရန်သူတစ်ယောက်လို သတ်မှ
နေတာပါလား၊ ဒီအစီအစဉ်တွေ မင်းခေါင်းထဲမှာ ရှိနေပြီဆိုကတည်း
မင်းအဖေရဲ့ စည်းရုံးသိမ်းသွင်းမှုဆန္ဒတွေကြောင့်ချည်းပဲ မဟုတ်ဘူးဆို
သေချာသွားပြီပေါ့၊ ဘာကြောင့်လဲ ၊ ဘာဖြစ်လို့လဲ မင်းကို ငါတို့ဆင်းရဲ
မိသားစုဘဝထဲမှာ တစ်သက်လုံး နစ်မွန်းမနေအောင်လို့ ပညာရှင်ကြီး
အောင် အထူးကုဆရာဝန်မကြီးဖြစ်အောင်၊ ဒုက္ခဆင်းရဲတွေခံ၊ ဘဝတွေ
စတေးပြီး နိုင်ငံခြားပို့လိုက်တာ၊ ဒီပညာတွေတတ်ပြီး ပြန်လာခဲ့တာလ





''ဟင်း ဟင်း...ပေဖူးလွှာဘဝကို ဆင်းရဲတွင်းနစ်မှာ တစ်ခုတည်း
မိခဲ့တာရော ဟုတ်ရဲ့လား သတိုးမော်၊ ရှင်တို့တစ်မိသားစုလုံး ချမ်း
ချင်လို့၊ လသားအရွယ် သမီးလေးနဲ့ ခွဲထုတ်လိုက်တာ မဟုတ်
လား၊ ရှင်ရော ကျွန်မကို သိပ်ချစ်လှပါချည်ရဲ့ဆိုပြီး ကျွန်မ မသွား
သေးပါဘူး၊ မခွဲနိုင်ပါဘူးလို့ ပြောနေတဲ့ကြားက ဖွတ်အတင်း အဝေးကို
တာ၊ ရှင်တို့ မြန်မြန်ချမ်းသာချင်လို့''

''ပေဖူးလွှာ''

စားပွဲခုံကို ဗုန်းခနဲ ပုတ်၍ သတိုးမော် ကုန်းအော်ပစ်လိုက်သည်။
သာတရတွေ သယ်ဆောင်ပြီး ထွက်သွားခဲ့တယ်ဆိုရင်တောင် အချစ်
ရှင်သန် ကျန်ရစ်ဖို့ ကောင်းပါသည်။

''မင်း အရမ်းကို ဆင်ခြေပေးကောင်းနေပါလား ပေဖူးလွှာ၊ ငါတို့
သာချင်လို့၊ မင်းကို ဒီပညာတွေ သင်ခိုင်းလိုက်တယ်လို့ပဲ မင်း
နေတာလား။ အဲဒီအချိန်က ငါ့ရင်တွေ နာနေတာ၊ ငါ့ရဲ့မျက်ရည်တွေ၊
တွေ၊ ငါတို့မိသားစုရဲ့ရုန်းကန်မှုတွေ၊ ပြီးတော့ သမီးလေး၊ အား
မတ္တာ၊ မင်း ဘာလို့ထည့်မတွေးတတ်တော့တာလဲ ပေဖူးလွှာ''

''ဒါပဲလား၊ အေးမိုးဆိုတဲ့မိန်းမနဲ့ ရှင်တို့ကတော့ တစ်အိမ်တည်း
နေပြီး ပျော်နေတဲ့အချိန်မှာ''

''ပေဖူး''

''ရှင် လိမ်ခဲ့တယ် ညာခဲ့တယ်၊ အေးမိုး အလုပ်ရပြီး အဆောင်
နေတယ်ဆို၊ ရှင် ပိပိရိရိ လိမ်ခဲ့တယ်၊ ကျွန်မလည်း အရူးပဲ၊ ရှင့်
လို့ ရှင် ပြောသမျှ ယုံခဲ့တယ်၊ ဟုတ်မှာပဲလို့ သံသယတွေ
ခဲ့တယ် ဒါပေမဲ့''

ပေဖူးလွှာ မျက်ဝန်းအိမ်က မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်း
ပြီး အံတစ်ချက်ကြိတ်လိုက်ကာ၊ ဆလင်းဘက်အိတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကို နှိုက်ထုတ်၍ သူ့ရှေ့ကစားပွဲပေါ် ကြဲဖြန့်လိုက်တော့

''အဲဒီမှာ...အဲဒီမှာ ကြည့်လိုက်သတိုးမော်၊ ရှင်တို့ ကျွန်မ မ တဲ့ အချိန်မှာကြည့်နူးနေတဲ့ သက်သေတွေ၊ ကျွန်မ ဘာကြောင့် နာကြည် ရလဲ ပြောင်းလဲရလဲ ရှင်သိပ်သိချင်ရင် ကြည့်လိုက်''

''ဟင်''

ဘယ်အချိန်က ဘယ်လိုရိုက်ယူထားသည့် ဓာတ်ပုံတွေလဲ၊ သူရယ် အေးမိုးရယ်၊ သမီးလေးရယ်။ အေးမိုးပခုံးကို သူ ဖက်ထားတာတွေလည် ပါသည်။ ပြီးတော့ အပြုံးတွေ၊ ကြည်နူးမှုတွေ။

ပေဖူးလွှာဆီက နာကြည်းမှု ရယ်သံသဲ့သဲ့ ကြား ပုံ က်ရပြီး

''ကျွန်မကိုတော့ ရှင်တို့တစ်မိသားစုလုံးရဲ့ဘဝပြောင်းလဲဖို့ မျှော်လ ချက်တွေနဲ့ ရင်းနှီးမြှုပ်နှံပြီး အဝေးကိုလွှတ်လိုက်တယ်၊ ရှင်တို့ကတေ အပျော်တွေနဲ့ ကျန်ခဲ့ကြတယ်၊ ကျွန်မ မရှိတဲ့အချိန်မှာလည်း ရှင် ပျော်နိုင်ကြတယ်''

''မဟုတ်ဘူး မဟုတ်ဘူး ပေဖူးလွှာ၊ ငါတို့ပျော်ရွှင်နေခဲ့ကြ မဟုတ်ဘူး၊ မင်းအတွက် ရန်းကန်ရင်ဆိုင်ရင်း ပင်ပန်းနေခဲ့ကြတာ၊ လသ အရွယ်သမီးလေးနဲ့ အရမ်းကိုဒုက္ခတွေရောက်နေခဲ့ကြတာ၊ အေးမိုးသာမရှိ ကလေးတစ်ဖက်နဲ့ မင်းကိုဘာမှပံ့ပိုးပေးနိုင်မယ်မထင်ဘူး သူကူညီ တာပါ၊ သူရှိလို့သာ''

''အဲလိုဆင်ခြေမျိုးတော့ ကျွန်မလည်းပေးတတ်ပါတယ် သတိုး ကျွန်မ ရှင့်ကိုဘာပြောခဲ့လဲ၊ အေးမိုးရှိမှဖြစ်မယ်ဆိုရင် ပညာတွေသင်မ တော့ဘူး၊ ကျွန်မပြန်လာခဲ့မယ်လို့''

''ကျွတ်...ပေဖူးရယ်''

''ဒါပေမဲ့ အေးမိုးမရှိတော့ပါဘူးလို့ လိမ်ညာပြီး ရှင်တို့မျှော်လင့်ချ ပြည့်ဖို့တစ်ခုအတွက်ပဲ ကျွန်မကိုအသုံးချခဲ့တာမဟုတ်ဘူးလား၊ ရှင်





သားစုရဲ့မေတ္တာ၊ အဲဒီမေတ္တာကို ကျွန်မဘယ်လိုခံစားရမှာလဲ၊ အဲဒါကြောင့် င်တို့အထောက်အပံ့တွေမယူတော့ဘဲ ဖေဖေနဲ့အဆက်အသွယ်လုပ်ခဲ့တာ၊ င်နားလည်သွားပြီလား။ ရှင်းရှင်းလင်းလင်းသိသွားပြီမဟုတ်လား၊ ဒါဆို င်ပြန်တော့ ပြန်လို့ရပြီ သတိုးမော်''

တွန်းမထုတ်ရုံတမယ်ပြောနေသော ပေဖူးလွှာစကားတွေက ရင်မှာ နင့်တပိုးနာကျင်စေသည်။ ဖြေရှင်းစရာတွေ ရင်မှာအပြည့်ပါ။

ခေါင်းကိုဆတ်ခနဲခါထုတ်လိုက်ပြီး

''အေးမိုးနဲ့ ငါတို့မိသားစု အခုအချိန်ထိ စိတ်အစွန်းအထင်းမရှိ ိုးသားသားပါပဲ၊ သူမရှိရင် မင်းအတွက်အလုပ်လုပ်ပြီး ငွေမရှာနိုင်မှာ လို့ သူမရှိတော့ပါဘူးလို့ မင်းကိုလိမ်ညာခဲ့မိတာတော့အမှန်ပါ၊ ဒါပေမဲ့''

''တော်ပြီလေ ရပြီ၊ ဒီလောက်ဆိုလုံလောက်ပြီ၊ ရှင်တို့အားလုံးက င်တို့ဘဝပြောင်းလဲဖို့ မျှော်လင့်ချက်ပြည့်ဖို့တစ်ခုအတွက် လိမ်ရမှာ၊ ညာရ ၊ သစ္စာမဲ့ရမှာ ဝန်မလေးတဲ့လူတန်းစားမျိုးပဲ၊ ပေဖူးလွှာက အရှုံးပေး အညံ့ခံရမှာလား။ ရှင့်အချစ်တွေမှာ ငြိတွယ်ပြီး မိုက်လုံးကြီးနေတော့ ယ့် မရင့်ကျက်သေးတဲ့ သူငယ်နှပ်စားအရွယ်မဟုတ်တော့ဘူး သတိုးမော်၊ ာကမှာ လိုချင်တဲ့အရာရှိရင် ပေးဆပ်ရတယ်တဲ့၊ ရှင်တို့က ပေဖူးလွှာ အရင်းတည်ပြီးချမ်းသာချင်ကြတာ''

''ပေဖူးလွှာ...မင်း''

''ပေဖူးလွှာ ရှင့်အချစ်တွေမှာ နစ်မြောနေရင် အသုံးချခံဖြစ်သွားမှာ ပဲ သတိုးမော်၊ လသားအရွယ်သမီးလေးကို နို့တိုက်ခွင့်မရတော့ဘဲ ခဲ့ထုတ်ရက်ကတည်းက ရှင်တို့အရမ်းကြောက်ဖို့ကောင်းတယ်ဆိုတာ မသိသွားပါပြီ''

''ပေဖူးလွှာ မင်းထင်ရာမြင်ရာတွေ လျှောက်ပြောမနေနဲ့၊ အဲဒါ င်းရဲ့အနာဂတ် သမီးလေးရဲ့ အနာဂတ်''



www.burmeseclassic.com

www.burmeseclassic.com



''ဟား ဟား . . . အဲဒီလို အသုံးအနှုန်းတွေနဲ့ ပေဖူးလွှာ မသိမ်းသွင်းနဲ့တော့ သတိုးမော်၊ ရှင်တို့ရဲ့ကြည်နူးမှု ပုံရိပ်တွေကို ရင်ဘတ်တစ်ခုလုံး သွေးစိမ်းရှင်ရှင်ထွက်လောက်အောင် ခံစားပြီးပြီ နေရင်း ကိုယ့်ကိုယ်ကိုသတ်သေဖို့တောင် ကြိုးစားခဲ့ဖူးတယ်၊ ဒါ ကျွန်မသမီးလေးအတွက် ကျွန်မအသက်ရှင်ဖို့ ကြိုးစားရဦးမယ်၊ ရှင်တို့ လူမျိုးတွေရဲ့ လက်ထဲမှာ ကျွန်မသမီးလေးကို မထားဘူး''

''ဘာ မင်းဘာပြောတယ် ပေဖူးလွှာ''

ထိတ်လန့်စွာ မေးခွန်းထုတ်တော့ ပေဖူးလွှာ နှုတ်ခမ်းအစုံမဲ့ကျသွား

''ကျွန်သမီးကို ကျွန်မ ပြန်ခေါ်မယ်၊ ရှင်ပို့ ...င်းရဲ့တွင်းထဲ နစ်မွန်းမှာ စိုးရိမ်တယ် မဟုတ်လား၊ ကျွန်မ အဆင့်အတန်းနဲ့ သမီး ဘယ်လို မြေတောင်မြှောက်ပေးနိုင်တယ်ဆိုတာ ရှင်သဘောပေါက်မှ ဟုတ်တယ် မဟုတ်လား သတိုးမော်''

''ပေဖူးလွှာ မင်း အဲလိုလုပ်လို့ မရဘူး၊ ငါ့သမီးကို မပေးနိုင် ငါ့သမီးကို မခေါ်ရဘူး မပေးဘူး''

''ဘယ့်နှယ့် ကယောင်ကတမ်း ဖွတ်ငြင်းဆန်နေရတာလဲ၊ သမီး ဘဝ မြင့်မားစေချင်တယ်ဆို၊ အနာဂတ်လေး လှပစေချင်တယ်ဆို၊ ဘာ မစွန့်လွှတ်နိုင် ဖြစ်နေတာလဲ၊ ဘာလဲ သမီးကို အသုံးချပြီး၊ ချမ်းသ မျှော်လင့်နေချင်ပြန်ပြီလား''

''တောက် . . . ပေဖူးလွှာ မင်းကွာ''

မာနကို အလွှာလိုက် ခွာချခံရသလို တဆစ်ဆစ် နာကျင် ကို စေသည်။ ခံပြင်းဒေါသများဖြင့်လူက တဆတ်ဆတ်တုန်ယင်နေ ပေါက်ကွဲမှုက စားပွဲပေါ်က သူမရဲ့ တန်ဖိုးကြီးအရာမှန်သမျှကို အား ဝုန်းဒိုင်းကျဲကျဲကုန်အောင် လက်နှင့်ယမ်းခါ တိုက်ချပစ်လိုက်သည်၊ ပေဖူး မျက်လုံးပြူးသွားသလို၊ ခလုတ်တစ်ခုကိုလက်နှင့် နှိပ်ချလိုက်ပြီး





သွားဏ်။

ခဏအကြာမှာ ဆေးရုံဝန်ထမ်းလုံခြုံရေးတွေ အပြေးအလွှားဝင် ...က်လာကြပြီး ပေဖူးလွှာအမိန့်ကို စောင့်နေကြဏ်။ ပေဖူးလွှာက ...မ်းစိမ်း သူ့ကိုမျက်လုံးပင့်ကြည့်ပြီး

''သူ့ကို ဆွဲထုတ်သွားတော့၊ နောက်တစ်ခါ ဆေးရုံဝင်းထဲတောင် ...ငမခံနဲ့၊ နောက်တစ်ခါ ဒီလူ ဒီထဲ ရောက်လာရင် နင်တို့ကိုပါ ...ုပ်ဖြုတ်ပစ်မယ်''

ပေဖူးလွှာရဲ့ ကြိမ်းမောင်းမှုကြောင့် ဝန်ထမ်းလေးတွေ ပြူးပျာစွာ ...ဝန်ကျေဖို့ ကြိုးစားကြဏ်။ သတိုးမော် အားရှိသမျှ ရုန်းကန်ပစ်လိုက် ပေဖူးလွှာကို မုန်းမျက်စွာ ခပ်စိမ်းစိမ်းကြည့်၍

''ပေဖူးလွှာ မင်းက အချစ်တွေ၊ မေတ္တာတွေသစ္စာတွေနဲ့ မတန်တဲ့ ... ငါတို့တွေဒုက္ခတွေနဲ့ရင်းပြီး ဖြည့်ဆည်းပေးခဲ့တာကို အသိအမှတ် ...ုင်လည်းနေပါ၊ ငါ့သမီးကိုတော့ မင်းကို ဘယ်တော့မှမပေးဘူး၊ ...ိုင်နှံမကော သမီးလေးမိခင် မဖြစ်ထိုက်ဘူး။ အေး . . . မင်းရဲ့ဂုဏ်ပကာ ...ငွေကြေးတွေနဲ့ အရှိန်အဝါတွေနဲ့ကြိုက်တဲ့နေရာက ဆင့်ခေါ်လို့ရတယ်၊ ...က်ကလည်း ငါ့သမီးကို ငါ့အသက်နဲ့လဲပြီး ကာကွယ်သွားမယ်၊ မင်း ...မှတ်ထား ပေဖူးလွှာ''

''သမီးကို အကြောင်းပြုပြီး ကျွန်မဆီက လျော်ကြေးလိုချင်တာ ...င်တော့ ရှင် အဲလို လုပ်ချင်လုပ်ပေါ့ သတိုးမော်၊ ကျွန်မကလည်း ...မသမီးကို မိထွေးလက်ထဲ ဘယ်တော့မှ ထားမှာ မဟုတ်ဘူး၊ ...င်အဖရေး မျှော်ကိုးနေတဲ့ရှင်တို့မိသားစုထဲကနေရအောင်ကို ဆွဲထုတ် အဲဒါ ရှင်သိထား''

''အာ . . . တောက်''

''ဝုန်း . . . ဖြုန်း''



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဝန်ထမ်းကောင်လေးတွေ ဆွဲရှန်းနေသည့်ကြားက ပေါ်
မှုများဖြင့် ဝုန်းဒိုင်းကျဲပစ်လိုက်သည့်အချိန်မှာ၊ ပေဖူးလွှာအဖေဦးအေး
မြင့်လှိုင်က ရဲတွေခေါ်၍ရုံးခန်းထဲ ရောက်လာလေ၏။

''ကဲ ရဲအရာရှိမင်းတို့ မြင်တဲ့အတိုင်းပါပဲ၊ ဒီကောင် စိတ်ဖောက်
ပြီး ဆေးရုံထဲမှာ လာသောင်းကြမ်းနေပါတယ်၊ လူနာတွေ အထိတ်တ
ဖြစ်ရင် အသက်ဆုံးရှုံးနိုင်လို့ ထိထိရောက်ရောက် အရေးယူပေးပါ''

''ဖေဖေ . . . အဲလို''

''သမီး ဘာမှမပြောနဲ့၊ ဒီကောင်သမီးအခန်းထဲ ဝင်သွားတည်
ဖေဖေ မြင်လိုက်တာ၊ အေးအေးဆေးဆေး ပြန်သွားရင် ဒီလိုလုပ်
မလိုဘူး။ အခုတော့ သိက္ခာကျစရာတွေ ဖြစ်နေပြီ၊ ဆေးရုံနာမည်ပျက်
ဖေဖေတို့ဂုဏ်သိက္ခာတွေ ဘာမှ အဖတ်ပြန်ဆယ်လို့ ရတော့မှာမဟု
ဘူးသမီး။ ကဲ . . . လိုအပ်သလို အရေးယူပါ၊ ကျွန်တော် လက်မှတ်
ထိုးပါ့မယ်၊ နောက်ထပ် အနှောင့်အယှက် မပြုနိုင်အောင်လုပ်ဖို့
အရေးကြီးပါတယ်''

ရဲများက သတိုးမော်ကို လက်ထိပ်ခတ်၍ ခေါ်ဆောင်သွားကြသ
သတိုးမော်ရဲ့ နာကြည်းမျက်ဝန်းများကို ပေဖူးလွှာ ရင်မဆိုင်ရဲပါ။
အနေအထားကိုလည်း မမြင်ရက်ပါ။

မုန်းလို့မှ မဟုတ်တာ မောင်ရယ်။ ပေဖူးဒီလိုတွေ ခံစားနေရ
မောင့်ကိုချစ်လို့ပါ၊ သိပ်ချစ်လို့ပါ။

ရင်နဲ့အမျှ သိပ်ချစ်လို့ပါ မောင်။

❀ ❀ ❀

ရွှေပြည်သိမ်းစာပေ

## အခန်း (၂၇)

''အချစ်ကို အကြောင်းပြပြီး သမီးစိတ်ဓာတ်တွေ ပျော့ညံ့သွား
မဖြစ်ဘူး၊ ဒီကောင်နဲ့ဒီမိသားစု ဘယ်လိုစိတ်ဓာတ်တွေ ရှိတယ်ဆို
သမီးအသိဆုံးပဲ၊ သမီးကို အသုံးချပြီး အခွင့်အရေးတွေ မျှော်လင့်
တာ၊ သမီးစိတ်ဒုက္ခရောက်၊ ပင်ပင်ပန်းပန်း ပညာသင်ဖို့ ကြိုးစား
တဲ့အချိန်တွေမှာ သူတို့ကတော့ ပျော်နေကြတယ်လေ၊ သမီး အဲဒါ
မေ့လိုက်မလို့လား''

''မ မဟုတ်ပါဘူး၊ မမေ့ပါဘူး ဖေဖေ၊ သမီး အဲဒါကို ဘယ်လိုမှ
လို့ရမှာ မဟုတ်ဘူး။ ဒါပေမဲ့ အခုသူ့ကို လက်ထိတ်ခတ်ပြီး ရဲစခန်းကို
ခေါ်သွားတာတော့''

''သမီး''

ဦးအောင်မြင့်လှိုင် ခပ်ဆတ်ဆတ်ပင် သမီးကို အော်ပစ်လိုက်သည်။
ကောင်နှင့်ပတ်သက်လျှင် သမီးက အရမ်းကိုပျော့ညံ့အရှုံးပေးချင်လွန်း
သည်၊ ရည်းစားဖြစ်နေပြီဆိုသည့်သတင်းကို ကြားကတည်းက တားခဲ့တာ၊
တစ်မျိုး၊ ခြောက်တစ်လှည့်၊ ရိုက်မောင်းပုတ်မောင်း လုပ်၍တားဆီး၊
ားလုံးများဖြင့် ဆုံးမသိမ်းသွင်း။

ဘယ်လိုမှမရဘဲ မိဘအမွေဖြတ်တာကိုတောင် နည်းနည်းမှ

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆင်းရဲဘဲ ဒီကောင်နောက် ခိုးရာလိုက်သွားခဲ့တာ ဒီသမီး။

ဒီသမီးလေး တစ်ယောက်တည်း မွေးထားတာမို့ နောက်ထပ် အမှားမခံနိုင်တော့ပါ။

''ဖေဖေ''

''ဘာလဲ သမီး၊ ဖေဖေ့ကိုတော့ စောဒက မတက်နဲ့၊ ဖေဖေက အသက်ကြီးပြီသေလူ၊ သမီးအတွက် စိတ်အေးချင်လို့ အကောင်းဆုံးတွေ လုပ်ပေးနေတာ၊ လူဆိုတာ မမှားဘူးတဲ့သူမရှိဘူးဆိုတာ ဖေဖေနားလည် ပါတယ်၊ ဒါပေမဲ့ နှစ်ခါထပ်မှားတာတော့ ဖေဖေ လက်မခံနိုင်ဘူးသမီး သတိုးမော် ဘယ်လိုလူစားလဲဆိုတာ သမီးဆီကို ဖေဖေ အမြဲတမ်း စုံစမ်းပြီး သတင်းပို့နေတာပဲ၊ မနာဘူးလား၊ စိတ်မနာဘူးလား သမီး''

''နာ နာပါတယ်၊ သူ့ကိုမုန်းလည်း မုန်းပါတယ် ဖေဖေ၊ သမီးကို လိမ်ညာ လှည့်စားခဲ့တာ သမီးဘယ်တော့မှ မေ့မှာ မဟုတ်ဘူး၊ ပြီးတော့ သမီးလေးကိုရအောင် ပြန်ခေါ်မှာပါ''

အချစ်တွေ ကျန်နေသေးသည်ဆိုတာ ထည့်မပြောမိအောင် ကြိုးစားလိုက်တော့ ဖေဖေခေါင်းတညိတ်ညိတ် ကျေနပ်သွားသည်။

''ဒါပဲ သမီး၊ မြေးလေးကို ပြန်ခေါ်မှာကို ဖေဖေသဘောတူတယ်၊ ပြန်ခေါ်ဖို့အတွက် ဖေဖေ အားလုံးစီစဉ်ပေးမယ်၊ ဒီကို ပြန်ရောက် ရောက်ချင်း မခေါ်နိုင်းတာက၊ ဒီဘက်ကတာဝန်တွေ လစ်ဟင်းမှာစိုးလို့ပါ၊ ပြီးတော့ သမီးစိတ်တွေက သူတို့အပြစ် လုပ်ထားသလောက် မာကျော ကြသားမှု မရှိသေးဘူး၊ အမြဲတမ်းတွေးပြီး စိတ်ယိုင်ချင်နေတယ်''

''အဲလိုလည်း မဟုတ်ပါဘူး၊ အေးမိုးဆိုတဲ့မိန်းကလေး သူတို့ အိမ်မှာ အခုချိန်ထိ ရှိနေသေးတာ၊ သမီးကို ဒဏ်ရာတွေ ထပ်ပေးနေသလိုပါပဲ အသည်းတွေက ဆတ်ဆတ်ခါ နာရလွန်းလို့၊ သေရာပါ ဒဏ်ရာတောင် ရနေပါပြီ ဖေဖေ''





''သမီးရယ် ဒီကောင်ကို ချစ်ခဲ့တာ အစတည်းက သမီးမှားခဲ့တာ၊ အခုက သူဌေးသမီးမို့ ပိုင်းလုံးလုပ်ပြီး အပိုင်ကြံတယ်၊ အမွေ ဖြတ်ခံရတော့ ညာကို ရင်းနှီးမြှုပ်နှံပြီး နိုင်းစားဖို့ ရည်ရွယ်ချက်ထားတယ်၊ မိသားစုလိုက် အဲဒီ မျှော်လင့်ချက်ထားတာ၊ ဒီအသိုက်အဝန်းနဲ့ ဘယ်တော့မှ မပတ်သက်နဲ့ သမီး၊ ဘယ်လိုပဲ အယုံသွင်းသွင်း နားမယောင်လေနဲ့၊ မသနားလေနဲ့၊ ကြားလား သမီး''

''ဟုတ်. . .ဟုတ်ကဲ့''

မလွန်ဆန်ဝံ့စွာ ခေါင်းညိတ်လိုက်ရပေမယ့် လက်ထပ်ကန်းလန်းနှင့် ထွက်သွားသောမောင့်ကို မျက်စိထဲက လုံးဝမထွက်ပေ။ ဖေဖေသာ ရောက်မလာဘူးဆိုလျှင် မောင်ဘယ်လောက်ပဲ ကြမ်းတမ်းပေါက်ကွဲပါစေ၊ နေခဲ့ပြီး ဖမ်းချုပ်ဖို့တော့ သူမလုံးဝ စဉ်းစားမိမှာ မဟုတ်ပေ။

ဆေးရုံကဝန်ထမ်းတွေနှင့် ဟိုတ်ဟန်ထုတ် ခြိမ်းခြောက်ရုံလောက် ပါပဲ၊ ဒါပေမဲ့ သူမရင်ထဲတော့ နာနေတာပါ။'

တခြားမိန်းမနှင့်တစ်အိမ်တည်းအတူနေသော မောင့်ကို သူမ တစ်သက်လုံး နာကြည်းဖြစ်သွားမှာပါ။

အခု အေးမိုးနှင့်လက်ထပ်ပြီးသွားပြီလား၊ လက်မထပ်ဘဲ အတူနေနေ ကြတာလား။ ဘာဖြစ်ဖြစ် မိသားစုသဖွယ်ပျော်ရွှင်ကြည်နူးနေကြမှာက တော့ သေချာသည်။

မောင်ရေ. . .ရှင့်ကို ပေဖူးမမုန်းချင်ဘဲ မုန်းနေရတာ။ နာကြည်း သင့်သလောက် မနာကြည်းရက်ဘဲဖြစ်နေတာ။

အဲဒါ မောင်က သမီးလေးရဲ့အဖေ ဖြစ်နေလို့ပါ။

သတိုးမော် ရှင် အရမ်းရက်စက်တာပဲ၊ ရက်စက်လွန်းတယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"အံ့မယ်လေး၊ ရက်စက်လိုက်တာ ပေဖူးလွှာ၊ ရက်စက်လိုက်တာ သားလေး . . . သားက အချုပ်ထဲမှာ၊ ဒုက္ခပါပဲ ဘယ်လိုလုပ်ကြမလဲ ပြောကြပါဦး၊ အေးမိုး . . . အေးမိုး သမီးက ရဲစခန်းရောက်ခဲ့ပြီလား ဘာပြောလဲဟင် ဘာအမှုနဲ့အဖမ်းခံရတာလဲ"

"ဝတ္ထုရားနှောင့်ယှက်မှု၊ ပိုက်နက်ကျူးလွန်မှု၊ ဆူပူသောင်းကြမ်းမှု စုံနေတာပဲ၊ ပုဒ်မတွေနဲ့အမှုစွဲထားလိုက်တာ"

"ပေဖူးလွှာကလား"

"သူ့အဖေကလေ၊ တရားလိုနေရာကလက်မှတ်ထိုးပြီး အမှုတင်ထား တယ်၊ အာမခံလည်းမပေးဘူး"

"ဘုရားရေ . . . သားတော့ဒုက္ခပါပဲ၊ ပေဖူးလွှာ အဲလောက် ပြောင်းလဲသွားလိမ့်မယ်လို့တောင် ထင်မထားဘူး၊ အခုဘယ်လိုလုပ်ကြမလဲ အေးမိုး . . . ဟင်"

ဒေါ်မေတင် ပျာယာခတ်ကာ စိုးရိမ်တကြီးဖြစ်နေသလို၊ အေးမိုး လည်းဘာလုပ်ရမှန်းမသိအောင် စိတ်ရှုပ်နေမိသည်။ ရဲစခန်းက အကြောင်း ကြားလာတော့ ဈေးထဲရောက်နေသော ဒေါ်မေတင်မသိအောင်





ဝတ်မှုန်လည်း မရိပ်မိအောင် ချက်ချင်းဆိုသလိုရဲစခန်းကို လိုက်သွားခဲ့တာပါ။

သတိုးမော်က ဘာလို့လိုက်လာတာလဲဟုတောင် ပြစ်တင်ဆူပူ ဆဲနိုင်မဲ့သေးသည်။ အမေတို့ကို ကြည့်ကောင်းအောင်ပြောပြီး ဂရုစိုက် လိုက်ပါတဲ့။ အာမခံမရတာမို့ တစ်ရက်လား၊ တစ်ပတ်လား၊ တစ်လလား သိဘဲ အသိမပေးလို့ဖြစ်ပါတော့မလား။ ဝတ်မှုန်ဆေးဖိုးကလည်း ရှိသေး တာမို့ သတိုးမော်ငွေမရှာနိုင်လျှင် စားဝတ်နေရေးတောင် ခက်ခဲသွား ပေလိမ့်မည်။

"အဒေါ်တင်"

"အေး . . . ပြော အေးမိုး၊ ရဲစခန်းကိုအဒေါ်သွားတောင်းပန်ရမလား၊ ပေဖူး လွှာအဖေကို သွားတောင်းပန်ရမလား၊ ပေဖူးကို အသနားခံရမလား၊ သားကို ဒီလိုပုံစံမျိုးဖြစ်တာ မမြင်ရက်မကြားရက်ပါဘူးကွယ်၊ အဒေါ့် သားက သူတော်ကောင်းလေးပါ၊ မိသားစုအပေါ်လည်း သိတတ်ပါတယ်၊ မယားကိုလည်း ချစ်ပါတယ်၊ သမီးလေးအပေါ်လည်း တာဝန်ကျေပါတယ်၊ ညီမအတွက် ငွေရှာနေရတာလည်း ပင်ပန်းရှာပါတယ်"

"ဟုတ်ပါတယ် သတိုးက စိတ်ရင်းကောင်းပါတယ်၊ သူ့ဌေးသမီးကို မှုမိလို့ ကံဆိုးတာ၊ ပေဖူးလွှာကို ဒီလိုပြောင်းလဲသွားမယ်လို့ တကယ် မထင်မိဘူး၊ အဒေါ်တင်မသွားပါနဲ့ ကျွန်မ သူ့ကိုသွားတွေ့မယ် အဒေါ်တင်"

"ဟင် . . . ပေဖူးကိုလား၊ ညည်းကို မကျေမနပ်ဖြစ်နေတာဆိုတော့ အဆင်ပြေပါ့မလား အေးမိုးရယ်၊ ပိုဆိုးကုန်မှာဖြင့်"

"နားမလည်တဲ့သူကို နားလည်အောင်ပြောကြည့်ရမှာပဲအဒေါ်တင်၊ ဒါမှ နားမလည်ရင်တော့ ကျွန်မလည်း သတိုးလိုပေါက်ကွဲပစ်ခဲ့ရုံပဲ"

အေးမိုးစကားကြောင့် ဒေါ်မေတင်မျက်လုံးမျက်ဆံပြူးသွားကာ

"အံ့မယ်လေးလေး မလုပ်ပါနဲ့ကွယ်၊ သားရော အေးမိုးရော မရှိရင် အဒေါ်တင်တို့ ဘယ်သူ့ကိုအားကိုးရမှာလဲ၊ အဒေါ်တင်တို့ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်…ရောက်''

'အဒေါ်တင်…အဒေါ်တင်''

''အမေ…အမှမ''

အဒေါ်တင်မေ့မြောသွားတာမို့ ဝတ်မှုန်ပါပြေးထွက်လာပြီး အော်ခေါ် ကြသည်။ ဘာမှန်းညာမှန်းမသိသော သမီးလေးကလည်း လန့်ဖျပ်ပြီး အော်ငို၏။

အရပ်ကယ်ပါ၊ လူဝိုင်းပါဖြင့် အိမ်ကငရဲပွက်လာရ … သွားသည်။ အေးမိုး အံတင်းတင်းကြိတ်၍ တက်ခေါက်လိုက်မိသည်။

မကောင်းသော ကြမ္မာဆိုးတို့ရဲ့ အစီကတရားခံက ပေဖူးလွှာ။

ဒီလိုလူငွေ့ … မှုတွေနှင့် စကေးခဲ့တာတောင်မှ အထင်အမြင် လွဲမှား…မှုတွေနှင့် ထပ်ပြီးရက်စက်နိုင်သေးသတဲ့လား။

ဝတ်မှုန်ကိုဖြေသိမ့်ရမလား။ အဒေါ်တင်ကို နှာနှပ်ရမလား။

သမီးလေးကို အငိုတိတ်အောင်လုပ်ရမလား။ သတိုးမှော်ကိုပဲပြေးတွေ့ ရမလား။

မိမိမှာတော့ ဘာလုပ်ရမှန်းမသိအောင် ကယောင်ကတမ်း ဗျာများ လှက်။



## အခန်း (၂၉)

ဆေးရုံသွားလျှင် ပြဿနာများနိုင်၍ အိမ်လိပ်စာစုံစမ်းကာ ခြံဝင်း ရှေ့ကနေ စိတ်ရှည်ရှည်နှင့် လာစောင့်နေရသည်။ ထမင်းစားပြန်ချိန်ဆို ပေဖူးလွှာ ခဏတစ်ဖြုတ်အိမ်ပြန်နားတတ်သည်ဟု ဆေးရုံဝန်ထမ်းတွေဆီ က သိလာရလို့ပါ။

ပေဖူးလွှာ အဖေကတော့ စောစောကတင် ပေဖူးလွှာနှင့်အချိန်နာရီ ချိန်းပြီး ထွက်သွားတာပဲဖြစ်လိမ့်မည်။ ပေဖူးလွှာနှင့်နှစ်ယောက်တည်း တွေ့ရမည့်အရေးမို့ စိတ်တော့သက်တောင့်သက်သာဖြစ်နေမိသည်။

''ဟော''

ပေဖူးလွှာတို့ ဝင်းတံခါးရှေ့ ကားလေးထိုးရပ်လာတာမို့ မမြင်ကွယ် ရာကနေ အေးမိုးအပြင်ထွက်လာလိုက်သည်။ ပေဖူးလွှာလည်း အံ့အား သင့်သွားဟန်ဖြင့် ကားဘရိတ်ဆောင့်ရပ်လိုက်၏။

''နင်နဲ့ပြောစရာရှိတယ် ပေဖူးလွှာ''

ကားမှန်ကို ပုတ်ကာပြောလိုက်တော့ ပေဖူးလွှာ ကားတံခါးဖွင့်ကာ ကားပေါ်ကဆင်းလာပြီး

''ကျွန်မကတော့ ဘာမှနားမထောင်ချင်ဘူး၊ ကျွန်မဘက်က ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



လည်းပြောစရာမရှိဘူး၊ ပြောစရာရှိလည်း မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတယ်''

''နင် ရန်သူတစ်ယောက်လို ယတိပြတ်ခါမချနဲ့ ပေဖူးလွှာ၊ နင်နဲ့ ငါက လင်လုဖက်တွေမဟုတ်ဘူး''

''အဲဒါ ဘယ်သူသိနိုင်မှာလဲ''

''ဘာ''

''သွေးသားရင်းခြာမဟုတ်ဘဲ တစ်အိမ်တည်းမှာအတူနေပြီး ရိုးရိုးသားသားပါလို့ သစ္စာဆိုလည်း ဘယ်သူမှမယုံဘူး မအေးမိုး၊ ပြီးတော့ ရိုးသားတဲ့သူက မအေးမိုးအိမ်မှာရှိနေလျက်နဲ့ နင်ထုတ်လိုက်ပါပြီ၊ ထွက်သွားပါပြီလို့ လိမ်ညာပြောမှာလား''

''ဟင်''

အေးမိုး အံ့သြရသည်။ မိမိနှင့်ပတ်သက်ပြီး သတိုးမော်နှင့်ပေဖူးလွှာ ဒီလိုပဋိပက္ခတွေ ပြဿနာရှိနေခဲ့ကြတာလား။

သတိုးမော်က မိမိကို အားနာလို့ဘာမှမပြောခဲ့တာဖြစ်မည်။

''ဒါဆိုရင်တော့ နင့်ကိုငါပြောစရာတွေပိုများသွားပြီ ပေဖူးလွှာ၊ နင်နားမထောင်ချင်လို့မရတော့ဘူး။ အေး နားမထောင်ဘူးဆိုရင်တော့ ငါက ပညာမဲ့တော့သူ၊ သတိုးမော်လောက်တောင် စဉ်းစားဆင်ခြင်နေမှာမဟုတ်ဘူး၊ ဒီမိသားစုအတွက် ငါ့အသက်နဲ့လဲသင့်ရင်လည်း လဲမယ်ပေဖူးလွှာ''

ပေဖူးလွှာက နှုတ်ခမ်းကိုမဲ့၊ ပခုံးတွန့်၍ အရွဲ့တိုက်ကာ ကြောက်ရွံ့သလိုလုပ်ပြပြီး

''အသက်ပေး စွန့်စားချစ်တတ်တဲ့စိတ်ကတော့ လေးစားစရာပါ၊ ဒါကြောင့်မို့ သတိုးမော်က မခွဲနိုင်မခွာရက် အိမ်ကနှင်မထုတ်ခဲ့တာနေမှာ''

''ပညာတတ်တွေကလည်း ရွဲ့စောင်းပြောတတ်တာပါပဲလား ဟွန်း ...နင့်ကို ငါ့အစက သတိုးမော်မိန်းမအရွေးတော်တယ်ဆိုပြီးတောင်





အထင် ကြီးခဲ့မိတာ၊ လူချမ်းသာသူဌေးသမီး၊ ပညာတတ်၊ ရုပ်ရည်ချောမောတယ်ဆိုပြီး အခုတော့လည်း ငါတို့လိုဆင်းရဲသားလူတန်းစား အခြေအမြစ်မဲ့ တောသူတောင်သားစိတ်ဓါတ်နဲ့ ဘာမှမကွာဘူး''

''အချစ်ကြောင့် အမှောင်ဖုံးတတ်ကြတာ၊ အဲဒါတွေက အပြစ်မဟုတ်ဘူး မအေးမိုး''

''အချစ်ကြောင့်...ရယ်တော့ရယ်ရသားပဲ၊ ငါတော့မချစ်ဖူးပါဘူး၊ ဒါပေမဲ့ အချစ်က တစ်ယောက်ကိုတစ်ယောက် လေးစားကြည်ညိုခြင်း၊ နားလည်ယုံကြည်ခြင်း၊ ဒုက္ခသုခမျှဝေခံစားပြီး ဘဝကိုအတူရင်ဆိုင်ဝံ့ကြတာလို့ သိထားတယ်''

''ဘာပြောမှာလဲ၊ ပြောစရာရှိတာ ပြောပြီးပြန်ပါမအေးမိုး၊ ကျွန်မမှာ အားလပ်ချိန်ဆိုတာမရှိဘူး။ သတိုးမော်တို့မိသားစုကို မေ့နိုင်ဖို့အလုပ်ထဲမှာပဲ စိတ်နှစ်ထားတယ်''

''အေးပါ၊ နင်တစ်သက်လုံးမေ့နိုင်အောင်သာ ကြိုးစားပါ၊ အခုတော့ သတိုးမော်ကို အချုပ်ခန်းထဲကထွက်လို့ရအောင် အမှုတွေကို ပြန်ရုပ်သိမ်းပေးပါပေဖူးလွှာ''

''အမှုတွေ ဘာအမှုတွေလဲ၊ ဆေးရုံမှာသောင်းကြမ်းလို့ ခဏထိန်းသိမ်းထားရုံပါပဲ၊ နှစ်ဆယ့်လေးနာရီမပြည့်ခင်တောင် ပြန်လွှတ်မှာပါ''

''နင့်အဖေက အမှုတွေအများကြီးနဲ့တရားစွဲထားတာ၊ ဘယ်လိုလုပ်လွှတ်မှာလဲဟဲ့၊ ဒီအဖေကလုပ်တာ ဒီသမီးက မသိဘူးဆိုတော့ ဟုတ်ရောဟုတ်ရဲ့လား''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ပေဖူးလွှာအရမ်းကို အံ့သြသွားသည်။ ဂုဏ်သိက္ခာတွေအတွက် သော်လည်း ဖေဖေဒီလောက်ထိတော့ မလုပ်သင့်ပါ။

"မအေးမိုး အဲဒါဘယ်သူပြောတာလဲ"

"ငါကိုယ်တိုင် ရဲစခန်းမှာအာမခံရမလားလို့သွားတာ၊ စွဲထားလိုက် ပုဒ်မတွေက အများကြီး၊ တရားလိုကိုယ်တိုင် အမှုမရုပ်သိမ်းရင် အာ ပေးလို့မရဘူးတဲ့၊ ကဲပါ နင့်အဖေလုပ်တာ နင်မသိဘူးဆိုလည်း သတ် မော်မြန်မြန်လွတ်အောင် နင်တာဝန်ယူပေးပါ ပေဖူးလွှာ၊ အဒေါ်တင်လည် စိတ်ထိခိုက် စိတ်ဓါတ်ကျပြီး ရောဂါပိုကျွမ်းသွားပြီ၊ သမီးလေးကိုလည် သူများအပ်ထားရတယ်၊ သတိုးမော်မရှိရင် ဒီလူနာတွေအတွက် စားဝတ် နေရေးဆေးဖိုးဝါးခ ဘယ်သူရှာပေးမှာလဲ"

"ရော...ရောဂါသည် ဘယ်သူက ရောဂါသည်လဲ၊ အဒေါ်တင် ဘာရောဂါရလို့လဲ"

လက်တွေ့ကြားလိုက်ရတော့ သံယောဇဉ်များက ရှန်းကြွ၍ရိုးရိုးစိတ် တွေ ဖြစ်လာသည်။ အေးမိုးနှင့်ပတ်သက်ပြီး မကျေနပ်မှုတွေ မိမိကိုအသုံး ပြီး မျှော်လင့်ခဲ့ကြတာတွေအတွက် ရင်ထဲမှာနာနေသော်လည်း ဒီလောက် အထိ အသည်းမမာနိုင်ပါ။ ပြီးတော့ သမီးလေး...

"မအေးမိုးပြောပါ၊ ဘယ်သူက ဘာရောဂါ"

မအေးမိုးမျက်ရည်တွေကိုမြင်တော့ ပေဖူးလွှာ မေးခွန်းများ အဆုံး မသတ်ဘဲ လမ်းခုလတ်မှာပြတ်တောက်သွားသည်။

မအေးမိုးက နှုတ်ခမ်းလေးကိုဖိကိုက်၍ အံတစ်ချက်ကြိတ်ကာ

"ဝတ်မှုန်...ဝတ်မှုန်က ဘယ်နေ့ဘယ်ရက်ဆိုတာကိုတောင် ခန့်မှန်း





နေတဲ့သေလူပါ"

"ဘာ"

"နင့်အတွက် ငွေရှာဖို့ လုံလောက်အောင် ပံ့ပိုးပေးနိုင်ဖို့အတွက် လွယ်တဲ့အလုပ်ကို ဝတ်မှုန်လုပ်ခဲ့တယ်"

"ဟင်"

"အဲဒီလို ပေပ်ရင်းနဲ့ ရောဂါဆိုးကြီးရသွားတာ"

"ဘုရား ဘုရား၊ တကယ်လား၊ အဲဒါတကယ်လား မအေးမိုး"

"နင့်ဆီက မျှော်ကိုးချင်လို့ လိမ်ညာပြောနေတယ်များ ထင်နေလား လွှာ၊ နင့်အပေါ်ထားတဲ့သူတို့တွေရဲ့ စေတနာ၊ မေတ္တာကို နင်နည်း လေးမှ မသိဘူးလား။ မခံစားခဲ့ရဘူးလား၊ နင်တို့လူချမ်းသာတွေက တဲ့လူတွေဆိုရင် အခွင့်အရေးမျှော်ကိုးတဲ့လူတွေလို့ပဲထင်ပြီး အထင် င်ကြတာလား"

ပေဖူးလွှာ ခေါင်းကို အဆက်မပြတ်ယမ်းခါမိသည်။ ရင်တွေနာကျင် င့်မျက်လာလို့ပါ။ မိမိကြောင့်တဲ့လား။

မိမိအတွက် ငွေရှာဖို့တဲ့လား။

"မအေးမိုး...ဝတ်မှုန် ဝတ်မှုန်အခြေအနေဘယ်လိုလဲ၊ နောက်ဆုံး လား၊ ဆေးကုလို့ရသေးတယ်မဟုတ်လား"

"နင်ပြန်လာမှာပဲဆိုပြီး အရင်ကတော့ မျှော်လင့်ချက်တွေနဲ့တောင့်ခံ ာပေါ့၊ အခုတော့ သူ့စိတ်တွေလျှော့ချလိုက်ပြီး မျှော်လင့်ချက်တွေ ပြီလေ၊ နင့်ဆီက မျှော်လင့်တာ သူတစ်ယောက်တည်း၊ ချမ်းသာ မဟုတ်ဘူး၊ တစ်မိသားစုလုံး ဆင်းရဲနုံချာတဲ့ဘဝက လွတ်မြောက် င်လို့၊ သူ့ဘဝကိုရင်းလိုက်တာ၊ အဲဒါကလည်း တူမလေးမွေးပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နင်တို့သားအမိနှစ်ယောက် သူတို့လိုဘဝမျိုးနစ်မွန်းမှာ
ပေဖူးလွှာ''

''ကျ. . .ကျွန်မ မှားခဲ့ပြီလား''

''မှားတယ်၊ မှန်တယ်ဆိုတာ နင့်ဘာသာဆုံးဖြတ်ရမှာ၊ ပညာမဲ့
ပညာတတ်ကို အားကိုးမိတဲ့ မိသားစုက ဘယ်သူ့ကိုအပြစ်တင်ရမှာ
မျှော်ကိုးတတ်တဲ့လူတန်းစားဆိုပြီး အထင်သေးမဲ့ပ ၊ နင်ကိုယ်တိုင်
မဟုတ်လား ပေဖူးလွှာ၊ နင့်အဖေက အဆင့်အတန်းခွဲတ ာက မိဘဆို
မေတ္တာကြောင့်ဆိုရင် သားသမီးတွေကို ကောင်းစားပေးချင် ့အခေါ်တယ်
မေတ္တာက ရင်ကြပ်ပန်းနာရောဂါသည်ဖြစ်နေပြီ''

''ဟင်''

ပေဖူးလွှာ မိုက်ခနဲတောင်ဖြစ်လို့သွားသည်။ ဒီမိသားစုကို သူမ
တွေ့ပေးခဲ့သလိုဖြစ်ခဲ့ပြီလား။

အေးမိုးက မကျေမနပ်ဖြစ်နေလျက်နှင့်

''ငါနဲ့ပတ်သက်မှုကို သံသယဝင်တာကရော ဘာလဲ၊ ရိုးသားမှုနဲ့
မှု့က အဲလိုစော်ကားခံရဖို့မဟုတ်ဘူး''

''သူလိမ်ခဲ့တာက မှားခဲ့တာ၊ သံသယကိုကြီးထွားအောင် မအေး
တို့ပျော်ရွှင်ခဲ့ကြတာမဟုတ်ဘူးလား၊ တကယ်ချစ်ရင် သဝန်တိုကြတယ်
အသည်းနာကြတယ်၊ မှားယွင်းစွန်းထင်းမခံကြဘူး မအေးမိုး၊ မိန်းကလေး
တစ်ယောက်ကြောင့် အလိမ်ခံရပြီဆိုရင် တစ်သက်သာအမုန်းအမျ
ကြီးသွားတတ်ကြတာချည်းပဲ၊ အချစ်ကြီးရင် အမျက်ကြီးတယ်လေ၊ အဲ
တော့ ကြားဖူးတယ်မဟုတ်လား မအေးမိုး''

အေးမိုးက မဲ့ပြုံးခေါင်းညိတ်ပြလိုက်ပြီး၊





''အေးပေါ့လေ. . .ညည်းနောင်တမရဘူးဆိုရင် အဲဒီလိုတစ်သက်လုံး
ကြည်းသွားပါ၊ မုန်းမျက်သွားပါ ပေဖူးလွှာ၊ ဒါပေမဲ့ အခုသတိုးမှော်
ခံနဲ့လွတ်အောင်တော့ ကူညီပေးပါ၊ ငါဘာပဲလုပ်ပေးရလုပ်ပေးရ
ဒီမိသားစုအတွက် ဘာမဆို ငါလုပ်ပေးမယ်''

''ဒီမိသားစုရဲ့ အဝေးဆုံးနေရာကို ထွက်သွားပေးနိုင်လား''

''ဘာ''

''ကျွန်မ အဲဒါမှ စိတ်ရှင်းမယ်ထင်လို့ပါ၊ ရှင်တို့ချင်းရိုးသားတယ်ဆို
ထွက်မသွားနိုင်စရာအကြောင်းမရှိဘူးမဟုတ်လား''

''ပေဖူးလွှာ. . .နင် အဆုံးအထိ အယုံအကြည်မဲ့နေတော့တာကိုး၊
ကောင်းပြီလေ၊ ဒီမိသားစုမှာက သတိုးမှော်ရှိမှုဖြစ်မှာဆိုတော့ အပိုလူ
နေတဲ့ငါက ထွက်သွားပေးရုံပဲပေါ့။ နင့်စိတ်တိုင်းကျ ဖြစ်စေရမယ်လို့
ကတိပေးပါတယ်။ နင့်ဘက်က သတိုးမှော် ဒီအမှုတွေက ကွင်းလုံး
ကင်းလွတ်မြောက်ဖို့ အာမခံတယ်ဆိုရင်ပေါ့''

ပေဖူးလွှာ ခပ်မြန်မြန်ပင် ခေါင်းညိတ်ကတိပေးလိုက်သည်။ သတိုးမှော်
အိုးအာဝါသအောက်မှာ အေးမိုးမရှိမှ သူသံသယရှင်းနိုင်မှာ။ ရင်ထဲက
ချစ်တွေ သံသယကင်းစွာအမြစ်တွယ်ကျန်ရစ်မှာမို့ပါ။

အခုအရေးကြီးဆုံးက ဖေဖေ့ကို ရင်ဆိုင်ဖို့ပဲမဟုတ်ပါလား။

ဒီကိစ္စ ဒီအကြောင်း ဒီလိုရှိတယ်ဆိုတာကို. . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

''ဒီကိစ္စက ဒီလိုဖြစ်သွားတယ်ဆိုလည်း သမီးအတွက် ဖေဖေ တာ ဘာမှမတတ်နိုင်ဘူးသမီး၊ သူကျူးလွန်တဲ့ပြစ်မှုက ဒီထက်ကြီး ပုဒ်မတောင်တပ်လို့ရတယ်၊ ဘာပဲဖြစ်ဖြစ်ဆိုပြီး ဒါ့သရာမရှည်ချင်လို့ ဒီလောက်နဲ့''

''မဟုတ်ဘူး မဟုတ်ဘူးဖေဖေ၊ တရားလိုဘက်က ဖေဖေစွဲ တင်ထားတဲ့ အမှုတွေကို ဖေဖေ ကျေအေးလိုက်ရင် သူအာမခံနဲ့ လွ မြောက်သွားမှာပါ၊ အဲလိုလုပ်ပေးပါဖေဖေ၊ သမီးကိုချစ်ရင် သမီး သနားရင် အဲလိုလုပ်ပေးပါ''

''သမီး''

သမီးကို နားလည်အောင် ကြိုးစားလာရင်းနှင့်နားမလည်နိုင်

ဘာကြောင့် ဒီလောက်တောင် ဒီကောင်နှင့် ပတ်သက်လျှင် သ သည်းလှုပ် ပျော့ညံ့လွန်းရတာလဲ၊ နိုင်ငံခြားမှာရှိတုန်းကလည်း သတင်းတွေ ဓာတ်ပုံတွေပို့ပြီး တော်တော်စည်းရုံးသိမ်းသွင်းခဲ့ရတ သတိုးမောင်ကို မမြင်ခင်၊ မတွေ့ခင်တည်းက အလကားသက်သက် မှ နေတာမျိုး မဟုတ်ပေ။ မတန်မရာ မှန်းပြီး ဖြတ်လမ်းက ချမ်းသာ





ည့် ကောင်မျိုးမို့ လုံးဝကို အထင်ကြီးလို့ မရတာ။

လူချမ်းသာဂုဏ်ပုဒ်ဆိုတာ လွယ်လွယ်ရတာမျိုး ဟုတ်ပါ့မလား။ ယ်ချက်တွေ မျှော်လင့်ချက်တွေ ရှန်းကန်ပေးဆပ်မှုတွေ၊ စွန့်စား ဝေဖန်ပုတ်ချမှုတွေ၊ အားလုံးတောင့်ခံနိုင်မှ၊ ဒီဂုဏ်ပုဒ်ဆိုတာ ထိုက်တန်တန်ရတာ။

ဒါကို ဒီကောင်က သူ့ဌေးသမီးကို အပိုင်ကြံရုံနှင့် အလွယ်ရမည်လို့ နေသည်။ ဒီလိုကောင်မျိုးကိုများ သမီးကရင်နှင့်နှစ်ပြီး ချစ်ရသာတဲ့။ ည့်ကောင်းလွန်းသည်။

ဦးအောင်မြင့်လှိုင် တက်တစ်ချက်ခေါက်မိကာ

''ဘယ်သူကလာပြီး စည်းရုံးသိမ်းသွင်းသွားပြန်တာလဲ သမီး၊ င်နဲ့ပတ်သက်ပြီး သမီးခေါင်းထဲ ဘာအကြောင်းအရာမှ မထည့်သင့် သမီး ကိုယ့်အလုပ်ကိုယ် ကောင်းကောင်းလုပ်ပါ၊ စည်းစိမ်တွေ ာတွေနဲ့ ရင်းထားရတာ၊ ပရော်ဖက်ရှင်နယ်ကျကျ တော့်တန်းဝင်တဲ့ င်မြင်မှုတစ်ခုရဖို့ လွယ်တယ်များထင်နေလား၊ အပြိုင်အဆိုင် အားတွေက များလွန်းတယ်''

''သမီး နားလည်ပါတယ်၊ ဒါပေမဲ့ သူ့အိမ်မှာလည်း သူက အရေးကြီး ဖြစ်နေတယ်ဖေဖေ၊ သူမရှိရင် သူ့အိမ်ရဲ့ စားဝတ်နေရေး၊ ကျန်းမာ အတွက် ကုန်ကျစရိတ်တွေ၊ အားလုံးက ကစဉ့်ကလျား ဒုက္ခရောက် မှာ''

''အဲဒီလူတန်းစားရဲ့ အခက်အခဲကို သမီး သိပြီလား၊ ဒါကိုများ မှ့ချင်သေးတယ်၊ ကွာဟချက်က နည်းနည်းပါးပါး မဟုတ်ဘူး သမီးနားမလည်လို့ စိတ်ယိုင်မယ်ဆိုရင် ဒီတစ်ခါ ဖေဖေ ခွင့် တ်ဘူး''

တစ်ခါမှားဖူးသည့် သမီးမို့ ဦးအောင်မြင့်လှိုင် မာန်မဲကြိမ်းမောင်း သည်၊ သမီးက ကိုယ်ယုံကြည်လောက်သော ကတိကို မပေးဘူးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း အင်းမလုပ်အဲမလုပ်ဖြင့်

''သူတို့အိမ်မှာ သမီးကြောင့် ကပ်ဆိုးတစ်ခု ကျရောက်နေတယ် ဖေဖေ သမီးကြောင့်သာ မဟုတ်ရင် သူတို့ဒီလိုမျိုး ကြမ္မာဆိုးတွေ ရင်ဆိုင် ရမှာ မဟုတ်ဘူး''

''ဘာတွေ ပြောနေတာလဲ သမီး၊ သမီးကို ရင်းနှီးမြှုပ်နှံမှုတစ် အနေနဲ့ အသုံးချပြီး သူတို့ဘဝပြောင်းလဲမှာပဲဆိုတဲ့ မျှော်လင့်ချက်ထား ထားခဲ့လို့ သမီး စိတ်နာနေတာ မဟုတ်လား''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ သူတို့ မြှုပ်နှံလိုက်တဲ့အရင်းအနှီးက များလွန်း တယ် ဖေဖေ၊ သ...သတိုးမှော် ညီမလေးက''

''သမီး''

''အဟင့်...သမီးအတွက် လုံလုံလောက်လောက် ပံ့ပိုးနိုင်အောင်ဆို ငွေများများရလွယ်တဲ့ အလုပ်ကိုလုပ်လို့ ရောဂါနဲ့နောက်ဆုံး အခြေအနေ''

''ဟာ''

ဦးအောင်မြင့်လှိုင် ယူကြုံးမရစွာ ရင်ထဲ နင့်ခနဲတောင် ဖြစ်သွားသည် ဒါပေမဲ့ အတွေးတစ်ချက်က အတွေ့ရွှန်းလျက် ခေါင်းကို ဆတ်ခနဲ ခါယမ်း လိုက်၏။

''ဒါဆို မြေးမလေးကို အဲဒီအိမ်မှာထားလို့ မဖြစ်တော့ဘူး သမီး ကလေးဆိုတာ ခံနိုင်ရည်အားနည်းပြီး နုနယ်တဲ့သူဆိုတော့ ရောဂါပိုး ကူးစက်မှာ စိုးရိမ်ရတယ်၊ ထိမိရှမိ မဖြစ်ဘူးလို့လည်း မပြောနိုင်ဘူး''

''သမီးလည်း စိုးရိမ်ပါတယ်၊ အမေကလည်း ရင်ကျပ်ပန်းနာရောဂါ ဖြစ်ချင်နေတယ်လို့ပြောတယ်၊ ငွေရှာဖို့အတွက် နေပူမိုးရွာမရှောင် အပင်ပန်းခံခဲ့ပြီး အဆုတ်အအေးပတ်တာကို ကောင်းကောင်း ဆေးမကု သခဲ့လို့၊ အဲဒီရောဂါ အမြစ်တွယ်ချင်လာတာလို့ ပြောတယ် ဖေဖေ''

''ဟာ...အဲဒါလည်း လေထဲကတစ်ဆင့် ရောဂါပိုးပါတတ်တဲ့





နုနယ်တဲ့မြေးလေးကို အဲဒီအိမ်မှာ လုံးဝကိုထားလို့မရတော့ဘူး၊ အမြန်ဆုံးသွားခေါ်ကြမယ် သမီး''

''အခု အဲဒါထက် အရေးကြီးနေတာက သတိုးမှော် လွှတ်မြောက်ဖို့ပါ ဖေဖေ၊ သူ မရှိရင် ပိုပြီး အခက်အခဲတွေ ဒုက္ခရောက်ကြလိမ့်မယ်''

''ဖေဖေကတော့ အဲလို မတွေးဘူး''

''ရှင်''

သမီး အံ့သြသွားတာကို ဦးအောင်မြင့်လှိုင် ဂရုမမိုက်။ မြေးမလေးကို ခေါ်အောင် ခေါ်ပေးနိုင်မှ၊ ဆေးရုံအုပ်ရာထူးကို ယူကာ၊ ကိုယ်တည်ထောင် ထိုက်သော ဆေးရုံကြီးကို တာဝန်ယူမည်ဟူသော ကတိစကားကြောင့် ယခုအချိန်က မြေးမလေးကို ခေါ်နိုင်ဖို့ အခွင့်အရေးကောင်းဖြစ်၏။

''သမီး နားမရှင်းတာလား အံ့သြသွားတာလား၊ ဒီအချိန်က တကယ် ကို အချိန်ကောင်းပဲ သမီး၊ မြေးမလေးကိုခေါ်ဖို့ သိပ်ပြီးတော့တောင် အတိုက်အခံ လုပ်စရာ မလိုဘူး။ သူတို့အိမ်မှာ ရောဂါသည်တွေ ရှိတယ်၊ ချို့တဲ့တယ်၊ မြေးလေးကိုကောင်းကောင်း မစောင့်ရှောက်နိုင်ဘူး၊ ပြီးတော့ အဆိုးဆိုတဲ့ကောင်မလေးနဲ့ လူမှုရေးအရှုပ်အထွေးရှိတယ်၊ သမီးကလည်း မြေးလေးကို တာဝန်မဲ့ စွန့်ပစ်ခဲ့တာ မဟုတ်ဘူးလေ၊ သူတို့က လောဘနဲ့ သမီးနဲ့မြေးကို နှိုပြတ်တဲ့ အရွယ်တောင် မရောက်သေးဘဲ ခွဲထုတ်ရက် ကြတာ၊ အမြဲတမ်းတွေးပြီး စိတ်နာနေစမ်းပါ သမီး''

ဖေဖေ့စကားကို အရင်ကလို စိတ်လိုက်မာန်ပါ ခေါင်းညိတ်လိုက်ရမှာ ဆက်ခဲစွာဖြင့်

''သမီးဘက်က အဲလိုတွေးရင် သမီးမှန်နေမလားမသိပေမယ့် သူတို့ ဘက်မှာ သူတို့ရဲ့အမှန်တရားရှိနေတယ်ဖေဖေ၊ သမီးကိုအောင်မြင်စေချင် တဲ့ စေတနာတွေကြောင့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟာ ဘဝတွေပါပျက်စီးသွား စေတာ သမီးတရားရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



''သမီးက သတိုးမှော်လွှတ်မြောက်ဖို့တစ်ခုပဲ စိတ်အားထက်သ
ပြောနေတော့တာပဲ၊ အစက မြေးမလေးကိုရအောင်ပြန်ခေါ်ဖို့ ဆန္ဒ
ပဲရှိတာယ်ဆို၊ သူတို့နဲ့ အခုလိုပုံစံပြန်မဆုံရင်တောင် ဆေးရုံကြီးကအော
ရနေပြီဖြစ်လို့ တရားရုံးကတဆင့်ခေါ်ဖို့ပြင်ဆင်တိုင်ပင်ပြီးပြီမဟုတ်လာ
ရှေ့နေကြီးကပြောတယ်၊ အခုချိန်က အချိန်ကောင်းတဲ့၊ သတိုးမှော်
ထောင်ကျလိုက်ရင် တရားရုံးတောင်မရောက်လိုက်တဲ့ အဆင်ပြေသွား
တဲ့လေ၊ မြေးလေးကို သူတို့စောင့်ရှောက်ခဲ့တာလို့ မာနနဲ့တင်းခံနေရ
ချမ်းသာချင်တဲ့သူတို့ရဲ့မျှော်လင့်ချက်အတွက် လိုသလောက်ငွေပေးလိုက်
သမီး''

ခုချိန်မှာ ဖြစ်ပေါ်နေသောသူမခံစားချက်များက ဖေဖေ့ဆန္ဒနှင့်
လိုမှ သဟာဇာတမဖြစ်ပေ။ အေးမိုးကိုစွက်ကိုတောင် မေ့ထားနိုင်လောက်
အထိ သတိုးမှော်တို့မိသားစုရဲ့ဒုက္ခတွေကို စာနာသနားနေမိ၏။

မိမိရဲ့အပြစ်မကင်းသလို ဖြစ်ခဲ့ပြီမဟုတ်ပါလား။

''သမီးတစ်ခုလောက် ပြောပြပါရစေဖေဖေ၊ သမီးလေးဖူးသစ္စာ
နောက်မှ ပြန်ခေါ်ပါ့မယ်၊ အခု သတိုးမှော်ကိုပဲ''

''ဒါဆို သမီးနဲ့အပေးအယူတစ်ခုတော့ လုပ်ရလိမ့်မယ်''

''ဘာ…ဘာများလဲပြောပါဖေဖေ''

''သတိုးမှော်လွှတ်မြောက်လာခဲ့ရင် သမီးသူနဲ့မဆက်ဆံရဘူး၊ မပ
သက်ရဘူး၊ မြေးမလေးကိုရအောင်တောင်းဖို့အတွက် မညှာတာရဘူး''

''ဖေဖေ''

မြေးမလေးကိုမရလျှင် သမီးကိုလည်း ပိုင်ဆိုင်ဖို့မလွယ်တာ
ဦးအောင်မြင့်လှိုင် အတ္တကြီးစွာပြောလိုက်သည်။ မျက်ရည်လည်လျှ
သော သမီးကို ဒီအချိန်မှာမသက်ညှာနိုင်ပါ။

''ပြီးတော့ ဒီဆေးရုံ၊ ဒီဂုဏ်ဒြပ်၊ ဒီအဖေကိုဘယ်တော့မှ မစွန့်





တူးဆိုတဲ့ကတိပေးပါသမီး၊ ကွာရှင်းစာချုပ်မှာ သူ့ကိုလက်မှတ်ထိုးခိုင်း
ရင် လွှတ်ပေးလိုက်မယ်''

''ဖေဖေရယ်''

''ဖေဖေ့ကို မိဘလိုသဘောထားတယ်ဆိုရင် မိဘတစ်ယောက်အနေနဲ့
အတ္တကြီးခွင့်ပေးပါ။ သားသမီးဘဝနစ်မွန်းမှာ ဆင်းရဲမှာကို ဘယ်မိဘမှ
ကြည့်ပြီရက်မှာမဟုတ်ပါဘူး။ သားသမီးအတွက် သူတစ်ပါးအသက်ကို သတ်
ခဲ့တဲ့မိဘတွေ၊ ခိုးဆိုးတိုက်ကျေးတဲ့မိဘတွေ၊ မကောင်းမှုရဲ့အပြစ်ဒဏ်ကို
ကိုယ်သာခံပြီး အနစ်နာခံပေးဆပ်တဲ့မိဘတွေ၊ ဖေဖေလည်းတစ်ယောက်
ပါအဝင်ပဲလို့ သမီးသဘောထားပေးပါ။ ဖေဖေမတရားဘူးဆိုလည်း
သမီးအတွက်ပါ။ ရက်စက်ယုတ်မာတဲ့သူဖြစ်ခဲ့ရင်လည်း သမီးနဲ့မြေးအတွက်
အကျိုးဆက်ကို ဖေဖေ့ဘာသာ ပေးဆပ်မယ်သမီး''

ဖေဖေ့စကားတွေကြောင့် အသက်ရှုလို့မဝစွာ မွန်းကျပ်လှိုက်လှသည်။
ဘယ်လိုဆုံးဖြတ်ရမှာပါလဲ။

ဖေဖေ့ကိုစွန့်ခွာရမှာလား…ဟင့်အင်း။

မောင်တို့ကို စွန့်ခွာရမှာလား…သမီးလေးကို…ဟင့်အင်း…
ဟင့်အင်း။

သူမဘယ်သူ့ကိုမှ ဘာကိုမှမစွန့်ခွာချင်။ မစွန့်ခွာရက်တော့ပါ။ ဒါပေမဲ့
တစ်ခုကို လိုချင်လျှင် တစ်ခုကို မစွန့်လွှတ်လို့လည်းမရပေ။ ကိုယ့်ကိုယ်ကို
အတွက် အတ္တကြီးခွင့်မရှိတော့ဘူးထင်တယ်မောင်ရေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

အေးမိုးပေးထားသည့်လိပ်စာအတိုင်း သတိုးမျော်တို့အိမ်ရှေ့ကို ရောက် လာတော့ ကားလေးကို အိမ်ခြံဝင်းထောင့်မှာ ကပ်ရပ်လိုက်သည်။ သူမ နိုင်ငံခြားမသွားခင်အချိန်က နဂိုအိမ်ကိုရောင်းပြီး အငှားပြောင်းခဲ့ရသည့် အိမ်ထက် ယခုအိမ်ကပိုပြီးတော့တောင် စုတ်ချာနေသေး၏။ ဒီလိုနေ သည့်ဘဝကလွတ်မြောက်ချင်သည့်မောင်ဟို့မိသားစုရဲ့ မျှော်လင့်ချက်တွေ ကို သူမက တစ်ဖက်သတ်အတွေးတိမ်စွာ ဖျက်ဆီးခဲ့မိတာပါလား။

''ပေဖူး''

''ဟင်...မအေးမိုး''

ဝင်ရခက်နေသောသူမကို မအေးမိုးက အိမ်ထဲကနေ လှမ်းမြင်ကာ လာခေါ်၍တော်ပါသေးသည်။ မောင်ကတော့ ဒီအချိန်အိမ်မှာရှိနေ မဟုတ်။ စောစောကမှ မောင်လွတ်မြောက်ဖို့အတွက် ရဲစခန်းကိုဖေဖေ သွားခဲ့တာဖြစ်သည်။ ဖေဖေမရှိခင် သူမလည်း ဒီအိမ်ကိုအပြေးထွက်လာ ခဲ့တာပါ။ ဝတ်မှုန်နှင့်အဒေါ်တင် ကျန်းမာရေးအတွက် သူမမှာ တာဝန် အရှိဆုံးမို့ လုပ်ပေးနိုင်သလောက် လုပ်ပေးချင်လို့ ရောက်အောင်လာခဲ့ ခြင်းပင်။





ပြီးတော့...

''သ...သမီးလေးရော မအေးမိုး၊ သမီးလေး ခဏလောက် အရင်တွေ့ပါရစေ''

''ဝတ်မှုန်အရမ်းနေမကောင်းဖြစ်နေလို့ တခြားမှာခဏပို့ထားရတယ်၊ ကလေးတစ်ဖက်နဲ့ဆိုရင် လူနာကိုပြုစုဖို့လည်းခက်တယ်၊ ကလေးအတွက် လည်းမကောင်းလို့လေ''

''ဒါဆို ကလေးကိုကျွန်မခေါ်သွားလိုက်မယ်လေ''

''ဟို...အဲ...အဲလိုတော့မလုပ်ပါနဲ့၊ သတိုးမျော်က သမီးလေးနဲ့ တစ်ရက်မှခွဲအိပ်ဖူးတာမဟုတ်ဘူး။ ဒီသမီးလေးကြောင့် သူလည်း ဒီနေ့ထိ ရှင်သန်ဖို့ တောင့်ခံနိုင်နေတာ။ စိတ်ဒဏ်ရာတွေနဲ့ ဖိအားတွေများနေတဲ့ သတိုးမျော်ကို အခုချက်ချင်းကြီး လဲပြိုင်အောင်တော့ မလုပ်လိုက်ပါနဲ့ ပေဖူးရယ်၊ ဒီအိမ်ကနေ ငါထွက်သွားပေးမယ်ဆိုတာလေးကို ယုံကြည်ပြီး ဒါတစ်ခုကိုပဲ လက်ခံပေးပါဦး''

ပေဖူးလွှာ ဘာမှမပြောနိုင်။ ဒီအချိန်မှာတော့ သမီးအတွက် ဘာဆန္ဒ တွေပဲရှိရှိ မြိုသိပ်ထားရဦးမှာပင်။

''အမေတင်ကိုရော ကျွန်မလာမယ်ဆိုတာ ပြောထားသေးလား မအေးမိုး''

''ပြောတော့ ပြောထားတယ်၊ လာစေချင်တဲ့ပုံစံမျိုးနဲ့ရောက်လာတာ မဟုတ်ဘဲ ဝတ္တရားအရလာမှာဆိုတော့ စိတ်တော့ဘယ်ကောင်းပါ့မလဲ၊ ဒါပေမဲ့ အားတော့ရှိသွားတဲ့ပုံပါ၊ ဝင်ပါပေဖူးလွှာ''

အပြစ်ရှိသူတစ်ယောက်မို့ အိမ်ထဲကို ခြေလှမ်းရတာမဝံ့မရဲပါ။ ဒီ မိသားစုက ဟိုတစ်ချိန်က သူမအပေါ်အရမ်းကိုနွေးထွေးခဲ့ကြတာ။ မပြည့် စုံမှုတွေကိုအားနာပြီး သူမအပေါ်တော့ အတတ်နိုင်ဆုံး ဖြည့်ဆည်းခဲ့ကြ ပါသည်။ ထိုအချိန်တွေက သူမလည်း ပျော်နေခဲ့ပါလျက်။



www.burmeseclassic.com

www.burmeseclassic.com



''ပေဖူး . . . သမီးလေး''

''အမေတင်''

သူမကိုမြင်တော့ အမေတင်မျက်ရည်ဝဲသလို၊ သူမလည်း မျက်ရည်ဥတွေ တလိမ့်လိမ့်ကျဆင်းလာ၏။ ဖျာပေါ်မှာ ပက်လက်အနေအထားနှင့် အသက်ကိုခက်ခက်ခဲခဲရှူရှိုက်နေရဟန်တူသော ဝတ်မှုန်အဖြစ်ကအရိုး ပေါ်အရေတင်လျက်၊ မမြင်ရက်မကြည့်ရက်စရာပါ။

''အမေတင်ရယ်၊ ပေဖူးအစကတည်းက လာခဲ့လိုက်ရမှာ၊ ပေဖူး အရမ်းဆိုးခဲ့တာပဲ အမေတင်ရယ်၊ ဒီလိုတွေဖြစ်နေမယ်မှန်းမသိဘဲ ကိုယ့်ခံစားချက်ကိုပဲ ဦးစားပေးမိတယ်''

''ကံတရားပေါ့ သမီးရယ်၊ အတိတ်ကအကြောင်းတွေပါလာရင် ဘယ်သူရှောင်လွှဲလို့ရမှာလဲ''

''ပေဖူးကို အပြစ်မတင်ဘူးလားအမေတင်၊ ငါတို့က အနစ်နာခံပြီး ဆပ်ခဲ့သလောက် ကျေးဇူးတရားကိုနားမလည်ဘူးလားလို့ ပေါက်ကွဲပြီး ပေဖူးကို ရိုက်ဆုံးမစမ်းပါ၊ မောင့်ကိုချစ်တဲ့စိတ်နဲ့ ပေဖူးမှားခဲ့သမျှ အမေတင်တို့ခံစရာမလိုဘူး။ ဒီအပြစ်တွေပေဖူးခံရမှာ၊ ပေဖူးကိုအပြစ်တင်ပါ။ အပြစ်ပေးပါအမေတင်''

''အမေတင် အပြစ်ပေးစရာလိုလို့လားသမီးရယ်၊ သမီးလည်း အဲလို လုပ်မိလို့ အခု ပူလောင်နေရတယ်မဟုတ်လား၊ ငါ့ကြောင့်ဆိုပြီး သမီးခံစားနေရတယ်မဟုတ်လားသမီး၊ ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ်ပြုသလိုတော့ အနည်းနဲ့အများ ပြန်ခံကြရတာချည်းပါပဲ''

တရားနည်းလမ်းတကျပြောနေသော အမေတင့်စကားတွေကို သူမ ခေါင်းညိတ်ထောက်ခံမိသည်။ မှားမှမမှားတာ။

''ဟုတ်ပါတယ်အမေတင်၊ အခုပေဖူး ဆုပ်လည်းဆူး၊ စားလည်းရူး ဖြစ်နေရပါပြီ၊ အမေတို့စေတနာ မေတ္တာတွေကို တလွဲထင်ပြီး ပေဖေ့ကို





အားကိုးမိလိုက်တဲ့အတွက် မေတ္တာတွေနဲ့ပြန်ချုပ်နှောင်ခံနေရပြီ အမေတင်''

''ဒီမိသားစုနဲ့ မပတ်သက်စေချင်တာမဟုတ်လားသမီး၊ ဒါ မိဘမေတ္တာလေ၊ အမေတင်တို့လို လူတန်းစားနဲ့ ခွေမျိုးမတော်ချင်တာ ကိုယ့်သမီးလေးဘဝနစ်မွန်းသွားမှာစိုးရိမ်တာ သမီးအဖေမမှားပါဘူး၊ အမေတင်ဆောင်မှ ကိုယ့်သားသမီးလေးတွေကို ကောင်းစားစေချင်သေးတာကွယ်၊ သမီးအဖေမမှားပါဘူး၊ သူမှန်တယ်၊ သူ့မေတ္တာမှန်တယ်''

''အမေတင်''

ရင်နာစွာပေါက်ကွဲနေသလားထင်ရသော်လည်း စေတနာနှင့် နာခံနိုင်းနေတာဟု နားလည်လိုက်သည်။ ဒါကြောင့်မို့ ရင်တွေကပိုနာလာကာ

''အမေတင်တို့ရဲ့ နားလည်မှုတွေနဲ့ မထိုက်တန်ပါဘူးအမေတင်၊ အမေတင်တို့ကို ဘာမှလုပ်မပေးရဘဲနဲ့ ဒီအပြစ်ကြွေးတွေကျေမယ်လို့ ထင်ဘူး၊ အခု ဝတ်မှုန်ကိုသေချာစမ်းသပ်ပြီးရင် ဆေးရုံတင်မယ်၊ ဒီမှာရရင် နိုင်ငံခြားထိပေဖူးအကုန်အကျခံဆေးကုပေးမယ်၊ အမေတင့်ရောဂါကိုလည်း ပြန်ကောင်းအောင်ကုပေးမယ်နော် အမေတင်''

''သမီးအဖေက မပတ်သက်စေချင်တာကို အမေတင်တို့နဲ့ ကင်းအောင်ပဲနေပါသမီး၊ အမေတင်တို့ကို ဘာမှလုပ်မပေးပါနဲ့၊ အမေတင်တို့ ဘာမှ မမျှော်လင့်တော့ပါဘူးကွယ်''

''အဲ . . . အဲလိုမပြောပါနဲ့အမေတင်ရယ်၊ အဲဒီစကားက ပေဖူးကို အပြစ်တင်တာထက်ဆိုးတဲ့ ဒဏ်ခတ်ခံရတာလို့ထင်ပါတယ်။ ဝတ်မှုန်ညီမလေး မမပေဖူးလေ သိတယ်မဟုတ်လား၊ မျက်လုံးဖွင့်ကြည့်ပါဦး ညီမလေးရယ် ညီမလေး''

လက်ကလေးစမ်း၊ နဖူးလေးစမ်း၍ခေါ်လိုက်ချိန်မှာ ဝတ်မှုန် လွန့်လွန့်လေးလှုပ်၍ မျက်လုံးလေးဖွင့်ကြည့်လာသည်။

''မမပေဖူး''

''အင်း . . . ညီမလေး၊ မမပေဖူးပါ၊ ညီမလေးသက်သာရဲ့လား ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရောဂါတွေပျောက်စေရမယ်၊ မမအားလုံးကုပေးမယ်သိလား ညီမလေး"

"ကျေးဇူးတင်ပါတယ်မမရယ်"

"ဝတ်မှုန်ရယ်"

မျက်ရည်တွေလိမ့်ဆင်းကျလာသော ဝတ်မှုန်လက်ကလေးကို ကြင်နာစွာထွေးဆုပ်ထားမိရင်း သူမလည်း မျက်ရည်မဆယ်နိုင်။

"မမပေဖူး"

"ဟင် ညီမလေး"

"ဝတ်...ဝတ်မှုန်တို့လေ မမပေဖူးဆီက ဘာမှမမျှော်လင့်တော့ပါဘူးနော်၊ ကိုကိုကလေ မမပေဖူးကိုအရမ်းချစ်တာ၊ ဝတ်မှုန်တို့ဆီကို ဘာမှမပါဘဲ အရင်လိုပြန်လာနေပါလားဟင်"

"အင်း...နေ နေမှာပေါ့ညီမလေးရယ်၊ ဟိုလေ အခုတော့ မမပြန်ရဦးမှာ၊ ညီမလေးတို့ လုံလုံလောက်လောက်သုံးနိုင်ဖို့ မမငွေပေးခဲ့မယ်၊ ဘာမှအားမငယ်နဲ့နော်ညီမလေး"

"ဝတ်မှုန်တို့ကို ပစ်မထားပါနဲ့နော်၊ ကိုကိုအရမ်းပင်ပန်းနေပြီ အမေလည်းပင်ပန်းနေပြီ၊ တူမလေးလည်း အရမ်းကိုချို့တဲ့ရှာပါတယ်"

"ဝတ်မှုန်ရယ် ညီမလေးရယ်"

မမြင်ရက် မကြားရက်စွာနှင့် အမေတင်ကို လက်တို့ခေါ်၍ ဝတ်မှုန်အနားကနေထွက်လာခဲ့ရပါသည်၊ နောက်ဆုံးအခြေအနေတွေနှင့် နီးကပ်နေပြီဆိုတာ သူမခန့်မှန်းလို့ရနေပါသည်။

အမေတင်က အိမ်ရှေ့အရောက်မှာ စိုးရိမ်နေသောမျက်နှာနှင့်

"ဝတ်...ဝတ်မှုန်အခြေအနေက ဆေးကုလို့ရသေးတယ်မဟုတ်လားဟင် သမီး၊ အရမ်းနောက်မကျသေးပါဘူးနော်"

"အမေတင်ရယ်"

သူမပြောမထွက်တော့ အမေတင်က နားလည်သဘောပေါက်စွာ





ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အေးလေ...ဒီဘဝကိုစွန့်ခွာသွားတော့လည်း လူ့အထင်သေးခံ ဘဝက မြန်မြန်ဝဋ်ကျွတ်တာပေါ့ကွယ်၊ အခု လူတောမတိုးတဲ့ပုံစံကိုကြည့်နေရတာက ပိုပြီးရင်နာရသေးတယ်၊ ကောင်းပါတယ်၊ သမီးကောင်းကောင်းသွားပါစေ၊ ဒီလိုချို့တဲ့တဲ့ဘဝကနေ သူကလွတ်မြောက်ချင်နေတာပဲ ဒီဘဝအတွက်က ဖြစ်မှမဖြစ်နိုင်တော့တာ၊ နောင်ဘဝအတွက်ပဲ ဆုတောင်းပေးရုံပေါ့"

"အမေတင်ရယ် ဒီ...ဒီမှာ ငွေသိန်းနှစ်ဆယ်ပါအမေတင်၊ ပေဖူး နောက်ထပ်မလာဖြစ်မှာစိုးလို့ပါ၊ လိုအပ်သလိုသုံးပါနော်၊ ဝတ်မှုန်အတွက်ပြည့်စုံအောင်လုပ်ပေးလိုက်ပါ၊ နောက်ထပ်လည်း ပေဖူးလာပေးဦးမယ်"

"ငွေ...ငွေတွေက များလိုက်တာ"

ဆလင်းဘက်အိတ်ထဲမှာ အဆင်သင့် ကြွပ်ကြွပ်အိတ်နှင့် ထည့်လာသောငွေကို ထုတ်ယူ၍ လက်ထဲထည့်ပေးလိုက်တော့ ဒေါ်မေတင် မျက်ရည်တွေဝဲလျက် လက်တွေတဆတ်ဆတ်တုန်ကာ ပေဖူးလွှာကိုကြည့်ကာ ငိုကြွေတကြီးဖြစ်နေသည်။ ပေဖူးလွှာ ဒေါ်မေတင်လက်ကိုအားပေးသလို ဆုပ်ညှစ်လိုက်ပြီး

"အမေတင်တို့ ချမ်းသာအောင်အထိ မထောက်ပံ့နိုင်ပေမယ့် ပြည့်စုံအောင်တော့ ပေဖူးတာဝန်ယူပါမယ်အမေတင်၊ ဒီငွေကို အမေတင်တို့ လက်ခံမှ ပေဖူးကိုယ့်ကိုယ်ကို ဖြေသာနိုင်မှာပါ၊ မကြာမကြာလာနိုင်အောင် လည်း ပေဖူးကြိုးစားပါ့မယ်"

"အေး...ကောင်း...ကောင်းပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေတင်ကိုနှုတ်ဆက်ပြီး ကားရပ်ထားရာဆီ ပေဖူးလွှာထွက်လာခဲ့သည်။ တာဝန်ကျေအောင် လုပ်နိုင်သည့်အတွက် စိတ်ဖြေသာရာရ သော်လည်း သမီးလေးကို တွေ့ခွင့်မရသေးသည့်အတွက်တော့ အပြန်လမ်းက ဟာလာဟင်းလင်းလစ်လပ်လျက်ပါ။

မောင်...မောင်ရော လွတ်မြောက်ပြီလား။



## အခန်း (၃၂)

"နေဦး ပေဖူးလွှာ"

"ဟင်"

အိမ်ဝင်းထဲကထွက်လာပြီး ကားနားကိုအရောက်မှာပင် ဘယ်နားက ...လာမှန်းမသိသော သတိုးမှော်ရဲ့ ဟန့်တားသံကြောင့် ကားတံခါး ...ဖို့လုပ်နေဆဲ လက်များပင် ဆတ်ကနဲတုန်သွားရသည်။

...ပြီးတော့ ခဏနေဦးဆိုပြီး သူမအနားရောက်လာတာမဟုတ်ဘဲ အိမ် ...ဝင်သွားတာမို့ သူမအံ့သြနေမိ၏။ ချက်ချင်းဆိုသလိုပင် သတိုးမှော် ...အလွှားပြန်ထွက်လာကာ အမေတင်ကိုပေးထားခဲ့သော ငွေတွေ ...ထားသည့် ကြွပ်ကြွပ်အိတ်က သူမလက်ထဲဆောင့်ကနဲ ပြန်ရောက် ...

"ရော့...မင်းငွေ ပြန်ယူသွား"

"မောင်"

"မခေါ်နဲ့၊ ဒီအချိန်မှာ ငါအရွံဆုံးအကြောက်ဆုံးက အဲဒီအသံပဲ၊ ...ဆောက်ပံ့ခဲ့တဲ့ငွေတွေကို လာအကျွေးဆပ်တာလားပေဖူးလွှာ၊ ဒါမှ ...် မင်းကိုမျှော်လင့်နေမှာစိုးလို့ ငါတို့ကနက်ကျထားတဲ့ငွေတွေ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ပေးတာလား''

''ဘာလို့ ထင်ရာမြင်ရာတွေ စွပ်စွဲနေတာလဲမောင်၊ အဲ…သတိုး… ဝတ်မှုန်ဒီလိုဖြစ်တာ ကျွန်မကြောင့်လို့ ကိုယ့်ကိုယ်ကိုအပြစ်တင်ပြီး တာ… ကျေချင်တာပါ''

''တာဝန်ကျေချင်တာ၊ ဟား…ရယ်စရာတော့ ကောင်းသာ… ပေဖူးလွှာ မင်းမှာအဲဒီစိတ်ကလေးဝင်လာတာ ကျေးဇူးတောင်တင်ရ… မလိုပါလား၊ ဒါပေမဲ့ မင်းရဲ့အဲဒီအသိတရားတွေက အရမ်းကိုနောက်… သွားပါပြီ၊ မင်းရဲ့အဲဒီငွေဖေတွေက ငါ့ညီမလေးရဲ့ဘဝကိုပြန်ရှင်သန်အော… လုပ်ပေးနိုင်သလား၊ အဲဒီငွေတွေနဲ့ ညီမလေးရဲ့ရော…ပျောက်အော… ကုပေးနိုင်သလား''

''သူ မသေခင်အခိုက်အတံ့တော့ ပြည့်စုံမှုလေးကို သူခံစားသွား… သေးတာပေါ့၊ အဲလိုလုပ်ပေးလိုက်ရမှ ကျွန်မနောင်တမရမှာ၊ ဝတ် ဝတ်… အတွက် ကျွန်မလုပ်ပေးနိုင်တာအဲဒါပဲရှိတော့တယ်''

ပေဖူးလွှာစကားကြောင့် သတိုးမော်လက်သီးကိုဆုပ် အံကြိတ်မိ…

''မင်းနောင်တမရအောင် ဒီကိုရောက်လာတာလား၊ အရင်အချိန်… သံယောဇဉ်တွေမဟုတ်ဘူးဆိုတာ ငါနားလည်ပါတယ်၊ ငါ…ငါကိုချင်း… ဘာမှမဆိုင်တော့ပဲ''

''သတိုးမော်''

''ငါဒီလိုမျိုးအချုပ်ခန်းထဲကထွက်လာနိုင်ဖို့ ညီမလေးအသက်ထွက်… တာမီအောင်ထောင်မကျဖို့အတွက် ကျောင်းလက်မှတ်နဲ့ လဲလှယ်ခဲ့ရတယ်… ဟား…မင်းတို့လူချမ်းသာတွေရဲ့ဉာဏ်ရည်ကတော့ ကွန်ပျူတာဦးနှော… ပဲ၊ မင်း အရမ်းကိုတော်ပါတယ်ပေဖူးလွှာ၊ အခု ဒီငွေတွေက ကျောင်း… စာချုပ်အတွက်လျော်ကြေးလို့ ငါအောက်မေ့ပါတယ်၊ ဒါပေမဲ့ ပြန်ယူသွား… ပါ။ မင်းပညာသင်ဖို့ ဘဝတစ်ခုလုံးစတေးလိုက်ရတဲ့ ညီမလေးရဲ့နော…





…အချိန်တွေကို သက်တောင့်သက်သာသွားနိုင်အောင် ငါတို့ဘာသာ …ချမ်းသာအောင်ထားလိုက်ပါ့မယ်၊ ကျောင်းစာချုပ်အတွက် လျော်ကြေး …လို့ ညီမလေးသိသွားရင် အသေမဖြောင့်မှာစိုးလို့''

''ဟင့်အင်း မဟုတ်ပါဘူး၊ အဲလိုမဟုတ်ပါဘူး သတိုးမော်၊ …မှုန်အတွက် ကျွန်မစေတနာနဲ့''

''တော်…တော်တော့ ဘာမှမပြောနဲ့၊ မင်းအသံမကြားချင်ဘူး၊ …ဒီ ကိုလည်း မင်းဘယ်တော့မှမလာနဲ့၊ မင်းနောင်တမရဖို့အတွက် …ောက် …ပုံတွေလာပေးနေရင်လည်း ကျေးဇူးတင်မှာမဟုတ်ဘူး။ …ညာသင် နိုင်အောင်ဖြည့်ဆည်းပေးတဲ့ငွေကြေးတွေပြန်ပေးတယ်၊ …ောင်းစာချုပ် အတွက်လျော်ကြေးတွေပေးတယ်လို့ပဲ အောက်မေ့မှာ …သိလား။ မင်းနားလည်လား ငါတို့လိုအတန်းအစားက လူတွေက …တော့ ချမ်းသာပါသေးတယ် ပေဖူးလွှာ၊ မင်းသွားပါ သွားပါတော့''

''မောင်ရယ်''

…ပေဖူးလွှာ အသံထွက်ပင်မည်းည်းညူနိုင်ပါ။ မောင်ဒီလို လွတ်မြောက် …အတွက် ဖေဖေနှင့်အပေးအယူလုပ်ပြီး ဖေဖေ့ဆန္ဒကိုလိုက်လျော …ရတာပါလို့လည်း ပြောမထွက်ပါ။

…ုင်ထဲမှာ သွေးစိမ်းရှင်ရှင်ထွက်နေပါပြီလို့လည်း ဝေဒနာကို ဖွင့်လှစ် …ပါ။ မောင် ဒီထက်ပိုပြီးပေါက်ကွဲပါလို့ပဲ တိုက်တွန်းရတော့မလား။

''ဟဲ့…ဟဲ့ သတိုးမော်တို့ ဘာလို့အော်ဟစ်နေကြတာလဲ၊ ဟိုမှာ …န်အမောဖောက်နေပြီ''

အားမိုး ပြေးထွက်လာပြီးအော်တော့ သတိုးမော် ပြူးပျာကာ စိုးရိမ် …ဖြစ်သွားကြသည်။ အချုပ်ခန်းထဲရှိနေစဉ်မှာ ပေဖူးလွှာအဖေ



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြင့်လှိုင်လာတွေ့တော့ အံ့အားသင့်နေခဲ့ပြီး အပေးအယူစကားတွေ ပြောတော့ မျက်ရည်ကျလောက်အောင်ခံစားလိုက်ရ၏။ ဒါပေမဲ့ ညီမလေး နောက်ဆုံးအချိန်တွေမှာ အတူရှိနေချင်သည့်အတွက် တွေဝေနေချိန်မ ဘဲ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးခဲ့ရသည်။ တစ်သက်ဝေးပြီးပဲ မျှော်လင့်ချက်မဲ့စွာ အိမ်ပြန်လာခဲ့ချိန်မှာတော့ ပေဖူးလွှာကားလေး သူ့ အိမ်ရှေ့မှာ ရပ်ထားတာတွေ့လိုက်ရသည်။

အိမ်ထဲတန်းဝင်သွားပြီးပေါက်ကွဲမိလျှင် ညီမလေးသိကြီး စိတ်ထိခိုက် သွားမှာစိုး၍ အမေ့ကိုပေဖူးလွှာငွေတွေပေးနေတာတွေ့ပေမယ့် ရင်ထဲ သိပ်ပြီး အခြေအနေစောင့်ကြည့်နေရတာပါ။ အခုတော့ သူ့ရဲ့ပေါက်ကွဲ မှုတွေကို ညီမလေးကြားများကြားသွားလေသလား။

''အေးမိုး ဆရာဝန်သွားခေါ်''

''မရတော့ဘူးထင်တယ်၊ အရင်သွားကြည့်ပါဦး။ အိမ်ကိုပေဖူးလွှာ လာလိုက်တော့ နင်တို့အတွက် စိတ်ချသွားတာထင်တယ်၊ မျက်နှာလေး ကိုပြုံးနေတာ၊ ခုနကမှ နင်တို့ပြောနေသံတွေကြားသွားလားမသိပါဘူး''

''အာ···ညီမလေးရာ၊ မင်းနေခဲ့၊ မလိုက်နာနဲ့ လုံးဝနေ၊ မင်း ပြန်တော့''

ပေဖူးလွှာကို ကြိမ်းမောင်းပြစ်တင်ခဲ့ပြီး သတိုးမော်အိမ်ထဲပြေးဝင် သွားသည်။ အေးမိုးလည်း အပြေးလိုက်ဝင်သွား၏။

သူမမှာတော့ မျက်ရည်တွေကြောင့် အမြင်အာရုံတွေ ဝေဝါးလျက် နေရာမှခြေစုံရပ်နေရမြဲပါ။ ဒီမိသားစုအတွက် သူမဘာမှလုပ်ပေးခွင့် မ တော့ဘူးလား။ လူသိအောင်ငိုကြွေးခွင့်မရှိတော့ဘူးလား။

သူတို့ကြောင့် သင်ခွင့်ရခဲ့သောပညာတွေနှင့် သူတို့ရဲ့ရောဂါဝေဒနာ





တွေကို ကုသပေးခွင့်မရတော့ဘူးလား။

ဘယ်လိုကြမ္မာဆိုးလဲမောင်ရယ်၊ ပြန်ပေးဆပ်ခွင့် မရဘဲ နောင်တတွေ နဲ့ တစ်သက်လုံးခံစားနေရတော့မှာလား။ ကြေကွဲနာကျင်ခံစားနေရတော့ မှာလား။

မောင်တို့မျှော်လင့်ချက်တွေ မပေးချင်ခဲ့တဲ့အတွက် ပေဖူးလည်း ဘာမှ မရတော့ပါဘူးမောင်။ မောင့်ရဲ့အချစ်၊ သမီးလေးရဲ့မေတ္တာ၊ ဒီမိသားစုရဲ့ နွေးထွေးမှု။ ဘာဆို ဘာတစ်ခုမှ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ငှက်ကြွေးသံတွေ၊ အော်ဟစ်ငိုယိုသံတွေ။

ပူဆွေးလောင်မြိုက်ညည်းညူသံတွေ။

နားထဲမှာ ဆူညံပွက်လောရိုက်ခတ်နေသလို အမြင်အာရုံထဲမှာလည်း ဝေဝါးရှုပ်ယှက်ခတ်လို့နေသည်။

ထိုမြင်ကွင်း၊ ထိုအသံတွေကို မမြင်ရက်မကြားရက်စွာ သူမသည်… စွာ ရှိုက်ငိုပစ်လိုက်၏။

''သမီး''

ဖေဖေ့လက်နှင့်ထိတွေ့ပြီးခါမှ မျက်လုံးကိုအားယူပြီး ဖွင့်လိုက်… သည်။ ဆိုဖာခုံပေါ်မှာပင် သူမမှေးခနဲ အိပ်ပျော်သွားသည်ပဲ။

ဖေဖေက သူမအနားဝင်ထိုင်ကာ

''ဆေးရုံကနေထွက်သွားပြီး ဆေးရုံကိုလည်းပြန်မလာဘူး၊ ဘာဖြစ်… လဲဆိုပြီး ဖေဖေဖုန်းဆက်တာလည်း ဖုန်းပိတ်ထားတယ်။ အခု လ… ထောက်ဆရာဝန်ကြီးနဲ့ ဆေးရုံကိုအပ်ထားခဲ့ရတယ်၊ ဘာဖြစ်နေတာလဲသမီး… ငိုထားတာလည်း မျက်နှာတစ်ခုလုံးဖူးယောင်နေတာပဲ။ သတိုးမှော်… ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းလိုက်ရလို့ သမီးအရမ်းခံစားနေ…





…သား ခဏလေးပဲ တောင့်ခံပါသမီးရယ်၊ အချိန်ခဏလောက်ကြာသွား… အရာအားလုံးက မေ့မေ့ပျောက်ပျောက်ဖြစ်ပြီးနေသားကျသွားမှာပါ''

''ဝတ်…ဝတ်မှုန်ဆုံးပြီဖေဖေ၊သတိုးမှော်ညီမလေး ဆုံးသွားပြီ''

''ဟင်''

ဒီအကြောင်း ဘယ်လိုသိတာလဲလို့ မေးစရာမလို၊ အဲဒီအိမ်ကို သမီး …ရောက်ခဲ့ပြီးလို့ဖြစ်ပေလိမ့်မည်။

''သတိုးမှော်ရော အသက်မီရဲ့လား''

''မီရုံလေးပါပဲ၊ သူ့ညီမလေးရဲ့နောက်ဆုံးအချိန်ကိုတွေ့သွားလိုက်ရ…သေးတယ်ဖေဖေ''

''တော်သေးတာပေါ့၊ ဒီကောင်တွေဝေအချိန်ဆွဲပြီး ကွာရှင်းစာချုပ်ကို… သမီးကိုတွယ်ကပ်နေချင်စိတ်နဲ့လက်မှတ်မထိုးဘူးဆိုရင် သူ့ညီမ… သက်ထွက်တာကိုတောင် တွေ့လိုက်ရမှာမဟုတ်ဘူး၊ ဒီကောင်ဆုံးဖြတ်…ချက်မှန်သွားတယ်၊ ကံကောင်းသွားတယ်''

ဘာမှမဖြစ်သလို ပြောပြနေသောဖေဖေ့ကို သူမအနည်းငယ်အတိုက်…အခံလုပ်ချင်လာသည်။ ဒါကြောင့်မို့ မျက်နှာလေးသုန်မှုန်သွားကာ

''လူတစ်ယောက်သေသွားတာ၊ သူ့မိသားစုနာကျင်ကြေကွဲဝမ်းနည်းရောက်… ဖေဖေ့နည်းနည်းမှစိတ်မကောင်းမဖြစ်မိဘူးလား''

''ကိုယ့်သွေးသားမှမဟုတ်ဘဲသမီး၊ စိတ်မကောင်းတော့ဖြစ်ပါတယ်၊ …သိနိုက်လောက်အောင်တော့ မခံစားရပါဘူး၊ သမီးလည်းအဲလိုပဲ…ရမှာ''

''သူတို့က သမီးလေးဖူးသစ္စာရဲ့၊ ဖေဖေ့မြေးမလေးရဲ့ အဖေနဲ့…အဒေါ်တွေပါဖေဖေ၊ မခေါ်ချင်လို့ရပေမယ့် မတော်ချင်လို့မရတဲ့ ဆွေမျိုး…တွေပါ''

''ကွာရှင်းလက်မှတ်ထိုးပြီးတာတောင် သမီးကစိတ်မကုန်သေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ သမီးရင်ထဲကဆန္ဒမဟုတ်ပါဘူးဖေဖေ၊ သူ့ကိုမုန်းတဲ့စိတ်
ကြောင့် လက်မှတ်ထိုးလိုက်တာမဟုတ်ပါဘူး၊ ကွာရှင်းလိုက်တာမ
ပါဘူး၊ စေတနာပါ၊ သူ့ညီမလေးရဲ့နောက်ဆုံးအချိန်တွေမှာ၊ ပြီး
အားကိုးရာမဲ့နေတဲ့သူ့မိသားစုအတွက် သူရှိမှဖြစ်မှာမို့ သမီးဒီလို
လိုက်ရတာ၊ ဖေဖေ့ရဲ့အပေးအယူအကျပ်ကိုင်မှုတွေကြောင့်လေ''

''သမီး''

''သူတို့မိသားစုက အရမ်းကိုစိတ်ထားဖြူစင်ကြပါတယ်ဖေဖေ၊
အပေါ်လည်း အရမ်းကောင်းကြပါတယ်၊ ပစ္စည်းဥစ္စာနေချို့တဲ့ပေမ
စေတနာပြည့်ဝကြပါတယ်။ ဆင်းရဲတွင်းကလွတ်မြောက်ချင်တဲ့ မျှော်
ချက်ရှိတာမှန်ပေမယ့် သမီးကိုသူတို့ဘဝထဲ နစ်မွန်းမှာစိုးလို့ ဖြည်
ခဲ့ကြတာလည်း မေတ္တာအမှန်ပါပဲ''

ပေဖူးလွှာပြောတာတွေကို ဦးအောင်မြင့်လှိုင် နားလည်မပေးနိုင်
ခေါင်းယမ်းသည်။ ကိုယ့်အသွေးအသားထက် ဘယ်သူ့ကိုမှစာနာမပေး
ပါ။

''သမီးပြောတာတွေက အမှန်တွေဆိုလည်း ဖေဖေကတော့ သ
အတွက်ပဲတွေးပေးနိုင်မယ်သမီး၊ ဘယ်သူမဆို ကိုယ့်သွေးသားအ
အတ္တကြီးကြတဲ့သူတွေချည်းပဲ၊ အခုမြေးလေးကိုခေါ်ဖို့ တစ်ခုပဲရှိတော့
အသာတကြည်မပေးရင် တရားရုံးကဆင့်ခေါ်ပြီးတောင်းရုံပဲ''

''ဖေဖေ အဲ . . . အဲလိုမလုပ်ပါနဲ့ဦး၊ သူတို့မှာနာရေးကိစ္စ
စိတ်ပင်ပန်းနေကြတာပါဖေဖေ၊ သမီးတောင်မှ ကိုယ့်သမီးလေးကို
ပွေ့ယူယပြီးအတူနေချင်လှပြီဆိုပေမယ့် သူတို့အတွက် စဉ်းစားပေး
တယ်ထင်လို့ တွေ့တောင်မတွေ့ခဲ့ရပါဘူးဖေဖေ''

''အေး . . . အဲလိုလုပ်နေလို့ မြေးလေးကို သူတို့ရောဂါတွေကူးစက်
ဘယ်လိုလုပ်မှာလဲသမီး၊ ပြီးတော့ အဲဒီအိမ်ကိုနောက်တစ်ခါ မသွ





ဖေဖေပြောထားပြီးသားနော်၊ လုံးဝမပတ်သက်ဖို့''

''သတိုးမော်ကလည်း မလာခိုင်းပါဘူးဖေဖေ''

''ဘာ''

''သမီးကိုခွေးမောင်းသလို မောင်းထုတ်လိုက်တာ''

''တောက်''

သမီး ဒီလိုဆက်ဆံခံရသည်ဆိုတော့ ဦးအောင်မြင့်လှိုင် အံကြိတ်
တက်ခေါက်မိကာ

''ဒီလိုကောင်စားမျိုးက သမီးကိုဒီလိုဆက်ဆံစရာလား၊ သမီးကရော
ဘာကြောင့်သွားတာလဲ၊ ဘာလို့သွားပတ်သက်တာလဲ''

''သမီးမှာ တာဝန်ရှိလို့ပါ၊ သမီးကို နိုင်ငံခြားပညာသွားသင်ဖို့အတွက်
သူတို့ပိုင်ဆိုင်တဲ့ ဆယ်ပေအိမ်လေးကို ရောင်းရတယ်၊ ရုံးကြွေးသမကြွေး
တွေပေးစရာအများကြီးပဲ၊ ဝတ်မှုန်ဆိုရင် ခန္ဓာကိုယ်ကိုရင်းပြီး ငွေရှာပေးခဲ့
တာဖေဖေ၊ အဲဒီအတွက် သူ့ကိုပြန်ပြီးကြည့်ရှုစောင့်ရှောက်သင့်တယ်ထင်
လို့''

''ပေးခဲ့တယ်မဟုတ်လား၊ သူတို့ထောက်ပံ့ပေးခဲ့တဲ့ငွေအမောင့်ထက်
အဆတစ်ရာမကပြန်ပြီးပေးလိုက်သမီး၊ အိမ်ပြန်ဝယ်ရမှာဆိုလည်း အိမ်
ကောင်းကောင်းတစ်လုံးဘယ်လောက်တန်ဖြစ်ဖြစ် ဝယ်ပေးလိုက်''

''သတိုးမော်က အခုသွားပေးတဲ့ငွေကိုတောင် မယူလိုက်ဘူးဖေဖေ''

''ဟင်''

ဦးအောင်မြင့်လှိုင် အံ့ဩသွားကာ မျက်ခုံးနှစ်ဖက်ပင့်တက်သွား၏၊
ဒီအချိန်မှာ ဒီကောင်ဒီလောက်တောင်ငွေလိုနေတာ။



www.burmeseclassic.com

www.burmeseclassic.com



''ဖေဖေလည်း ငွေပေးသေးတယ်၊ လျော်ကြေးနစ်နာကြေးအနေနဲ့ ချက်လက်မှတ်ရေးပေးမယ်၊ ဘယ်လောက်ယူမလဲမေးတော့ ဒီအကြောင်း ပြောရင်ကွာရှင်းစာချုပ်မှာ သက်မှတ်မထိုးပေးဘူးတဲ့ မာနတော့ တော်တော်ကြီးတဲ့ကောင်၊ ဆန်မရှိဘဲသောက်စားကြီးတယ်၊ ဝမရှိဘဲ ဝိလုပ်တယ်ဆိုတာ ဒီလိုကောင်မျိုးပေါ့၊ ဖေဖေတို့ပေးတဲ့ငွေက တစ်သက်လုံးဘာအလုပ်မှ မလုပ်ဘဲထိုင်စားလို့ရမှာကို ပခုံးနဲ့ရင်းပြီး ဂုဏ်သိက္ခာလုပ်ချင်တယ် ဘယ်သူကအထင်ကြီးမှာမို့လဲ''

''ဖေဖေက အကောင်းမြင်စိတ်မရှိလို့ သူ့အပေါ်နိမ့်ချအထင်သေးပေမယ့် သမီးကတော့ သူ့ကိုပိုပြီးလေးစားသွားမိပါပြီဖေဖေ၊ ငွေမက်လို့ ချမ်းသာချင်လို့ မဟုတ်ဘဲ သမီးကိုချစ်လို့ဆင်းရဲတဲ့ဘဝမှာ မထားချင်တာပါလားဆိုတာ ပိုပြီးနားလည်သွားပါပြီ၊ အဲ…အဲဒါကြောင့် ရင်တွေပိုနာရတယ်၊ နောင်တတွေရမိတယ်''.

''မပြောနဲ့တော့သမီး ဖေဖေမကြားချင်ဘူး၊ အားလုံးကပြီးနေပြီ သမီးခေါင်းထဲမှာရှိနေရမှာက မြေးလေးကိုဘယ်အချိန်ခေါ်မယ်ဆိုတာပဲ ဖေဖေအကြာကြီးတော့ မစောင့်ဘူးသမီး။ ဒီကောင့်ဘက်က ပြတ်သားမှုတွေလည်း သမီးသိနေပြီပဲ၊ ကိုယ့်ဘက်က ဘာမှအားနာစရာငဲ့ညှာစရာမလိုဘူး၊ စိတ်တွေယိမ်းယိုင်ပျော့ညံ့တော့မယ်ဆိုရင် သမီးဂုဏ်သိက္ခာ ဖေဖေ့ဂုဏ်သိက္ခာ အဲဒါတွေကိုအရင်တွေးပါ၊ မြေးလေးအနာဂတ်ကိုစဉ်းစားပါ၊ အဲဒါမှ မဟုတ်ရင်တော့ ဖေဖေ့အဆိုးမဆိုနဲ့''

ဖေဖေ့ရဲ့ပြတ်သားသောအမိန့်သံတွေအောက်မှာ သူမမျက်ရည်တွေနှင့်သာ တိတ်ဆိတ်နေလိုက်ရသည်။ လွတ်လပ်စွာတောင် မျက်ရည်ကျခွင့်ကြေကွဲခွင့်မရှိပါလားမောင်ရယ်၊ အဲဒါအချစ်ဒဏ်သင့်တာနေမှာပါ။ မောင့်ရဲ့အချစ်တွေ ဒဏ်သင့်ခံရတာ။





ဒီဘဝမှာပဲ မောင့်ရဲ့အချစ်တွေနဲ့ နီးနီးနေပါရစေလို့ ဆုတောင်းလိုက်ချင်တယ်မောင်ရေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

''ဆုတောင်းပြီးရင် ဝတ်မှုန်ကိုအမျှအတန်းဝေဦးမယ်၊ ဆွမ်းသွ ပြီးတဲ့နေ့က အမျှဝေပြီးပေမယ့် ဘုရားရောက်တဲ့အချိန်မှာ ကုသိုလ်ကော မှုလုပ်ပြီး အမျှဝေတော့ သာဓုခေါ်ခွင့်ရတာပေါ့၊ သူ့နေ့နံမှာ ရေသ သပ္ပာယ်ရအောင်''

သမီးလေးကို ပွေ့ချီထားလျက် အောက်ကိုချလိုက်ပြီး ငူငိုင်စွာ နေသောသူ့လက်မောင်းကို အေးမိုးက ဆွဲထူနေသည်။ ညီမလေးအတွ သူမဖြေနိုင်သေးပါ။

အစ်ကိုတစ်ယောက်ဖြစ်ပြီး ပြည့်စုံအောင်မထားနိုင်ဘဲ ဒုက္ခတွေ ခဲ့မိတာကို စိတ်မကောင်းနိုင်၊ သူသာ ပေဖူးလွှာလိုမိန်းမကို လက်မ ခဲ့လျှင် ညီမလေးဒီရောဂါဆိုးမျိုးနှင့် သေရမှာမဟုတ်ပေ။ သူ့ဝေဒနာ သိနေသော အေးမိုးက စိတ်ဖြေသာရာရအောင် ဘုရားကိုဖွတ်အတ ဆွဲခေါ်လာတာပါ။

''ဖေဖေကြီး''

''ဟင် သမီးလေး''

''ဟိုဘက်ကို လျှောက်သွားမယ်၊ ဟိုမှာဘုရားတွေအများကြီးပ''

တစ်ခါမှမရောက်ဖူးသောဘုရားကို အခုမှရောက်ဖူး၍ သမီးလေ





ပျော်လွန်းကာ လျှောက်သွားချင်နေသည်။ အေးမိုးက ကပျာကသီ မီးလေးလက်ကို လှမ်းဆွဲထားပြီး

''တစ်ယောက်တည်းမသွားရဘူးသမီး၊ မေမေမိုးတို့လိုက်ပို့မယ်နော်၊ ကြီးလက်ကို တွဲလိုက်လေသမီးလေး''

''ဟေး...ဖေကြီးရော မေမေမိုးရော ပျော်စရာကြီး''

သမီးလေးက သူနှင့်အေးမိုးလက်ကို တစ်ဖက်တစ်ချက်ဆွဲလျက် ခုန်ပေါက်နေသည်။ သမီးလေးကို ဘုရားလည်းလိုက်မပို့ဖူး၊ ကစားကွင်း တွေလည်း လိုက်မပို့ဖူးပါလား။

စားဝတ်နေရေးအတွက် ရုန်းကန်နေရတာနှင့် ဘဝမှာအပျော်ဆိုတာ ကို ဘာလဲလို့မေးရမလို။ သူက မိသားစုအပေါ်လည်း တာဝန်မကျေ၊ မီးလေးကိုလည်း ပြည့်စုံအောင်မထားနိုင်တာမို့ ဖခင်တာဝန်မကျေခဲ့ပေ။

''သတိုး''

''ဟင်''

''ဝတ်မှုန်အတွက် ရေသပ္ပာယ်ပြီး ဆုတောင်းလေဟယ်''

''အေးပါ''

''နင့်အမေ ကျန်းမာရေးကောင်းဖို့လည်း ဆုတောင်းခဲ့ဦး''

''အဲဒါကတော့ အမြဲဆုတောင်းနေကျပါ''

''နင်လည်း အလုပ်အကိုင်ကောင်းပြီး ငွေများများရှာနိုင်အောင် ဆုတောင်းဦးလေ။ သမီးလေးအတွက်လည်း ဖခင်ဝတ္တရားကျေပါရစေလို့''

''အေးမိုး''

တစ်နေရာထွက်သွားတော့မည့်လူလို နောက်ဆံတင်းစွာမှာနေသလို ဖြစ်နေတာမို့ ရေသပ္ပာယ်နေသော ရေချမ်းခွက်လေးကိုချ၍ အေးမိုးကို သည်ကြည့်လိုက်သည်။ အေးမိုးက သူ့ကိုပြောပြီး ရေသပ္ပာယ်၊ အမွှေးတိုင် ထွန်း၊ ဆီမီးပူဇော်၊ ပါးစပ်က တတွတ်တွတ်ရွတ်ရင်း မအားလပ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးနေတာလည်း အကြာကြီး။ သမီးလေးကိုလည်း လှည့်ကြည့်လှည့်ကြည့်ဖြင့် စိတ်မဖြောင့်သလိုပင်။

''မေမေမိုး''

ဘုရားရှိခိုးနေသော အေးမိုးကို သမီးလေးက နောက်ကျောဘက်က သိုင်းဖက်ပြီးခေါ်မှ အေးမိုးဘုရားရှိခိုးခြင်းအဆုံးသတ်သွားသည်။

''နင်ဘုရားရှိခိုးတာအကြာကြီးပါလား၊ ဘာတွေဆုတောင်းနေတာလဲ၊ ညီမလေး ကောင်းရာမွန်ရာရောက်ဖို့လား''

''အဲဒါလည်း ပါတာပေါ့၊ နင်တို့တစ်မိသားစုလုံးအတွက်ရောပဲ အဒေါ်တင်ကျန်းမာရေးကောင်းပါစေ၊ နင်အလုပ်အကိုင်အဆင်ပြေပြီး စိတ်ချမ်းသာပါစေ၊ သမီးလေးလည်း ပြည့်စုံချမ်းသာတဲ့ဘဝမျိုးနဲ့ နေနိုင်ပြီး ချို့တဲ့မှုကင်းပါစေလို့''

''နင့်အတွက်ရော''

''ငါက တစ်ကိုယ်ရေတကာယသမားလေ၊ ဘယ်နေရာမှာ ဘယ်လိုပဲနေရနေရ၊ ဘာပဲလုပ်ကိုင်စားရစားရ၊ အဆောင်ငှားနေပြီး အလုပ်တစ်ခုလုပ်လိုက်ရင် တစ်ဝမ်းတစ်ခါးတော့ပူစရာမလိုဘူး၊ ငါ့အတွက်တော့ လောဘကြီးပြီး ဆုမတောင်းလည်းရတယ်''

''ဟင်''

အေးမိုးပြောနေတာက ဒီကထွက်သွားတော့မယ့်ပုံစံမျိုးပါလား။

သူထိတ်လန့်စွာပင် အေးမိုးကိုမျက်လုံးပြူးကြည့်မိကာ

''အေးမိုး နင်ဘာတွေပြောနေတာလဲ၊ ငါတို့နဲ့မနေတော့ဘူးလား''

''ငါ ဟိုလွန်ခဲ့တဲ့သုံးနှစ်ကျော်ကတည်းက နင်တို့နဲ့မနေခဲ့ရင် နင်တို့မိသားစုတွေ ဒီလိုဖြစ်ကြမှာမဟုတ်ဘူး၊ ပေဖူးနဲ့ ဒီလိုကွဲချင်မှကွဲကြမှာလို့ပြောတာ''

''ဘာ...နင် နင် အေးမိုး''





''ငါဒီအကြောင်းတွေသိသွားလို့ နင်အံ့သြနေလား။ ပေဖူးအားလုံးပြောပြပါတယ်။ နင့်ကိုအရမ်းချစ်လို့ ငါနဲ့ပတ်သက်ပြီးသဝန်တိုတဲ့အကြောင်းပေါ့၊ အချစ်ကြီးလို့ အမျက်ကြီးမိတာပါတဲ့လေ။ ငါ့ကိုနှင်ထုတ်လိုက်ပြီးမှ နင်တို့လိမ်ညာတာကိုသိပြီးသွားတည်းက နင်တို့ပေးတဲ့ငွေတွေမယူတော့ဘဲ သူ့အဖေနဲ့အဆက်အသွယ်လုပ်သွားခဲ့တာ''

''ကျွတ်...ဒီမိန်းမ ဒီအကြောင်းတွေ နင့်ကိုဘာလို့ပြောပြနေလဲ၊ ငါနဲ့ သက်ဆိုင်မှုလည်းရှိတော့တာမဟုတ်တဲ့ဲ လူတွေရဲ့ရိုးသားမှုနဲ့ စေတနာမေတ္တာတွေကို သူစော်ကားနေတာ၊ သူ့စကားတွေကို ခံစားပြီးနင်စိတ်မကောင်းဖြစ်မနေနဲ့''

''ငါကတော့ သူ့ကိုကတိပေးလိုက်တယ်''

''ဟင်...ဘာ ဘာကတိလဲ''

သူစိုးရိမ်စွာစကားတွေထစ်ငေါ့ပြီးမေးတော့ အေးမိုးလျှော့ရဲ့စွာပြုံး၏။

''နင်နဲ့ ဝေးရာကိုထွက်သွားပါ့မယ်ဆိုတဲ့ကတိလေ''

''ဘာ''

''အဲဒီကတိကိုရမှ နင်လွတ်မြောက်အောင် သူ့အဖေကိုပြောပေးမယ်လို့ပြောတယ်။ အဲဒါကြောင့် အဲဒီကတိကို ငါပေးလိုက်ရတယ် သတိုးမော်၊ [illegible]ကယ်လည်း ငါကနင့်အနားမှာရှိမှမရှိနေသင့်တာပဲ''

''ဟာ...ပေဖူးလွှာကွာ''

သမီးလေးကို တွဲဆုပ်ထားသောလက်ကိုဖြုတ်၍ လက်ဝါးထဲကို လက်သီးဆုပ်ထိုးထည့်ကာ စိတ်ထွက်ပေါက်ဖြစ်စေလိုက်သည်။ သမီးလေးက သူ့လက်ထဲကလွတ်သည်နှင့် ခေါင်းလောင်းကြီးရှိရာပြေးထွက်သွားသည်။

အေးမိုးလည်း မှင်တက်စွာကြည့်နေလျက်နှင့်

''ဒေါသမဖြစ်ပါနဲ့သတိုး၊ ပေဖူးလွှာဘက်ကကြည့်မယ်ဆိုရင် နင့်ကိုချစ်တဲ့အတွက် ဘာကိုမှချင့်ချိန်စဉ်းစားဖို့သတိရမှာမဟုတ်ဘူးလေ၊ မိန်းမ [illegible]မှာ ဝန်တိုစိတ်ရှိတယ်။ သဘောထားမကြီးဘူး၊ အချစ်အတွက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ပြောတာပါ၊ ငါဆိုလည်း အဲလိုပဲလုပ်နေမှာ''

'နင် သူ့ဘက်ကစာနာပေးနေသေးလား''

''မိန်းမသားချင်းလေ၊ ကိုယ်ချင်းစာရမှာပေါ့၊ ငါကချစ်တဲ့သူမတွေ့သေးလို့ သဘောထားကြီးနိုင်နေတာ၊ ငါချစ်တဲ့သူဆိုရင်တော့ ပေဖူးလွှာထက်ပိုဆိုးမလားဘဲ''

''ထားပါတော့၊ အခုငါနဲ့သူနဲ့ကွာရှင်းပြီးသွားပြီ၊ သူနဲ့ဘာမှမဆိုင်တော့ဘူး၊ သူ့ကိုပေးထားတဲ့ကတိမတည်လည်းရတယ်၊ သမီးလေးနဲ့ အမေနားမှာ နင်မရှိလို့မဖြစ်ဘူးအေးမိုး''

''ငါ နားလည်ပါတယ်၊ ဒါပေမဲ့ သူ့ကိုပေးထားတဲ့ကတိမတည်လို့တော့မရဘူး၊ ငါတို့လိုဆင်းရဲသားတွေကို ကတိမတည် သစ္စာမရှိလို့ လူတန်းစေ့မနေနိုင်တာဆိုတဲ့ စွပ်စွဲမှုမျိုးမခံနိုင်ဘူး သတိုး၊ ပြီးတော့ ငါ့ရဲ့ရိုးသားမှု ငါ့ရဲ့စေတနာ ဒါတွေကို အရောင်စွန်းထင်းမခံနိုင်ဘူး၊ တို့တွေဆင်းရဲပါတယ်၊ မပြည့်စုံပါဘူး၊ ပညာလည်းပြည့်စုံအောင်မတတ်ပါဘူး၊ ဒါပေမဲ့ ကိုယ်ကျင့်တရားတွေမညစ်နွမ်းဘူး၊ စည်းတစ်ခုကိုကျော်ပြီး လူမှုရေးဖောက်ပြန်တဲ့သူတွေမဟုတ်ဘူးဆိုတာ သူသိစေချင်တယ်၊ အဲဒါကြောင့်ပါ''

အေးမိုးပြောတာကို လက်မခံနိုင်သလို သတိုးမော်ခေါင်းယမ်းလိုက်သည်။ အံတစ်ချက်ကြိတ်မိလျက်က

''အဲလိုလုပ်တော့ရော ဘယ်သူ့အထင်ကြီးမှာလဲအေးမိုး၊ စေတနာတွေကိုစော်ကားခံရတယ်၊ မာနတွေကို ရိုက်ချိုးခံရတယ်၊ ကိုယ်ကျင့်တရားတွေကို စွန်းထင်းပေကျံနေသလိုစွပ်စွဲခံရတယ်၊ တကယ်ဒုက္ခရောက်တော့ ဘယ်သူကဖေးမကူညီလို့လဲ၊ အားပေးလို့လဲ၊ စာနာသနားလို့လဲ၊ မြေနိမ့်ရာလှံစိုက်ပြီး ရေနစ်သူကိုဝါးကူထိုးဖို့ပဲတတ်ကြတယ်''

''နာကြည်းမှုတွေနဲ့ နင်ပေါက်ကွဲသင့်ပါတယ်၊ ဒါပေမဲ့ ငါကတော့ပေဖူးလွှာခံစားချက်တွကို စာနာတယ်၊ သူ့အဖေကို အားကိုးမိလိုက်တဲ့အတွက်





အဖေရဲ့ကြိုးဆွဲရာ ကနေရတဲ့ရုပ်သေးရုပ်ဘဝရောက်သွားလို့ပဲ''

''ဘာပဲဖြစ်ဖြစ် ဂုဏ်တင့်တယ်နေတာပဲလေ၊ တစ်ခုလပ်တစ်လင်ကွာဖြစ်ဖြစ်၊ သူများရဲ့စေတနာမေတ္တာကို အထင်မှားအမြင်မှားစော်ကားပဲဖြစ်ဖြစ်''

''သတိုးရယ် တော်ပါတော့၊ ရင်ထဲကမပါဘဲ အမုန်းမီးတွေတောက်ပါနဲ့''

ညည်းညူသလိုပိတ်ပင်တားဆီးမိရင်း အခုမှသမီးလေးကို အေးမိုးသွားသည်။

''ဟဲ့...သတိုး သတိုး သမီးလေးရော''

''ဟင် သမီးလေး...သမီး''

အရမ်းမရှုပ်သောဘုရားရင်ပြင်ပေါ်မှာ မျက်လုံးတွေဝေ့ဝဲ၍ ကိုးကန်းမှောက်ရှာဖွေမိကြသည်။ ဘယ်မှမရောက်ဖူးသောသမီးလေးကကိုတော့မသွားနိုင်ပါ။

သမီးလေး ဘယ်နားရောက်နေလဲ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

''သမီးလေး''

လှိုင်းထန်လာသောရင်အစုံဖြင့် တမ်းတမ်းတတမြည်တမ်းမိတော့

သတိုးနှင့်အေးမိုးလက်ကို တစ်ဖက်တစ်ချက်ဆွဲလျက် ခုန်ပေါက်ပြီး ပျော်ရွှင်နေသည်။ ဒီမြင်ကွင်းကို သတိုးမော်တို့ဘုရားပေါ်တက်လာကတည်းက သူမ မြင်လိုက်တာပါ။

တကယ့်မိသားစုသဖွယ် ကြည်နူးစရာမြင်ကွင်းလေးပါ။ ထိုဘဝမျိုး သူမ ပိုင်ဆိုင်ခွင့်မရှိတော့ပါလားလို့တွေးမိလျက် နာကျင်ကြေကွဲရသည်။ ဟိုတစ်ချိန်က မပြည့်စုံသော်လည်း မိသားစုနွေးထွေးမှုများကြောင့် သူမ ပျော်ရွှင်ခဲ့ရဖူးသည်။

ဒါပေမဲ့ ထိုအသိုက်အမြုံလေးကို သူမကိုယ်တိုင်ဖျက်ဆီးခဲ့မိတာ ဝန်တိုမှုတွေ၊ အတ္တမာနတွေဖြင့် မီးလောင်တိုက်သွင်း ပျက်စီးစေခဲ့တာ

''ဟင်''

သတိုးမော်နှင့်အေးမိုးတို့ ဘာစကားတွေအခြေအတင်ပြောနေကြသည် မသိပေမယ့် အေးမိုးရဲ့ဖေးမမှုများက ဧစေတနာသန့်သန့်ရှိုးသားမှုရှိနေသည် ဆိုတာ သူမခံစားလို့ရနေပါသည်။





သမီးလေးက သူမပုန်းကွယ်နေရာခေါင်းလောင်းကြီးဘက် ပြေးထွက်လာနေချိန်မှာတောင် သူတို့စကားပြောလို့ကောင်းနေကြဆဲပင်။

''သ. . .သမီးလေး သမီးလေး''

သူမတုန်ရီစွာခေါ်လိုက်ချိန်မှာ သမီးလေးက မျက်လုံးပျူးလေးနှင့် ကြည့်ပြီး ပြုံးပြ၏။ သူမ ဒူးထောက်ထိုင်ချလိုက်ကာ မြတ်နိုးမဝစွာ သမီးလေးကို ခြေဆုံးခေါင်းဆုံးကြည့်နေမိ၏။ အဖေတူသမီးပြောရမလား၊ အမေတူသမီးပြောရမလား။ ပါးလေးက ဖောင်းဖောင်းပြည့်ပြည့်၊ ဝင်းဝါသောအသားအရေလေးနှင့် နှုတ်ခမ်းဖူးဖူးလေးတို့က အရမ်းကိုချစ်စရာကောင်းလှသည်။ တစ်ခုဝမ်းနည်းစရာကောင်းသည်က ဘုရားကိုလာတာတောင် ပန်းနုရောင်ဂါဝန်လေးက ဝတ်တာကြာလို့နွမ်းဖတ်နေတာကြောင့်ပင်။

''အန်တီက ခေါင်းလောင်းထိုးမလို့လားဟင်''

''ဟင်. . .ဟုတ် ဟုတ်တယ်သမီးရဲ့၊ သမီးရောခေါင်းလောင်းထိုးချင်သလား''

''ဟုတ်. . .ဖူးဖူးခေါင်းလောင်းထိုးချင်တယ်''

''ဒါဆို မေမေ. . .အဲ အန်တီကိုင်ပေးမယ်နော်''

''ဟုတ်''

''ဒီလိုလေးကိုင်သမီး''

သမီးလေးလက်ကို ထိတွေ့လိုက်ရချိန်မှာ ခန္ဓာကိုယ်တစ်ခုလုံး စီးဆင်းသည်ဟတ်နေသမျှ သွေးတွေပူနွေးရှိန်းမြသွားသည်ဟု ခံစားရသည်။ ဒီသမီးလေးက မိမိနို့ကိုအပြည့်အဝမစို့ခဲ့ရှာဘဲ မိမိရင်ငွေ့နှင့်ကင်းကွာခဲ့သူလေးပါလား။

အေးမိုးရဲ့မေတ္တာများဖြင့်ကြီးပြင်းလာခဲ့ရှာတာ၊ မနာလိုခြင်းမဖြစ်တော့ပေမယ့် ရင်ထဲမှာနင့်နေအောင် ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီခေါင်းလောင်းထိုးမယ်လေ၊ ဘာလို့ငိုနေတာလဲ၊ တိတ်…
တိတ်၊ ဘုရားကိုလာရင် မျက်ရည်မကျရဘူးအန်တီရဲ့"

"ဪ…အင်း အင်းပါသမီးရဲ့၊ အန်တီမငိုတော့ဘူး"

သမီးလေးက လက်သေးသေးလေးနှင့်မျက်ရည်တွေသုတ်ပေးတော့ ရင်မှာကြည်နူးခြင်းနှင့် သမီးလေးကို တင်းတင်းကျပ်ကျပ်လေး ထွေးဖက်ထားလိုက်မိသည်။ သမီးလေးက အံ့သြနေဟန်ရှိသော်လည်း စိမ်းသက်မနေဘဲ ငြိမ်ငြိမ်သက်သက်လေးနေပေး၍ မေတ္တာရဲ့သဘောကို သူမပို၍နားလည်လာမိသည်။

"ပေဖူးလွှာ…မင်း မင်းဒါဘာလုပ်တာလဲ၊ သ…စမ်း၊ မေမေ ဆီကိုလာ"

သမီးကိုပတ်ရှာနေရင်းက ပေဖူးလွှာနှင့်သမီးကို ဒီပုံစံမျိုးတွေ့လိုက်၍ ပေဖူးရင်ခွင်ထဲကနေ သမီးလေးကိုဖွတ်အတင်းဆွဲထုတ်ပွေ့ချီကာ လူက တဆတ်ဆတ်တုန်ယင်လို့နေသည်။ အေးမိုးက အံ့အားသင့်နေကာ ပေဖူးလွှာကို တွဲထူ၍ရပ်စေလိုက်ပြီး

"ပေဖူးလွှာ ဘုရားပေါ်ရောက်နေတယ်"

"အင်း…ဝတ်မှုန်အတွက် ကုသိုလ်ကောင်းမှုလာလုပ်တာပါ"

"ဘာဆိုင်လို့လဲ၊ မင်းနဲ့ဘာဆိုင်လို့ ငါ့ညီမလေးအတွက် ကုသိုလ်ကောင်းမှုလာလုပ်တာလဲ၊ မလိုဘူး ပေဖူးလွှာ၊ မင်းဘာမှလုပ်ပေးစရာမလိုဘူး"

"ဟဲ့ သတိုး၊ အရမ်းကြီးမအော်ပါနဲ့၊ ကလေးလန့်သွားဦးမယ်၊ ဘုရားပေါ်မှာ တခြားလူတွေလည်းရှိတယ်၊ နည်းနည်းထိန်းစမ်းပါဟယ်"

"မထိန်းနိုင်ဘူး၊ သမီးကိုခေါ်ပြီး နင်ပြန်နှင့်တော့အေးမိုး"

"နေ…နေပါဦး သမီးလေးကို ခဏလောက်တွေ့ပါရစေဦး၊ စကားတွေပြောပါရစေဦး၊ သမီးလေးက ပေဖူးသမီးပါ"

"မင်း အသံကောင်းဟစ်တတ်နေတယ်ဟုတ်လား ပေဖူးလွှာ၊ မြန်မာ





ပြည်ကိုပြန်ရောက်တာ မင်းဘယ်လောက်ကြာနေပြီလဲ၊ မင်းတစ်ခေါက်လာတွေ့သလား၊ သံယောဇဉ်တွေ မေတ္တာတွေနဲ့ မင်းရှာဖွေခဲ့သလား၊ ကြုံကြိုက်ခါမှ ငါ့သမီးပါလို့အသံကောင်းဟစ်မနေနဲ့ မင်းက ဘယ်သူ့မေတ္တာနဲ့မှ မထိုက်တန်တဲ့မိန်းမ"

"သတိုးမှော်ရဲ့ ကြမ်းတမ်းစွာစွပ်စွဲမှုကြောင့် ပေဖူးလွှာဝမ်းနည်းစွာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ သမီးလေးလက်ကို လှမ်းကိုင်တော့ သတိုးမှော်က ပေဖူးလွှာလက်ကိုပုတ်ချပြီး

"အေးမိုး သမီးကိုခေါ်သွားတော့လို့ ငါပြောနေတယ်၊ သမီးက ငါ့ကိုနှုတ်ဆိုးကြီးလို့ ထင်သွားစေချင်လို့လား၊ သမီးကို စိတ်ဒဏ်ရာတွေမရစေချင်ဘူး"

"မအေးမိုး ခေါ်သွားလိုက်ပါတော့၊ ကျွန်မသူနဲ့စကားပြောဦးမယ်"

ပေဖူးလွှာရဲ့တိုက်တွန်းမှုပါမှ သမီးလေးကို လွှဲပြောင်းချီပွေ့၍ ခေါ်သွားသည်။ တကယ်ဆိုပေဖူးလွှာက သမီးလေးရဲ့မိခင်ရင်းမို့ ပစ်ပစ်ခါခါ လုပ်သင့်ဘူးထင်လို့ပါ။

ဒါပေမဲ့ သတိုးမှော်ရဲ့ပေါက်ကွဲမှုများကလည်း မမှားဘူးဟု စာနာပေးရသို့ပါ။

"ဟိုဘက် လူရှင်းတဲ့ခရေပင်အောက်ကို သွားရအောင် မောင်၊ အဲ သတိုးမှော်"

ရင်ထင်မှာ အမြဲတမ်း တမ်းတစွာရှိနေခဲ့သော နာမ်စားက အလွယ်တကူမှပျောက်ဖို့ခက်ခဲနေသည်။ မောင်မကြိုက်မှန်းသိလို့ ဆင်ခြင်နေပေမယ့် မြတ်နိုးစွာရင်ထဲနိုအောင်းအမြစ်တွယ်နေခဲ့သော ထိုနာမ်စားက အသက်တာဖျောက်ဖျက်ပစ်လို့ ရမှာမဟုတ်ပေ။

"မင်း ဘာပြောစရာရှိလို့လဲ ပြော ပေဖူးလွှာ"

ခရေပင်အရိပ်အောက်ကိုရောက်တော့ မောင်က ခပ်ဆတ်ဆတ်လေး



www.burmeseclassic.com

www.burmeseclassic.com



ပင် မေးခွန်းထုတ်လိုက်၏။ ပြောထွက်ဖို့ သူမ မနည်းအားယူနေရသည်

ပြောလိုက်လျှင် ဖြစ်ပျက်သွားနိုင်သည့် မောင့်ရဲ့မျက်နှာကို မကြည့်ရက်စွာဖြင့် အဝေးကိုခပ်ငိုင်ငိုင်ငေးမောလျက်

''သမီးလေးနဲ့ ပေဖူးကို အရမ်းကြီးသူစိမ်းဆန်အောင် သွေးမခွဲပါနဲ့ သတိုးမှော်၊ ဖူးသစ္စာက ပေဖူးလွှာရင်နဲ့လွယ်မွေးခဲ့တဲ့သမီးပါ။ အပြည့် အဝန္တိုက်ခွင့်မရဘဲ ခွဲထားခံရတဲ့သမီးလေးပါ၊ ကျွန်မစွန့်ပစ်ခဲ့တာ မဟုတ် ဘူး၊ တာဝန်မဲ့ခဲ့တာမဟုတ်ဘူးဆိုတာ ရှင်အသိဆုံးနေမှာပါ''

''မင်းသာ နားလည်မှုတွေ မေတ္တာတွေနဲ့ ပြန်လာခဲ့မယ်ဆိုရင် အဲဒီ သွေးဝေးပါ့မလား ပေဖူးလွှာ၊ မင်းကို ငါတို့အားလုံး မေတ္တာတွေ အပြည့် နဲ့ မျှော်နေခဲ့ကြတာပါ၊ ဘယ်လောက်တောင် ပျော်ရွှင်စရာကောင်းလို့ မလဲဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ စောင့်နေခဲ့ကြတာပါ၊ ဒုက္ခတွေကို ... ပန်းတယ်လို့ မညည်းညူရက်ဘဲ အနာဂတ်တစ်ခုအတွက် သစ္စာတွေ ... တင်းခံခဲ့ကြတယ်''

''ကျွန်မ မှားခဲ့ပါတယ်၊ ဝန်တိုမစ္ဆရိယစိတ်ရဲ့အမှားက တစ်သက်လုံး နောင်တတွေကို ထမ်းပိုး ထမ်းရတော့မယ်ဆိုတာ ကျွန်မသိတယ်၊ ကျွန်မ ရလိုက်တာ ဘာတစ်ခုမှ မရှိဘဲ၊ အမြတ်နိုးဆုံး အရာတွေမှန်သမျှ ဆုံးရှုံးရတော့မယ် ဆိုတာလည်း ကျွန်မ နားလည်လိုက်ပါပြီ၊ ဝဋ်ကြွေး တစ်ခုလို အမှားကို ပြင်ဆင်လို့လည်း မရ၊ ရှောင်တိမ်းလို့လည်း မရ ... ဒုက္ခဆင်းရဲခြင်းတွေ ကျွန်မတစ်သက်လုံး ခံစားသွားရတော့မှာပါ''

ငိုသံစွက်နေတာကို မကြင်နာမိအောင် အံကြိတ်နေလိုက်ရ ... ကွာရှင်းပြီးသား မိန်းမတစ်ယောက်ပဲလေ။

ဒီရင်က ဝေဒနာက ပိုပါတယ်လို့ ကိုယ့်ကိုယ်ကိုပဲ အားပေး ဖြေ ... ရတော့မှာပါ။

''ဒီအချိန်မှာ မင်းကို ကိုယ်ချင်းစာ မပေးနိုင်တော့ဘူး ပေဖူးလွှာ မင်းပြောသလို အမှားကိုပြင်ဆင်ချိန်မှ မရှိတော့ဘဲ၊ ချို့တဲ့သူတွေ ...





... င်းအဖေရော မင်းရော အယူခံဝင်ခွင့်မှ မပေးကြတာ။လွမ်းခဲ့ရင်တောင် ... စရာနဲ့ဖြေရတော့မှာ၊ အကောင်းဆုံးက ပတ်သက်မှုတွေ မရှိတော့ကြရင် ... င်းရောငါရော တစ်ချိန်ချိန်မှာ မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါလိမ့်မယ်''

''ဒီအတိုင်း ပြီးဆုံးသွားဖို့ မျှော်လင့်နေသလားမောင်''

ပေဖူးလွှာ မေးခွန်းကြောင့် သတိုးမှော် နှုတ်ခမ်းအစုံမဲ့ကျသွားကာ

''အဆုံးသတ်လိုက်တာက မင်းပါ ပေဖူးလွှာ၊ ဒဏ်ရာတွေကို အချိန် ... ကုစားပြီး သမီးလေးနဲ့ပဲ ငါ တစ်သက်လုံး နေသွားပါ့မယ်၊ ငါ့ဘဝမှာ သမီးလေး ရှိသေးတာပဲ''

''သ သမီးလေးကို ကျွန်မခေါ်မယ်ဆိုရင်ရော''

''ဘာ မင်းဘာပြောတယ် ပေဖူးလွှာ''

''တင့်တောင့်တင့်တယ် ကြီးပြင်းနိုင်ဖို့၊ သမီးလေးကို ကျွန်မ ခေါ် ... သွားလိမ့်မယ်''

''ဟား . . .ပေဖူးလွှာ မင်းအရမ်းကို ရက်စက်တဲ့မိန်းမပါလား၊ ငါ့ ... ကနေ မင်းတစ်ယောက်ပြီးတစ်ယောက် ခွာထုတ်နေတယ်၊ ညီမလေး ... တော့သေခြင်းတရားနဲ့၊ အေးမိုးကိုလည်း ဒီအိမ်ကနေ ထွက်သွားခိုင်း ... တယ်၊ အခုသမီးလေးကိုလည်း ခေါ်ထုတ်သွားတော့မယ်ပေါ့၊ ငါ့ရင်ကို ... ဖောက်ထုတ်ပါလား၊ ဓားနဲ့အစိမ်းလတ်လတ် မွှန်းလိုက်ပါလား ပေဖူးလွှာ''

ငိုသံအက်အက်နှင့်ပေါက်ကွဲလိုက်သော မောင့်အသံကို မကြားရက်ပေ။

ဒါပေမဲ့ ကျောချင်းကပ် အနေအထားနှင့် စည်းခြားသွားပြီမို့ ဖြစ် ... သင့်တာကိုတော့ မောင် နားလည်အောင် ပြောရတော့မှာပါ။

''ရှင့်ရဲ့ ခံစားချက်တွေကို နားလည်ပေမယ့် အရာအားလုံးက ... တစ်ယောက်ကိုတစ်ယောက် စာနာပြီး နောက်ပြန်ဆုတ်လို့ မရတော့ဘူး ... သင့်တာကိုပဲ ကျွန်မတို့ စဉ်းစားကြရအောင်''



www.burmeseclassic.com

www.burmeseclassic.com



''ကျန်တာတွေ မင်းတောင်းဆိုပါ၊ ငါ ဘာမဆို ပေးမယ်၊ ငါ့အသ... လား၊ ငါ့အသက်လား၊ ငါ့ဘဝလား၊ ညီမလေးလို့မျိုး သေဆုံးစေချင်တာ... ဆိုရင်တောင်''

''သတိုးမော်၊ ရှင် ကျွန်မကို လူသတ်ကောင်တစ်ယောက်လို ... နေတာပဲ၊ ခံစားချက်ကြောင့် မှားခဲ့မိတယ်။ ဒါပေမဲ့ ဖြေရှင်းချက်တွေ... သိသွားတဲ့အချိန်မှာ ကျွန်မကိုယ် ကျွန်မမှားမှန်းသိတယ်၊ အချိန်... လွန်လို့ပြင်ဆင်ချိန်ပဲ မရလိုက်တာပါ၊ ကျ...ကျွန်မ မောင့်ကို ... ဘူး''

''ပေဖူးလွှာ''

ထိုစကားတစ်ခွန်းအတွက် သူ့နှလုံးသားသွေးတွေ ရပ်တန့်သွားလော... အောင် အသက်ရှူရ ခက်ခဲသွားလေသည်။ ဆာလောင်မှုတစ်ခု... ထိုစကား တစ်ခွန်းပါပဲ။

ဒါပေမဲ့ တောင့်တလို့ကောင်းသော အရာမဟုတ်တော့ပေ။ သူ ... ခမ်းအစုံကို တွန့်ကွေးပြုံးလိုက်မိကာ

''မင်းစကားတွေက ရင်ခုန်စရာကောင်းနေတုန်းပါပဲ ပေဖူးလွှာ၊ ဒါ... မင်း အထင်မကြီးနိုင်တဲ့ ငါဆိုတဲ့ကောင်က မာနတစ်ခုတော့ ချမ်း... ပါတယ်၊ ငါ နှလုံးသားတွေကို နုတ်နုတ်စင်း အစိမ်းခြွေသတ်ပြီး တ... လပ်ဘဝနဲ့နေပျော်မယ်ထင်လို့ မင်းဆုံးဖြတ်ခဲ့တာတွေကို ငါ သနား... မဟုတ်ဘူး ပေဖူးလွှာ၊ ငါ့ညီမလေးရဲ့ဘဝနဲ့အသက်၊ ငါ့အမေ... ပေးဆပ်မှုတွေ၊ ငါ့ရဲ့သစ္စာတရားတွေအတွက်၊ ငါ လောင်မြိုက်နေရသ... ငါ မင်းကို နာကြည်းသွားမှာပါ၊ အေး ငါ့သမီးလေးကိုလည်း မင်း... ဘယ်တော့မှ ပေးမှာ မဟုတ်ဘူး''

''သမီးလေးရဲ့ အနာဂတ်အတွက် ရှင်ဘာလုပ်ပေးနိုင်လဲ''





''ဘာ''

''ကိုယ့်ဘဝရဲ့ အနာဂတ်ကိုတောင် ပြည့်စုံအောင် မဖန်တီးနိုင်ဘဲနဲ့ သမီးကို ရှင် ဘာတွေ ဖြည့်ဆည်းနိုင်မှာလဲ၊ ကိုယ်ချစ်မြတ်နိုးတဲ့သူကို မေတ္တာသက်သက်ပဲ ပေးလို့ မရဘူး သတိုးမော်၊ ရှင် ကျွန်မကို အချစ်တွေ ပေးခဲ့တယ်၊ ကျွန်မက မပြည့်စုံမှုတွေအပေါ်မှာ အထင်သေးပြီး ရှင့်ရဲ့ ကိုယ်ကျင့်တရားတွေကိုပါ စော်ကားခဲ့မိတယ်။ အခုတော့ ဒီနေ့လို အဖြစ်မျိုးနဲ့ ကြုံနေရပြီ၊ သမီးလေးကိုရော ရှင် အဲလို ဖြစ်စေချင်လား''

''ဟင်''

''မပြည့်စုံမှုတွေကို ဘယ်သူမှ ကြာကြာမသာယာဘူး သတိုးမော်၊ အချစ်တွေ၊ မေတ္တာတွေပဲ ပေးစရာရှိတဲ့သူကို သမီးလေးက တစ်သက်လုံး လေးစားကိုးကွယ်နေမယ်ထင်လား၊ တစ်နေ့နေ့မှာ အရမ်းပြည့်စုံတဲ့ ကျွန်မ ဆီကို သမီး ပြေးလာမှာ၊ အဲဒီလိုအချိန်မှဆိုရင် ရှင် ခံနိုင်ရည်ရှိပါ့မလား''

မေးခွန်းက ရင်ထဲထိအောင် စူးဝင်သွား၏။ ခံနိုင်ရည်ရှိပါ့မလားတဲ့။ အမေးခံရရုံလေးနှင့်တောင် ရင်က ဆတ်ဆတ်ခါနေသည်။

ပေဖူးလွှာက မဲ့ပြုံးတစ်ချက်နှင့်

''ကျွန်မ တရားတပေါင်တွေနဲ့ တောင်းမယူချင်ဘူး သတိုးမော်၊ ငွေများရင် တရားနိုင်တယ်လို့လည်း မခြိမ်းခြောက်ချင်ပါဘူး၊ ဒါပေမဲ့ ယှဉ်ပြိုင်မှုရှိလည်း ရှင် မနိုင်ဘူးဆိုတာတော့ ရှင် သဘောပေါက်နေမှာပါ''

''ဟား...ဟား ဟား ပေဖူးလွှာ မင်း နူးနူးညံ့ညံ့ နှိပ်စက်နေတာ၊ ညာတတ်ဆိုတော့ ချီးကျူးလောက်ပါပေတယ်၊ ငါက မပြည့်စုံတဲ့ ချို့တဲ့တဲ့သူ၊ အချစ်တစ်ခုပဲ ပေးတတ်တဲ့သူတဲ့လား၊ မှန်တယ်၊ မင်း ပြောတာ မှန်တယ်၊ အချစ်က ဘာမှအသုံးမကျတာ၊ ဒါပေမဲ့ ငါသမီးကိုတော့ ပေးနိုင်ဘူး၊ ငါ့သမီးကို ငါ့အသက်နဲ့လဲပြီး 'စောင့်ရှောက်မှာ''



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမာနေသောသတိုးမော်ကို ဘယ်လိုဖျောင်းဖျရမှန်းမသိပေ။ ဖေဖေ့ကိုရော ဘယ်လိုအဖြေပြန်ပေးရမလဲ။

ဖေဖေကတော့ အချိန်ကြာကြာမပေးနိုင်ဘူးဆိုပြီး ဖွတ်တာရွှတ်လုပ်တော့မှာပင်။ ငွေကြေးအင်အား၊ နောက်ခံအင်အားတောင့်တင်းသော ဖေဖေက သတိုးမော်ကို ငဲ့ညှာစာနာမှာမဟုတ်။

သူမမှာတော့ မောင့်ကိုစာနာသနားနေမိပြီး ဘာကိုမှပြတ်ပြတ်သားသား မဆုံးဖြတ်ရက်နိုင်ဖြစ်နေရသည်။ ဒါပေမဲ့လည်း ဖေဖေနှင့်မျက်နှာချင်းဆိုင်ဆုံရလျှင် ပြဿနာတွေပိုကြီးသွားနိုင်သည်မို့ စိုးရိမ်စိတ်တွေက တားဆီးမရနိုင်။

မောင်ရေ ကျွန်မဘာလုပ်ရမှာလဲ၊ ချစ်တဲ့စိတ်တွေနဲ့ ကျွန်မရူးတော့မယ် မောင်။ ရူးတော့မယ်။

✿ ✿ ✿



## အခန်း (၃၆)

အရှူးတစ်ယောက်လို ကားလျှောက်မောင်းပြီး အိမ်ပြန်ရောက်လာတော့ ဖေဖေနှင့်စကားပြောနေသော ရှေ့နေကြီးဦးတင်ထွန်းကိုတွေ့မြင်လိုက်ရ၍ ပိုပြီးရူးချင်သွားသည်။

ဧည့်ခန်းက ဖြတ်ရမှာမို့ ရှောင်ကွင်းသွားလို့လည်းမရပါ။

"သမီးလာထိုင်ဦး၊ ဦးတင်ထွန်းကို တိုင်ပင်ဖို့ ဖေဖေခေါ်ထားတာ"

"ဟုတ်ကဲ့"

"ဘယ်တွေလျှောက်သွားနေတာလဲသမီး၊ တစ်နေကုန်ဆေးရုံကိုလည်းသိထားတယ်။ အိမ်ပြန်လာတော့လည်း အားမရှိသလိုနဲ့၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းဆင်ခြင်ဖို့တောင် စိတ်မဝင်စားတော့ရင် သမီးအနားမှာ အမြန်ဆုံး အမြဲလေးကို ထားပေးမှဖြစ်တော့မယ်ထင်တယ်၊ ဦးတင်ထွန်း ခုနပြောအားတဲ့ကိစ္စ တရားရုံးကဆင့်ခေါ်ဖို့ အရင်လုပ်မယ်ဗျာ"

"နေဦး"

"ဘာလဲ သမီး"

ဆိုဖာခုံမှာဝင်ထိုင်ရင်း ပေဖူးလွှာရဲ့အလန့်တကြားဟန့်တားသံကြောင့် ဦးအောင်မြင့်လှိုင် မျက်မှောင်ကြုတ်လျက် မေးခွန်းထုတ်သည်။

ပေဖူးလွှာက ဦးအောင်မြင့်လှိုင်ကို မဝံ့မရဲကြည့်လျက်



www.burmeseclassic.com

"သမီးလေးကို တရားတပေါင်နဲ့တောင်းမယူချင်ဘူး ဖေဖေ"

"ဟိုကောင်က ဒီအတိုင်းပေးမှာမို့လား၊ ဒါမှမဟုတ် အဲဒီနှံ့ထဲမှာ နစ်မွန်းခံဖို့စိတ်ကူးနေတာလားသမီး"

"မေတ္တာနဲ့ပဲ တောင်းယူပါရစေဖေဖေ၊ သူတို့အရမ်းကိုပူလောင်ေ ကြတဲ့အချိန်ပါ၊ အရမ်းဖိအားပေးတာမျိုးမလုပ်ချင်ဘူး"

"ကွာရှင်းပြီးသား ယောကျ်ားတစ်ယောက်ကို ဘာလို့ညှာတာနေ လဲသမီး၊ ကိုယ့်သွေးသားထက် ဘာကအရေးကြီးနေလဲ၊ သမီး ဒီလိုစိ ယိုင်နေတာက ဖေဖေ့မေတ္တာတွေကို စော်ကားနေသလိုပဲနော်"

"မ . . . မဟုတ်ပါဘူးဖေဖေ"

"ဒါဆို သမီးမြတ်နိုးပါတယ်ဆိုတဲ့ ဒီအလုပ်ကို ဘာလို့စိတ်မဝင်စ သလိုဖြစ်နေတာလဲ၊ ဘာလို့အလုပ်ကို လျစ်လျူရှုနေတာလဲ"

သားအဖချင်း ပဋိပက္ခဖြစ်နေတော့ ဦးတင်ထွန်းအနေရခက်လျ ရှိသည်။ ပေဖူးလွှာအကြည့်က ဦးတင်ထွန်းဆီရောက်လာပြီး

"ဒီကိစ္စကို ဖေဖေနိုင်းတယ်ဆိုပြီး ဘာမှအဆောတလျင်မလုပ်ဝံ့ ကျွန်မတားထားတဲ့ကြားက ရုံးတင်လိုက်ပြီဆိုရင်တော့ ကျွန်မတို့ဘက်က မနိုင်အောင် ကျွန်မတာဝန်မယူနိုင်ဘူးလို့ ထွက်ဆိုရလိမ့်မယ်"

"သမီး"

"အချိန်ပေးပါဖေဖေ၊ သူသွေးပူနေတုန်းပါ၊ သမီးလေးကို မြန်မာပြ ပြန်လာလာချင်းမတွေ့ပါနဲ့ဦး၊ ဆေးရုံကြီးတစ်ခုလုံး အခြေကျအောင် အော မြင်အောင် အရင်လုပ်ပါဦးလို့တားဆီးထားခဲ့တာ ဖေဖေ၊ အခုသ ဆက်စောင့်နိုင်ပါသေးတယ်"

"မြေးလေး ရောဂါတွေဘာတွေရ"

"သူတို့တောင် အသက်တစ်ချောင်း ဆုံးရှုံးပြီးသွားပါပြီဖေဖေ အ တစ်ချောင်းဆုံးရှုံးရတာလည်း သမီးတာဝန်မကင်းပါဘူး၊ သမီးကြော





ဟုတ်ရင် သူတို့ဒီလိုဖြစ်မှာမဟုတ်ဘူး၊ အဲဒီအတွက် ကိုယ့်ရင်သွေးကို မြောပေမယ့် ဓါးပြတိုက်သလို တိုက်ယူရတာမျိုးမလုပ်ချင်ဘူး၊ သမီးလေး ကို စွန့်လွှတ်သင့်တယ်ဆိုတာ သူတို့ဘာသာနားလည်သွားတဲ့အထိ သမီး စောင့်ချင်တယ်ဖေဖေ၊ သမီးကို နားလည်ပေးပါ"

ဦးအောင်မြင့်လှိုင် နားမလည်သလိုပင် ခေါင်းယမ်းလိုက်သည်။ ဦးတင် ထွန်းကို အားနာသလိုကြည့်လိုက်ပြီး

"ကဲ . . . ကိုတင်ထွန်း၊ ကျွန်တော်နောက်မှဖုန်းပြန်ဆက်လိုက်မယ်၊ ကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင်တော့ ပြင်ဆင်ထားပါ"

"ဟုတ်ကဲ့ ခွင့်ပြုပါဦး"

ဦးတင်ထွန်းပြန်သွားချိန်မှာ ဦးအောင်မြင့်လှိုင်ဆိုဖာခုံကထ၍ ဟိုဘက် ဘက်နှစ်ခေါက်သုံးခေါက်လျှောက်၏။ ပြီးမှ မျက်မှောင်ကုတ်နှင့် ထိုင်ချ ကာ

"သမီးကိုဖေဖေ နားမလည်တော့ဘူး၊ လုပ်သင့်လုပ်ထိုက်တာ မြန်မြန် လိုက်တော့ မပြီးဘူးလား၊ အချိန်ဆွဲနေတော့ ဘယ်သူ့အတွက်အကျိုး လဲ ဖေဖေက သမီးနဲ့မြေးလေးအတွက် စေတနာမေတ္တာနဲ့ပြောနေတာ"

"သမီးနားလည်ပါတယ်၊ ကိုယ့်အသွေးအသားတွေအတွက် ဖေဖေ့ ာတယ်လောက်ကြီးမားတယ်ဆိုတာ နှိုင်းတုစရာတောင်မရှိပါဘူး၊ ဒါပေမဲ့ ဖေဖေလည်းဖခင်တစ်ယောက်ဖြစ်တဲ့အတွက် သူ့ကိုစာနာပေးရ

"ဘာ"

"သတိုးမော်က သမီးလေးဖူးသစ္စာရဲ့အဖေပါ၊ သူ့ရင်ထဲမှာ ဖေဖေ့လို မျိုးရှိနေလိမ့်မယ်လို့ ဖေဖေဘာလို့မတွေးမိတာလဲ၊ သူ့သမီးလေးကို ည်းသိပ်ချစ်မှာပေါ့"

"သမီးက သတိုးမော်အတွက်ပဲ အမြဲတွေးနေတာ၊ သမီးကိုယ်သမီး မသနားတော့သလိုပဲ၊ ဖေဖေဘာလုပ်ရတော့မှာလဲ သမီး၊ သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဒီလိုမျိုးပြန်ပြီးစောင့်ရှောက်မိတာ မှားများမှားနေပြီလား''

ဖေဖေညည်းညူသလိုပြောတော့လည်း စိတ်မကောင်းနိုင်။ သူမရင်တွေ မွန်းကျပ်လွန်းလှပါသည်။

မောင့်အတွက်၊ ဖေဖေ့အတွက်၊ သမီးလေးအတွက်။

ဖေဖေပြောသလို သူမအတွက်တော့ မတွေးမိပေ။ စိတ်ဆန္ဒအမှား တစ်ချက်ဟာ ဒီလောက်တောင်ပူလောင်စေပါလား။

ဒီအပူမီးကို သူမကိုယ်တိုင် အစပျိုးမီးမွှေးခဲ့တာ။ လောင်ကျွမ်းမှုတွေ ကို ခံနိုင်ရည်ရှိအောင်ပဲ ကြိုးစားရတော့မှာပေါ့။

မောင်ရေ အရမ်းပင်''နိုးတဲ့အခါ မောင့်ပခုံးလေးတစ်ဖက်တော့ မှီချင်သား။

❁ ❁ ❁



## အခန်း (၃၇)

''အမှီပြုတဲ့အခါ အမှီခံရမယ့်သူက တောင့်မတ်ခိုင်မြဲဖို့လိုတယ်သား၊ မြေးမလေးကို သားဘယ်အတိုင်းအတာထိ သူ့ဘဝကိုပြည့်စုံအောင် ထားပေးနိုင်မှာလဲ၊ စားဝတ်နေရေး၊ ပညာရေးလူမှုအဆင့်အတန်း၊ ပြီးတော့ ဆုံးလွှာတို့ အသိုက်အဝန်းကိုမီအောင်''

''အဲလိုဆိုပြီး ကျွန်တော်သမီးလေးကို စွန့်လွှတ်လိုက်ရမှာလားအမေ၊ ကျွန်...ကျွန်တော့်ရင်ထဲကိုဝင်ကြည့်ပါဦး၊ ကျွန်တော့်ရင်ထဲမှာ အသည်း နှလုံးတွေမရှိတော့ဘူး၊ ပေဖူးလွှာ တစ်စစီဆွဲထုတ်နေတာ၊ ကျွန်တော် ဘယ့်လိုလုပ်အသက်ရှင်ရမှာလဲ၊ သမီးလေးမရှိဘဲ ကျွန်တော်ဘယ်လို ရှင်သန်ရမှာလဲအမေ''

''သားရယ်''

ရင်ဘတ်ထုကာ ငိုကြွေးနေသောသားကို မကြည့်ရက်ပေ။ သားရဲ့ မျက်ရည်တွေ၊ မွေးထုတ်ထားရသည့်ဒီအမေအတွက် မီးပြင်းပြင်း လောင်မြိုက်စေသည့် လက်နက်တစ်ခုပါ။

ဒါပေမဲ့ သားရဲ့ဆန္ဒများကို လိုက်လျောလိုက်လျှင် မြေးလေးရဲ့ဘဝပါ အမှုန်းတွေကူးစက်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



''သား...မြေးလေးကို သားချစ်တယ်မဟုတ်လား၊ သားရဲ့သမီးလေးကို သားချစ်တယ်မဟုတ်လားဟင်''

''ချစ်တာပေါ့အမေရယ်၊ ချစ်လို့ပဲ ကျွန်တော်မခွဲနိုင်တာပါ၊ သမီးလေးကို ပွေ့ပိုက်ထားရမှ ကျွန်တော်အသက်ရှင်နိုင်လိမ့်မယ်ထင်တယ်''

''သားရယ် အမေတစ်ယောက်လုံးရှိပါသေးတယ်၊ အမေမစာနာလို့ ပြောတာမဟုတ်ပါဘူး၊ မိဘတွေမှာ ကိုယ်မွေးထုတ်ထားတဲ့ ကိုယ့်သွေးသားအတွက်ဘယ်လိုမေတ္တာတွေနဲ့ ဖွေးပွေ့ပေးဆပ်ချင်ကြတယ်ဆိုတာ အမေအသိဆုံးပေါ့၊ ဒါပေမဲ့ အမေတို့လိုမိဘတွေတော့ မဖြစ်စေချင်ဘူးသား''

''အမေက ဘာဖြစ်လို့လဲ''

''သားငယ်ငယ်က ရွာကိုအလည်လာတဲ့ မြို့ကလူချမ်းသာသူဌေးတွေက မွေးစားချင်တယ်ဆိုပြီး တောင်းကြတယ်၊ သားကပါးဖောင်းဖောင်း အသားဖွေးဖွေးလေးနဲ့ တောသားပုံစံမပေါက်တော့ ချစ်ကြတယ်လေ၊ အမေတို့ ဆင်းရဲမွဲနွမ်းသိတော့ ကလေးအနာဂတ်အတွက် သူတို့ကိုပေးပါပေါ့၊ အမေတို့အတွက်လည်း ပြည့်စုံအောင် ထောက်ပံ့ပါ့မယ်လို့ တောင်းတောင်းပန်ပန်ပဲပြောရှာပါတယ်''

''ဩော်''

''အဲဒီအချိန်က ဘယ်ပေးနိုင်ပါ့မလဲ၊ သားသမီးကို ရောင်းစားနိုင်ပါ့မလားဆိုပြီး ရန်တောင်တွေ့လိုက်သေးတာပေါ့၊ သားအနာဂတ်ကို ကောင်းကောင်းထားနိုင်ပါ့မလားဆိုတာလည်း မတွေးမိဘူး။ ဒါကြောင့် သားတို့ ပညာမစုံဘဲ ဆင်းရဲကြတာ၊ အမေတို့ တာဝန်မကျေလို့ သားတို့ချို့တဲ့ပြီး ဒီနေ့လိုအခြေအနေမျိုးတွေနဲ့ လောကဓံကိုရင်ဆိုင်နေရတာပေါ့သားရယ်၊ အခုသားကရော မြေးလေးကို အဲလိုမျိုးဖြစ်စေချင်တာလား သား''

သတိုးမော်က ဘာမှပြန်မပြောနိုင်။ မတွေးနိုင် မအံ့နိုင်နှင့် ရင်ထဲမှာ ဝေဒနာတွေ တနင့်တပိုးပါ။ ရင်ကိုခွဲထုတ်ပြီး သမီးကိုပေးလိုက်ရတော့မှာ





သား။ ရင်ထဲမှာ မီးစနှင့်အထိုးခံရသလို ပူပြင်းနာကျင်လွန်းလှသည်။

''မေမေ''

''အင်း...ပြောသား''

''သ...သမီးလေးနဲ့မခွဲနိုင်ဘူး အမေရယ်''

''အမေလည်း မြေးလေးကိုဘယ်ခွဲနိုင်ပါ့မလဲ သားရယ်၊ ဒါပေမဲ့ တွေနဲ့ထွေးပွေ့ချင်ရုံနဲ့မရဘူး၊ မေတ္တာနဲ့ပေးဆပ်ပါသား၊ တကယ်ချစ်ရင် ရှုတ်ပါ၊ သူ့အဖမနဲ့နေရင် မြေးလေးဘဝလိုတရပြည့်စုံမှာ၊ ပညာတတ် လည်းဖြစ်မှာ၊ သားနဲ့နေရင်''

''မပြောပါနဲ့တော့ အမေရယ်၊ ကျွန်တော်မသိလို့မဟုတ်ပါဘူး၊ ဒါပေမဲ့''

''သားရယ်''

အမေ့ကိုအားကိုးတကြီးဖက်ကာ ငိုသောသားကို ရင်နာစွာနှင့် ပခုံးလေး ၍ မျက်ရည်စမ်းစမ်းဖြင့်သာ နှစ်သိမ့်နေရသည်။ ဒီထက်ပိုပြီးလည်း ဘာမှမတတ်နိုင်ပါ။

''အေး...အေးမိုး''

အိမ်ထဲကနေ အိတ်ဆွဲ၍ထွက်လာသော အေးမိုးကိုမြင်လိုက်ရ၍ အမိနှစ်ယောက် မျက်လုံးမျက်ဆံပြူးသွားရသည်။ အေးမိုးက အိတ်ကို သူတို့အနားဝင်ထိုင်ပြီး

''ငါသွားတော့မယ်၊ အဒေါ်တင်ကိုလည်း ကျွန်မကန်တော့ခဲ့ပါတယ်''

''ဟဲ့...အေးမိုးရဲ့ လတ်တလောကြီးသွားတော့မလို့လားကွယ်၊ ဆိုင်မှုကိစ္စတွေစီစဉ်ပြီးမှ''

''ရပါတယ်၊ အဒေါ်တင်တို့လည်း စိတ်နဲ့လူနဲ့မကပ်ဘဲ ကျန်းမာရေး သိပ်ကောင်းတာမှ မဟုတ်တာ''

''အေးမိုးရာ ငါတို့သားအမိကို ဒီအတိုင်းပစ်စလက်ခတ်ထားခဲ့တော့ သား၊ ပေဖူးလွှာကိစ္စလည်း ပြီးသွားပြီပဲဥစ္စာ၊ နင့်ကိုသူ ဘာမှပြော



www.burmeseclassic.com

www.burmeseclassic.com



လို့မရတော့ပါဘူး''

''လူဆိုတာ ကတိတည်ရတယ်လေ၊ သူကနင့်ကိုချစ်တဲ့အတွက် ငါ့ [illegible] အိမ်မှာရှိနေရင် သဝန်တိုစိတ်တွေနဲ့အတွေးများပြီး သူပူလောင်နေ [illegible] လိမ့်မယ်''

''ဆိုင်လည်းမဆိုင်၊ ပိုင်လည်းမပိုင်တော့ဘဲနဲ့ သူ့အတွက်တွေး [illegible] မလိုပါဘူးအေးမိုး၊ ငါ့ရင်ကိုခွဲပြီး ငါ့သမီးကိုထုတ်ယူသွားဦးမယ့်မိန်း [illegible] ငါ့ဘဝမှာ သူမရှိတော့ဘူး၊ ငါ့ရင်ထဲမှာ ပေဖူးလွှာမရှိတော့ဘူး''

''ဟုတ်လို့လား သတိုးမော်၊ နင် ညဘက် ကယောင်ကတမ်း [illegible] လွှာနာမည်အော်နေတာ ပေဖူးလွှာကိုမုန်းလို့လား''

''ဟင်''

ကိုယ့်တာသာမသိသည့်ကိစ္စမို့ အေးမိုးပြောမှအံ့ဩရသည်။ ပေဖူး [illegible] ကို အိပ်မက်ထဲမှာဆုံပြီး ပေါက်ကွဲမိတာကတော့ အကြိမ်ကြိမ်ပါ။ ရင်ထဲ [illegible] သမျှ ဖွင့်ထုတ်ပြီး အချစ်တွေအမုန်းတွေအားလုံးပါသည်။

အေးမိုးက မချိုစွာပြုံးလျက်

''ပေဖူးလွှာကို မုန်းတယ်လို့ပြောပြီး နင်မမေ့နိုင်ဖြစ်နေတာသတိုး [illegible] မာနကြောင့် တင်းခံနေပေမယ့် နင်မစွန့်ပစ်နိုင်ဘူးဖြစ်နေတယ် မဟုတ်လား [illegible] ပေဖူးလည်း အဲလိုပါ၊ နင့်ကိုသူအရမ်းချစ်တယ်၊ ပြင်မရတဲ့အမှားအတွေ [illegible] နင်တို့ဒီလိုတွေဖြစ်သွားကြပေမယ့် နင်တို့နှစ်ယောက်လုံးအချစ်တွေ မ [illegible] ကြသေးဘူး။ အေးလေ ဒါတစ်ခုတည်းကြောင့် ငါထွက်သွားတာ [illegible] မဟုတ်ပါဘူး။ တစ်ခုလပ်ဖြစ်သွားတဲ့နင့်အိမ်မှာ ငါဘယ်လိုလုပ်နေဖို့ [illegible] တော်မှာလဲ၊ ပြီးတော့ သမီးလေးလည်းရှိတော့မှာ မဟုတ်တဲ့အတွက် [illegible] ငါလည်း ဒီမှာနေရမှာ အပိုလူဖြစ်သွားပြီလေ ''

''ကျွတ် အမေ့ကို ဘယ်သူပြုစုမှာလဲ၊ ငါကငွေရှာထွက်ရမှာ၊ ပြီး [illegible] သမီးလေးကိုလည်း ငါမပေးနိုင်ဘူးအေးမိုး''





''သတိုး''

ခေါင်းမာနေဆဲသတိုးမော်ကို အေးမိုးခပ်ဆတ်ဆတ်ပင်ခေါ်လိုက်ကာ

''သမီးလေးကို ဟိုကတရားတပေါင်နဲ့တောင်းယူလို့ရရက်နဲ့ ပေဖူးက [illegible] လုပ်ရက်ဖြစ်နေတာကို နင်ခေါင်းမာမနေနဲ့သတိုး၊ မပြည့်စုံတဲ့နင်က [illegible] ပြိုင်ခင်ကတည်းက ရှုံးနေပြီးသား၊ အဲလိုလုပ်ရမယ်ဆို နင်နဲ့ပေဖူး [illegible] ယောက်နဲ့တစ်ယောက် ပိုမုန်းသွားကြရုံပဲရှိမှာပေါ့သတိုး''

''မပြိုင်ဘဲရှုံးနေတာ၊ ပြိုင်ခွင့်မရဘဲ ရှုံးနေရတာ ငါပိုပြီးနာကြည်း [illegible] တယ်''

''ဘယ်သူ့ကိုလဲ''

''ငါ့ဘဝကို''

''ဒါဆို နင့်သမီးလေးကိုရော နင်ရှုံးစေချင်လားသတိုး၊ နင့်လို [illegible] တဲ့ဘဝကနေ ဘယ်သူ့ကိုမှတော်လှန်ခွင့်မရှိဘဲ နင်ရှုံးစေချင်သလား [illegible] ဘဝထဲမှာပဲ နစ်မွန်းစေချင်သလား''

အေးမိုးမေးခွန်းက အရှိက်ထိပါသည်။ မခွဲနိုင်လို့ ခေါင်းညိတ် [illegible] လျှင် ဖခင်မပီသရာရောက်တော့မည်ထင်၏။

ခေါင်းခါလိုက်ရင်ရော။ သမီးလေးနှင့် အသေအချာခွဲရတော့မည်ပေါ့။

''သ・・・သမီးလေးရော''

''ငါသွားတာတွေ့ရင် သမီးလေးငိုနေမှာစိုးလို့ သီချင်းဆိုပြီးသိပ်ထား [illegible] တယ်''

''နင်တကယ် သွားဖို့ဆုံးဖြတ်ထားပြီးပြီပေါ့၊ နင့်ကိုငါဘာမှပြန်လုပ် [illegible] ရသေးဘူး၊ ကျေးဇူးမဆပ်ရသေးဘူးဟာ''

''ငါနဲ့ နင်တို့ကြားမှာ အဲဒါတွေမလိုပါဘူးသတိုးရယ်၊ ငါမှာချင်တာတစ်ခု [illegible] အဒေါ်တင်ကျန်းမာရေးကို ဂရုစိုက်ပါ။ နင်နောက်ထပ်တစ်ယောက် [illegible] ဆုံးရှုံးသွားရမှာစိုးလို့သတိပေးတာ၊ ညက ရင်တွေကျပ်လို့ တစ်ညလုံး



www.burmeseclassic.com

www.burmeseclassic.com



နင့်အမေ အိပ်ရတာမဟုတ်ဘူး။ ချောင်းတွေဆိုးပြီးမောနေတာနဲ့ ငါ
ထတိုက်ရသေးတယ်''

''အေးပါ''

စိတ်မချဖြစ်ရင်မသွားပါနဲ့လားလို့ မတားချင်တော့။ ဘာမှမရှိ
လူတစ်ယောက်က ကတိစကားတစ်ခွန်းအတွက် သိက္ခာရှိအောင်
သိမ်းချင်တာ၊ သူလိုက်လျောသင့်သည်ပဲ။ ဒါပေမဲ့ ကျေးဇူးတင်ထိုက်
အေးမိုးကို ဘာမှလုပ်မပေးလိုက်ရတာကိုတော့ ဝမ်းနည်းသည်။ သံယော
ကြိုးတစ်ခုကြောင့် ခွဲခွာခြင်းရဲ့သင်္ကေတမှာ၊ အမေမှာလည်း မျက်ရည်
အေးမိုးမှာလည်း မျက်ရည်နှင့်။

သူ့မှာရော၊ 'သူ့မှာလည်း မျက်ရည်တွေနှင့်ပါပဲ။

အင်အားတွေမဲ့ကာ လက်ပြမနှုတ်ဆက်ဖြစ်တော့ဘဲ။



## အခန်း (၃၈)

''နှုတ်ဆက်ချင်လို့ ဖုန်းဆက်ချိန်းလိုက်တာပါ ပေဖူးလွှာ၊ သတိုးအိမ်
ငါမရှိတော့ဘူးဆိုတာလည်း အသိပေးချင်လို့ပါ၊ ဒါမှ စိတ်သက်သာ
မယ့်လောင်မှာမဟုတ်လား''

''မအေးမိုးရယ်''

မိမိရဲ့ ဝန်တိုခြင်းအမှားအတွက် စကားနာထိုးနေတာလားဟု အပြစ်
ရက်ပေ။ မအေးမိုးလက်ကလေးကို ယုံကြည်စွာပင် ဆုပ်ထားမိပြီး

''ပေဖူးကို စိတ်မဆိုးဘူးဆိုရင် သတိုးအိမ်မှာပြန်နေပါ မအေးမိုး၊
တင်လည်း ကျန်းမာရေးမကောင်းဘူးမဟုတ်လား၊ ပေဖူးက သွားပြီး
နိုင်တဲ့အခြေအနေမှ ပိုက်ဆံပေးပြီးဆေးကုခိုင်းတာလည်း လက်မခံ
ပြီးတော့ သမီးလေးလည်းရှိသေးတယ်''

''ဖူးဖူးလေးကို သတိုးမော်လာပို့လိမ့်မယ်''

''ရှင်···မောင်လာပို့မယ်၊ သ···သမီးလေးကိုလေ''

''အဒေါ်တင်ရော ငါရော ဝိုင်းဖျောင်းဖျလို့ သူ့ဘဝထဲမှာ မထားသင့်
ဆိုတာ သူသဘောပေါက်သွားပါတယ်''

''သူ···သူ အရမ်းစိတ်မကောင်းဖြစ်သွားမှာပဲနော်''



www.burmeseclassic.com

www.burmeseclassic.com



``သူ ငိုတယ်၊ လုံးဝမခံစားနိုင်လို့ ယူကျုံးမရဖြစ်ပြီး ဝမ်းနည်းပ လက်သူငိုရှာတယ်၊ သူ့ဘဝက ချစ်သူဇနီးမယားကတောင် အထင်သေ ခံရတဲ့ဘဝလေ၊ ညီမလေးသေတာ၊ အမေကျန်းမာရေးမကောင်းတာ၊ ကျေးဇူးတုံ့ပြန်ခွင့်မရတာ၊ သမီးလေးကို စွန့်လွှတ်ရမှာ သူ့မှာဝေဒနာ တနင့်တပိုးပါပဲ''

``မအေးမိုးရယ်၊ ပေဖူးဘာလုပ်ရမှာလဲ၊ သူ…သူ့အနားမှာ မအေး နေပေးလို့မရဘူးလားဟင်၊ သူ့အနားမှာ ပေဖူးအစား ဖြည့်ဆည်း မရဘူးလား''

ပေဖူးလွှာစကားကြောင့် မအေးမိုးနုတ်ခမ်းလေးအစုံ မဲ့ကျသွားသည် ဆေးရုံရှေ့က ကော်ဖီဆိုင်မှာပဲ ထိုင်ဖြစ်ကြတာဆိုသော်လည်း မှာထားသော ကော်ဖီခွက်တွေကိုတော့ တစ်ငုံမှမသောက်ဖြစ်ကြသေးပေ။

``ငါက တောသူတစ်ယောက်၊ ပညာလည်းမတတ်၊ အရည်အချ အစွမ်းအစ၊ အလှအပဘာမှမရှိပါဘူး။ ဒါပေမဲ့ စည်းစောင့်တတ် ဗုဒ္ဓဘာသာပါ၊ ပွင့်လင်းပေမယ့် ယဉ်ကျေးမှုရှိပါတယ်၊ စိတ်အလိုလိုက် မိုက်မဲ တတ်တဲ့အရွယ်လည်းမဟုတ်တော့ပါဘူး၊ ပြီးတော့ လူ့ကျင့် လူ့သိက္ခာ ဆိုတာကို ငါတို့ပညာမဲ့လူဆင်းရဲတွေက ပိုပြီးဂရုစိုက်တတ် ဘယ်ပေဖူးလွှာ''

``ဟို…ပေ…ပေဖူးပြောတာက''

``နင့်ယောက်ျားကိုအရမ်းချစ်လို့ ပင်ပန်းတာသက်သာစေချင်တဲ့ စိ ါကိုဖြည့်ဆည်းနိုင်းတာ ငါသဘောပေါက်ပါတယ်၊ နင် ဘာမှလုပ် နိုင်တော့လို့ ခက်ခဲတဲ့ဆုံးဖြတ်ချက်ချလိုက်တာမဟုတ်လား၊ အေး သ ကို ယုံကြည်လာလို့ ဝန်တိုစိတ်မရှိတော့ဘူးဆိုဦးတော့ မိန်းမသား ကိုယ်ချင်းစာပြီး ငါ့ဘက်ကိုလည်း တွေးပေးသင့်ပါတယ် ပေဖူးလွှာ''

``ဟို…မ…မအေးမိုး''

``နင့်ကိုပဲချစ်နေတဲ့ နင့်ယောက်ျားတစ်ခုလပ်ကို အဖြည့်ခံဘ





နင် တွယ်ကပ်နေခိုင်းတာ နင်တရားရဲ့လား၊ အခုမှ စွန့်လွှတ်နိုင်သူကြီးလို အလျှုပေးမနေပါနဲ့ပေဖူးလွှာ၊ သတိုးကို သံယောဇဉ်ရှိပါတယ်။ လောကရဲ့ နိုက်ပုတ်မှုဒုက္ခတွေကို မျှဝေခံစားပေးလို့လည်းရတယ်၊ ဒါပေမဲ့ မိန်းကလေး တစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာမာနတွေကိုတော့ ချမကျွေးနိုင်ဘူးပေဖူး လွှာ၊ သတိုးက နင့်ကိုချစ်နေဆဲယောက်ျားတစ်ယောက်''

မအေးမိုးစကားက ကြည်နူးရင်ခုန်ရမည့်အစား ရင်တွေအဆမတန် ကျင်လာ၏။ အောင့်မျက်လာသော ရင်အစုံကို လက်ကလေးနှင့်ပင် ထားရကာ

``သူ့ကိုယ်စား အဲဒီစကားလေးပြောပေးတဲ့အတွက် ကျေးဇူးတင်ပါ တယ် မအေးမိုး၊ ပေဖူးကို မုန်းနေ၊ နာကြည်းနေမလားဆိုပြီး ပေဖူး ညတိုင်းအိပ်မပျော်ခဲ့ဘူး၊ ပေဖူးလည်း သမီးလေးကို ပိုင်ဆိုင်ချင်ပေမယ့် အရမ်းခံစားနေရမှာစိုးလို့ မခေါ်ရက်မသိမ်းပိုက်ရက် ဖြစ်နေမိတာပါ။ ရားရုံးကနေ ပိုင်ဆိုင်ခွင့်မတောင်းရက်ဘူးဖြစ်နေတာပါ။ ဒါကြောင့် အဖေ့ဖွတ်တရွတ်စီစဉ်နေတာတောင် ပေဖူးအတိုက်အခံလုပ်ပြီးတားထား ခဲ့တာ''

``အေးပေါ့လေ၊ နင်တို့နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ အချစ်တွေရှိနေ သေးတာသိရတဲ့အတွက် ဝမ်းသာပါတယ်၊ အချစ်စစ်မှန်ရင်တော့ တစ်နေ ခေါင်းရည်မှာပေါ့၊ ဒါပေမဲ့ နင့်အဖေကတော့ လုံးဝလက်ခံမှာမဟုတ်ဘူး၊ သမ္မန်လေးက ဒီရောဂါဖြစ်ပြီးသေတော့ ပိုပြီးရှုံ့ရှာသွားမှာပေါ့၊ သူ့ဘက်က ကြည့်တော့လည်း မိဘတစ်ယောက်ရဲ့မေတ္တာလေ၊ အတ္တရောပေမယ့် သူ့ ယ်လို့ အဒေါ်တင်က သတိုးကိုဖျောင်းဖျနေတယ်၊ သူတို့တသမိသားစုလုံး အပေါ် စေတနာမှန်ကြပါတယ်ပေဖူးလွှာ''

ပေဖူးလွှာ ခေါင်းတဆတ်ဆတ်ညိတ်ကာ

``ပေဖူးနားလည်ပါပြီ၊ သိပါပြီမအေးမိုးရယ်၊ မောင့်ကိုပေဖူးအရမ်း နားတယ်၊ အရင်ကလို ရူးရူးမိုက်မိုက်နဲ့ မောင့်ဆီပြေးသွားလိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါ...ဒါပေမဲ့''

ပေဖူးလွှာ စကားဆုံးအောင်မပြောနိုင်ဘဲ ငိုချလိုက်တော့ အေးမိုးစိတ်မကောင်းစွာပေဖူးလက်ကလေးကို လှမ်းပြီးဆုပ်ကိုင်လိုက်၏။ မငိုပါနဲ့ ပေဖူး၊ ဒီနေ့ကိစ္စတွေဟာ မနက်ဖြန်ကျရင် ပြီးပြီးသားတွေဖြစ်သွားမှာပါ ကဲ...ငါသွားတော့မယ်၊ နင်လည်းဆေးရုံးပြန်ဝင်ရမှာ၊ ဝင်တော့လေ''

''မအေးမိုးက ဘယ်မှာအလုပ်ရတာလဲ အဆောင်ရော ငှားပြီးပြီလား''

''နေစရာအရင်ရှာကြည့်ပြီးမှ အလုပ်ရှာဖို့စဉ်းစားထားတယ်၊ ငါဘာမဆိုလုပ်နိုင်ပါတယ်''

''ဟင်...ဘာမှအဆင်သင့်မရှိသေးဘူးဆိုရင်တော့ ပေဖူးကူညီပါရစေ မအေးမိုး၊ ပေဖူးမှာ အဆက်အသွယ်တွေအများကြီးရှိတယ်''

''အို...နေပါစေ၊ ငါ့ဘာသာပဲ''

''ဟင့်အင်း ဒီတစ်ခုတော့ လက်ခံပေးပါ၊ ပေဖူးအပြစ်တွေများနေတာ ပြန်ပြီးကူညီခွင့်ပေးပါမအေးမိုး၊ ပေဖူးကြောင့် ဒီလိုကစဉ့်ကလျားတွေ ဖြစ်ရတာ၊ တစ်သက်လုံးအပြစ်တွေမပေးပါနဲ့၊ ပေဖူးလုပ်ပေးနိုင်တာလေးမှ လုပ်မပေးရရင် ဒဏ်ခတ်ခံရသလို ခံစားနေရတော့မှာပါ မအေးမိုးရယ်''

''ပေဖူး''

မအေးမိုး နားလည်စွာမျက်ရည်ဝဲမိသည်။ အပြစ်တစ်ခုအတွက် နောင်တနှင့်တစ်သက်လုံး ခံစားသွားရမှာကိုတော့ ကိုယ်ချင်းစာမိပါသည်။ ပေဖူးလည်း သက်တောင့်သက်သာရှိလှတာမှမဟုတ်တာ။

''ပေဖူး''

''ရှင်''

''အာဃာတတွေ အမြစ်တွယ်မနေဘဲ ငါ့အပေါ် ဒီလိုပြောင်းလဲ ဆက်ဆံပေးတာ ကျေးဇူးတင်တယ်ပေဖူးလွှာ၊ ဒါပေမဲ့ တဒင်္ဂမှတ္တရိုယစိတ်ကြောင့် တစ် သက်စာဒဏ်ရာတွေ ရသွားစေတာတော့ စိတ်မကောင်းပါဘူး





မဖြစ်သင့် တာဖြစ်ရတယ်။ မဝေးသင့်ဘဲဝေးရတယ်၊ မလွမ်းသင့်ဘဲ နင်တို့လွမ်းနေကြရတော့မယ်၊ တစ်ခါဘာရဲ့တော့ သမီးလေးကို သတိုးနဲ့ သွားတွေ့ပေးလိုက်ပါဟယ်၊ ဒီအချိန်မှာ သတိုးက နင့်ထက်ပိုပြီးခံစား နေရတဲ့သူပါ။ မအေအို ကြီးအတွက် ငွေရှာရင်း ပြုစုရင်း၊ သူ့ညီမအတွက် စိတ်မကောင်းဖြစ်ရင်း နင်တို့သားအမိကိုလွမ်းရင်းနဲ့ သူဘယ်လောက်တောင် ပင်ပန်းနေရှာမလဲ''

မောင့်အကြောင်းကြားပြီး ရင်ထဲမှာ နင့်နေအောင်ခံစားရသည်။ ကြိတ်မှိတ်ဖို့တောင် အင်အားမရှိပါ။

မောင်ရယ် ဒီဝေဒနာတွေခံစားရအောင် ဒီဝဋ်ကြွေးတွေနဲ့ တစ်သက်လုံး နေသွားရအောင် ပေဖူးလုပ်ခဲ့တာပါ။ မောင်တို့ရဲ့ပေးဆပ်မှုတွေကို အထင်အမြင်လွဲပြီး ပေဖူးမိုက်မဲခဲ့တာ။

မောင်ရေ ဒီဘဝအတွက်တော့ ဝေးပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

ဝေးလံလှသော ဒီခရီးကို ဝေဒနာတွေထမ်းပိုးပြီး မိုင်ပေါင်းများစွာ လျှောက်လာခဲ့မိသည့်အတွက် ခြေလှမ်းတွေက ဆက်မလှမ်းနိုင်အောင် ပင်ပန်းလှသည်။ ပေဖူးလွှာတို့ရဲ့ မဟာစံအိမ်ကြီးက ဝင်းတံခါးလှူခေါ်ဘဲလ်ကို နှိပ်ဖို့တောင် အင်အားတွေမရှိတော့ပါ။

"ဖေဖေ"

"ဟင် သမီးလေး"

"အိမ်ကြီးကလှလိုက်တာနော်၊ ဒါ ဘယ်သူ့အိမ်လဲဟင်"

"သ...သမီးမေမေရဲ့အိမ်"

"ဟင်...မေမေ့အိမ်၊ မေမေက ဒီအိမ်ကြီးကို ပိုင်တာလားဟင် ဖူးဖူးတို့ဒီမှာနေရမှာလားဟင် ပျော်လိုက်တာ"

"သမီးရယ်"

အိမ်စုတ်စုတ်နှင့်ချို့တဲ့စွာနေခဲ့ရသော သမီးလေးအတွက် နတ်ဘုံ နတ်နန်းကြီးတွေ့ရသလို ပျော်ရွှင်နေပေမည်ပေါ့။ သူချစ်သောသမီးလေး ဒီနေရာရဲ့အရှင်သခင်ဖြစ်ထိုက်သူပါ။

"သမီးလေး...အိမ်မှာတုန်းက ဖေဖေပြောခဲ့တယ်နော်၊ ဖေဖေ





ဟိုးအဝေးကြီးကို ခရီးထွက်မှာမို့ သမီးမေမေနဲ့သွားနေရမယ်ဆိုတာလေ၊ နော်သမီး"

"ဘယ်နေ့ ပြန်လာခေါ်မှာလဲဟင်"

"ဖေဖေပြန်လာရင် ပြန်လာခေါ်မှာပေါ့ သမီးရယ်နော်"

"အင်း...ဖေဖေမြန်မြန်ပြန်လာနော်၊ ဖေဖေပြန်လာရင် ဖူးဖူးတို့ မေမေနဲ့အတူတူနေရအောင်"

"အေးပါသမီးရယ်"

အမေဆိုသောနာမ်စားနှင့် မစိမ်းအောင်အမြဲပြောပြထားမိတာမို့ သမီးက မျှော်လင့်မှုများနှင့် ပျော်ရွှင်နေခဲ့သည်။ အိမ်မှာတုန်းက မေမေက ဘာလို့ဖူးဖူးတို့အိမ်ပြန်မလာဘဲ အဝေးကြီးမှာနေတာလဲဟု မေးသေး၏။

"သမီးမေမေက အဝေးကြီးမှာ အလုပ်သွားလုပ်နေတာ၊ အခု ပြန်ရောက်တာသမီးရဲ့၊ အခုဖေဖေက ခရီးထွက်စရာရှိလို့ သမီးမေမေဆီ ပို့ထားရမှာ"

သမီးလေး နားလည်လွယ်အောင် ပြောပြီးခေါ်လာခဲ့ရတာပါ။ လှူခေါ်ဘဲလ်ကို သူ့အားယူ၍ နှိပ်လိုက်သည်။ ခြံစောင့်တစ်ယောက်ပြေးထွက်လာပြီး တံခါးဖွင့်၏။

"ဘာကိစ္စလဲ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ပေဖူးလွှာရှိတယ်မဟုတ်လား၊ သတိုးမှော်သာတယ်လို့ ပြောပေးပါ"

"သြော်...ဟုတ်ကဲ့၊ မမလေးက အိမ်မှာ၊ နေ့တိုင်းပဲ ဆေးရုံမသွားဘဲစောင့်နေတာပါ၊ ဘယ်နေ့လာမယ်မှန်းမသိလို့လေ၊ လာရင်အိမ်ထဲခေါ်ခဲ့ဖို့ ကျွန်တော့်ကိုမှာထားပါတယ်၊ ဝင်ပါခင်ဗျ လာပါခင်ဗျ"

ခြံစောင့် ပျာပျာသလဲပြောနေပေမယ့် သတိုးမှော်ခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း...ကျွန်တော်မဝင်တော့ဘူး။ သမီးကိုလာပို့တာပါ၊ သမီးလေး ဒီဦးဦးနဲ့လိုက်သွားနော်၊ အိမ်ထဲမှာ မေမေစောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဖေဖေက မေမေနဲ့မတွေ့တော့ဘူးလား''

''ဖေဖေက အလုပ်ကိစ္စအရေးကြီးလို့ သမီးလေးရဲ့ အခုပဲကားကြီးနဲ့ ခရီးထွက်ရမှာ နော်သမီးလေး၊ မေမေကအိမ်ထဲမှာ သမီးအတွက် အဝတ်အစားလှလှလေးတွေ ကစားစရာတွေမုန့်တွေ အများကြီးဝယ်ထားတယ်၊ ကစားကွင်းတွေ ပန်းခြံတွေလည်းလိုက်ပို့လိမ့်မယ်၊ ပြီးတော့ စားသောက်ဆိုင်ကြီးတွေ၊ ဟိုတယ်ကြီးတွေမှာ သမီးစားချင်တာတွေလည်း ဝယ်ကျွေးမှာ''

''ဖေဖေ''

''ဟင် သမီးလေး''

ဒူးထောက်ထားသော သူ့မျက်နှာအနီး သမီးလေးနမ်းမွှေးနေတော့ သူ မျက်ရည်စို့ကာပြန်လည်နမ်းမွှေးမိသည်။ သမီးကို အတန်ကြာဖက်ထွေးထားပြီးမှ ကိုယ်ချင်းခွာကာ သူထရပ်၍သမီးကိုလက်ပြမိ၏။

''မောင်''

''ဟင်''

ပေဖူးလွှာတံခါးဝမှာရှိနေတာ သူမမြင်လိုက်။ ပေဖူးလွှာက သူ့ထံ သွားအဖနားရပ်ကာ

''ပေဖူးမျက်နှာတောင်မမြင်ချင်တော့လို့ သမီးလေးကို ဒီအတိုင်းထားပြီး ပြန်မှာလားမောင်''

''မင်းဆီကို သမီးလေးရောက်ရင်ပြီးတာပဲ မဟုတ်လား''

''ဒီအတိုင်းက အရမ်းပစ်စလက်ခတ်မနိုင်လွန်းဘူးလား မောင်''

''မအေတစ်ယောက်ကို မုန်းနေနာကြည်းနေအောင်သမီးကို [illegible] မှ ပြောမထားဘူး၊ မင်းအနားမှာ သမီးလေးနေပျော်သွားပါလိမ့်မယ် အဓိကက မင်းတို့သွေးသား သမီးလေးကို မင်းတို့ရင်ခွင်ထဲ အရောက် ပို့ပေးနိုင်ဖို့ပဲ မဟုတ်လား''





''ပေ・・・ပေဖူးပြောချင်တာအဲဒါမဟုတ်ဘူးမောင်၊ ပေ・・・ပေဖူး မောင့်ကို''

ပေဖူးမျက်ရည်တွေကို မမြင်ချင်ပေ။ နင့်သီးသော ရှိုက်သံတွေကို မကြားချင်ပေ။

သမီးလေးလက်နှင့် ပေဖူးလက်ကိုတွဲဆုပ်ပေးပြီး သူလှည့်ထွက်လိုက်သည်။ သမီးလေးက သူ့လက်ကို တင်းတင်းဆွဲဆုပ်ထားကာ

''ဖေဖေ・・・ဒီအန်တီကိုဖူးဖူးမြင်ဖူးတယ်''

''ဟင်''

''ဒီအန်တီက ဒီမှာနေတာကြာပြီထင်တယ်၊ ဖူးဖူးနဲ့ဘုရားမှာတွေ့တော့ ခေါင်းလောင်းထိုးပေးဖူးတယ်၊ ဖေဖေက မေမေနဲ့တွေ့ရမှာဆို''

''အင်း・・・သူကသမီးမေမေလေ''

''မဟုတ်ပါဘူး၊မေမေဆိုရင် ဖူးဖူးတို့နဲ့လာနေမှာပေါ့၊ ဖေဖေပဲ အဝေးကြီးကိုအလုပ်သွားလုပ်လို့ ပြန်မလာနိုင်တာလို့ပြောပြီးတော့ ဒီအန်တီက ဖူးဖူးမေမေမဖြစ်နိုင်ပါဘူး''

''သမီး''

မမျှော်လင့်ထားသောအဖြစ်အပျက်မို့ စကားတတ်သောမှတ်ဉာဏ်ကောင်းသောသမီးလေးကို သူဘယ်လိုပြောရမှန်းမသိပေ။

ပေဖူးလည်း သမီးလေးကို တအံ့တသြလေးကြည့်နေမိကာ

''မေ・・・မေမေက သမီးမေမေပါ''

''ဟင့်အင်း・・・မဟုတ်ဘူး မဟုတ်ဘူး၊ ဖေဖေ ဖူးဖူးဒီမှာမနေဘူး၊ ဖေဖေနဲ့ပြန်လိုက်မယ်၊ မေမေမိုးနဲ့နေမယ်''

''သမီး''

''မေမေမိုးကိုခေါ်ပေး၊ မေမေမိုးနဲ့နေမယ်၊ မေမေမိုးက ဖူးဖူးကို ကျွေးတယ်၊ ပုံပြောပြီးသီချင်းဆိုပြီးချော့သိပ်တယ်၊ ရေလည်းချိုးပေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခါးခါးလည်းလိမ်းပေးတယ်၊ ဒီအန်တီက ဖူးဖူးကိုဘာမှလည်းလုပ်မပေးဘဲနဲ့ ဖူးဖူးမေမေမဟုတ်ပါဘူး''

''သမီးရယ်''

သွေးဝေးစွာသမီးရဲ့စိမ်းသက်မှုများကြောင့် ရင်ထဲနင့်နေအောင် ခံစားလိုက်ရသည်။ အေးမိုးလောက်တောင် မိမိကသွေးမနီးပါလား။ သတိုးမှော်က သမီးရှေ့မှာ ဒူးထောက်ပြန်ထိုင်ပြီး

''သမီး''

''ဖေဖေကြီး''

''ဖေဖေအလုပ်သွားရတုန်းကို စိတ်မဖြောင့်အောင်လုပ်နေတာလား။ မေမေမိုးက သမီးအမေမဟုတ်လို့ သူ့ရွာကိုပြန်သွားပြီ၊ ဒီအန်တီက သမီးမေမေပဲ၊ အရင်ကဖေဖေတို့ရန်ဖြစ်ထားလို့ သမီးကို မခေါ်ရတာနားလည်လား၊ သမီးအရုပ်လှလှလေးတွေလိုချင်တယ်ဆို၊ ဂါဝန်လှလှလေးတွေ ဝတ်ချင်တယ်ဆို၊ ဒီမေမေက ဝယ်ပေးလိမ့်မယ်၊ အဲဒါကြောင့် ဒီမှာနေရမယ်နားလည်လား''

သမီးက ငိုမဲ့မဲ့ဖြင့် ခေါင်းညိတ်သည်။ လေသံမာမာနှင့်ပြောလိုက်တာမို့ သမီးလေးကြောက်ရွံ့သွားသည်ထင်ပါရဲ့။ ဒါပေမဲ့ သူ့လက်ကိုဆုပ်ဆွဲထားတာတော့ မလွှတ်ပေ။

သူ့စိမ်းတရံစာအနေဖြင့် တစ်ခါတွေ့ဖူးတာမို့ အမေဆိုတာကို မယုံကြည်နိုင်တာပဲဖြစ်လိမ့်မည်။ ပေဖူးလွှာက သမီးလေးလက်ကို လှမ်းဆွဲ၍

''သမီးလေး မေမေ့ဆီလာနော်''

''ဟင့်အင်း...ဖေဖေကြီး ဖူးဖူးကိုခေါ်ပါ၊ ဖေဖေကြီးချီပါ၊ ဖေဖေကိုချစ်တယ်၊ ဒီအန်တီကိုမချစ်ဘူး၊ ဖူးဖူးဖေဖေနဲ့ခွဲမအိပ်နိုင်ဘူး အီး''

''သမီးရယ်''

စကားတတ်တတ်ဖြင့် ပြောရင်းဆိုရင်းငိုနေသောသမီးကို သူခဏတာပွေ့ပိုက်တွယ်၍ သမီးနှင့်အပြိုင်ရှိုက်ငိုလိုက်မိသည်။ ပြီးမှ သမီးနှင့်ကိုယ်ချင်းခွာကာ ပြုန်းခနဲထရပ်လိုက်ပြီး မျက်နှာကိုတင်းထန်ထား၍



''သမီး...ဖေဖေ့စကားကို နားမထောင်ရင် ဖေဖေရိုက်မှာနော်၊ ဖေဖေရိုက်မှာ မကြောက်ဘူးလား ဖူးဖူး''

''ဖူးဖူး ကြောက်ပါတယ်''

''အေး...ကြောက်ရင် ဒီမှာနေခဲ့ရမယ်၊ ဖေဖေ့ကို အရမ်းစိတ်ရှုပ်အောင်၊ စိတ်ညစ်အောင်လုပ်ရင် ဖူးဖူးကို ဖေဖေမချစ်တော့ဘူး သိလား''

''ဟုတ်...ဟုတ်ကဲ့၊ ဖူးဖူးကိုမချစ်ဘဲမနေပါနဲ့နော်ဖေဖေ၊ ဖေဖေအလုပ်ကပြန်လာရင် ဖူးဖူးကိုလာခေါ်ပါနော်''

''လာ...လာခေါ်မယ်လို့ ပြောလိုက်ပါမောင်ရယ်၊ သမီးလေးအရမ်းငိုနေတာသနားပါတယ်''

သမီးငိုနေတာကိုမြင်ပြီး ရင်တွေနာကျင်ရလွန်း၍ ဝင်ပြောလိုက်တော့မောင်မျက်ရည်တွေနှင့် ခေါင်းညိတ်သည်။

''လာခေါ်မှာ လာခေါ်မှာပေါ့သမီးလေးရယ်၊ ဖေဖေပိုက်ဆံတွေ အရမ်းချမ်းသာတဲ့အခါ သမီးကိုပြည့်ပြည့်စုံစုံထားနိုင်တဲ့အခါ ဖေဖေလာခေါ်ပါ့မယ်သမီးရယ်၊ နော် သမီးလေး''

''ဖေဖေ''

''အင်း''

သမီးက ရှိုက်သံသဲ့သဲ့လေးဖြင့် သူ့မျက်နှာအနှံ့နမ်း၏။ သူအသံထွက်မငိုမိအောင် အောင့်အည်းထိန်းချုပ်ရင်းဖြင့် သမီးကိုဖွဖွလေးပြန်နမ်းပြီးအားတင်း၍ ကျောခိုင်းလိုက်သည်။

''မောင်''

အနားနားကပ်၍ ငိုရှိုက်သံကြောင့် လှမ်းလက်စခြေအစုံရပ်တန့်သွား၏။ ကျောဘက်က သိုင်းဖက်ခံလိုက်ရသည့် ထိတွေ့မှုမှာ သူ့အင်္ဂ

www.burmeseclassic.com



မှင်တက်အံ့အားသင့်သွားခဲ့သည်။

"ခဏလေး...ခဏလေး ဒီအတိုင်းလေးနေပေးပါမောင်၊ ခွဲခွာခြင်းတွေမှာ အမုန်းတွေပါမသွားချင်ဘူး၊ မောင်...ရှမောင့်ကိုပေဖူးချစ်နေဆဲပါ နောက်လည်း ချစ်နေဦးမှာပါ၊ ဖြစ်ပျက်ခဲ့သမျှတွေအတွက် ပေဖူးတောင်းပန်ပါတယ်၊ အရာအားလုံးက စည်းခြားသွားခဲ့ပြီဆိုပြီး ပေဖူးကို မောင် မမုန်းလိုက်ပါနဲ့နော်၊ အပြစ်တွေကို အကြွေးဆပ်ခွင့်မရပေမယ့် သမီးလေးကို ပေဖူးကောင်းကောင်းစောင့်ရှောက်ပါ့မယ်"

တခါနှောင်ထားသော ချည်နှောင်မှုအကွက် သူ့ရင်မှာ ဝမ်းနည်းနာကျင်ရသည်။ ပေဖူးကိုပြန်မညည်မဖက်ပွားသိမ်းအောင် အံကြိတ်တင်းခံရင်းဖြင့် မိဘ်မသက်သာစွာ ရှုန်းထွက်ကျော့ခိုင်းလိုက်သည်။ အားလုံးတို့သံယောဇဉ်ဖြတ်ရတော့မည်မို့ ပြေလှမ်းတွေရှေ့ဆက်လှမ်းခဲ့မိ၏။ သမီးလေးနှင့် ပေဖူး သူ့ကိုကြည့်နေမည်မှာမလွဲ။ ပေဖူးတို့ခြံဝင်းအကွယ်ကိုရောက်မှ သူပုန်းလျှိုးကွယ်လျှိုးဖြင့်၊ သမီးလေးကိုပွေ့ချီ၍ ခြံဝင်းထဲဝင်သွားတာကိုကြည့်ပြီး သည်းထန်စွာရှိုက်ငင်ငိုကြွေးပစ်လိုက်၏။ အသည်းက မာမယ်ဖြင့် ဒဏ်ရာကပြင်းလွန်းတော့ ဒီဝေဒနာကိုခံနိုင်ရည်ရှိဖို့ နောက်ထပ် အသက်တစ်ချောင်းအပိုထပ်ဆောင်းမှ ရတော့မည်ထင်သည်။ ဒါပေမဲ့ ဆုတောင်းခဲ့တိုင်းလည်း ပြည့်ခဲ့တာမဟုတ်တော့ ဒီအတိုင်းသေချင်လည်း သေပါစေတော့။

✿ ✿ ✿



## အခန်း (၄၀)

"သေသွားရုံနဲ့ ကိစ္စတွေအားလုံးပြီးသွားမှာ မဟုတ်ဘူးသားရယ်၊ ...က်နောက်က ကံကြမ္မာအကျိုးပေးကိုခံနိုင်ရည်ရှိအောင် ကြိုးစားရတယ်"

"အမေရယ်၊ ကျွန်တော့်အနားမှာ ဘယ်သူမှမရှိတော့ဘူး၊ ညီမလေး... သေပြီ၊ အေးမိုးလည်းထားသွားပြီ၊ သမီးလေးကိုလည်း ကိုယ့်ရင်...ယ်တိုင်ခွဲထုတ်ပြီး ပို့လိုက်ရတယ်၊ ပေဖူးလွှာဆိုတာလည်း ချစ်တယ်...ပြောပေမယ့် ကျွန်တော်နဲ့တရားဝင်ကွာရှင်းပြီးပြီ၊ အ...အမေ... ဒီရောဂါနဲ့ကျွန်တော့်ကိုအချိန်ကြာကြာ အတူတူနေပေးနိုင်မှာမို့လား"

"သားရယ်"

...ငိုပြောနေသောသားကို ဖျောင်းဖျနှစ်သိမ့်ဖို့ မိမိမှာလည်း အင်အား...ပါသည်။ ဘာလုပ်ပေးရမလဲ။ သားကို ဘယ်လိုဖြေသိမ့်ရမလဲ။ ...လေးမရှိတော့ သားလေးတစ်ညလုံးမအိပ်ဘဲ ဘယ်လူးညာလိမ့်...နေတာကို ကြားနေရသည်။ အရူးတစ်ယောက်လို အိမ်ရှေ့ထွက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်၊ လမ်းမဘက်မျှော်ငေးလိုက်၊ ထမင်းမစားနိုင်ဘဲ မျက်ရည်
ကျလိုက်နှင့် မြင်တွေ့နေရတာ ဘယ်လိုမှ စိတ်မချမ်းမြေ့နိုင်ပေ။

သားရဲ့ကျောပြင်လေးကိုသာ ဖွဖွလေးပွတ်သပ်ပေးမိပြီး

''အမေတစ်ယောက်လုံး ရှိပါသေးတယ် သားရယ်၊ သားလေး
တိုက်နေလို့ အမေကျန်းမာရေးကောင်းပါတယ်၊ အမေကလေ သ
အကြာကြီးနေဦးမှာ၊ သားအဖိုးကြီးဖြစ်ရဲ့တဲ့အထိပေ့ါ''

''အမေ''

''အခုလတ်တလော ရင်ဆိုင်နေရတာတွေကို ......လိုက်ပါ
အသက်အရွယ်ကြီးပြင်းလာတဲ့အလျောက် ပူပင်သောကဝေဒနာတွေ
လာရတာကို ခဏလောက်မေ့ပစ်နိုင်အောင် မေ့ပစ်ထားပါ၊ ကိုယ့်ကို
အရွယ်မရောက်သေးဘူး။ လူလားမမြောက်သေးဘူးလို့ တွေးကြည့်လိုက်

အမေပြောနေတာ သူနားမလည်ပေ။ အမေသူ့ကို ဘာပြောချင်တာ
အမေက သူ့ကိုယ်ကို ထွေးပွေ့လိုက်ပြီး

''အမေ့ရင်ခွင်ထဲမှာ ငယ်ငယ်ကလို လှဲအိပ်နေပါ၊ အမေပွေ့
ချော့သိပ်ပေးမယ်သား၊ လူလားမရောက်သေးတဲ့အရွယ်က အ
အေးချမ်းပြီး အပြစ်ကင်းပါတယ်။ ဘာ ပူပင်သောကမှလည်းမ
တာဝန်ယူမှုတွေ၊ ချစ်တတ်ခြင်းတွေ၊ အမုန်းတွေ၊ ဝေဒနာတွေ၊ အ
တွေဘာမှမရှိသေးဘူး၊ အမေသားကို အဲဒီအရွယ်လေးပြန်ရောက်
တယ်၊ အမေ သားအခုခံစားနေရတာတွေ အမေ မကြည့်ရက်ဘူး
ရယ်၊ သားနဲ့ထပ်တူထပ်မျှ အမေခံစားနာကျင်နေရတယ်''

''အမေရယ်''

''သားရဲ့ ပူပင်သောကတွေကို မကြည့်ရက်မမြင်ရက်လို့ ပါ





ဘဝအရွယ်လေးလို အမေရင်ခွင်ထဲမှာနေပါသားရယ်နော်၊ ညီမလေးလည်း
မွေးသေးဘူး။ ချစ်သူလည်း မထားဖူးသေးဘူး၊ သမီးလေးလည်း မရှိ
သေးဘူး၊ အေးမိုးရဲ့ စောင့်ရှောက်မှုတွေကို အားနာရမယ့်အချိန်လည်း
တတ်ဘူး၊ အမေလည်း ကျန်းမာရေးကောင်းနေတယ်နော် သား၊
သားကလေ အမေ့ရင်ခွင်ထဲက နို့စို့အရွယ်ကလေးလေး၊ ဘာအပူအပင်မှ
ဘူး။ ဘာဝေဒနာတွေမှ မခံစားရသေးဘူး။ အမေ့သားလေးမှာ ဘာဒုက္ခ
မရှိဘူး''

''အမေ...အမေ...အမေ''

အမေရင်ခွင်ထဲကနေ ကလေးတစ်ယောက်လိုပင် သူအော်ဟစ်ငိုယို
လိုက်သည်။ သည်းထန်စွာ ရင်တစ်ခုလုံး ပေါက်ကွဲထွက်သွားအောင်
ကြွေးပစ်လိုက်၏။

ဘာအပူအပင် ဘာသောက၊ ဘာဝေဒနာမှမရှိတဲ့ကလေးလေးဘဝကို
ပြောသလို တစ်ခါလောက် ပြန်ရောက်ချင်ပါသေးတယ်။

ဒါပေမဲ့...ဒါပေမဲ့

သတိရတယ်၊ လွမ်းတယ် ပေဖူးလွှာ။ နာစရာတွေနဲ့ဖြေနေပေမယ့်
ရင်ထဲမှာအချစ်တွေရှိနေတယ်။ သမီး...သမီးလေးကိုလည်း
တစ်ယောက်လိုပဲ ဂနာမငြိမ်လောက်အောင်လွမ်းဆွတ်နေမိတယ်။
သောအခါမှ ဒီဝဋ်ကြွေးတွေ မကျွတ်ပါစေနဲ့တော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

''ဖေဖေရေ···ဖေဖေ့ဆီသွားမယ်၊ ဖေဖေ့ဆီ···''

''သမီးလေး···သမီးလေး''

အိပ်ရာထဲက လူးလဲထ၍ ငိုလိုက်သောအသံကြောင့် ပေဖူးလွှာလန့်နိုး သွားကာ သမီးလေးကို ပွေ့ဖက်ထားလိုက်သည်။ သမီးက တစ်နေ့ ···မှိုင်တွေငေးငိုင်ပြီး ကစားစရာတွေနဲ့လည်း ချော့လို့မရ၊ ဘာအ··· အသောက်မှလည်း ကျွေးလို့မရပါ။

မိမိမှာ ဆေးရုံလည်းမသွားနိုင်ဘဲ သမီးအနားမှာ စိတ်မချမ်းမြေ့··· ရှိနေရသည်။ သမီးမျက်ရည်တွေကို မမြင်ရက်ဘဲ ကြည့်နေရ၏။

သူမလည်း မောင်ကျောခိုင်းသွားသည့်အဖြစ်ကို ခဏခဏပြန်··· ယောင်ရင်း ရင်တွေအဆမတန်နာကျင်နေရပါသည်။

မောင့်မျက်ရည်တွေ မောင့်ရဲ့ဝမ်းနည်းပူဆွေးမှုတွေ၊ အရှုံးတွေ··· မောင်ခံစားရသမျှ သူမ ထပ်တူထပ်မျှ ခံစားနေရတာ မောင်··· သိပါ့မလား။

''သမီးရေ···မြေးလေး ငိုသံကြားလို့ ဘာများဖြစ်နေလို့လဲကွယ်'' တံခါးခေါက်ပြီး ဖေဖေအခန်းတွင်း ဝင်လာတော့ သမီးကိုပွေ့ပိုက်···



···င်းဖြင့် သူမမျက်ရည်ဖြိုင်ဖြိုင်ကျလာမိသည်။

''သ···သမီးက သူ့အဖေကို လွမ်းနေတာ၊ သူ့အဖေဆီကို ပြန် ···ချင်နေတာဖေဖေ၊ ဒီလိုအရွယ်မှာတောင် သမီးဆေးရုံမသွားနိုင်၊ အိမ် ···အလုပ်တွေမလုပ်နိုင်၊ ကိုယ့်ဝေယျာဝစ္စလည်းမလုပ်နိုင်နဲ့ သမီးဒီလောက် ···စိတ်ရောလူရော အပင်ပန်းခံပြီး စောင့်ရှောက်နေရတယ်၊ ဒီထက်ငယ်တဲ့ ···အချိန်က နို့ဘူးတိုက်ရ၊ အနီးဝတ်လျှော်ရ၊ ဘာကြောင့်ငိုမှန်းမသိ ရယ် ···မှန်းမသိ ဘာရောဂါဖြစ်လို့ဖြစ်မှန်း မသိဘဲ မောင်တို့အရမ်းကို ပင်ပန်း ···ကြမှာနော်''

''ဒါတွေ ဘာလို့ပြန်တွေးနေတာလဲသမီး''

''သမီးကို ဒီတစ်ရက်နှစ်ရက်လေး ဒုက္ခခံရတာကို၊ သမီးကိုချစ်တဲ့ ···စိတ်နဲ့ မငြိုငြင်ရက်ပေမယ့် ဘယ်လောက်စိတ်ဒုက္ခရောက် ပင်ပန်းမလဲ ···ဆိုတာ မောင်တို့မိသားစုကို ကိုယ်ချင်းစာမိတယ်ဖေဖေ၊ ပေဖူးအတွက် ···ကို့ မအေးမိုးကိုဘာကြောင့် အားကိုးရတယ်၊ သမီးကိုလိမ်မပြောချင်ဘဲ ···ရတယ်ဆိုတာ သမီးသဘောပေါက်လာတယ်''

''ချစ်လို့ အပြစ်မမြင်နိုင်တာတော့ ဖေဖေမပြောလိုပါဘူး၊ ဒါပေမဲ့ ···သသပြန်တွေးနောင်တရနေတာ သမီးပင်ပန်းတာပေါ့ကွယ်၊ မြေးလေး ···လည်း ရနေပြီ၊ သူနဲ့လည်းကွာရှင်းပြီးပြီ၊ ဒီအတိုင်းထားလိုက်ပါတော့၊ ···လေးကို ဒီမှာပျော်အောင်ပဲ ဂရုစိုက်ပါတော့ကွယ်''

သမီးလေးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်ရင်းဖြင့် ပေဖူးလွှာ ခေါင်း ···သည်။

''အချိန်ကြာလာရင် မေ့ပျောက်သွားနိုင်တဲ့အကြောင်းအရာတွေ မဟုတ် ···ပဖေ၊ မှန်းလို့လမ်းခွဲရတာမဟုတ်တဲ့အတွက် နာစရာနဲ့ဖြေလို့လည်း ···ဘူး။ တသသလွမ်းဆွေးရင်း တမြေ့မြေ့လောင်ကျွမ်းရင်းနဲ့ ···ပါး



www.burmeseclassic.com

www.burmeseclassic.com



ရတော့မယ်လို့ သမီးထင်တယ်''

''သမီး''

''ဒါကြောင့်မို့ သမီးကိုတကယ်ချစ်ရင် သမီးတို့သားအမိကို လွှတ်မြောက်ခွင့်ပေးပါတော့ဖေဖေ''

''ဟင်...ဘာ ဘာကိုပြောတာလဲ သမီး''

ဦးအောင်မြင့်လှိုင် ထိတ်လန့်စွာ ခုတင်စွန်းမှာဝင်ထိုင်းရင်းမေးတော့ ပေဖူးလွှာ သမီးလေးကိုမြတ်နိုးစွာ ငုံ့ကြည့်ရင်းဖြင့်

''သမီးလေးကို ဒီပင်ပန်းမှုတွေမခံစားရစေချင်ဘူး၊ သူ့အဖေ လွမ်းဆွေးတမ်းတလို့ ငိုကြွေးနေတာမမြင်ရက်ဘူး၊ မိတကွဲ ဖတကွဲ စိတ်အား ငယ်ရတာမျိုးလည်း မဖြစ်စေချင်ဘူး ဖေဖေ''

''သမီး...သမီးစိတ်ခံစားချက်တွေ ဆုံးဖြတ်ချက်တွေမစောလိုက် ဦး၊ နေသားကျသွားရင် သူ့ဟာနဲ့သူအဆင်ပြေသွားမှာ၊ ကလေးဆို ပျော်ရွှင်အောင်ထားရင် စိတ်ပြောင်းသွားတတ်တာမျိုးပါကွယ်''

''သမီးရဲ့ သမီးလေးအတွက် အတ္တကြီးခွင့်ပေးပါဖေဖေ''

''ဟင်''

''ဖေဖေက ဖေဖေရဲ့အသွေးအသားဖြစ်တဲ့သမီးအတွက် ဂုဏ်ပြ တွေအဆင့်အတန်းတွေ မြင့်မားစေချင်တဲ့စိတ်၊ မပြည့်စုံတဲ့သူနဲ့အတူနေ နိမ့်ကျမှာစိုးရိမ်စိတ်တွေနဲ့ သူများတွေကိုတောင် ကိုယ်ချင်းမစာနိုင် သမီးအတွက် အတ္တကြီးခဲ့တယ်၊ သမီးလည်း သမီးရင်နဲ့လွယ်မွေးထားရ သမီးလေးအတွက် အတ္တကြီးချင်ပါတယ်၊ သူ့အဖေကို တမ်းတနေတာ ဆည်းပေးလိုက်ချင်တယ်''

''မြေး...မြေးလေးကို သူ့အဖေဆီပို့လိုက်မှာလား''

''သမီးပါ လိုက်သွားမှာပါ''





''ဘာ''

ဖေဖေ့ရဲ့ အော်သံကြောင့် လန့်သွားသောသမီးလေးရဲ့ ကျောပြင် လက်ကလေးနှင့်အသာဖိပေးထားရင်းက

''ဘဝကို မောင်နဲ့ပဲ အေးအတူပူအမျှ အတူရင်ဆိုင်ပါတော့မယ်၊ မောင့်ရဲ့အချစ်ကလွဲရင် သမီးဘာမှမမက်မောတော့ပါဘူးဖေဖေ''

''တော်စမ်း သမီး''

ခုတင်ပေါ်က ဖြုန်းကနဲထရပ်၍ ဒေါသနှင့်အော်မိကာ

''ဒီအဖေရဲ့မေတ္တာတွေကိုတော့ သမီးဥပေက္ခာပြုရက်တယ်ပေါ့၊ သမီး ဖေဖေဘယ်လို စောင့်ရှောက်လာခဲ့ရလဲ၊ ဘယ်လိုကျွေးမွေးပြုစုခဲ့ရလဲ၊ လေးကို သမီးစောင့်ရှောက်တာထက်၊ ချစ်တာထက် ပိုခဲ့တယ်၊ ပညာ ပြည့်စုံအောင် ဘဝအခြေမြင့်မားအောင် အပင်ပန်းခံပြုစုပျိုးထောင်ခဲ့ တယ်''

''ဒီ...ဒီမေတ္တာတရားတွေအတွက် သမီးတစ်သက်လုံးကျေးဇူးတင်နေ မယ်၊ ဖေဖေ့စကားကို နားမထောင်လို့ ကျေးဇူးကန်းရာရောက်တယ် လည်း အဲဒီအပြစ်အတွက် သမီးကိုခွင့်လွှတ်ပါ။ စိတ်ရှိသလို နိုက်သုတ် သာ ဆုံးမပါတော့''

''သမီးရယ်''

ယူကျုံးမရရင်နာသံနှင့် ညည်းညူမိလိုက်သည်။ အချစ်အတွက်နှင့် တခါစုံကန်၊ အသွေးအသားအတွက်နှင့် တခါစုံကန်။ ဒီအဖေရဲ့ မေတ္တာ ည်ရှိပါတော့မလား၊ သမီးမတွေးတော့ပါလား။ မျက်ရည်စို့လျက် ပခုံးကို ခပ်တင်းတင်းဆုပ်ညှစ်၍ အံကြိတ်မိကာ

''ဒီတစ်ခါထွက်သွားရင် သမီးကို ဖေဖေဘယ်တော့မှ ပြန်မခေါ်ဘူး ွှတ်တော့ဘူးနော် သမီး၊ ဘာပိုင်ဆိုင်မှုမှလည်း သမီးမရဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ပါဖေဖေ၊ မပြည့်စုံတဲ့ဘဝမှာ သမီးကျင်လည်ခဲ့ဖူးပါတယ်
ဒါပေမဲ့ နွေးထွေးတဲ့မိသားစုဘဝလေးကြောင့် သမီးပျော်ရွှင်ခဲ့ရပါတယ်
သူတို့ရဲ့ မပြည့်စုံမှုတွေကိုမြင်ရတဲ့အခါ ဖေဖေ့ရဲ့တာဝန်ကျေမှုတွေကြောင့်
ပြည့်စုံခဲ့ရတာကို ဖေဖေကိုကျေးဇူးတွေတင်ရင်း အဲလိုတာဝန်ကျေ
တယ်ဆိုတဲ့ မိဘမေတ္တာတွေ မွေးဖွားလာခဲ့မိတယ်''

''သြော်''

''ဒါကြောင့် သမီးလေးကို မိစုံဖစုံဘဝမှာထားပြီး ရှန်းကန်ကြည့်
မယ်ဖေဖေ၊ မောင့်ကိုအားပေးရင်းနဲ့ မပြည့်စုံတဲ့အခါ ငါတို့ကဖေဖေ့လော
တာဝန်မကျေနိုင်ပါလားလို့ နောင်တတွေရနေပါ့မယ်''

'သမီးမိုက်'လို့ နှုတ်ကပြောမထွက်။ မမာန်ရက်။

မြတ်နိုးစွာ ချစ်လာခဲ့ရသည့်ဒီသမီးက အသွေးအသားရင်သွေးအတွ
တိုက်ပွဲဝင်နေပါလားလို့ အပြစ်မမြင်ရက်တော့။

မပြည့်စုံသော သူတွေအတွက် ရှန်းကန်မှုက ဘယ်လောက်ပင်
ရတယ်ဆိုတဲ့ဒုက္ခတွေလည်း မခံစားစေချင်တော့ပါ။ သမီးနှင့်မြေ
ကျေနပ်အားရအောင် ထွေးဖက်လိုက်သည်။ ပြီးမှ ပါးပြင်ပေါ် မျက်ရည်
လိမ့်ဆင်းကျမလာခင် အံကြိတ်၍ သိမ်းဆည်းလိုက်၏။

''သမီးနဲ့ မြေးကို ဖေဖေမစွန့်လွှတ်နိုင်ပါဘူး သမီးရယ်၊ ဘ
နေရမယ့်အချိန်က ဘယ်လောက်မှ မကျန်တော့ဘဲနဲ့ အတ္တတွေနဲ့လည်း
ဆုပ်ကိုင်မထားရက်တော့ပါဘူး။ ဖေဖေ့ကို အထီးကျန်ဘဝနဲ့တစ်ယော
တည်း ကျန်ခဲ့အောင်တော့ မထားခဲ့ပါနဲ့သမီးရယ်၊ သတို့မော်ကို ဒီအသိ
အဝန်းထဲကို ခေါ်လာပြီး ဒီမှာပဲအတူတူနေကြပါ''

''ရှင်...ဖေဖေ...ဖေဖေတကယ်ပြောတာလား''

''သမီးကို မစွန့်လွှတ်နိုင်တာ ဖေဖေဘယ်လိုဆုံးဖြတ်ရတော့





သမီး၊ မိဘဆိုတာကိုယ်ပေးဆပ်ရတဲ့မေတ္တာတွေအတွက် အတ္တတော့ကြီး
ချင်ကြပါတယ်၊ ဒါပေမဲ့ သားသမီးတွေရဲ့ဆန္ဒကိုတော့ မကျော်လွှန်နိုင်ကြ
ပါဘူး။ ကိုယ့်သားသမီးရဲ့စိတ်ဆင်းရဲမှုက ကိုယ့်ရဲ့အတ္တထက်ပိုပြီး
လောင်ကျွမ်းစေပါတယ်၊ မြေးလေးအတွက်ပါ ဖေဖေစဉ်းစားရတော့မယ်
လေ''

''ဖေဖေရယ် သမီး...သမီးကျေးဇူးတင်လိုက်တာ၊ သမီးတို့သား
အမိနှစ်ယောက်လုံးအတွက်ပါ တွေးပေးနိုင်တဲ့ဖေဖေ့ရဲ့မေတ္တာတရားက ကြီး
မားလွန်းပါတယ် ဟို...မောင့် အမေ''

''သူ့ကိုလည်း မအေတစ်ခု သားတစ်ခုဆိုတော့ ဆေးဂေဟာကောင်း
ကပေးပြီး ဒီမှာထားလိုက်တော့ပေါ့သမီးရယ်၊ သူလည်း သူ့သားသမီးတွေ
အတွက်တော့ မိခင်ကောင်းတစ်ယောက်ပါပဲ။ သမီးကို အပြစ်မမြင်တာ
လည်း စိတ်ဓါတ်ကောင်းတယ်ပြောရမယ်၊ အတ္တတွေကိုဖယ်ပြီး ကြည့်တတ်
မယ်ဆိုရင် လူတွေက အပြစ်ကင်းကြပါတယ်။ ဖေဖေမှားချင်မှားခဲ့မယ်၊
မှန်ချင်မှန်မယ်၊ ဒါပေမဲ့ ဒီအချိန်မှာ သမီးနဲ့မြေးကို မစွန့်လွှတ်လိုက်ရဖို့
တစ်ခုပဲတွေးပါတော့တယ်။ အဲဒါ သမီးနဲ့မြေးကိုချစ်လို့ပါကွယ်''

''ဖေဖေရယ်''

ဖေဖေ့ကိုအားကိုးတကြီး ဖက်တွယ်ထားလိုက်မိသည်။

အတ္တကင်းသည့်ချစ်ခြင်းမေတ္တာ။ ဘယ်လောက်တောင် အေးချမ်း
လိုက်ပါသလဲ။ မိဘတွေရဲ့ မေတ္တာက အတ္တတွေမာန်မာနတွေကိုတောင်
အနိုင်ယူနိုင်သည်။ ရင်ထဲမှာ ဆုတောင်းချင်နေသည့်ဆန္ဒက သမီးလည်း
ဖေဖေ့လိုတာဝန်ကျေသော အတ္တကင်းသော မေတ္တာစစ်မှန်သော မိဘ
ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ဖေဖေ"

အနီးကလား။ ခပ်ဝေးဝေးကလား။

နားထဲမှာ အမြဲလိုပဲ့တင်ထပ်နေသောအသံ။

တမ်းတစိတ်နှင့် ကယောင်ကတမ်း ကြားယောင်နေတာပဲဖြစ်မှာပါ။ ညက မေမေ့ရင်ခွင်ထဲမှာ အိပ်ခဲ့သည်။ သမီးလေးကို သတိရအောက် မေ့ရင်း ပေဖူးကိုလွမ်းဆွတ်ရင်းဖြင့် သူဟာမေမေ့ရင်ခွင်ထဲမှာ ကလေး လေးတစ်ယောက်ဖြစ်နေခဲ့၏။

ဒါပေမဲ့လည်း သူလူလားမြောက်ချင်ပါသည်။ အိမ်ထောင်ဦးစီးကောင်း လင်ယောက်ျားကောင်း၊ ဖခင်ကောင်းတစ်ယောက်ဖြစ်ချင်ခဲ့သည်။ မိသားစု အတွက် တာဝန်ကျေသော လူသားတစ်ယောက်ဖြစ်ချင်ခဲ့၏။ ကြိုးစား တိုင်းသာ အရာထင်မည်ဆိုလျှင် သူချစ်သောလူသားတွေအတွက် အသက် တောင်ပေးခွင့်ရချင်ပါသည်။

အခုတော့ သူ့အဖြစ်က အရိုးကြိုးပြတ်ပါ။ အမေက သူ့အတွက် မနက်စာပြင်ပေးခဲ့ပြီး သိပ်နေမကောင်းသည့်ကြားက ဈေးထွက်သွားသည်။ သူကတော့ ယောက်ျားကြီးဖြစ်ပါလျက် သမီးလေးမရှိကတည်းက ရင်ကွဲ နာကျကာ ကားမောင်းတောင်မထွက်နိုင်။





"ဖေဖေ. . .ဖေဖေကြီး"

"ဟင်"

အသံက ပီပီသသမို့ သူအိမ်ရှေ့ကိုပြေးထွက်လာခဲ့သည်။ အပြုံးဝင့် ဝင့်ဖြင့် အိမ်ဝင်းထဲ ဝင်လာတာက ပေဖူးလွှာနှင့် သမီးလေး

"သမီး"

သူအိမ်အောက်သို့ ခုန်ဆင်း၍ သမီးကိုပြေးပွေ့ပြီး မျက်နှာလေးအနှံ့ လွမ်းဆွတ်စွာနမ်းလိုက်မိသည်။

"သမီးရယ်. . .သမီးလေးရယ်"

"မောင်ရယ် အဲလိုမခွဲနိုင်ဘဲနဲ့ သမီးလေးကို ဘာလို့ပေဖူးတို့ဆီမှာ ထားခဲ့တာလဲ၊ မောင်လည်း ပိုင်ဆိုင်ခွင့်ရှိတာပဲလေ"

"သမီးကောင်းစားဖို့အတွက် ရင်ကွဲခံရလည်း တန်ပါတယ်၊ ကိုယ်က မပြည့်စုံတဲ့သူ၊ သမီးရှေ့ရေးအတွက် ကိုယ်လုပ်သင့်တာကို လုပ်တာပါ၊ ဒါနဲ့သမီးက ဖွတ်အတင်းငိုယိုပူဆာနေလို့ စောစောစီးစီးကိုယ့်ဆီ လာပို့ ရတာလား ပေဖူးလွှာ၊ အဲလိုလိုက်လျောလိုက်ရင် နောက်တစ်ခါပိုပြီး အခွဲရခက်နေမှာပေါ့၊ သမီးကိုပြန်ခေါ်သွားလိုက်တော့ ပေဖူးလွှာ"

"ဟင့်အင်း"

သမီးလေးက သူ့ကို ကုတ်ကပ်တွယ်ဖက်လာပြန်၏။ ပေဖူးလွှာက သူ့လက်မောင်းတစ်ဖက်ကို လာပြီးဆုပ်ကိုင်ထားသည်။

"ပေဖူးတို့သားအမိကို မောင် ရင်အကွဲခံပြီး နှင်ထုတ်စရာမလိုတော့ ပါဘူးမောင်"

"ဟင်"

"ပေဖူးတို့သားအမိ မောင်နဲ့အတူတူနေတော့မှာ"

"ဘာ. . .ဘယ်လိုပြောတယ်ပေဖူး"

"ဩော်. . .မောင်ကလည်း အလန့်တကြားမအော်ပါနဲ့၊ ပေဖူးတို့ သားအမိက မောင်တို့သားအမိနဲ့ အတူတူနေတော့မှာပါဆို"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



''ပေဖူး. . .မင်းဆေးရုံအုပ်အထူးကုဆရာဝန်မကြီးဖြစ်နေပြီး ကလေးအတွေးနဲ့မရင့်ကျက်သလို မလုပ်ပါနဲ့၊ မင်းတို့ကို ငါဘယ်လောက်ချစ်ချစ် ငါ့လိုဆင်းရဲတွင်းမှာ အနစ်မွန်းမခံဘူး၊ ငါရင်ကွဲပါစေ၊ ငါနာကျင်ပါစေ မင်းတို့ကိုတော့''

''မောင်''

ပေဖူးက သူ့နှုတ်ခမ်းပေါ် သူ့လက်ညှိုးလေးတစ်ချောင်းဖြတ်တင်၍ သူ့စကားလုံးတွေကို ဟန့်တား၏။ သူနားမလည်စွာ ပေဖူးနှင့်သမီးလေးကို တစ်လှည့်စီကြည့်နေမိသည်။

''မောင့်ရဲ့မေတ္တာတွေကို ပေဖူးနားလည်တယ်၊ မောင့်အပေါ်ထားတဲ့ ပေဖူးရဲ့အချစ်တွေကိုလည်း ဖေဖေနားလည်သွားပြီ မောင်''

''ဟင်. . .ပေ. . .ပေဖူး''

''ချစ်ခြင်းမေတ္တာဆိုတာ လူသားတွေအတွက် အအေးချမ်းဆုံး အသိမ်မွေ့ဆုံးရှိုးသားမှုပါပဲ၊ အဲဒီရိုးသားတဲ့ချစ်ခြင်းတရားကိုလည်း ဘယ်လူမှ ဘယ်လိုအတ္တတွေနဲ့မှ မတွန်းလှန်နိုင်ကြပါဘူး မောင်၊ မိဘက သားသမီးကို၊ သားသမီးက မိဘကို၊ အတ္တတွေနဲ့ အပြစ်သာမမြင်ရင် အရာအားလုံးက ချွေးတွေးမှုတွေနဲ့ပြည့်စုံသွားလိမ့်မယ်။ အခုဘယ်သူမှ ရင်ကွဲစရာမလိုတော့ဘူး၊ ဖေဖေက မောင်တို့သားအမိကို ခေါ်ပြီးအိမ်ပြန်လာခဲ့တဲ့''

''တ. . .တကယ်လား. . .ပေဖူးရယ်''

မယုံနိုင်စွာ မဝံ့မရဲမေးမိတော့ ပေဖူးကခြေဖျားလေးထောက်က သူ့နားကို နမ်း၍ခေါင်းညိတ်၏။ သမီးက မကျေနပ်စွာနှုတ်ခမ်းစူသည်။

''ဖူးဖူးဖေဖေကို ဘာလို့နမ်းတာလဲ''

''ချစ်လို့ပေါ့ သမီးရယ်''

''ဟင့်အင်း မနမ်းရဘူး၊ ဖူးဖူးပဲနမ်းမယ်''

''သမီး အဲလိုမပြောရဘူးလေ၊ မေမေ့ကို အဲလိုပြောရင် သမီးရော

ရွှေပြည်သိမ်းစာစဉ်



မှာပေါ့ နော်သမီးလေး မပြောရဘူးနော်''

''မေမေ''

''အင်း. . .သမီးကမယုံဘူးလား၊ မေမေမို့ ဖေဖေ့ကိုနမ်းတာအမြဲ သမီးရဲ့၊ ဖေဖေရယ် မေမေရယ် သမီးရယ် အတူတူနေကြမယ်နော်၊ မေမေ့ကိုဖေဖေ့လိုချစ်ရမယ် သိလားသမီးလေး''

သမီးက နားလည်လက်ခံသလို ခေါင်းလေးညိတ်ပြီးမှ

''ဖူးဖူးကို ဖေဖေက မေမေ့ဆီပို့ထားရင် ဖေဖေ့ကိုမချစ်တော့ဘူး၊ မေမေက ဖေဖေ့ဆီပို့ထားရင်လည်း မေမေ့ကိုမချစ်ဘူး''

''သမီးပြောတာ မောင်နားလည်လား''

''အင်း. . .အဲဒီစကားက မောင်တို့နှစ်ယောက်ကို ချုပ်လိုက်တာ''

''မောင်ကတိပေးလိုက်လေ''

''ဘာကတိလဲ''

''ဖေဖေရော မေမေရော အတူတူနေပြီး သပိးကိုချစ်မှာပါလို့''

''မောင်ပြောလို့ရပြီလား ပေဖူးရယ်၊ ပေဖူးနဲ့သမီးလေး မောင့်ရင်ခွင်ထဲရောက်လာတာ မောင်မယုံနိုင်သေးဘူး၊ အိပ်မက်မက်နေတယ်လို့ ထင်မိတယ်။ ပေဖူးနဲ့သမီးလေးကို မောင့်ဘဝထဲက အပြီးပျောက်သွားပြီလို့ထင်တာ''

''မောင်ရယ်၊ ပေဖူးတို့မေတ္တာမှန်လို့ တကယ်ပြန်ဆုံရပါပြီ၊ နောက်လည်း ဘယ်တော့မှ ဝေးရတော့မှာ မဟုတ်ပါဘူးမောင်''

''အမေသိရင် အရမ်းဝမ်းသာမှာပဲ၊ ညိုမလေးနဲ့အေးမိုးသာရှိရင်လည်း သူတို့လည်း ပျော်ကြမှာ အခုတော့''

''ညိုမလေးဝတ်မှုန်က ဘမလွှန်ရောက်သွားလို့ သူသိခွင့်ရချင်မှရမှာဆိုပေ မယ့် မအေးမိုးက သူ့အဆောင်မှာ ပေဖူးဝင်ပြောခဲ့ပါတယ်''

''ဟင် အေးမိုးနဲ့''

ရွှေပြည်သိမ်းစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



"မအေးမိုးက ကျေးဇူးရှိတဲ့သူပဲလေ၊ သူ့ကို ကုမ္ပဏီတစ်ခုမှာ အလုပ်သွင်းပေးထားပြီး အဆောင်လည်းပေးဖူးငှားပေးထားပါတယ်။ သူအဆင်ပြေပါတယ်မောင်"

"ပေဖူးရယ် မောင်ကျေးဇူးတင်လိုက်တာ၊ အဲ . . . အဲလိုလုပ်ပေးတဲ့အတွက် ပေဖူးကို မောင်အရမ်းလေးစားသွားပါပြီ ပေဖူးရယ်"

သမီးနှင့်ရောနှော၍ ပေဖူးရဲ့ကိုယ်လေးကို သူသိမ်းကျုံးဖက်ပွေ့ပစ်လိုက်သည်။ သမီးက အသက်ရှူကြပ်သလို နှာခေါင်းလေးရှုံ့နေသော်လည်း ဖအေကိုတစ်လှည့်မအေကိုတစ်လှည့်ကြည့်၍ ကြည်နူးပျော်ရွှင်နေဟန်ရှိသည်။

သူလည်းတစ်သက်မှာ ဒီတစ်ကြိမ်လောက်ပျော်ရွှင်မိတာမရှိဖူးပေ။ ဝမ်းနည်းနာကျင်စရာအချိန်တွေကိုတောင် ချက်ချင်းမေ့ပစ်နိုင်လောက်အောင် အချစ်ရဲ့စွမ်းပကားက ကြီးမားလွန်းလှပေသည်။ နောက်ဆိုလျှင် ပေဖူးနားထဲကို အချစ်အကြောင်းတွေပဲ ရွှေနားတော်သွင်းကာ ငြီကာဖွင့်ဆိုပြရတော့မည်ထင်၏။

အတိတ်ဆိုးက အကျည်းတန်စွာ ဟိုးခပ်လှမ်းလှမ်းမှာ ကျန်ရစ်ခဲ့ခေတော့မည်။

ပေဖူးရယ် သမီးရယ် အချစ်ရယ်။

အခုချိန်ကစပြီး တံမိုးကြီးစွာပိုင်ဆိုင်ရပြီမို့ မနက်ဖြန်များစွာကို အချစ်များနှင့်ရှေ့ဆက်ရင်း . . .။

လုံမ
၆၅/ခ၊ နှံ့သာဖြူလမ်း
(၁၄)ရပ်ကွက်၊ ပင်လုံဈေး
လှိုင်သာယာမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉ ၄၃၀၅ ၇၀၆၅



## စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော [illegible]

၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း - သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် - အောင်သီရိဗီဒီယို
၅။ ခြယ်သမမီ တိမ်ပန်းချီ - အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဖုန် - အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည - မာန်ထက်ချီဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကဗျာ - အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင် -
၁၀။ မိန်းမလှဋ္ဌိကာ - အောင်သီရိဗီဒီယို
၁၁။ အနာဂတ်ရလေပြည် - ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပုံမယ် -
၁၃။ ပန်းနုရောင်နိဒါန်း - မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ -
၁၅။ ရင်ခုန်သံအဓိပ္ပါယ် - ရူပါစတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း - Heart & Soul ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် - သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရှေ့ဆက်ခွင့်ပြုပါ - အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ - ရွှေစင်ဦးဗီဒီယို



www.burmeseclassic.com